ဂ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com



TRI
MEN'S AND LADIES' WEARS



အတွဲ(၁၁)၊ အမှတ်(၃၂) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် ၊ ကြာသပတေး၊ (အောက်တိုဘာ ၁၈ ၊ ၂၀၁၂)


## အခွင့်မျှော်နှင့် ကိုယ်ကျိုးစွန့် ပါတီဝင်တို့အကြား ပဋိပက္ခကို အချိန်ယူ ဖြေရှင်းရမည်ဟု ဒီချုပ်ဥက္ကဋ္ဌပြော

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ အောက်တိုဘာ-၁၅**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအတွင်း အခွင့်အရေးမျှော်မှန်းဝင်လာသူများနှင့် ကိုယ်ကျိုးစွန့်လုပ်ကိုင်နေသူများအကြားပဋိပက္ခမှာ အချိန်ယူဖြေရှင်းရမည့်ကိစ္စဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ထုတ်ဖော်ပြောကြားလိုက်သည်။

အောက်တိုဘာ ၁၁ ရက်က သုံးခွမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရုံးတွင် မိန့်ခွန်းပြောကြားစဉ် အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်ပြီး ပါတီတွင်းပဋိပက္ခများအတွက် ပြည်သူလူထုအား တောင်းပန်ကြောင်းပါ ထည့်သွင်းပြောကြားသွားသည်။

**စာ(၁၂)သို့**



ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ဒုတိယအကြိမ်ကျင်းပသော အလုပ်အကိုင်ပြပွဲ၌ ထူးကုမ္ပဏီတွင် အလုပ်လျှောက်လွှာတင်နေသူများ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## နိုင်ငံခြား ကုမ္ပဏီတွေမှာ လုပ်ချင်သလား

**■ သတင်းအဖွဲ့**

ပြည်တွင်းရှိ အလုပ်သမားဈေးကွက်တွင် အရည်အချင်းပြည့်မီသော လုပ်သားရှားပါးမှု ပြဿနာက မကြာမီဝင်ရောက်လာတော့မည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံလိုသူများအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း လုပ်ငန်းရှင်များနှင့် ပညာရှင်များကပြောသည်။

**အချပ်ပို(D)သို့**

## မြန်မာနိုင်ငံ မြောက်ပိုင်းတွင် အင်အားပြင်း အပူလှိုင်းဖြတ်နိုင်

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၁၅**

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် အောက်တိုဘာလ ၁၅ ရက်မှစ၍ ၅ ရက်အတွင်း အင်အားပြင်းသော အပူလှိုင်းတစ်ခု ဖြတ်နိုင်ကြောင်း မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်က အောက်တိုဘာ ၁၅ ရက်တွင် ပြောသည်။

"ဖြတ်တဲ့အပူလှိုင်းက အင်အားတော်တော်ပြင်းတယ်။ အပူရှိန်ကို ဆိုလာ Index နဲ့ တိုင်းတဲ့အခါမှာ အများဆုံးက ၁၀ ရှိတယ်။ အခုဖြတ်မယ့် အပူလှိုင်းက ၁၀ ထိရှိတယ်" ဟု ဒေါက်တာထွန်းလွင်ကပြောသည်။

**စာ(၁၂)သို့**

ရမည်းသင်းမြို့ အခြေအနေ ပုံမှန်ပြန်ရောက်

စာ(၇)သို့

# လယ်မြေအသိမ်းခံရခြင်း၏ အဓိကအကြောင်းရင်း ပေါ်ပေါက်

**လယ်ယာမြေစုံစမ်းရေးကော်မရှင်၏ တွေ့ရှိချက်အရ ကုမ္ပဏီများအပြင် တပ်မတော်နှင့်ဒေသအာဏာပိုင်တို့က စီမံကိန်းများအတွက် လယ်မြေအများဆုံးသိမ်းယူဟုဆို**



**အောင်ခိုင်၊ မင်းဟိန်းကျော်**

**ရန်ကုန်၊ အောက်တိုဘာ-၁၂**

လယ်ယာမြေစုံစမ်းရေးကော်မရှင်အဖွဲ့ခွဲများ၏ ကွင်းဆင်းတွေ့ရှိချက်များအရ ရန်ကုန်တိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အများစုတွင် တပ်မတော်စီမံကိန်းများနှင့် ဒေသအာဏာပိုင်တို့၏ လယ်မြေသိမ်းဆည်းခြင်းများမှာ အများဆုံးဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင်မူ ကုမ္ပဏီများ၏ သိမ်းယူမှုမှာ အများဆုံးဖြစ်ကြောင်း စုံစမ်းရေးကော်မရှင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။

တပ်မတော် စီမံကိန်းများကြောင့် သိမ်းဆည်းခံရခြင်းများနှင့် စပ်လျဉ်း၍ "မကွေးတိုင်းဒေသကြီးမှာဆိုရင် ၇၅ ရာခိုင်နှုန်းကို ကပစတပ်က သိမ်းထားတာတွေ့ရတယ်" ဟု အဖွဲ့ခွဲ(၅)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းက ပြောသည်။

အချို့စီမံကိန်းများတွင်သက်ဆိုင်ရာတပ်များက သိမ်းဆည်းထားသောလယ်မြေများ၌စိုက်ပျိုးခွင့် ပေးထား၍ ဒေသခံလယ်သမားများ ကျေနပ်ကြကြောင်း သိရသည်။

**စာ(၁၂)သို့**

တရုတ်သို့ လယ်ယာထွက်ကုန်များ နယ်စပ်မှ တရားဝင်ပို့နိုင်တော့မည်

စာ(၄)သို့

မြန်မာ့ပညာရေး အထူးသတင်း ပေးပို့ချက်များ

စာ(၂၁၊၂၈ ~ ၂၉)သို့




7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

## လျှင်ဇုန်နှင့်နီးသော ဟံသာဝတီလေဆိပ် လျှင်ဒဏ်ခံနိုင်အောင် ဆောက်ရန်လိုအပ်

**အိဖြူလွင်၊ ထွန်းခိုင်**

**ရန်ကုန်၊ အောက်တိုဘာ-၁၃**

ဟံသာဝတီလေဆိပ်တည်ဆောက်ရန် ရွေးချယ်ထားသော မြေနေရာသည် ငလျင်ဇုန်နှင့် နီးကပ်သည့် နေရာတွင်တည်ရှိသောကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ပြုလုပ်ရာတွင် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ငလျင်ပညာရှင်များက သတိပေးပြောကြားလိုက်သည်။

အဆိုပါလေဆိပ်အတွက် ရည်ရွယ်ထားသော မြေနေရာသည် မြေငလျင်ပညာရှင်များက စိုးရိမ်တကြီး စောင့်ကြည့်နေရသည့် စစ်ကိုင်းမြေငလျင်ကြောဖြတ်သန်းသွားရာ ပဲခူးမြို့အနီးတွင် တည်ရှိနေခြင်းဖြစ်သည်။ ပဲခူးမြို့တွင် ၁၉၃၀ မေ ၅ ရက်က ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၃ ပမာဏရှိ မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ဖူးသည်။ အဆိုပါမြေငလျင်ကြောင့် ပဲခူးဒေသတွင် လူ ၅၀၀၊ ရန်ကုန်နှင့်အနီးဝန်းကျင်တွင် လူ ၅၀ ခန့် သေဆုံးခဲ့ သည်။ ၁၉၃၀ ပြည့်နှစ်ထက် တိုက်တာအဆောက်အအုံနှင့် လူနေမှု ပိုမိုထူထပ်လာသော ယခုကာလတွင် ထိုငလျင်မျိုးထပ်မံလှုပ်ပါက ဆုံးရှုံးမှုများနိုင်ကြောင်း ပညာရှင်များက အမြဲတစေသတိပေးနေခဲ့သည်။

“၁၉၃၀က လှုပ်ခဲ့တဲ့ ငလျင်က အခု နှစ်ပေါင်း ၉၀ ဖြစ်သွားပြီ။ ငလျင်က အများကြီးရှိနေပြီ။ ဒီနေ့ မနက်ဖြန်အချိန်မရွေး ဖြစ်နိုင်တယ်” ဟု မြန်မာနိုင်ငံ မြေ ငလျင်ကော်မတီအတွင်းရေးမှူး ဦးစိုးသူရထွန်းက ပြောသည်။

နိုင်ငံတကာတွင်လည်း မြေငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်သည့် နေရာများတွင် လေဆိပ်အပါအဝင် အဆောက်အအုံကြီးများ ဆောက်လုပ်လေ့ရှိကြောင်း၊ ယင်းသို့ဆောက်လုပ်ရာတွင် ဘေးအန္တရာယ်ကျရောက်ပါက ထိခိုက်မှုအနည်းဆုံးဖြစ်အောင် စနစ်တကျ ဆောက်လုပ်လေ့ရှိကြောင်း၊ ဤသို့သော အဆောက်အအုံများကိုနမူနာယူပြီး လေ့လာသင့်ကြောင်း ငလျင်ပညာရှင်များကပြောသည်။

“မြေငလျင်ရှိလို့ မဆောက်ရဘူးဆိုတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ စံချိန်စံညွှန်းတွေ အတိအကျလိုက်နာဖို့တော့ လိုတယ်” ဟု မြေငလျင်အင်ဂျင်နီယာဦးစောထွေးဇော်က ပြောသည်။

ပဲခူးမြို့အနီးတည်ရှိသည့် စစ်ကိုင်းပြတ်ရွေ့ဟု ပညာရှင်များက အမည်ပေးထားသော ပြတ်ရွေ့နှင့် ပုံစံတူသည့်ပြတ်ရွေ့များအနီး တည်ရှိရာ အမေရိကန် နိုင်ငံ ကယ်လီဖိုးနီးယား၊ လော့စ်အိန်ဂျလိစ်၊ ဆန်ဖရန်စစ္စကိုစသည့်မြို့များတွင် တည်ရှိသည့် လေဆိပ်များ၊ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်မှုပုံစံများကို နမူနာယူကာ လေ့လာသင့်ကြောင်း ဦးစိုးသူရထွန်းကပြောသည်။

“ဆောက်ပြီးတဲ့အချိန်မှာလည်း စားပွဲတွေ ထားတာက အစ ဘီးတပ်ထားတာတို့၊ လေယာဉ်တွေ၊ ဆီလှောင်ကန်တွေလို အရေးပါတဲ့ ပစ္စည်းတွေ အန္တရာယ်သက်သာအောင် ထားတာတို့ကို လေ့လာသင့်တယ်”ဟု ဦးစိုးသူရထွန်းကပြောသည်။

ဟံသာဝတီ လေဆိပ်ဆောက်လုပ်ခြင်းအပြင် လေဆိပ်ကိုမှီခိုပြီး ဖြစ်ပေါ်လာမည့် လမ်းတံတားများ၊ လူနေအိမ်များ၊ ဈေးဆိုင်ခန်းများကိုလည်း ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ ပေးအပ်ရန် လိုအပ်မည်ဖြစ်ကြောင်း ငလျင်ပညာရှင်များကပြောသည်။

ရန်ကုန်လေဆိပ် အကျယ် အဝန်း၏ ကိုးဆကျော်ရှိသည့် မြေဧက ၉,၀၀၀ ကျော် ကျယ်ဝန်း သည့် ပဲခူးမြို့အနီးတွင် တည် ဆောက်မည့် ဟံသာဝတီလေဆိပ်ကို ၂၀၁၆ ဒီဇင်ဘာလတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

## ကန်ဒေါ်လာအဟောင်းများကိုလည်း ဝယ်ယူရန် ပုဂ္ဂလိကဘဏ်များအား တိုက်တွန်း

**ပြည့်သိမ်း**

**ရန်ကုန်၊ အောက်တိုဘာ - ၁၃**

အမေရိကန်ဒေါ်လာအဟောင်းများကို ရောင်းချရန် နည်းလမ်းရှိလာသဖြင့် ပုဂ္ဂလိကဘဏ်များက သင့်လျော်သည့်နှုန်းထားဖြင့် ဝယ်ယူပေးရန် ဘဏ်များအသင်းအစည်းအဝေးပွဲတွင် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းငြိမ်းက ပြောကြားခဲ့ကြောင်းသတင်းရရှိသည်။

“ဗဟိုဘဏ်အနေနဲ့ လက်ခံဖို့စီစဉ်နေပါတယ်။ ဘယ်လောက်ဟောင်းပြီး ဘယ်လောက်စုတ်ပြဲနေရင် ဘယ်ဈေးနဲ့ဝယ်မယ်ဆိုတာ ငွေလဲကောင်တာတွေနဲ့စီစဉ်ဆောင်ရွက်နေပါတယ်”ဟု ဗဟိုဘဏ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်ကပြောသည်။

ငွေလဲကောင်တာများတွင် အမေရိကန်ဒေါ်လာ ဟောင်းနွမ်းများ လက်ခံမှုမရှိသဖြင့် ရောင်းချသူများ အဆင်မပြေဖြစ်နေသည်။

ထိုသို့ဖြစ်ရခြင်းမှာ အမေရိကန်ဒေါ်လာကိုပြန်လည်ရောင်းချရန် ဈေးကွက်မရှိခြင်း ကြောင့်ဖြစ်ကြောင်းကမ္ဘောဇဘဏ်ဒုတိယဥက္ကဋ္ဌ-၂ ဦးသန်းလွင်က ရှင်းပြသည်။

“ဗဟိုဘဏ်က လက်ခံရင် ပုဂ္ဂလိကဘဏ်တွေအနေနဲ့လည်း ယူပေးမှာပါ”ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် ၂၀၀၃ ခုနှစ်နောက်ပိုင်း စီးပွားရေးအလုံးစုံပိတ်ဆို့ပြီးနောက်တွင်မြန်မာနိုင်ငံနှင့်ပြည်ပနိုင်ငံများ၏ ငွေပေးငွေယူလုပ်ငန်းများကို စင်ကာပူနိုင်ငံက ကြားခံဆောင်ရွက်ရသည်။ အဆိုပါဘဏ်များသည် မြန်မာနိုင်ငံအပေါ် အခွင့်အရေးယူမှုတစ်ခုအနေဖြင့် ယခုကဲ့သို့ ဒေါ်လာငွေအဟောင်းများ လက်မခံခြင်းဖြစ်သည်ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။



ရန်ကုန်မြို့လမ်းများပေါ်ရှိ စီးတီးတက္ကစီအချို့ကိုတွေ့ရစဉ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## အငှားယာဉ်များကို ထိန်းသိမ်းကြပ်မတ်တော့မည်

**မင်းဟိန်းကျော်**

**ရန်ကုန်၊**

**အောက်တိုဘာ-၁၁**

ရန်ကုန်မြို့အတွင်း ပြေးဆွဲသွားလာနေသော အငှားယာဉ် (Taxi) များအား စည်းကမ်းထိန်းသိမ်းကြပ်မတ်နိုင်ရန်အတွက် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌဦးလှအောင်ကပြောသည်။

“အငှားယာဉ်တွေစည်းကမ်းဖောက်မှု လျော့နည်းလာအောင် အဖွဲ့အစည်းတစ်ခုဖွဲ့ပြီး ဆောင်ရွက်ဖို့တိုင်းဒေသကြီးအစိုးရအဖွဲ့က ညွှန်ကြားလာတဲ့အတွက် ခရီးသည်တင်ယာဉ်လိုင်းတွေကိုကြပ်မတ်တဲ့ အဖွဲ့အစည်းတွေလို အဖွဲ့တစ်ခုဖွဲ့ဖို့စတင်ဆောင်ရွက်နေပါပြီ”ဟု ဦးလှအောင်ကပြောသည်။

လက်ရှိတွင် အငှားယာဉ်များကို ခရိုင်စည်ပင်သာယာရေးကော်မတီများက စိစစ်လျက်ရှိပြီး အငှားယာဉ်များနှင့် ပတ်သက်သည့် စာရင်းဇယားအတိအကျကို ၎င်းတို့ထံမှ တောင်းယူစုဆောင်းနေကြောင်း၊ ယခုနောက်ပိုင်း အင်္ဂလိပ်အက္ခရာနံပါတ်များနှင့် ဝင်ရောက်လာသော အငှားယာဉ်များမှာမူ သက်ဆိုင်ရာ စည်ပင်ဌာနတွင်စာရင်းသွင်းထားခြင်းမရှိသေးသဖြင့် အဆိုပါ ကားများ၏ စာရင်းများကို အတိအကျရရှိနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

အသင်းတစ်ခုဖွဲ့စည်းရန် အခက်အခဲများ ရှိသဖြင့် အချိန်အနည်းငယ်ယူ ဆောင်ရွက်ရမည်ဖြစ်ပြီး လတ်တလောတွင် မထသ (ဗဟို)မှ ယာဉ်စည်းကမ်းထိန်းသိမ်းမှု စစ်ဆေးရေးအဖွဲ့များက ယာဉ်ထိန်းရဲများနှင့် ပူးပေါင်းကာ အငှားယာဉ်များအား စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မညီညွတ်သည့် ယာဉ်များကို အရေးယူဆောင်ရွက်သွားခြင်းများကိုပြုလုပ်မည်ဖြစ်ပြီး တွေ့ရှိချက်များကို တိုင်းဒေသကြီးအစိုးရသို့ တင်ပြရမည်ဖြစ်ကြောင်းဥက္ကဋ္ဌကပြောသည်။ “ကျွန်တော်တို့ အငှားကားတွေကို အသင်းဖွဲ့မယ်ဆိုတာ ကောင်းပါတယ်။ ဒါပေမဲ့ အခွန်အကောက်တွေ များလာမှာတော့ စိုးရိမ်တယ်။ အခုခရီးသည်တင်ကားတွေဆိုလည်း သက်ဆိုင်ရာအသင်းအဖွဲ့အတွက် စရိတ်စကတွေပေးရတာ မနည်းဘူး ကြားတယ်။ ဒီလို အဖွဲ့ဖွဲ့လိုက်ရင် တစ်ချို့ Taxi တွေ စည်းကမ်းဖောက်တာနည်းသွားနိုင်ပါတယ်”ဟု အငှားယာဉ်မောင်းတစ်ဦးဖြစ်သူ ကိုမင်းဆွေကပြောသည်။

ရန်ကုန်မြို့တွင်းတွင် သွားလာနေသော ယာဉ်များအနက် ခရီးသည်တင်ယာဉ်များနှင့် အငှားယာဉ်များသည် ယာဉ်စည်းကမ်းချိုးဖောက်မှုအများဆုံးဖြစ်ကြောင်း သတင်းရရှိသည်။

အငှားယာဉ်အချို့မှာ မိမိတို့အတွက်သာကြည့်ပြီးတစ်ခါတစ်ရံ ခရီးဆုံးအထိ မပို့လိုခြင်းနှင့် အခြားခရီးသည်တစ်ဦးအား ထပ်မံတင်ဆောင်ခြင်း၊ ခရီးသည်များကို ရိုင်းစိုင်းစွာ ပြောတတ်ကြောင်း တက္ကစီပုံမှန်စီးသူအချို့ကပြောသည်။

“ကျွန်မခရီးသွားရာက ပြန်လာပြီး အောင်မင်္ဂလာအဝေးပြေးကနေ တောင်ဥက္ကလာကိုငှားတယ်။ ပစ္စည်းတွေလဲပါတယ်။ ကျွန်မတို့အိမ်က လမ်းထဲနည်းနည်းဝင်ရတယ်။ အဲဒါကို လမ်းထိပ်လည်းရောက်ရော ဒီနားမှာပဲ ဆင်းတော့ဆိုပြီးချထားခဲ့တယ်။ သူလမ်းထဲကို ဝင်မပေးနိုင်ဘူး။ အဲဒါသူနဲ့ စကားများတော့ မိုက်မိုက်ရိုင်းရိုင်းတွေ ပြန်ပြောတယ်။ ကျွန်မလည်း ကားနံပါတ်မှတ်ထားလိုက်ပေမယ့် ဘယ်ကိုတိုင်ရမှန်းမသိလို့ မတိုင်ဖြစ်ဘူး” ဟုတောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူ မသီတာကပြောသည်။

## မြန်မာ့ဘက်စုံဖွံ့ဖြိုးရေး မျှော်မှန်းချက် နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းရေးဆွဲမည်

**သန်းထူး**

**နေပြည်တော်၊ အောက်တိုဘာ-၁၁**

နိုင်ငံတော်၏ ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်သည့် ‘မြန်မာ့ဘက်စုံဖွံ့ဖြိုးရေး မျှော်မှန်းချက်’ MCDVကို နိုင်ငံတကာ ပညာရှင်များနှင့် ပူးပေါင်းရေးဆွဲသွားမည်ဖြစ်ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ကပြောကြားသည်။

ဂျပန်-အာဆီယံ ပေါင်းစည်းရေး ရန်ပုံငွေ JAIF Fund ဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း အပြီးရေးဆွဲမည့် အဆိုပါ အစီအစဉ်နှင့်ပတ်သက်၍ “အာရီယာ (ERIA)ရဲ့ အကူအညီနဲ့ နိုင်ငံတကာပညာရှင်တွေပူးပေါင်းရေး ဆွဲမယ့် မြန်မာ့ဘက်စုံ ဖွံ့ဖြိုးရေးမျှော်မှန်းချက်ကို အပြီးရေးဆွဲသွားဖို့စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်”ဟူ၍ အထက်ပါဝန်ကြီးဌာနတွင် ကျင်းပသော စီမံကိန်းနှင့်ဖွံ့ဖြိုးရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၌ ဒေါက်တာကံဇော်က ပြောကြားခဲ့သည်။

၂၀၁၁ မှ ၂၀၃၁ ခုနှစ်အထိ နှစ် ၂၀စီမံကိန်းဖြစ်သော ယင်းစီမံကိန်းရေးဆွဲရာတွင် ဝန်ကြီးဌာနအသီးသီး ၏ ဗဟိုအဆင့် အလုပ်ရုံဆွေးနွေးပွဲမှ ရလဒ်များ၊ ဒေသန္တရဆိုင်ရာ စီမံကိန်းရေးဆွဲထားရှိမှုနှင့်ဆိုင်သည့် စာတမ်းများ၊ နိုင်ငံ ခြားအကူအညီ၊ အထောက်အပံ့နှင့် ချေးငွေစီမံကိန်းဆိုင်ရာ စာတမ်းများ၊ အထူးစီးပွားရေးဇုန် စီမံကိန်းဆိုင်ရာ စာတမ်းများလည်း ပါဝင်မည်ဖြစ်သည်။

စီမံကိန်းများရေးဆွဲရာတွင် နှစ်ပေါင်းများစွာက မြေစာရင်းမြေပုံများမှာ မြေအသုံးချမှုပုံစံပြောင်းလဲသွား၍ မြေပြင်အခြေအနေနှင့် ကိုက်ညီမှုမရှိတော့သဖြင့် ပြန်လည်ဆောင်ရွက်ရန် အထူးလိုအပ်နေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် မြို့နယ်ရုံးများတွင် မြေစာရင်း၊ မြေပုံမှန်ကန်ရေး ပထမဦးဆုံး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဝန်ကြီးကပြောကြားခဲ့သည်။

ယနေ့ ကျင်းပသည့် စီမံကိန်းနှင့်ဖွံ့ဖြိုးရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စာတမ်းပေါင်း ၅၈ စောင် ဖတ်ကြားဆွေးနွေးခဲ့သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# စီးပွားရေးနှင့်ပတ်သက်၍ လွှတ်တော်တွင် အဓိကဆွေးနွေးမည်

**မင်းဟိန်းကျော်၊ရန်မျိုးနိုင်၊အိဖြူလွင်**

**ရန်ကုန်၊အောက်တိုဘာ-၁၅**

ယခုလ ၁၈ ရက်တွင် ပြန်လည်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများ၌ စီးပွားရေးဆိုင်ရာ အကြောင်းကိစ္စရပ်များကို အဓိကထားဆွေးနွေးကြမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များကပြောသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆောင်ရွက်နေသော ထားဝယ်ရေနက်ဆိပ်ကမ်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းကဲ့သို့ စီမံချက်ကြီးများကို လွှတ်တော်သို့တင်ပြရန် သဘောတူညီမှုရရှိထားကြောင်း၊ ဗဟိုဘဏ်အား သီးခြားလွတ်လပ်သော ဘဏ်အဖြစ်ပြုလုပ်နိုင်ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် သက်ဆိုင်သော ကိစ္စများကို ဆွေးနွေးမှုများပြားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်ဦးကြည်မြင့်က ပြောသည်။

**အချပ်ပို(D) သို့**


ဓာတ်ပုံ-သီဟ

# KNU ခေါင်းဆောင်ပိုင်းအတွင်း သဘောကွဲလွဲမှု ငြိမ်းချမ်းရေးကို မထိခိုက်နိုင်ဟု စစ်ဦးစီးချုပ်ပြော

## KNU ခေါင်းဆောင်များ အောက်တိုဘာ ၂၁ ရက်တွင် ညှိနှိုင်းဆွေးနွေးမည်

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၁၅**

ကရင်အမျိုးသားအစည်းအရုံး (KNU) ထိပ်ပိုင်းခေါင်းဆောင်များတွင် သဘောထားကွဲလွဲမှုမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မထိခိုက်နိုင်ကြောင်း KNU စစ်ဦးစီးချုပ် မူတူးဆေးဖိုးကပြောကြားသည်။

"ဒီဖြစ်စဉ်က ငြိမ်းချမ်းရေးဖြစ်စဉ်ကို မထိခိုက်နိုင်ဘူး။ နှစ်ပေါင်း ၆၀ ကျော် ခါးခါးသီးသီး ခံခဲ့ရတဲ့အတွက် ငြိမ်းချမ်းရေးကို မဖြစ်မနေ တည်ဆောက်သွားမှာပါ။ သမ္မတဦးသိန်းစိန်ကလည်း တိုင်းရင်းသားတွေကို ယုံကြည်တဲ့အတွက် ငြိမ်းချမ်းရေးကို မထိခိုက်နိုင်ဘူး"ဟု ဖဒိုမန်းငြိမ်းမောင်ကပြောသည်။

ထိပ်ပိုင်းခေါင်းဆောင်များကြား သဘောထားကွဲလွဲမှု ရှိခဲ့သော KNU ထိပ်ပိုင်းခေါင်းဆောင်များ၏ အဆုံးအဖြတ်ပေးနိုင်သော ကိုယ်စားလှယ်များသည် အောက်တိုဘာ ၂၁ ရက်တွင် KNU နယ်မြေအတွင်း ဒုတိယအကြိမ် ထပ်မံတွေ့ဆုံမည်ဟု သတင်းရရှိသည်။

"ပထမအကြိမ်နှစ်ဖက်ကိုယ်စားလှယ်တွေ တွေ့ပြီးပြီ။ အောက်တိုဘာ ၁၁ ရက်ကတွေ့တာ။ အဖွဲ့အစည်း ပြန်လည်ညီညွတ်ရေးအတွက်တွေ့ကြတာ၊ အခြေအနေကောင်းပါတယ်" ဟု ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင် ဖဒိုမန်းငြိမ်းမောင်က ပြောသည်။

ကရင်ပြည်နယ် ဘားအံမြို့တွင် ဆက်ဆံရေးရုံး ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ကရင်အမျိုးသားအစည်းအရုံး၏ ထိပ်ပိုင်းခေါင်းဆောင်များဖြစ်သော စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ်မူတူးဆေးဖိုး၊ ဗဟိုတရားရေး တာဝန်ခံ ဖဒိုဒေးဗစ်ထောနှင့် အခြားတစ်ဦးကို မကြာသေးခင်ရက်ပိုင်းက အဖွဲ့မှ ထုတ်ပယ်ခဲ့သည်ဟု ကရင်အမျိုးသားအစည်းအရုံးက ဌာနတွင်း သတင်းထုတ်ပြန်ခဲ့သည်။

အခုဖြစ်ပွားသော ပြဿနာတွင် ယခင်ကဲ့သို့ မဟုတ်ဘဲ အယူအဆမတူသူများကြား စားပွဲဝိုင်းတွင် ဖြေရှင်းရမည်ဖြစ်သည့်အတွက် ရလဒ်ကောင်းနိုင်ပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများကို မထိခိုက်နိုင်ကြောင်း ငြိမ်းချမ်းရေး အကျိုးဆောင်ဦးလှမောင်ရွှေက ပြောသည်။

မကြာသေးမီ ရက်ပိုင်းကလည်း KNU အဖွဲ့တွင် ဖြစ်ပွားခဲ့သော အကွဲအပြဲနှင့်ပတ်သက်၍ ရန်ကုန်မြို့တွင်ရှိသော ကရင်တိုင်းရင်းသားခေါင်းဆောင်များသည် နိုင်ငံရေးပါတီမှ တာဝန်ရှိသူအချို့နှင့် သမ္မတရုံးဝန်ကြီး ဦးအောင်မင်းတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုကဲ့သို့ ခေါင်းဆောင်များကို ထုတ်ပယ်ပြီးနောက် အထုတ်ပယ်ခံရသော ခေါင်းဆောင်များက မြဝတီမြို့တွင် သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၁၃ ရက်တွင်ပြုလုပ်ရန် ရည်ရွယ်ထားသော်လည်း KNU ဘက်မှ သတင်းစာရှင်းလင်းပွဲမလုပ်ရန်နှင့် တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းသဖြင့် သတင်းစာရှင်းလင်းပွဲကို ဖျက်သိမ်းခဲ့သည်။






7 DAY NEWS JOURNAL
Vol.11, No.32 · OCTOBER 18 , 2012

## CRIME မှုခင်းသတင်း CORNER

### ကလေးငယ်များ ကျူးလွန်သော ပြစ်မှုများတွင် ခိုးမှုအများဆုံးဖြစ်

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

အရွယ်မရောက်သေးသူ ကလေးသူငယ်များ၏ အမှုအခင်းများတွင် ခိုးမှုများ အများဆုံးဖြစ်ကြောင်း အသက်(၁၆) နှစ်အောက် ကလေးသူငယ်အမှုအခင်းများကို အခမဲ့ လိုက်ပါဆောင်ရွက်ပေးသည့် Light Legal Charity မှ အထက်တန်းရှေ့နေများနှင့် ရန်ကုန်မြို့ရှိ ကလေးသူငယ်တရားရုံးနှင့် နီးစပ်သူများက ပြောကြားသည်။

"ကျွန်မတို့စလုပ်တဲ့ ၂၀၀၉ ခုနှစ်ကနေ အခုထိ တောက်လျှောက်ကြုံရတဲ့ ကလေးသူငယ် အမှုအခင်းတွေမှာ ခိုးမှုတွေအများကြီးလိုက်ပေးရတယ်။ ကျန်တဲ့ မသင်္ကာမှုတို့၊ ရန်ဖြစ်တာတို့၊ မုဒိန်းမှုတို့လည်းရှိတော့ရှိတယ်။ ခိုးမှုလောက်တော့မများဘူး"ဟု အဆိုပါအဖွဲ့မှ အထက်တန်းရှေ့နေ ဒေါ်ဖြိုးဖြိုးအိကပြောသည်။

"ခိုးမှုတွေက တဖြည်းဖြည်း ပိုများလာနေတယ်။ အထူးသဖြင့်တော့ ကောက်တိုလို့ခေါ်တဲ့ ရေသန့်ဘူးတို့၊ ပလတ်စတစ်တို့ကောက်တဲ့ကလေးတွေအများဆုံး ကျူးလွန်ကြတာကို တွေ့ရတယ်" ဟု ကလေးသူငယ်တရားရုံးတွင် အမှုတစ်ခု၌ လိုက်ပါဆောင်ရွက်နေသော အထက်တန်းရှေ့နေ ဦးခင်ဇော်(မရမ်းကုန်း) ကပြောသည်။ ထို့အပြင် မြို့နယ်ပေါင်း ၂၀ မှ ကလေးသူငယ်မှုခင်းများကို ဖြေရှင်းပေးရသည့် တရားလွှတ်တော်ချုပ်ရုံးအတွင်း ဖွင့်လှစ်ထားသော ကလေးသူငယ်တရားရုံးနှင့်နီးစပ်သူတစ်ဦးကလည်း "ခိုးမှုတွေကတော့ များတယ်။ ကလေးတွေကလည်း ဆင်းရဲလွန်းတော့လုပ်မိလုပ်ရာ လုပ်ကြတယ်" ဟု ပြောကြားသည်။

အသက်(၁၆)နှစ်အောက် ကလေးသူငယ်များ ပြစ်မှုကျူးလွန်ပါက ထောင်ဒဏ်ချမှတ်ခြင်းခံရသော်လည်း အကျဉ်းထောင်များ၌ ပြစ်ဒဏ်ခံရခြင်းမဟုတ်ဘဲ သန်လျင်ရှိ လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်း၊ ၄ ကံအော်စမ်းစသည့် သင်တန်းကျောင်းများသို့ ပို့ဆောင်ခြင်းဖြစ်သည်။

Light Legal Charity အဖွဲ့က ယူနီဆက်ဖ်မှ စီမံကိန်းရပ်ဆိုင်းပြီးနောက်ပိုင်း ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၂ ခုနှစ် ယခုအချိန်ထိ အရွယ်မရောက်သေးသူ ကလေးသူငယ်အမှုများအတွက် အခမဲ့လိုက်ပါဆောင်ရွက်ရာတွင် ခိုးမှု၊ ငါးမှု၊ မုဒိန်းမှုနှင့် မုဒိန်းမှုကျူးလွန်ရန် အားထုတ်မှုနှစ်မှုတို့ဖြစ်သည်။

"ကျွန်မတို့အဖွဲ့လေးကို တချို့က သူခိုးအားပေးလုပ်တာလားလို့တောင် အပြောခံရပါတယ်။ ဒီကလေးသူငယ်အမှုတွေမှာ ခိုးမှုတွေကများနေတော့ သူခိုးအားပေးပြီး အမှုလိုက်တယ်လို့ ဝေဖန်ကြတယ်။ တကယ်တော့ ကျွန်မတို့ကို ထောက်ပံ့ခဲ့တဲ့ ယူနီဆက်ဖ်ပရောဂျက်က ၂၀၁၁ ကတည်းက ရပ်သွားပါပြီ။ ကိုယ့်စရိတ်နဲ့ကိုယ် ကလေးသူငယ်တွေအတွက် လိုက်ပါဆောင်ရွက်ပေးနေတာပါ"ဟု ဒေါ်ဖြိုးဖြိုးအိက ပြောကြားသည်။

### တစ်ညအတွင်း ဆင်နင်း၍ လူနှစ်ဦးသေဆုံး

**သန်းဌေး**

**ရန်ကုန်၊ အောက်တိုဘာ-၁၃**

လူငယ်တစ်ဦးသည် ရခိုင်ရိုးမအတွင်း ဝါးသွားခုတ်စဉ် ညဘက်အိပ်ပျော်နေချိန်အတွင်း တောဆင်ရိုင်းများနင်းခံရကာ သေဆုံးခဲ့သည်။

အောက်တိုဘာ၈ရက် ည ၁၂နာရီခန့်ကလည်း ဝါးခုတ်သွားသော အသက်(၆၀)ခန့်ရှိအမျိုးသားကြီးတစ်ဦးကို အခြားနေရာတွင် အခြားတောဆင်ရိုင်းအုပ်စုက တက်နင်း၍ သေဆုံးခဲ့သည်။

အသက်ဆယ့်ကိုးနှစ်အရွယ်ရှိ သာပေါင်းမြို့နယ်၊ လဟာဂမုံရွာသား မောင်သိန်းဇော်လင်းသည် ဝါးခုတ်ရန်သွားစဉ် စစ္စရံချောင်းဘေးရှိမြေရိုက်စခန်းတွင် ထိုည ၁၁နာရီခွဲခန့်က အဖော်များနှင့်အတူ အိပ်ပျော်နေစဉ် တောဆင်ရိုင်းငါးကောင်က အိပ်ပျော်နေသူများအား တက်နင်းရာ ကျန်လူများထွက်ပြေးလွတ်မြောက်သွားကြသော်လည်း အိပ်ပျော်နေသော မောင်သိန်းဇော်လင်း၏ဦးခေါင်းကိုဆင်နင်းမိပြီး ခေါင်းကြေကာ ဇက်ကျိုး၍ ပွဲချင်းပြီး သေဆုံးသွားကြောင်း သာပေါင်းမြို့နယ်၊ ဘုရားကုန်းကျေးရွာမှ ဦးစန်းဝင်းကပြောသည်။

# တရုတ်သို့ လယ်ယာထွက်ကုန်များ နယ်စပ်ကုန်သွယ်ရေးဖြင့် တရားဝင်တင်ပို့ခွင့်ရတော့မည်

**ပြည့်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၁၁**

မြန်မာ့လယ်ယာထွက်ကုန်များကို နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ကို နိုဝင်ဘာလနောက်ပိုင်းတွင် ရရှိမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောကြားသည်။

"အခွန်သက်သက်သာသာနဲ့ ပို့နိုင်ဖို့ နန်နင်းကုန်စည်ပြပွဲမှာ သဘောတူညီမှုရခဲ့ပြီး၊ ရှေ့လကုန်လောက်ဆို ပို့နိုင်မှာပါ"ဟု ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

လက်ရှိတရုတ်နိုင်ငံသို့နယ်စပ်ကုန်သွယ်ရေးဖြင့် ကုန်ပစ္စည်းများ တင်ပို့ရာတွင် မြန်မာနိုင်ငံဘက်မှ တရားဝင်ခွင့်ပြုထားသော်လည်း တရုတ်နိုင်ငံမှ ခွင့်မပြုသဖြင့် မှောင်ခိုအနေဖြင့်သာ တင်ပို့ရသည်။ ကုန်ပစ္စည်းများ ရောင်းချရာတွင်လည်း တရုတ်နိုင်ငံမှ ဝယ်ယူသူ၏ဂိုဒေါင်အရောက် တာဝန်ယူပို့ဆောင်ပေးရသည်။ တရုတ်နိုင်ငံအတွင်း၌ ကုန်ပစ္စည်းများ အဖမ်းခံရပါက ရောင်းချသူ မြန်မာနိုင်ငံဘက်မှသာ တာဝန်ယူရကြောင်း မူဆယ်ဆန်စပါးလုပ်ငန်းအသင်းမှ ပြန်ကြားရေးတာဝန်ခံ ဦးမင်းသိန်းက လက်ရှိလုပ်ကိုင်နေရပုံကိုပြောသည်။

"ဒီလ ၈ ရက်နဲ့ ၉ ရက်မှာ ဆန်အိတ် ၂၀၀ ကျော်တင်လာတဲ့ ကားသုံးစီး အဖမ်းခံရတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ယခုနှစ် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးဖြင့် ဆန်တင်ပို့မှုမှာ ပမာဏများလာသည်။ မြန်မာ့ဆန်အဓိကတင်ပို့နေသည့် အာဖရိကဈေးကွက်သို့ အိန္ဒိယမှ ဝင်ရောက်နေရာယူခဲ့သဖြင့် ဈေးနှုန်းများကျဆင်းပြီး တင်ပို့နိုင်ခြင်းမရှိပေ။ ထို့အပြင် ပြည်တွင်းငွေလဲနှုန်းမှာလည်း အချိန်အတော်ကြာ ကျဆင်းခဲ့သဖြင့် တရုတ်နယ်စပ်ကိုသာ အားထားရကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင်ဒေါက်တာစိုးထွန်းကပြောသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ထို့အပြင် ပြောင်းဆန်မှာလည်း မလေးရှား၊ အင်ဒိုနီးရှားတို့ကို တင်ပို့နိုင်မှု လျော့ကျခဲ့သည်။ ပြည်တွင်းဈေးထက် ပြည်ပဈေးကနိမ့်နေသဖြင့်တင်ပို့နိုင်ခြင်း မရှိပေ။ ထို့ကြောင့် မန္တလေး၊ ရှမ်းပြည်နယ်တို့မှ ပြောင်းများအပြင် ဧရာဝတီမှ ပြောင်းများပါ တရုတ်နယ်စပ်သို့ တင်ပို့နေရကြောင်းသိရသည်။

"တရားဝင်ဖွင့်ပေးမယ်ဆိုရင် ဒီသတင်းက ကျွန်တော်တို့အတွက် သတင်းကောင်းပဲ။ မျှော်နေတာကြာပြီ"ဟုဦးမင်းသိန်းကပြောသည်။

လက်ရှိ တရုတ်နိုင်ငံတွင် ဆန်သစ်များ ပေါ်ချိန်ဖြစ်သဖြင့် ပြည်တွင်းမှ ရောက်ရှိလာသည့် ဆန်များ မူဆယ်ဂိုဒေါင်များတွင် ပြည့်နေသည်။ ပြည်တွင်းမှ နေ့စဉ် တရုတ်နယ်စပ်သို့ ဆန်အိတ် ၄၀,၀၀၀ မှ ၅၀,၀၀၀ ကြား ပုံမှန်ဝင်ရောက်နေသည်။လက်ရှိတရုတ်-မြန်မာငွေလဲနှုန်းမှာမြန်မာငွေကျပ် ၁,၀၀၀ လျှင် တရုတ် ငွေ ၇ ဒသမ ၅ယွမ်ရှိကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# ပူတာအိုခရိုင်တွင် ဆန်ရှားပါးမှုကြုံတွေ့နေရဆဲ

**မောင်တာ**

**ပူတာအို၊ အောက်တိုဘာ-၁၃**

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် စားသုံးဆန်ရှားပါးမှုကြုံတွေ့နေရဆဲဖြစ်ပြီး ဆန်နို့ဆီနှစ်ဘူးလျှင် ကျပ်တစ်ထောင်အထိ ဈေးနှုန်းမြင့်တက်နေသော်လည်း ဆန်ရောင်းချမည့်သူ နည်းပါးသောကြောင့် လိုသလောက် ဝယ်မရဖြစ်နေကြောင်း ပူတာအိုခရိုင်တွင်းနေ ဒေသခံများက ပြောသည်။

"ဆန်ရှားနေတာ သုံးလလောက်ရှိပြီ။ မနက်ပိုင်းပဲ ထမင်းချက်စားပြီး ညနေပိုင်း ဆန်ပြုတ်ပြုတ်စားနေရတယ်"ဟု ပူတာအိုမြို့နယ် ညဲဆာလာဒိးရွာမှ မင့်ဂါးဟာထာက ပြောသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ဒေသတွင်း စပါးအထွက်နှုန်းလျော့နည်းခဲ့သလို၊ ဒေသတွင်း အစိုးရတပ်မတော်နှင့် ကေအိုင်အေတိုက်ပွဲများကြောင့် နယ်မြေ မတည်ငြိမ်မှုများကြောင့် လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ပြီး အခြားမြို့ရွာများမှ ဆန်လိုသလောက် ဝယ်ယူတင်သွင်းခြင်း မပြုနိုင်သောကြောင့် ပြီးခဲ့သည့်ဇူလိုင်လမှစ၍ ပူတာအိုခရိုင်တွင်း ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလီပေါ်ရဲ့က ပြောသည်။

၎င်းက "တိုက်ပွဲတွေကြောင့် ပူတာအိုမြစ်ကြီးနားကုန်းလမ်းကဆက်သွယ်သွားလာလို့ မရတော့ဘူး။ လိုတဲ့ဆန်ကို မြစ်ကြီးနားကတစ်ဆင့် လေကြောင်းကနေသယ်နေရတယ်။ ပြည်နယ်အစိုးရက ဆန်ထောက်ပံ့ပေးနေတာတော့ ရှိတယ်။ ဒါပေမဲ့ မလောက်ဘူး။ လူဦးရေရဲ့ လေးပုံတစ်ပုံကတော့ ဆန်လိုအပ်ချက်ရှိနေဆဲ" ဟုပြောသည်။




**အစိုးရတပ်မတော်နှင့် ကေအိုင်အေ တိုက်ပွဲများကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ပြီး ပူတာအိုတွင် ဆန်ဈေးတက်နေသည်။ ပုံတွင်ရှေ့တန်းတစ်နေရာမှ ကေအိုင်အေတပ်သားများကို တွေ့ရစဉ်**

ဒေသခံများမှာ ဒေသထွက်ဆန်ကို မှီဝေစားသောက်၍ရသော်လည်း အစိုးရဝန်ထမ်းများမှာ ဆန်ရှားပါးမှုဒဏ် ပိုမိုခံစားနေရသည်ဟု ဝန်ထမ်းများကဆိုသည်။ အစိုးရဝန်ထမ်းများမှာ ခွဲတမ်းဆန်အဓိကအားကိုးနေရသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသတွင် ဆန်တစ်အိတ်ဈေး ကျပ်တစ်သိန်းဝန်းကျင်ထိရှိပြီး နေရာတိုင်းတွင် အနိမ့်ဆုံးဈေးမှာ ကျပ်ရှစ်သောင်းဖြစ်သည်။

ပူတာအိုခရိုင်အတွင်းရှိ ပူတာအို၊ မချမ်းဘော၊ ဆွမ်ပရာဘွမ်၊ နောင်မွန်းမြို့နယ်များတွင် မြစ်ကြီးနားမြို့မှ တစ်ဆင့်လေကြောင်းမှ သယ်ယူသော ဆန်ကို အဓိကမှီခိုစားသောက်နေရပြီး ခေါင်လန်ဖူးမြို့နယ်မှာမူ တရုတ်နယ်စပ်နှင့်နီးသောကြောင့် တရုတ်ပြည်မှ ဆန်ကို ဝယ်ယူစားသုံးနေကြောင်း ဒေသထွက်ဆန်လက်ကျန်မရှိတော့ကြောင်း ဦးလီပေါ်ရဲ့ကပင် ပြောသည်။

**စာ(၁၂)သို့**

# ရန်ကုန်တွင် ဓာတ်လိုက်၍ တစ်လသုံးဦးခန့် သေဆုံးနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၁၃**

လျှပ်စစ်ဓာတ်လိုက်မှုများကြောင့် လစဉ်လူခုနစ်ဦးခန့် သေဆုံးနေကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ မှတ်တမ်းများအရ သိရသည်။

ယခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအထိ ရှစ်လအတွင်း၌ပင် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လျှပ်စစ်ဓာတ်လိုက်မှု ၆၃မှု ဖြစ်ပွားခဲ့ရာ ပျမ်းမျှအားဖြင့် လစဉ်တစ်လလျှင် ရှစ်မှုခန့် ဖြစ်ပွားနေသည်။ ယင်းဓာတ်လိုက်မှု ၆၃မှုကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဝန်ထမ်းသုံးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသော်လည်း အရပ်သားသေဆုံးသူ ၅၁ဦး ရှိကြောင်း ဒဏ်ရာရရှိသူမှာလည်း ရှစ်ဦးထိ ရှိခဲ့သည်။

ယခုနှစ် ဓာတ်လိုက်ခြင်းကြောင့် သေဆုံးခဲ့သော ၅၄ ဦးတွင် စက်ရုံ၊ အလုပ်ရုံ၊ နေအိမ်များ၌ အသုံးပြုသော လျှပ်စစ်ပစ္စည်းများအား စနစ်တကျ တပ်ဆင်အသုံးပြုမှု မရှိခြင်းတို့ကြောင့် အများဆုံးဖြစ်ပြီး ယင်းဖြစ်စဉ်များကြောင့် ၂၃ဦး သေဆုံးခဲ့သည်။ လျှပ်စစ်စီးဝင်နိုင်သော ပစ္စည်းများ၊ လိုင်းအောက်အနီးတွင် ကိုင်တွယ်ထိမိခြင်းကြောင့် ဓာတ်လိုက်ပြီးသေဆုံးမှုမှာ ဒုတိယအများဆုံးဖြစ်ပြီး သေဆုံးသူ ၁၅ဦးရှိသည်။

လျှပ်စစ်ဝါယာကြိုးများအား ဓာတ်ကာပစ္စည်း (PVC)ဖြင့် ဖုံးအုပ်အသုံးပြုထားလေ့ရှိရာ ၁၀နှစ်သက်တမ်းကျော်လွန်ပါက ရာသီဥတုဒဏ်ကြောင့် ဓာတ်ကာပစ္စည်းများပေါက်၍ ကလစ်နှင့်သွပ် ဝန်ထမ်းကြိုး(Bearer Wire)မှတစ်ဆင့် ဓာတ်အားယိုစီးမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် ဓာတ်မလိုက်ရန် ယင်းနှင့်ထိစပ်နေသော နေအိမ်သွပ်မိုးများ၊ သံဇကာများမှတစ်ဆင့် ဓာတ်လိုက်ခံရတတ်၍ ဟောင်းနွမ်းနေသောအိမ်သွယ် လျှပ်စစ်ဝါယာကြိုးများအား စစ်ဆေးလဲလှယ်ရန် လိုအပ်သည်။ ပြတ်ကျနေသောဓာတ်အားလိုင်းများမှာလည်း ဓာတ်လိုက်လေ့ရှိ၍ အများ ပြည်သူများအနေဖြင့် ဓာတ်အားလိုင်းများ ပြတ်ကျနေပါက သက်ဆိုင်ရာ လျှပ်စစ်ရုံးများကိုသာ အကြောင်းကြားသင့်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




Knorr
Unilever
ဗီတာမင် $B_1$
အာဟာရပြည့်ဝ
အရသာရှိသော နံ့နက်စာ
ခနော့ဆန်ပြုတ်ပါ
Knorr
San Pyoke
Chicken Flavour
Contains Jasmine Rice
Boil only 3 minutes


SWEETY HOME
SPECIAL PROMOTION
& LUCKY DRAW
10th to 31st October 2012
"စပရိန်မွေ့ရာ၊ ပရိဘောဂနှင့် မင်္ဂလာခန်းဝင်ပစ္စည်းအမျိုးမျိုး"
ဘန်ကောက်အပန်းဖြေခရီးစဉ်
ကံထူးရှင်(၂၀)ဦး
5% to 15% OFF
ကျပ်(၁)သိန်းဖိုးဝယ်ယူသူတိုင်း ဘန်ကောက်ခရီးစဉ်ကူပွန် (၁) စောင် ရယူကံစမ်းနိုင်ပါသည်။
(အမြို့မြို့အနယ်နယ်ရှိ ခန်းဝင်နှင့်ပရိဘောဂဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်)
01-535694, 205224
02-65938, 60810, 34021

7DAY NEWS JOURNAL
Vol.11, No.32 · OCTOBER 18 , 2012

# ၂၀၁၂ ခုနှစ် မိုးလွန်ရက်ကျန်နဲ့ ဆောင်းဦးဝင်ချိန် ရာသီအလားအလာ

မောင်ထွန်းလွင်(မိုးလေဝသ)

**၂၀၁၂ ရဲ့ မုတ်သုံရာသီအဝင်**

၂၀၁၂ ခုနှစ်ရဲ့ မုတ်သုံရာသီဟာ ပြောစရာလေးတွေနဲ့ အပြည့်ပါ။ မုတ်သုံလေအဝင်မှာ မြစ်ဝကျွန်း ပေါ်ကို အဝင်နောက်ကျပါတယ်။ မေလတတိယရက်သတ္တပတ်ကျော်မှမြစ်ဝကျွန်းပေါ်ဒေသကိုနောက်ကျဝင်ရောက်ခဲ့ပါတယ်။ ဒါပေမဲ့ ကျန်နေတဲ့ အလယ်ပိုင်းနဲ့မြောက်ပိုင်းကိုတော့ two in one လုပ်ပြီး ရောသမမွှေသွားပါတယ်။ ကောင်းတဲ့အချက်ကတော့ဇွန်လဆန်းမှာ မုတ်သုံလေဟာ တစ်နိုင်ငံလုံးဝင်ပြီးနေပြီ။ မကောင်းတဲ့အချက်ကတော့ မုတ်သုံလေအဝင်နဲ့ အထွက်မှာမှ မိုးကောင်းကောင်းရတတ်တဲ့ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသကတော့ မပီပြင်တဲ့ မုတ်သုံအဝင်ကြောင့် မိုးကောင်းကောင်း မရလိုက်တော့ပါဘူး။ နောက်တစ် ခုထူးခြားတာကတော့ ဒီတစ်ခါမုတ်သုံအဝင်မှာ "စိန်စတင်း" မပါလိုက်ပါဘူး။ မုန်တိုင်းတစ်လုံးမှ မဖြစ်ခဲ့ဘဲ ငြိမ်ငြိမ်သက်သက်နဲ့ ပြီး သွားခဲ့ပါတယ်။

**ဟိမဝန္တာတောင်ခြေက**
**ပြန်မဆင်းတော့တဲ့ မုတ်သုံလေဦး**

အနောက်တောင်မုတ်သုံလေအဝင်မှာ မုတ်သုံလေဦးဆိုတာ မာရသွန်ခရီးသည်ပါ။ အင်ဒိုနီးရှားက အစပြုပြီး ပါကစ္စတန်အထိ ရောက်အောင်သွားရပါတယ်။ နောက်ပြီး မုတ်သုံလေဦးဟာ အဝင်မှာ


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံမြောက်ပိုင်းကို ဝင်ရောက်ပြီးတဲ့နောက် သူ့ရဲ့ ပုံမှန်နေရာဖြစ်တဲ့ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း ရေပြင်အပေါ်မှာ အထိုင်ပြန်ချရပါတယ်။ အဲဒီအနေအထားနဲ့ မိုးရာသီကာလတစ်လျှောက်လုံး ရှိနေရပါတယ်။ ဒါပေမဲ့ ဒီနှစ်မှာတော့ မုတ်သုံလေဦးဟာ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းအထက်ပိုင်းအပေါ်မှာပဲ ကျောက်ချနေခဲ့ပါတယ်။ ဘင်္ဂလားပင်လယ်အော်ရေပြင်ပေါ်ကို ပြန်မဆင်းခဲ့ပါဘူး။ ဒါဟာ အလွန်ထူးခြားပြီး မြန်မာနိုင်ငံရဲ့ ရာသီဥတုတွေကို အပြောင်းအလဲဖြစ်စေပါတယ်။

**ပထမဆုံးတွေ့ရတဲ့ အပြောင်းအလဲတစ်ခု**

အနောက်တောင်မုတ်သုံလေဦးဟာ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်း အထက်ပိုင်းမှာ အထိုင်ချတည်နေလေတော့ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်း အထက်ပိုင်းတို့မှာ နေ့စဉ်ရက်ဆက်မိုးတွေရွာနေစေပါတယ်။ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်း အထက်ပိုင်းဆိုတာ ဧရာဝတီနဲ့ ချင်းတွင်းမြစ်တို့ရဲ့ မြစ်ဖျားဖြစ်ပါတယ်။ ဧရာဝတီမြစ်အနေနဲ့ ပြောရရင် ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်တို့ရဲ့ ဆုံတဲ့နေရာအထိအပိုင်းဟာဧရာဝတီရဲ့အထက်ပိုင်းဖြစ်ပါတယ်။ ဒါကြောင့် ဧရာဝတီမြစ်အထက်ပိုင်းဟာ ဒီနှစ် မိုးအလွန်ကောင်းခဲ့ပါတယ်။ တိုတိုပြောရရင် ဧရာဝတီမြစ်ရေတွေ တိုးလာတဲ့အတွက် မြစ်ကြီးနားမြို့ဟာ အရင်ဆုံး စိုးရိမ်ရေအမှတ်ကို စရောက်ပါတယ်။

စာ(၃၀)သို့

## ရမည်းသင်းမြို့ရန်ပွဲ လူအသေအပျောက်မရှိဘဲ ထိန်းချုပ်နိုင်ဟုဆို

သန်းထူး၊ မင်းဟိန်းကျော်

**နေပြည်တော်၊ အောက်တိုဘာ-၁၅**

အောက်တိုဘာ ၁၂ရက် ရပ်ကွက်ဘောလုံးပွဲတွင် ဖြစ်ပွားသော ရန်ပွဲမှစတင်၍ လူမျိုးရေးပဋိပက္ခအသွင် သတင်းများ ပျံ့နှံ့ခဲ့သော ရမည်းသင်းမြို့မှ ရန်ပွဲအခြေအနေကိုအသေအပျောက်မရှိထိန်းချုပ်နိုင်ခဲ့ကြောင်း ရမည်းသင်းမြို့မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့ခံများကပြောသည်။

အဆိုပါ အခြေအနေများနှင့်ပတ်သက်၍ ရမည်းသင်းမြို့နယ် ရဲတပ်ဖွဲ့သို့ အောက်တိုဘာ ၁၅ ရက် နံနက် ဆယ်နာရီခန့်က ဆက်သွယ်စုံစမ်းရာ တာဝန်ကျရဲတပ်ကြပ်ကြီးတစ်ဦးက "လူအသေအပျောက်မရှိပါဘူး။ အိမ် မီးလောင်တယ်ဆိုတာလည်းတဲအိမ်လေးပေါ့။ အခုအခြေအနေတွေလည်းအေးဆေးတည်ငြိမ်နေပါပြီ"ဟု ရှင်းလင်းပြောကြားသည်။


အထက်ပါဘောလုံးပွဲကို သွားရောက်ကြည့်ရှုခဲ့သူ လူငယ်ဘောလုံးဝါသနာရှင် ကိုဥက္ကာက "ဘောလုံးပွဲက ရှုံးထွက်အဆင့်ဆိုတော့ ဆော့ရင်းနဲ့ပြဿနာလေးတွေဖြစ်ကြတယ်။ အခြေအနေ မထိန်းနိုင်တော့ ပွဲပျက်သွားတယ်။ အဲဒီမှာ ပွဲပြီးတော့ လူနှစ်ဦး အထိုးအကြိတ်ခံလိုက်ရတယ်။ အဲဒီကနေ စတာပါ"ဟု ဖြစ်စဉ်အစကို ပြောကြားသည်။

၎င်းအပြင် ယင်းဖြစ်ပွားမှုကိုမကျေနပ်သော လူများကပြီးခဲ့သည့်ရက်ပိုင်းကတက်လာပြီး မီးရှို့ခဲ့ကြောင်း၊ အိမ်ဘေးတစ်ခြမ်း မီးလောင်ခဲ့သော်လည်း အချိန်မီငြိမ်းနိုင်ခဲ့ကြောင်း၊ အဆိုပါညကပင် လူနှစ်ဦးဓားထိုးခံခဲ့ရသည်ဟု ကြားသိရကြောင်းလည်း ၎င်းက ယမန်နေ့က ပြောဆိုသည်။ ယမန်နေ့က မြို့တွင်းရှိ လမ်းဘေးဈေး ဆိုင်များကိုမူ ပိတ်ထားကြောင်းလည်း မြို့ခံအချို့ကပြောသည်။

ထိုဖြစ်ရပ်များကြောင့် အောက်တိုဘာ ၁၄ရက် မွန်းလွဲပိုင်းထိ ဒေသခံများထိတ်လန့်ခဲ့ပြီး ဓားထိုးခံရသော လူနှစ်ဦးသေဆုံး ပြီဟု ကောလာဟလများ ထွက်ပေါ်ခဲ့သဖြင့် ဈေးဆိုင်အချို့ ပိတ်သွားခဲ့သည်။ သို့သော် ညနေ ၄နာရီခွဲခန့်တွင် ဓားထိုးခံရသူနှစ်ဦးမှာ သေဆုံးခြင်းမရှိပဲ ကျန်းမာလျက်ရှိကြောင်းကို မြို့တွင်းတွင် အသံချဲ့စက်ဖြင့် လိုက်လံကြေညာခဲ့မှသာ ဒေသခံများ၏ စိုးရိမ်မှုများ လျော့ကျခဲ့ပြီး ၎င်းတို့နှစ်ဦးမှာလည်း အမှန်တကယ်ပင် သေဆုံးခြင်း မရှိခဲ့ကြောင်း ဒေသခံတစ်ဦးကပြောသည်။ ထို့အပြင် နေပြည်တော်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ လာရောက်ခဲ့ပြီး အခြေအနေပုံမှန်ဖြစ်သွားပြီဖြစ်ကြောင်း ဒေသခံတစ်ဦးကပြောကြားသည်။



7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012



## ၂၀၁၂ အောက်တိုဘာ ၁၇မှ ၂၃ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

အနောက်တောင် မုတ်သုံလေဟာ မြန်မာနိုင်ငံအတွင်းမှ လုံးဝ ဆုတ်ခွာခဲ့ပြီဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့် တိမ်အနည်းသာဖြစ်ထွန်းပြီး သာယာနိုင်ပါတယ်။ မြောက်ပစိဖိတ်သမုဒ္ဒရာတွင် တိုင်ဖွန်မုန်တိုင်းတစ်လုံး ဖြစ်ပေါ်နေပြီး၊ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံဘက်ကို ဦးတည်ရွေ့လျားနေတဲ့အတွက် မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှု မရှိနိုင်ပါ။ ဘင်္ဂလားပင် လယ်အော်မှာလည်း မုန်တိုင်း အန္တရာယ် မရှိသေးပါ။ မိုးရွာသွန်းမှု ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ဒေသတွေမှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပြီး လှိုင်းအမြင့် ၁ပေခန့်သာ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

လက်ရှိ အခြေအနေမှာ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း ဒေသများနဲ့ အရှေ့တောင်ပိုင်းဒေသများမှာ မိုးအသင့်အတင့် ရွာသွန်းနေပြီး ကျန်ဒေသများအားလုံးမှာ မိုးရွာသွန်းမှု လျော့ကျလာနေပါတယ်။

**မိုးရွာသွန်းနိုင်မှု ခန့်မှန်းချက်**

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ အများအားဖြင့် သာယာနိုင်ပါတယ်။ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနဲ့ ကယားပြည်နယ်တို့မှာ နေရာကွက်ကျားနဲ့ ကျန်ဒေသများမှာ အများအားဖြင့် နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်ပါတယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု အခြေအနေ**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနဲ့ မြေလတ်ပိုင်းဒေသအချို့မှာ မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု အလားအလာ အများဆုံးရှိပြီး သေချာမှု ၆၅ ရာခိုင်နှုန်းအထိ ရှိပါတယ်။ ကျန်ဒေသများမှာ မိုးတိမ်တောင်ဖြစ်ဖို့ အလား အလာများ မရှိပါ။ အထူးသဖြင့် မြောက်ပိုင်းဒေသများတွင် မိုးတိမ်တောင်ဖြစ်နိုင်ခြေ လုံးဝ မရှိနိုင်ပါ။

**နေ့အပူချိန်များ အခြေအနေ**

တစ်ပြည်လုံးတွင် အရှေ့ တောင်အာရှကျွန်းဆွယ်တစ်ခုလုံး အပူရှိန်များ သိသာစွာ မြင့်တက်နေနိုင်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးမှာလည်း အပူရှိန်များ သိသိသာသာ မြင့်တက်နေနိုင်သည်။ အထူး သဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းစွန်း တွင် အပူလှိုင်းတစ်ခု ဖြတ်သန်းသွားနိုင်ပါတယ်။ ကချင်ပြည်နယ်မြောက်ပိုင်းနဲ့ စစ်ကိုင်းတိုင်းမြောက်ပိုင်းစွန်းဒေသတွေမှာ အပူရှိန် အညွှန်းကိန်း ၉ အထိ မြင့်တက်လာနိုင်တဲ့အတွက် လူသားများရဲ့ ကျန်းမာရေးကို များစွာထိခိုက်နိုင်သဖြင့် ဒေသခံများသတိပြုရန် လိုအပ်ပါတယ်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းတို့မှာ အပူရှိန်များ ပုံမှန်ခန့်ရှိနိုင်ပြီး ကျန်ဒေသများမှာ အပူရှိန်များ ပုံမှန်ထက် ပိုနိုင်ပါတယ်။

**မြစ်ရေအခြေအနေနဲ့ ရေကြီးမှုအလားအလာ**

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ရေလွှမ်းမိုးမှုအလားအ လာများ ဆက်လက်လျော့နည်းနေနိုင်ပါတယ်။ ရေကြီးမှု အလား အလာများ ဖြစ်နိုင်ဖွယ် မရှိတော့ပါ။

**တောင်တရုတ်ပင်လယ်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင် မှာ အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းများ ပုံမှန်ပြန်လည် လျော့ကျလာနိုင်ပြီး ဖြစ်ပေါ်လာသော မုန်တိုင်းများအနေဖြင့်လည်း မြန်မာနိုင်ငံဘက်ကို အရှေ့ဘက်မှ မုန်တိုင်းအကြွင်းအကျန်နဲ့ လေပွေလှိုင်းများအဖြစ် ရောက်ရှိလာနိုင်ဖွယ်ရာ အခြေအနေများ မရှိနိုင်ပါ။ မိုးရွာသွန်းမှု ရွာသွန်းမြဲထက်ပိုနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# ယုဇနဆီအုန်းစက်ရုံအား စည်ပင်မှ ပထမဆုံးအကြိမ် ကွင်းဆင်းစစ်ဆေး

**မြတ်စုမွန်**

**ရန်ကုန်၊**
**အောက်တိုဘာ - ၉**

သာကေတမြို့နယ်ရှိ ယုဇနဆီအုန်းစက်ရုံမှထွက်သော အနံ့များ၊ မီးခိုးမှုန်များနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း စီမံရေးရာဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

ယင်းဆီအုန်းစက်ရုံမှ ထွက်သော အနံ့နှင့်အမှုန်များဒဏ်ကို ကိုယ်တိုင်ခံစားနေရသည့် မြို့ခံများ စုပေါင်းလက်မှတ်ထိုးပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသို့ တိုင်ကြားစာပို့ခဲ့ခြင်းကြောင့် ယခုကဲ့သို့ စစ်ဆေးရန် ညွှန်ကြားထားခြင်းဖြစ်ပြီး၊ ထိုသို့ ယုဇနဆီအုန်းစက်ရုံကို ကွင်းဆင်းစစ်ဆေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သတင်းရရှိသည်။

"သက်ဆိုင်ရာ ခရိုင်အဆင့် အုပ်ချုပ်ရေးမှူးကို စစ်ဆေးပြီး ပြန်လည်တင်ပြပါလို့ ညွှန်ကြားချက်ချထားပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊စီမံဌာနမှလက်ထောက်ဌာနမှူးကပြောသည်။

စစ်ဆေးနေဆဲ ကာလဖြစ်ခြင်းကြောင့် မည်သို့ အရေးယူဆောင်ရွက်ရမည်ကို ယခုအချိန်တွင် ထုတ်ဖော်ပြောဆိုရန် မဖြစ်နိုင်သေးကြောင်း အထက်ပါပုဂ္ဂိုလ်ကဆက်လက်ပြောသည်။

"ဒီစက်ရုံက ဘယ်လိုအဆင့်အတန်းနဲ့ ခွင့်ပြုထားတာလဲ၊ နိုင်ငံတော်စီမံကိန်းလားဆိုတာ မသိရဘူး။ အများပြည်သူရဲ့ တိုင်ကြားချက်မှန်တယ်ဆိုရင်၊ အများပြည်သူ မထိခိုက်အောင် ပြုပြင်နိုင်တဲ့ နည်းလမ်းရှိသလားဆိုတာ ပထမအဆင့်အနေနဲ့ စဉ်းစားရမယ်။ ဒီဆီအုန်းစက်ရုံဆိုတာ ခွင့်ပြုချက်ပေးစဉ်အချိန်က ဒီလို အနံ့ဆိုးထွက်မယ်၊ မထွက်ဘူးဆိုတာ မသိခဲ့တဲ့အချိန်ကိုး"ဟု အထက်ပါ လက်ထောက်ဌာနမှူးက ဆက်လက်ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ စည်းမျဉ်းဥပဒေအရ အများပြည်သူ မခံမရပ်နိုင်သော စက်ရုံလုပ်ငန်းများကို ပိတ်သိမ်းခြင်း၊ စက်မှုဇုန်များသို့ ပြောင်းရွှေ့လုပ်ကိုင်စေခြင်းများ ပြုလုပ်လေ့ရှိကြောင်း သိရသည်။

"သာကေတက ဆီအုန်းစက်ရုံနဲ့ပတ်သက်ပြီး မြို့တော်စည်ပင်မှာလည်း တစ်စိတ်တစ်ပိုင်းတော့ တာဝန်ရှိပါတယ်။ အရင်းအနှီး အများကြီးနဲ့ ကုန်ကျခံ တည်ဆောက်ထားတာဖြစ်လို့ သူတို့ကို နေရာပြောင်းရွှေ့ခိုင်းမယ်ဆိုရင် စည်ပင်က နေရာပြန်ပေးရမယ်။ ဆက်လက်တာဝန်ယူ လုပ်ဆောင်ပေးရတော့မယ်။ ဒါကြောင့် စုပေါင်းလုပ်ဆောင်ဖို့ လိုပါတယ်" ဟု မြို့တော်စည်ပင် အခွန်ဌာနမှူး ဦးကျော်မင်းက ယခုလ ၉ ရက်တွင် ပြုလုပ်သည့် အသံနှင့် အနံ့ဇုန်ဆိုင်ရာ သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များသို့ပြောကြားခဲ့သည်။

၎င်းက ဆက်လက်၍ "အများပြည်သူက ပြောင်းရွှေ့ပေးဖို့ လိုအပ်တယ်ဆိုရင်တော့ ပြောင်းရွှေ့ပေးရမှာပဲ"ဟုပြောသည်။

ထို့အပြင် လုပ်ငန်းလိုင်စင်ချထားပေးခြင်းနှင့်ပတ်သက်၍ ဌာနတွင်းညွှန်ကြားချက်များအရ "လုပ်ငန်းလိုင်စင်လျှောက်ထားမှုများတွင် ပတ်ဝန်းကျင်မှ ထောက်ခံချက်ရရှိသော်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မည့်ကိစ္စ၊ ရေရှည်တွင် နေထိုင်သူများကို ထိခိုက်စေမည့် လုပ်ငန်းများကို ခွင့်ပြုသင့်၊ မပြုသင့် စိစစ်ဆောင်ရွက်ပါရန်"ဟုဖော်ပြထားကြောင်း စီမံဌာနမှသိရသည်။

သာကေတမြို့နယ်ရှိ ယုဇနဆီအုန်းစက်ရုံသည် လွန်ခဲ့သော နှစ်အတန်ကြာကပင် ယခုကဲ့သို့ပတ်ဝန်းကျင် ထိခိုက်စေသော အနံ့ဆိုးများထုတ်လွှတ်ကာ ယခုနောက်ပိုင်းတွင် ပြာမှုန်များ လွင့်စဉ်သည်အထိဖြစ်လာကြောင်း ရှင်းသာလမ်းတွင်နေထိုင်သူများထံမှသိရသည်။

## မြန်မာနိုင်ငံအား အကူအညီပေးရေး ဆွေးနွေးမှုများ ဂျပန်ဦးဆောင်

**တိုကျို၊ အောက်တိုဘာ - ၁၃**

မြန်မာနိုင်ငံနှင့် ပတ်သက်၍ အောက်တိုဘာ ၁၁ရက်က တိုကျိုမြို့တွင် ပြုလုပ်ခဲ့သော အစည်းအဝေး၌ မြန်မာနိုင်ငံ၏ ကျန်ရှိသော ကြွေးမြီများ ရှင်းလင်းရေးနှင့် ပတ်သက်၍ ဂျပန်နိုင်ငံက ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံ၏ အကြီးဆုံးမြီရှင်ဖြစ်သော ဂျပန်နိုင်ငံက ချေးငွေပေးအပ်ထားသော အခြားနိုင်ငံများအား ကြွေးမြီသက်သာခွင့်ပေး၍ မြန်မာ စီးပွားရေးပြန်လည်ထူထောင်ရေးတွင်ကူညီရန် တိုက်တွန်းခဲ့သည်။ ယင်းအစည်းအဝေးမှာပင် မြန်မာနိုင်ငံသို့ အတိုးနှုန်း နည်းပါးသော ချေးငွေများ ပြန်လည်ပေးအပ်မည်ဟု ဂျပန်က ကတိပြုခဲ့သည်။

"မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပံ့ပိုးကူညီပြီး မြန်မာနိုင်ငံကို နိုင်ငံတကာအသိုင်းအဝိုင်းထဲ ပြန်လည်ဝင်ရောက်နိုင်ရေး ကူညီဖို့ အရေးကြီးပါတယ်"ဟုနိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် ကမ္ဘာ့ဘဏ်တို့၏ နှစ်ပတ်လည် အစည်းအဝေးများနှင့်အတူ ပြုလုပ်သည့် အစည်းအဝေးတွင် ဂျပန်ဘဏ္ဍာရေးဝန်ကြီးကိုရီကီဂျိုဂျီမာက ပြောကြားသည်။

မြန်မာ့ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးဝင်းရှိန်ကလည်း မြန်မာနိုင်ငံ၏ ကြွေးကျန်များ ရှင်းလင်းရေးအတွက် ဂျပန်နိုင်ငံက လမ်းခင်းပေးလိုက်ခြင်းဖြစ်ကြောင်း အသိအမှတ်ပြုပြောကြားပြီး မြန်မာပြည်သူများကိုယ်စားကျေးဇူးတင်ရှိပါကြောင်း ပြောသည်။

ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က လာမည့်နှစ်အတွင်း ချေးငွေများ ပြန်လည်ပေးအပ်ဖွယ်ရှိရာ မြန်မာအစိုးရက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မဟာဓာတ်အားလိုင်းများနှင့် လမ်းများတည်ဆောက်၍ ဂျပန်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် လုပ်ငန်းချဲ့ထွင်နိုင်ရန် တွန်းအားပေးမည်ဖြစ်သည်။

Ref: ယူမီယူရီရှင်ဘွန်း

# မြန်မာနိုင်ငံရှိ မြို့များဖွံ့ဖြိုးရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီရယူမည်

**သန်းထူး**

**နေပြည်တော်၊အောက်တိုဘာ-၁၁**

မဟာမဲခေါင်ဒေသခွဲနိုင်ငံများတွင် ပါဝင်သော မြန်မာနိုင်ငံသည် အခြားအဖွဲ့ဝင်နိုင်ငံများကဲ့သို့အာရှ စီးပွားရေး လမ်းကြောင်းပေါ်ရှိ မြို့များဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ အကူအညီကို ရယူသွားမည်ဖြစ်ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကံ ဇော်က ယနေ့ပြောကြားသည်။

မြဝတီ၊ ဘားအံ၊ လားရှိုး၊ မူဆယ် စသည့်မြို့များအား အခြေခံ အဆောက်အအုံများ ဖြည့်ဆည်းရန်အတွက် ADB နှင့် တိုက်ရိုက် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြားအဖွဲ့ဝင်နိုင်ငံများလည်း ADB ၏ အကူအညီများဖြင့် စီးပွားရေးလမ်းကြောင်းပေါ်မှ မြို့များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးက ပြောကြားသည်။

အာဆီယံအဝေးပြေးလမ်းမကြီး၊ အာရှအဝေးပြေးလမ်းမကြီး လမ်းကွန်ရက်နှင့် စီးပွားရေး လမ်းကြောင်းပေါ် ကျရောက်သည့် မြို့များ၏ မြို့ပြအခြေခံ အဆောက်အအုံ ဖြည့်ဆည်းပေးရေး ဖြစ်နိုင်ခြေ စစ်တမ်းကောက်ယူခြင်းကိုလည်း ADB အကူအညီဖြင့် ဆောင်ရွက်ရန်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ စာတမ်းတွင် ဖော်ပြပါရှိသည်။

မဟာမဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ဗီယက်နမ်နိုင်ငံက ကန်ဒေါ်လာ သန်း ၂၀၀ ခန့်၊ ကမ္ဘောဒီးယားနိုင်ငံက ကန်ဒေါ်လာသန်း၈၀ကျော်နှင့်လာအိုနိုင်ငံက ကန်ဒေါ်လာ သန်း ၅၀ ကျော်ဖြင့် ADB ၏ အထောက်အပံ့ကို ယူ၍ ဆောင်ရွက်လျက်ရှိသည်။

မြို့ပြအိမ်ရာဖွံ့ဖြိုးရေးအတွက် UN- Habitat နှင့် ပူးပေါင်း၍ မြို့ပြဖွံ့ဖြိုးရေး သုတေသနဌာန ဖွင့်လှစ်ထူထောင်ပြီး သုတေသနလုပ်ငန်းများ၊ သင်တန်းများ ဖွင့်လှစ်ခြင်း၊ စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်နှင့် ပူးပေါင်း၍လည်း မြို့ပြကွန်ရက်သုတေသနအစီအစဉ်နှင့် နည်းပညာ ပူးပေါင်းဖလှယ်ရေးဆိုင်ရာကိစ္စများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

Life
7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# နားခိုစရာလေးတစ်ခုတော့လိုချင်တယ်



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်မြို့တစ်နေရာ

**အိမ်ဝေးသူ**

**ကျွန်မတို့မှာ မိသားစု သုံးယောက်ရှိပါတယ်။ ကျွန်မတို့ လင်မယား နှစ်ယောက်ရယ်၊ ကျွန်မသမီးလေးရယ်ပေါ့။ ကျွန်မအမျိုးသားက ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပါတယ်။ တစ်လကို နှစ်သိန်းလောက်ရပါတယ်။ ကျွန်မကတော့ ကလေးမွေးပြီးကတည်းက ကျွန်မကလေးကို ကူညီကြည့်ရှုပေးမယ့် လူခွဲမရှိတာနဲ့ အလုပ်လုပ်လို့ မရတော့တာပါ။ ကျွန်မတို့ အိမ်ထောင်သက်တမ်း ငါးနှစ်ကျော်လာပါပြီ။ ကျွန်မတို့မှာ မိဘကလည်း အမွေအနှစ်မထားခဲ့တဲ့အတွက် ကိုယ့်ဒူးကိုယ်ချွန်ကိုယ့်ဘဝ ကိုယ်ကျောင်းခဲ့ရတဲ့လူတွေပါ။ အသက် ၁၀နှစ်အရွယ် မိဘလက်ထက်မှာကတည်းက အိမ်ငှားဘဝနဲ့ နေလာခဲ့တာ အိမ်ထောင်ကျတဲ့ သက်တမ်းနဲ့ပါ ထည့်တွက်လိုက်မယ်ဆိုရင် အိမ်ငှားဘဝနဲ့ နေလာခဲ့တာ ၁၇နှစ် နီးပါးရှိပါပြီ။**

အိမ်ငှားဘဝနဲ့ နေလာခဲ့ရာမှာလည်း အိမ်ရှင်မျိုးစုံ၊ အိမ်မျိုးစုံ၊ အခက်အခဲမျိုးစုံနဲ့ နေလာခဲ့ရတာပါ။ တချို့အိမ်တွေဆိုအိမ်ကကောင်းပေမယ့်အိမ်ရှင်ကမကောင်း၊ အိမ်ရှင်က ကောင်းပေမယ့် အိမ်က မကောင်း နဲ့နေလာခဲ့ရတာပါ။

ယခုအချိန်မှာ အိမ်ဈေးနှုန်းတွေ ကောင်းလာတာနဲ့အမျှ အိမ်ငှားခဈေးနှုန်းတွေလည်း များစွာကြီးမြင့်နေပါတယ်။ ပတ်ဝန်းကျင်သန့်သန့်၊ အိမ်သန့် သန့်နဲ့ နေချင်ပြီဆိုရင် အနည်းဆုံး အိမ်လစာငါးသောင်းမှ တစ်သိန်းဝန်းကျင်အထိ ရှိတတ်ပါတယ်။ ဒါတောင်သွားလာရေးလွယ်ကူတဲ့မြို့တွင်းမြို့နယ်တွေမှာ ဒီနှုန်းနဲ့ မရနိုင်ပါဘူး။

ကျွန်မတို့မိသားစုမှာ တစ်လစာရတဲ့ပိုက်ဆံကို အိမ်လစာနုတ်၊ အသုံးစရိတ်နုတ်၊ လူမှုရေးကိစ္စတွေ နုတ်နဲ့ ကျန်ရှိတဲ့ငွေကိုမနည်းစုမိအောင် လုပ်ရပါတယ်။ ပိုက်ဆံလေးစုမိလို့ အိမ်လေးဝယ်မယ် လုပ်ချိန်မှာ အိမ်ဈေးနှုန်းတွေ အဆမတန် ကြီးမားနေတဲ့အတွက် ကျွန်မတို့အတွက် အိမ်ပိုင်ရမယ့် အခွင့်အရေးတွေ ဝေးသထက်ဝေးလို့လာနေပါပြီ။ အိမ်ဈေးနှုန်းများ ကြီးမားလာရတဲ့ အကြောင်းအရာတွေကို ဉာဏ်စွမ်းရှိသလောက် စဉ်းစားကြည့်တော့ အချက်အချို့ကိုတွေ့ရပါတယ်။ ရန်ကုန်က အချို့ရပ်ကွက်တွေမှာတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ကွန်ကရစ်လမ်းတွေ ခင်းကျင်းပေးထားပြီး နောက်ပိုင်းမှာ အိမ်ပိုင်ရှင်တွေ၊ ပွဲစားတွေ၊ အကျိုးဆောင်တွေက လမ်းကောင်းလာမှုကို အခွင့်ကောင်းယူ၍ မြေကွက်နဲ့ အိမ်ဈေးနှုန်းများ မြှင့်ခေါ်လာတာတွေ့ရပါတယ်။

နောက်ပြီး စီးပွားရေးလုပ်ငန်းရှင်များရဲ့ ဈေးကစားမှုတွေ၊ ပွဲစားနဲ့ အကျိုးဆောင်တွေက ဈေးကြီးအောင် တွန်းအားပေးတာမျိုးတွေကြောင့်လည်း အိမ်ဈေးနှုန်းများ ကြီးမားလာရခြင်းလို့ ထင်ပါတယ်။ ဘယ်အလုပ်မှ သိပ်မကောင်းတဲ့အချိန် မြေဝယ်ထားရင် အမြတ်သေချာတယ်ဆိုပြီး ငွေရှိသူတွေ အိမ်၊ မြေတွေ ဝယ်ရင်းနှီးလုပ်ကိုင်ကြလို့ တကယ်နေမယ့်သူတွေကတော့ အခန်းသေးသေးလေး ပိုင်ဖို့၊ မြေကွက်ကျဉ်းကျဉ်းလေးပိုင်ဖို့တောင် မမျှော်မှန်းနိုင်အောင် ဈေးတွေကြီးလာပါတယ်။

အိမ်ဈေးနှုန်းများကို ကားဈေးနှုန်းများကဲ့သို့ ဈေးကျအောင် လုပ်မယ်ဆိုတဲ့ သတင်းတွေကိုလည်းဖတ်ရပါတယ်။ အခွန်စနစ်ဖြင့်လည်း အိမ်ဈေးနှုန်းများကို ထိန်းချုပ်မယ်လို့လည်း ဆိုပါတယ်။

ဒါပေမဲ့ အိမ်ခြံမြေဈေးနှုန်းများကတော့ ယခုနေရာ တော်တော်များများမှာ ဈေးကျတာ မတွေ့ရဘဲ ဈေးနှုန်းများ တက်မြဲတက်ဆဲ၊ ရောင်းတဲ့သူကလဲရောင်း၊ ဝယ်တဲ့သူကလည်း ဝယ်၊ ဘာအခွန်မှ ပေးစရာမလိုဘဲ တက်ဈေးများနဲ့သာ အရောင်းအဝယ် ဖြစ်နေတာကို တွေ့ရပါတယ်။ ယခုလို အိမ်ခြံမြေဈေးနှုန်းများ မကျသရွေ့တော့ ကျွန်မတို့လို လူတန်းစားတွေအဖို့မှာတော့ အိမ်ပိုင်ရဖို့ လမ်းစတဖြည်းဖြည်း ဝေးလို့ လာနေပါပြီ။ အချိန်တန် အိမ်ပြန်ရတတ်စမြဲဆိုသလို အိမ်ဆိုတာ ကျွန်မတို့အဖို့ နားခိုစရာလေး တစ်ခုပါ။

ကျွန်မတို့လို လူတန်းစားတွေ နားခိုစရာလေးတစ်ခုရဖို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် တန်ဖိုးနည်းအိမ်ရာ၊ တန်ဖိုးနည်း မြေကွက်များကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ပါစေလို့သာ ဆုတောင်းနေရင်း. . . .။

---

## ဈေးဝယ်ထွက်မယ်

# ရော့ခ်ဂီတသမားတွေ အကြိုက် အဝတ်အစားတွေ ရှိတဲ့နေရာ

**အိဖြူလွင်**

အကြမ်းစား ဂီတသံစဉ်တွေ၊ မာန်ပါတဲ့ ဂီတတွေ ကြိုက်နှစ်သက်တဲ့ အမျိုးသားတွေကို ဦးတည်ပြီး ဒီတစ်ပတ်ဈေးဝယ်ထွက်မယ့်နေရာကိုလမ်းညွှန်ပေးလိုက်ပါတယ်။

ဂီတကို ကိုယ်စားပြုပြီး အင်္ကျီအဝတ်အစားတွေ ရောင်းလေ့ရှိတဲ့ အမျိုးသားဝတ်ဖက်ရှင်ဆိုင်တွေထဲမှာ ဒီဆိုင်က ရော့ခ်ဂီတသမားတွေ စိတ်ကြိုက်ဖြစ်မယ့် အဝတ်အစားတွေကို ရနိုင်တာပါ။

မိုးလည်းပါး၊ ဆောင်းလည်း မရောက်သေးတဲ့ ဒီရာသီမှာ ပေါ့ပေါ့ပါးပါးလည်းဖြစ်၊ အလွယ်တကူလည်း ဝတ်လို့ရပြီး ကိုယ်နှစ်သက်တဲ့ ဂီတအမျိုးအစားကို ကိုယ်စားပြုနိုင်တဲ့ တီရှပ်တွေကလည်း ဒီဆိုင်မှာ မျိုးစုံရှိနေတာမို့ အမျိုးသားတွေအတွက်တော့ စိတ်တိုင်းကျ တီရှပ်တွေ ဝယ်လို့ရနိုင်မယ့် ဆိုင်ပါ။

မက်တယ်၊ မော်ဒန်ရော့ခ်စတဲ့ ဂီတချစ်သူတွေ စိတ်ကြိုက် တီရှပ်တွေကို ဂီတဝိုင်းတွေရဲ့ အ




ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)


မည်တွေ၊ အဆိုတော်တွေရဲ့ အမည်တွေအလိုက်ရနိုင်ပြီး Rock Eagle, Rock Chany, The Rox စတဲ့ အမှတ်တံဆိပ်မျိုးစုံ ရနိုင်တယ်လို့ သိရပါတယ်။

ဒီဆိုင်မှာရှိတဲ့ တီရှပ်တွေ အားလုံးကို ထိုင်းနိုင်ငံက တင်သွင်းတာဖြစ်ပြီး ရော့ခ်ဂီတအမျိုးအစားစုံရဲ့ တီရှပ်ဒီဇိုင်းတွေ ရနိုင်ပါတယ်။

ဈေးနှုန်းအနေနဲ့ကတော့ အနိမ့်ဆုံးကျပ် ၅၀၀၀ ကျော်ကနေ တစ်သောင်းကျော်လောက်ထိ ရှိတာကြောင့်လူတန်းစား အလွှာစုံက လူကြီး၊ လူလတ်၊ လူငယ် အရွယ်စုံ ဝယ်နိုင်မယ့် သင့်တင့်တဲ့ ဈေးနှုန်းလို့ ပြောနိုင်ပါတယ်။

တီရှပ်တွေရဲ့ အရောင်တွေကတော့ ဂီတသံစဉ်ပြင်းပြင်းကို နှစ်သက်သူတွေရဲ့ အကြိုက်အတိုင်း အနက်ရောင်တွေ ဖြစ်ပါတယ်။ စတိုင်လ်မိုက်မိုက်တီရှပ်တွေကို ဝယ်ဖို့ ဈေးဝယ်သွားရမယ့် နေရာကတော့ တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်းမ၊ နန္ဒဝန်ဈေးရှေ့က P.S.A ဖက်ရှင်စတိုးမှာပါလို့ လမ်းညွှန်ပေးရင်း ဂီတသံစဉ်တွေကို နှစ်သက်သူအမျိုးသားတွေ အားလုံးအဆင်ပြေနိုင်မယ်လို့ မျှော်လင့်ပါတယ်။

---



## အိုးလေး ချက်ကြရအောင်

ဝိုက်ပီ

# ကြောင်လျှာပွင့်သုပ်



ဒီတစ်ပတ်ဝိုက်ဖီက အရံဟင်းတစ်ခွက်ပြင်ဆင်ထားပါတယ်။ ကြောင်လျှာပွင့်သုပ်ပါ။

ကြောင်လျှာပွင့်ခြောက်လေးတွေကို ဈေးထဲမှာမေးဝယ်လို့ရပါတယ်။ ပထမဆုံးကြောင်လျှာပွင့်ခြောက်လက်တစ်ဆုပ်စာကိုပြုတ်ပါမယ်။ ငါးမိနစ်လောက်ပြုတ်ရင်ရပါပြီ။ ပြုတ်ပြီးရင် ရေညှစ်ပြီး ဆယ်ထားပါ။

ကြက်သွန်ဆီချက်၊ ဟင်းခတ်မှုန့်၊ ငံပြာရည်တို့ထည့်ပါမယ်။ ချဉ်ချဉ်စပ်စပ်သုပ်ချင်ရင်တော့ ငရုတ်သီးစိမ်းလေးညှပ်၊ သံပရာသီးစိမ်းတစ်စိတ်လောက်ညှစ်ထည့်ပါမယ်။ အားလုံး နယ်ဖတ်လိုက်ရင်တော့ ခပ်ဆိမ့်ဆိမ့်အရသာရှိတဲ့ ကြောင်လျှာပွင့်သုပ်တစ်ခွက်စားလို့ရပြီပေါ့။

7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# ဘိုးမင်းခေါင်ပရဟိတဖောင်ဒေးရှင်း စတင်တည်ထောင်

**ပြည်သိမ်း** **ရန်ကုန်၊အောက်တိုဘာ-၁၃**

ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု ပရဟိတလုပ်ငန်းများ လုပ်ကိုင်ရန် ကျောက်ပန်းတောင်းမြို့နယ်တွင် စက်တင်ဘာ ၃၀ရက်က ဘိုးမင်းခေါင်ပရဟိတ ဖောင်ဒေးရှင်းကိုစတင်တည်ထောင်လိုက်ကြောင်း သတင်းရရှိသည်။

"လူတွေ ယုံကြည်မှု လွဲမှားမှုတွေ ဖြစ်နေတာ ဘေးထွက်ဆိုးရှိုးမှုတွေ ဖြစ်နေတာကို တည့်စေချင်လို့ပါ။ လူတွေက ပုံတော်တွေမှ လှူကြတာ။ ဒါတွေက အလကားပဲ"ဟု အဆိုပါဖောင်ဒေးရှင်းကို ဦးဆောင်တည်ထောင်သူ ဦးဋ္ဌေးဦးကဆိုသည်။

ဘိုးမင်းခေါင်ဖောင်ဒေးရှင်းသည် မြို့ပြနှင့် ဝေးလံသည့် ကျေးလက်ဒေသတို့မှ ကလေးသူငယ်များ၏ ပညာရေးမျက်စိဝေဒနာဖြစ်ပွားနေသော ဝေဒနာရှင်များ ခွဲစိတ် ကုသနိုင်ရေးတို့ကို အဓိကလုပ်ကိုင်မည်ဟု ဆိုသည်။

ယခုအခါ ကျောက်ပန်းတောင်းမြို့နယ်မှ ကျေးရွာအချို့ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ ပရဟိတကျောင်းများရှိ ကျောင်းသားကျောင်းသူလေးများကို ပညာရေးနှင့် ပတ်သက်သည့် အထောက်အပံ့များ စတင်ပေးအပ်ခဲ့ကြောင်း ၎င်းကဆိုသည်။

ဘိုးမင်းခေါင်ပရဟိတဖောင်ဒေးရှင်းဟု အမည်ပေးရသည့် ရည်ရွယ်ချက်မှာ ဘိုးမင်းခေါင်ကို ယုံကြည်သူ များလာနေပြီး ထိုအချက်ကို အသုံးချ၍ နည်းမျိုးစုံဖြင့် အလှူခံသူများရှိ၍ ခုနစ်ရက်သားသမီးများ၏ အလှူကို ပရဟိတဘက်တွင် အသုံးပြု၍ အကျိုးရှိစေရန်ဖြစ်သည်ဟုဆိုသည်။












# ရုပ်ပြအလုပ်သမားအဖွဲ့ အစည်း စတင်ဖွဲ့ စည်း

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ - ၁၃**

ရုပ်ပြကာတွန်း၊ ပန်းချီရေးဆွဲသူများ၏ လူမှုဘဝမြင့်မား တိုးတက်ရေးနှင့် အလုပ်ရှင်နှင့် အလုပ်သမားများကြား မျှတကောင်းမွန်သည့်ဆက်ဆံရေး တည်ဆောက်နိုင်ရန်ရည်ရွယ်ကာ ရုပ်ပြ အလုပ်သမားများအဖွဲ့ အစည်းကို စတင်ဖွဲ့စည်းလိုက်ကြောင်း အဆိုပါအဖွဲ့ ဥက္ကဋ္ဌ ပန်းချီအောင်လင်းက ပြောကြားသည်။

အဆိုပါရုပ်ပြအလုပ်သမားများအဖွဲ့ အစည်းကိုစက်တင်ဘာ ၂၄ ရက်နေ့က ရုပ်ပြရေးဆွဲသည့် အလုပ်သမား ၅၀ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး စက်တင်ဘာ ၂၈ ရက်နေ့တွင် ကန်တော်ကြီးတာဝါရှိ အလုပ်သမားမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်လျှောက်ထားခဲ့ပြီး ဖြစ်သည်။

"အဓိကကတော့ကျွန်တော်တို့အခုလုပ်နေတဲ့ ကုမ္ပဏီမှာ အလုပ်ရှင်နဲ့ အလုပ်သမားကြား လေးစားမှုရှိဖို့နဲ့ ကျွန်တော်တို့နိုင်ငံရဲ့ယဉ်ကျေးမှုကို အလုပ်ရှင်နိုင်ငံခြားသားကလိုက်နာစေချင်ပါတယ်။ ပန်းချီဆရာ၊ ရုပ်ပြဆရာတွေကို အနုပညာရှင်တစ်ဦးလို လေးစားမှုရှိရှိဆက်ဆံစေချင်တာပါ"ဟု ပန်းချီအောင်လင်းက ပြောသည်။

အဆိုပါ အဖွဲ့ အစည်းမှာ ကိုရီးယားနိုင်ငံရှိ ရုပ်ပြစာအုပ်ထုတ်ဝေသည့် ကုမ္ပဏီတစ်ခုအတွက် ကိုရီးယားဇာတ်လမ်းများကို မြန်မာမှုပြန်လည်ပြုကာ ရုပ်ပြများရေးဆွဲစေပြီး ကိုရီးယားနိုင်ငံရုပ်ပြဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချရန် လခစားရေးဆွဲပေးရသည့်ပြည်တွင်းရှိရှဒိုးရုပ်ပြကုမ္ပဏီတစ်ခုတွင် ရေးဆွဲလုပ်ကိုင်နေသော ရုပ်ပြပန်းချီဆရာများဖြစ်ကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့ လုပ်သက်ဆယ်နှစ်ကျော်နေပေမယ့် လူမှုဖူလုံရေးကတ်မရှိဘူး။ လစာပေးရင်လည်း လစာစလစ်နဲ့မပေးဘဲ ဒီအတိုင်းကြီးပေးတယ်။ စာရွက်ပေါ်မှာကျတော့လစာကငါးသောင်း၊ တကယ်ပေးတာက တစ်သိန်းခွဲ၊ တကယ်တမ်းပြဿနာတတ်လာပြီဆိုရင် စာရွက်ပေါ်က လစာနဲ့ ဆုံးဖြတ်ခံရမှာဖြစ်နေတယ်။ ဒါတွေကြောင့် ဒီအဖွဲ့ အစည်းကို ဖွဲ့ရတာပါ" ဟု ပန်းချီကျော်ဇောလွင်က ပြောသည်။ ထို့ပြင်အဆိုပါကုမ္ပဏီမှာ မကြာမီဖျက်သိမ်းတော့မည်ဟု သတင်းများထွက်ပေါ်နေခြင်းကြောင့် အလုပ်သမားများမှာ စိုးရိမ်နေကြကြောင်း သိရသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကိုရီးယားရုပ်ပြကုမ္ပဏီနှင့် ချိတ်ဆက်လုပ်ဆောင်နေသောပြည်တွင်းရုပ်ပြ ကုမ္ပဏီထံ 7Day News မှဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာတွင် ပြန်လည်မဖြေကြားနိုင်ကြောင်း ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ရုပ်ပြကာတွန်းများကို အလွတ်တန်းရေးဆွဲနေသည့် ကာတွန်းအောင်မင်းမင်းက "ဒီဖြစ်ရပ်ကိုကြည့်ရရင် မြန်မာပြည်က ကာတွန်းဆရာတွေရဲ့ အစွမ်းအစကနိုင်ငံတကာကို မီတာပဲ။ နိုင်ငံတကာနဲ့အမီ ထိုက်တန်တဲ့နှုန်းနဲ့ တော့ပေးသင့်တာပေါ့။ ဒီလခစားရုပ်ပြဆရာတွေဟာ ကိုယ်ရေးတဲ့ပုံတွေ၊ စာအုပ်တွေကိုပြန်တောင်ကြည့်ခွင့်ရတာ မဟုတ်ဘူး။ သူတို့လုပ်ပေးတဲ့စွမ်းဆောင်ရည်တောင် မမြင်တွေ့ရတာမဖြစ်သင့်ပါဘူး။ ဒီအဖွဲ့ အစည်းကို အားပေးပါတယ်"ဟုပြောကြားသည်။

အထက်ပါ ရုပ်ပြအဖွဲ့ အစည်းကဲ့သို့ပင် ယခုစက်တင်ဘာလကုန်ပိုင်းက Mico ရုပ်ပြပန်းချီအခြေခံ အလုပ်သမားအဖွဲ့ အစည်းကိုတရားဝင်မှတ်ပုံတင်ဖွဲ့စည်းခွင့်ရခဲ့သည်။ ယင်းအဖွဲ့ အစည်းမှာလည်းကိုရီးယားရုပ်ပြပန်းချီလုပ်ငန်းအတွက် မြန်မာနိုင်ငံတွင် ရုပ်ပြပြန်လည်ရေးဆွဲကာ ကိုရီးယားနိုင်ငံတွင် ပြန်လည်ပုံနှိပ်ထုတ်ဝေဖြန့်ချိရန်အတွက် ၂၀၁၁ ခုနှစ်က မြန်မာနိုင်ငံတွင် Golden Dragon အမည်ဖြင့်စတင်လုပ်ကိုင်ခဲ့ပြီး ယခုအခါ Mr.Blue ဟုအမည်ပြောင်းလဲထားသော ကုမ္ပဏီမှ အလုပ်သမားများ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း ယင်းအဖွဲ့ဝင်ဦးအေးကိုက ပြောသည်။



# ဓမ္မ


အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## မယဉ်ကျေးတဲ့ စိတ်ဟာ ဒုက္ခဆင်းရဲများစွာကို ဖန်တီးတယ်

လူ့စိတ်ကိုကောင်းစွာလေ့ကျင့်ပျိုးထောင်ထားခြင်းမရှိရင် ဒီလိုမယဉ်ကျေးတဲ့စိတ်က ကမ္ဘာပေါ်မှာ ဒုက္ခဆင်းရဲများစွာကို ဖန်တီးနိုင်စွမ်းရှိတယ်။ တစ်ခါတစ်ရံမှာ လူ့အပြုအမူတွေဟာ တိရစ္ဆာန်တွေထက်တောင် ပိုပြီး ဘေးရန်အန္တရာယ်များသေးတယ်။ တိရစ္ဆာန်တွေမှာ ဘာသာရေး ပြဿနာမရှိဘူး။ ဘာသာစကားပြဿနာမရှိဘူး။ နိုင်ငံရေးပြဿနာ လည်း မရှိဘူး။ လူမှုရေးပြဿနာ၊ ကိုယ်ကျင့်တရား ပြဿနာဆိုတာမျိုးလည်း မရှိဘူး။ အသားအရောင်ခွဲခြားမှု ပြဿနာလည်း မရှိဘူး။ သူတို့အချင်းချင်းတိုက်ခိုက်ကြတာက အစားအစာအတွက် နေရာလုဖို့အတွက် လိင်ဆက်ဆံမှုကိစ္စတွေအတွက်ပဲ တိုက်ခိုက်ကြတယ်။

ဒါပေမဲ့ လူတွေကျတော့ ကိုယ့်ဟာကိုယ် ဖန်တီးတဲ့ ပြဿနာက သောင်းခြောက်ထောင်ဖြစ်နေတယ်။ လူ့အပြုအမူတွေ ဖြစ်နေပုံက သူတို့ဖန်တီးတဲ့ လက်ရှိပြဿနာကို ဖြေရှင်းဖို့ကျတော့ မတတ်နိုင်ကြဘူး။ ဖြေရှင်းပြန်ရင် လည်း နောက်ပြဿနာသစ်တွေ ကို ထပ်မံဖန်တီးကြပြန်တယ်။ လူဟာ လူ့ချွတ်ယွင်းချက်၊ အားနည်းချက်တွေကို ဝန်ခံဖို့ ဝန်လေးကြတယ်။ ဝန်ခံရမှာ စိတ်မပါဘူး။ ပြီးတော့ လူဟာကိုယ့်တာဝန်ကိုလည်း ကိုယ်ထမ်းဆောင်ချင်စိတ် အားနည်းပြီး သူ့ရဲ့ဆုံးရှုံးမှုအတွက် တခြားလူကို အပြစ်တင်ဖို့ပဲ ကြည့်နေကြတယ်။ တကယ်လို့ ကျွန်ုပ်တို့အနေနဲ့ ကိုယ်လုပ်သမျှအတွက် ကိုယ်တာဝန်ယူတတ်ကြရင် လူ့ လောကမှာ ငြိမ်းချမ်းရေးနဲ့ ပျော်ရွှင်ခြင်းသုခတွေကို ထိန်းသိမ်းထားလို့ရတယ်။

ရည်ညွှန်း ။ ဆန်းလွင် (ရှင်အာဒိစ္စ ရံသီ)၏ 'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက'



# ရန်ကုန်တက္ကသိုလ်ပုံရိပ်များကို မြင်တွေ့ရမည့် ပန်းချီပြပွဲ

**အေးသူစံ**

**ရန်ကုန်၊**
**အောက်တိုဘာ - ၁၃**

ရန်ကုန်တက္ကသိုလ်၏ သမိုင်းပုံရိပ်ကို မြှင့်တင်ရန်နှင့် ရန်ကုန်တက္ကသိုလ်ပြန်လည်ရှင်သန်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ တက္ကသိုလ်၏ပုံရိပ်များ ပါဝင်သောပန်းချီပြပွဲကို နိုဝင်ဘာ၅ရက်မှ၉ရက်အထိယုဒသန်ခန်းမတွင်ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါပွဲကိုစီစဉ်နေသည့် ရန်ကုန်တက္ကသိုလ် ရှင်သန်ဖွံ့ဖြိုးရေးနှင့် ကျောင်းသားသမဂ္ဂ အဆောက်အအုံပြန်လည်တည်ဆောက်ရေးအဖွဲ့မှ အဖွဲ့ဝင်ဦးသန်းနိုင်ဦးက 7Day Newsသို့ပြောသည်။

ယခုပန်းချီပြပွဲတွင် ရန်ကုန်တက္ကသိုလ်၌ ၁၉၇၉-၁၉၈၀ ခုနှစ်တစ်ဝိုက်က ပေါ်ပေါက်ခဲ့သော ကံ့ကော်ရွာပန်းချီအုပ်စုက ပန်းချီဆရာများအပါအဝင် ယနေ့ခေတ်ပန်းချီဆရာ၃၅ ဦးခန့် ပါဝင်ပြသကြမည်ဖြစ်ပြီး ပန်းချီဆရာတစ်ဦးလျှင် ရန်ကုန်တက္ကသိုလ်နှင့်ပတ်သက်သည့် ပန်းချီကားတစ်ကားနှင့် အခြားနှစ်သက်ရာပန်းချီကားတစ်ကားတို့ကို ပြသရန်စီစဉ်ထားကြောင်း ဦးသန်းနိုင်ဦးကပြောသည်။




**ရန်ကုန်တက္ကသိုလ်မြင်ကွင်း** ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

"အဓိကက ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ပုံရိပ်ကို မြှင့်တင်ချင်တာကြောင့် ဒီပွဲကိုလုပ်တာပါ။ ဒေါ်အောင်ဆန်းစုကြည်ပုံတူပန်းချီကိုရေးဆွဲပြီး နိုင်ငံခြားကို ရောက်သွားတဲ့ ပန်းချီဆရာကိုမျိုးမြင့်ကလည်း ဒီပွဲမှာ ပြဖို့ စင်ကာပူကနေ ပန်းချီဆွဲပြီး လှမ်းပို့ပေးပါမယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် ပန်းချီဆရာကြီးဦးနန်းဝေ၏ ပန်းချီကားနှစ်ကားကိုလည်း ပြသမည်ဖြစ်ပြီး ကံ့ကော်ရွာပန်းချီအုပ်စုမှ ပန်းချီစံမင်း၊ ပန်းချီကျော်မင်းမောင်၊ ပန်းချီခင်မြဇင်၊ မမွေး၊ မဖြူမွှန် စသည့် ပန်းချီဆရာများ ပါဝင်ပြသမည်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ပန်းချီပြပွဲနှင့်အတူ 'ရှင်သန်ဖူးဝေကံ့ကော်မြေ'စာစောင်ကိုလည်းထုတ်ဝေသွားမည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်နှင့်ပတ်သက်သော ကဗျာ၊ ဆောင်းပါး၊ တက္ကသိုလ်သက်တမ်းတစ်လျှောက် ထင်ရှားခဲ့သော ကျောင်းသားခေါင်းဆောင်များ၏ ပုံရိပ်များ ပါဝင်မည်ဖြစ်ကြောင်းနှင့် အဆိုပါစာစောင်ကို နှစ်လတစ်ကြိမ် ပုံမှန်ထုတ်ဝေရန် စီစဉ်နေကြောင်း သိရသည်။

ယခု ပန်းချီပြပွဲနှင့်စာစောင်ကိုစီစဉ်သည့်'ရန်ကုန်တက္ကသိုလ်ရှင်သန်ဖွံ့ဖြိုးရေးနှင့် တကသအဆောက်အအုံပြန်လည်တည်ဆောက်ရေးအဖွဲ့' တွင် ၁၉၆၂ ခုနှစ်၊ ၁၉၇၄ ခုနှစ်နှင့် ၁၉၈၈ ခုနှစ် ကျောင်းသားအရေး လှုပ်ရှားသူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး တကသအဆောက်အအုံ ပြန်လည်ဖွဲ့စည်းရေးထက် ရန်ကုန်တက္ကသိုလ်၏ သမိုင်းအစဉ်အလာပုံရိပ်ကိုမြှင့်တင်ရေးအတွက် ယခုရန်ပုံငွေပန်းချီပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ဦးသန်းနိုင်ဦးက ပြောသည်။




စက္ကောမ ၏ ဉာဏ်ဖွ

တို့ဆေးမိတာလား၊ အညာမိတာလား
စိတ်တန်ခိုးနှင့်ဖွန်းများကျွေးပြခြင်း၊မီးထိုးကူးတာလား၊
ကျောက်ခဲတွေအန်တာကို ယုံကြည်သလား
လေပေါ်မှာထိုင်ပြသောဦးဝင်းနိုင်(အနုပညာ)၊
ဆန်မန်းများမှ မီးထတောက်ခြင်း၊
ကြက်ဥထဲက ဓါတ်လုံးလက်စွပ်၊
ရက္ခစိုးမှော်နှင့်နဂါးသိုက်၊

ရှင်းလင်းဖော်ထုတ်ရှင်းပြထားသည့်
[ စာအုပ် + DVD ]


ဘိုးတော်လိမ်၊ နတ်ကတော်လိမ်၊ ဘာညာကွိကွဗေဒင်ဆရာလိမ်တွေရဲ့ . . . . .
လိမ်နည်းများကို ဖော်ထားသောခွက်ကို လှန်လိုက်ဘိသကဲ့သို့ ဖွင့်ချလိုက်ပြီ။



Mobile phone ဖြင့် facebook အသုံးပြုနည်း။
facebook မှာ မြန်မာလိုရေးနိုင်ဖို့ ZawGyiFont ရယူနည်း။ account တစ်ခု registar လုပ်ပုံနှင့် Profile ရေးသားပုံ၊ Account Setting မှာနာမည်ပြောင်းနည်း၊ Password ပြောင်းနည်းနှင့် ပြန်ရှာနည်း၊ Friend ရှာဖွေဖိတ်ခေါ်နည်း၊ Notes ရေးတင်ခြင်း၊ Comment ရေးခြင်း၊ Like လုပ်ခြင်း၊ Share ပေးခြင်း၊

facebook အသုံးပြုနည်း

Text massage ပေးပို့ခြင်းနှင့် Chat အသုံးပြုခြင်း၊ facebook မသုံးသူများထံ e-mail massage ပေးပို့ခြင်း၊ Privacy Setting တွင်မိမိ၏ Profile wall တွင် မလိုလားသူများ လာရောက် post ရေးသားခြင်း မပြုနိုင်ရန်ကာကွယ်နည်း၊ လက်ရှိ Friend ထဲက တစ်ဦးဦးကို block လုပ်ထားနည်း၊ Profile picture ပြောင်းခြင်း၊ togging လုပ်ခြင်းနှင့် Odit လုပ်နည်း၊ group အုပ်စုဖွဲ့ခြင်းနှင့် Group Chat ပြောပုံများ၊ တစ်ခြားသူ၏ page များအားရှာဖွေခြင်းနှင့် post များမိမိထံရောက်အောင် Subscribe လုပ်ခြင်း၊ facebook page ကို Website တစ်ခုကဲ့သို့ဖန်တီးနည်း၊



Guide Book For Using Internet
မျိုးသူရ
အင်တာနက်အသုံးပြုနည်းလမ်းညွှန်
Mobile Phone (GSM, CDMA800)
Dialup, ADSL, WiMAX, IP Star တို့ဖြင့်
မျိုးသူရ
အင်တာနက် connection ချိတ်ဆက်ပြီး သုံးပြုနည်း

သိချင်သည့် အကြောင်းအရာကို စက္ကန့်ပိုင်းအတွင်း Search Engine အသုံးပြုရှာနည်း။ Software များ၊ file များကို Download ပြုလုပ်ရယူခြင်းနှင့် Program Install ပြုလုပ်ခြင်း၊ Proxy Server မှာ Setting ထည့်ခြင်း၊ History ဖျက်ခဲ့ခြင်း၊ Favorate ထည့်သွင်းခြင်း၊ Virus update ပြုလုပ်ခြင်း နှင့် Trouble-shooting code no. များ Gmail နှင့် အခြား Web Mail များ အသုံးပြုခြင်း

ထွက်ပြီ မျက်မှန်စာပေ — ဖုန်း-၀၉-၇၃၀၀၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၈၂ E-mail : myatpwint.books@gmail.com ထွက်ပြီ

7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

## စာ-၅၊ ပူတာအိုခရိုင်တွင် ဆန်ရှားပါးမှု ကြုံတွေ့နေရဆဲ မှ

"အိမ်တိုင်း ဆန်လိုနေတယ်။ ရွာလူဦးရေရဲ့တစ်ဝက်လောက်က နေ့တိုင်းထမင်းဝအောင် မစားရဘူးဖြစ်နေတယ်" ဟု ပူတာအိုမြို့နယ်၊ သမတီးရွာအုပ်စုမှ အိမ်ခြေ ၁၄၀ ကျော်ရှိ ညဲဆာလာဒီးရွာမှ ဦးငွါးဆာကပြောသည်။

ဆန်စျေးနှုန်း ကြီးမြင့်နေသလိုဆန်လိုသလောက်ဝယ်မရ၍ ဆန်အနည်းငယ်နှင့် ငှက်ပျောအူ၊ သစ်ဥသစ်ဖုများကို ရောနှောချက်ပြုတ်ကာ စားသောက်နေရပြီး ဝမ်းလျှော၊ ဗိုက်နာကဲ့သို့သော ဝမ်းရောဂါအချို့ကို ခံစားရမှုများရှိနေကြောင်းလည်း ဦးငွါးဆာက ပြောသည်။

ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်မှ ကုန်စုံဆိုင်ဖွင့်လှစ်ထားသူ ဒေါ်အေးအေးမော်က

"လောလောဆယ်တော့ ဆန်ရှားနေတုန်းပဲ။ လိုသလောက် ဝယ်မရဘူး။ ဒါပေမဲ့ ကောက်သစ်ပေါ်နေပြီဆိုတော့ လတ်တလော စားဖို့ သောက်ဖို့တော့ မကြာခင် အဆင်ပြေသွားမယ်ထင်တယ်" ဟု ပြောသည်။

ပူတာအိုမြို့နှင့် အခြားမြို့ရွာများသို့ဆက်သွယ်ပေးနိုင်သော တစ်ခုတည်းသော ကုန်းလမ်းဖြစ်ပြီး မိုင် ၂၀၀ ကျော် ရှည်လျားသည့် ပူတာအို-မြစ်ကြီးနား ကားလမ်းမှာ KIA နှင့် မြန်မာတပ်မတော်တို့အကြား ဖြစ်ပွားသော တိုက်ပွဲများကြောင့် လမ်းပိုင်းအတွင်းရှိ တံတားအချို့ ပျက်စီးခဲ့ပြီး မော်တော်ယာဉ်များ သွားလာ၍ မရတော့လောက်သည့်အနေအထား ဖြစ်နေကြောင်း ပူတာအိုနှင့် မြစ်ကြီးနားဒေသခံများက ပြောကြားသည်။

ကုန်လမ်းဆက်သွယ်သွားလာမှု မရှိသလောက်ဖြစ်နေသော ပူတာအိုခရိုင်အတွက် စားသုံးဆန်ရှားပါးမှု ကြုံတွေ့လာရာ ကချင်ပြည်နယ် အစိုးရအဖွဲ့မှ လေကြောင်းမှတစ်ဆင့် ဆန်အိတ် ၃၀၀၀ ကျော်ကို ပေးပို့ထောက်ပံ့ပေးခဲ့ကြောင်း ဦးလီပေါ်ရဲ့က ပြောသည်။

၁၉၉၁ ခုနှစ်ခန့်က ရာသီဥတုဖောက်ပြန်မှုကြောင့် ဆန်ရှားပါးမှု ကြုံတွေ့ခဲ့ဖူးသော်လည်း ယခုနှစ်ကဲ့သို့ ဆန်ရှားပါးမှု ကြုံတွေ့ခဲ့ဖူးခြင်းမရှိကြောင်း၊ မကြာမီကောက်သစ်ပေါ်မည်ဖြစ်၍ ဆန်ရှားပါးမှုပြဿနာ လတ်တလောပြေလည်သွားမည်ဖြစ်သော်လည်း မြစ်ကြီးနား-ပူတာအို လမ်းပြန်လည်ကောင်းမွန်ခြင်း မရှိသေးလျှင် ဆန်စပါးရှားပါးမှုထပ်မံကြုံတွေ့ရဖွယ်ရှိသေးကြောင်း၊ အားလုံးအဆင်ပြေစေရန် ကုန်းလမ်းပြန်ပွင့်စေလိုကြောင်း ပူတာအိုမြို့မှ ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

လတ်တလောတွင် ပူတာအိုခရိုင်အတွက် ဆန်အိတ် ၅၀၀၀ ခန့်ရလျှင် လက်ရှိကြုံတွေ့နေရသည့် ဆန်ရှားပါးမှု ပြဿနာပြေလည်မည်ဟု မျှော်လင့်ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလီပေါ်ရဲ့က ပြောသည်။

## မျက်နှာဖုံး-လယ်မြေအသိမ်းခံရခြင်း၏ အဓိကအကြောင်းရင်း ပေါ်ပေါက် မှ

"ဆိတ်ဖြူကပစ(၂၁)က လယ်သမားတွေကို သိမ်းထားတဲ့ လယ်မြေတွေမှာ လုပ်ကိုင်ခွင့်ပေးထားတော့ ကျေနပ်ကြတယ်" ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှဆွေက ဆိုသည်။

မကွေးတိုင်း ၈ - မြို့နယ်တွင် စုံစမ်းတွေ့ရှိချက်များအရ မလိုအပ်ဘဲ လယ်ကေများစွာ မသိမ်းရန်၊ သိမ်းယူသော လယ်မြေကေများကို ကာလပေါက်စျေးအတိုင်း လျော်ကြေးငွေပေးရန်၊ ကန်သင်းရိုး၊ ရေမြောင်းများနှင့် အစားထိုးမြေဖော်ထုတ်ပေးရန်၊ အသုံးမပြုသော လယ်မြေများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ပေးရန်၊ လုံခြုံရေးအရ မပေးနိုင်ပါက လျော်ကြေးငွေပေးရန်တို့ကို ကော်မရှင်ထံ တင်ပြသွားမည်ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဒဂုံအရှေ့ပိုင်း၊ ဒဂုံဆိပ်ကမ်းနှင့် ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ လေ့လာတွေ့ရှိချက်များအရ ကုမ္ပဏီများ၏ သိမ်းယူမှုမှာ အများဆုံးဖြစ်နိုင်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်ဝိုင်းကြည်ကပြောသည်။

ဒဂုံစက်မှုအထူးဇုန် သုံးခုတွင် စက်မှုလယ်ယာစီမံကိန်းများအတွက် လယ်မြေသိမ်းဆည်းမှုများကိုကွင်းဆင်းစုံစမ်းခဲ့ပြီး ကုမ္ပဏီ ၁၆ ခုနှင့် လယ်သမားများကို တွေ့ဆုံခဲ့ကြောင်း၊ အများစုမှာ ဆွေးနွေးညှိနှိုင်းပါက ပြေလည်နိုင်ကြောင်း စုံစမ်းရေးကော်မရှင် အဖွဲ့ခွဲ(၁)မှ အဖွဲ့ဝင်တစ်ဦး က ၎င်း၏အတွေ့အကြုံကိုပြောသည်။

"လယ်မြေအကျိုးတူပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဖို့ ဆန္ဒရှိကြတာကိုတွေ့ရတယ်" ဟုပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ကပြောသည်။

စုံစမ်းစစ်ဆေးရေး ကော်မရှင်က ကွင်းဆင်းစစ်ဆေးရာတွင် ဒေသခံအာဏာပိုင်များနှင့် ဌာနဆိုင်ရာ အချို့၏တားဆီးမှုများ ကြုံတွေ့နေရသည်ကို ကော်မရှင်တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရှိရကြောင်း ရောဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်က ပထမအကြိမ်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မိန့်ခွန်းတွင်ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ မေးမြန်းရာတွင် စုံစမ်းရေးကော်မရှင်အဖွဲ့ဝင် အများစုက သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ပူးပေါင်းဆောင်ရွက်မှုကို အပြည့်အဝရရှိကြောင်း၊ ကျေနပ်မှုရှိကြောင်း 7Day News သို့ပြောသည်။

"ဒေသခံအာဏာပိုင်တွေက ကွင်းဆင်းတဲ့နေရာမှာ ပူးပေါင်းဆောင်ရွက်ကြပါတယ်။ ကျွန်တော်တွေ့တာကတော့ မူလလက်ငုပ်နဲ့ လက်ရှိလက်ငုတ်ပြဿနာကများတယ်" ဟု ဖျာပုံမြို့နယ်တွင် ကွင်းဆင်းစစ်ဆေးခဲ့သော ဦးမန်းမောင်မောင်ဉာဏ်က ပြောသည်။

ရခိုင်ပြည်နယ်တွင် ကုမ္ပဏီများ နည်းပါးကြောင်း၊ လယ်မြေသိမ်းဆည်းခံရမှုအများစုမှာ တပ်မတော်စီမံကိန်းများနှင့် ဒေသအာဏာပိုင်အချို့၏ သိမ်းယူမှုများဖြစ်သည်ကို တွေ့ရှိရကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်က ပြောသည်။

လက်ရှိစုံစမ်းရေးကော်မရှင် ကွင်းဆင်းမှုများကို တောင်သူလယ်သမားများက ကြိုဆိုကြပြီး မျှော်လင့်ချက်များစွာ ထားရှိကြသည်။ ကော်မရှင်သည် အဆုံးအဖြတ်ပေးနိုင်သည့် အဖွဲ့အစည်းမဟုတ်ဘဲ ကွင်းဆင်းတွေ့ရှိချက်များ၊ သုံးသပ်ချက်၊ အကြံပြုချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်ဖြစ်ကြောင်း ကော်မရှင် အဖွဲ့ဝင်များက ပြောသည်။

လက်ရှိတွင် ကော်မရှင်၏ ကွင်းဆင်းမှုများကို ပါတီညီလာခံများ၊ လွှတ်တော်အစည်းအဝေးများကြောင့် ရပ်နားထားဖွယ်ရှိသော်လည်း လွှတ်တော်ပိတ်ရက်များတွင်ပါ မရောက်သေးသည့် ဒေသများသို့ ကွင်းဆင်းရန် ဥက္ကဋ္ဌနှင့် တိုင်ပင်ထားကြောင်း အဖွဲ့ဝင်တစ်ဦးက ဆိုသည်။

မိမိတို့၏ နစ်နာချက်များကို အမှန်အတိုင်းဖြစ်စေရန် စုံစမ်းရေးကော်မရှင်ကို မျှော်နေကြကြောင်း လယ်သမားတစ်ဦးက 7Day News သို့ပြောသည်။

"ကော်မရှင်အမြန် ဆုံးလာဖို့ ဘယ်သူ့ကို ဆက်သွယ်ရမလဲ မသိဘူး" ဟု သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာမှ လယ်သမားကြီးဦးလှမြင့်ကပြောသည်။

## မျက်နှာဖုံး-အခွင့်မျှော်နှင့် ကိုယ်ကျိုးစွန့် ပါတီဝင်တို့အကြား ပဋိပက္ခကို အချိန်ယူ ဖြေရှင်းရမည်ဟု ဒီချုပ်ဥက္ကဋ္ဌပြော မှ

ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့ရဲ့အဖွဲ့ချုပ်ကပြည်သူတွေစိတ်မချမ်းသာအောင် အချင်းချင်းစကားများတာတွေ အချင်းချင်း မတည့်တာတွေ ဖြစ်နေတာတွေအတွက်ကို တောင်းပန်ပါတယ်" ဟု ပွင့်ပွင့်လင်းလင်းတောင်းပန်စကား ဆိုသွားခြင်းဖြစ်သည်။

"ဒါဟာဖြစ်ရိုးဖြစ်စဉ်ပါပဲ။ အထူးသဖြင့် ဒီမိုကရေစီအဖွဲ့အစည်းတွေအတွင်းမှာဆိုတော့ လုပ်ပိုင်ခွင့်တွေ၊ ပြောပိုင်ခွင့်တွေ များတဲ့အခါကျတော့ လုပ်ပိုင်ခွင့်၊ ပြောပိုင်ခွင့်တွေကို အလွဲသုံးစား လုပ်တာတွေဖြစ်လာနိုင်တယ်" ဟုဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဒီချုပ်က နေရာပေါင်း ၄၅ နေရာ ဝင်ရောက်ယှဉ်ပြိုင်ကာ ၄၃ နေရာ အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင်စုစုပေါင်းပါတီဝင်အရေအတွက်မှာ အတိအကျ ထုတ်ပြန်ခြင်းမရှိသေးသော်လည်း သိန်းဂဏန်းရှိကြောင်းသာ ထုတ်ပြန်ထားသည်။ ပါတီအနေဖြင့် ရပ်ကွက်ကျေးရွာအဆင့် ပါတီညီလာခံများကို စက်တင်ဘာ ၁၉ရက်မှစတင် ကျင်းပကာ အဆင့်အလိုက် ရွေးချယ်တင်မြှောက်မှုများ ပြုလုပ်လျက်ရှိပြီး အဆင့်ဆင့်ရွေးချယ်ထားသော ကိုယ်စားလှယ်များနှင့် ပြည်နယ်/တိုင်းအဆင့်ညီလာခံ၊ ဗဟိုညီလာခံတို့ကို ဒီဇင်ဘာတွင် ကျင်းပပြုလုပ်မည်ဟု ခန့်မှန်းပြောကြားထားခဲ့သော်လည်း ဇန်နဝါရီလလောက်မှသာ ကျင်းပနိုင်ဖွယ်ရှိကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကပြောကြား သည်။

"ညီလာခံက ဒီပဋိပက္ခတွေကြောင့်နောက်ဆုတ်သွားတာမဟုတ်ပါဘူး။ လုပ်ကိုင်နိုင်အားကြောင့်ပါ။ ခုလောလောဆယ်ဗဟိုကိုရောက်လာတဲ့ တင်ပြမှုတွေအရဆိုရင် ကျေးရွာ ၁၀ ခုလောက် ပြီးသွားပါပြီ" ဟု ဦးဉာဏ်ဝင်းကပြောကြားသည်။

ပါတီအနေဖြင့် မျိုးဆက်သစ်ရှာဖွေရာတွင် နိုင်ငံ၏ ညံ့ဖျင်းသော ပညာရေးစနစ်ကြောင့် လုပ်နိုင်ကိုင်နိုင်ရှိသော အရည်အချင်း ပြည့်ဝသူရရှိရေးမှာ ခက်ခဲကြောင်း ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်ခရီးစဉ်မှအပြန်တွင် ပြောကြားသွားခဲ့ပြီး ၎င်း၏အမေရိကန်ခရီးစဉ် ဆွေးနွေးပွဲတစ်ခုတွင်လည်း ပါတီဝင်ဟောင်းများနှင့် အသစ်များအကြားရွေးချယ်ရမှုနှင့် ပတ်သက်၍ စိတ်မကောင်းဖြစ်ရသော်လည်း အလုပ်အတွက် သင့်တော်သူကိုသာ ရွေးချယ်ရမည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအတွင်း လက်ရှိအခြေအနေများနှင့် ပတ်သက်၍ ပါတီဗဟိုလူငယ်တာဝန်ယူခဲ့ဖူးသူ ဦးဇော်မင်းကျော်က "ပါတီတွင်းပြဿနာက ကိုယ်ကျိုးစွန့်သမားတွေနဲ့ အခွင့်အရေးမျှော်လင့်ပြီး ဝင်လာသူတွေကြား ပြဿနာလို့ ဆိုကြပါတယ်။ ကျွန်တော်ကတော့ အဲဒါက အပြည့်အစုံမှန်တယ်လို့ မမြင်ပါဘူး။ ဗဟိုရဲ့အားနည်းချက်ကြောင့် ဖြစ်တဲ့ပြဿနာပါ။ ပြည်တွင်းမှာရောပြည်ပမှာပါရှိတဲ့အန်တီရဲ့သြဇာနဲ့အရှိန်အဝါကြောင့်သာပါတီကဆက်သွားနေတာပါ။ တကယ်တော့ပါတီတွင်းပြဿနာကတကယ့်ကို စိုးရိမ်စရာ အခြေအနေပါ" ဟု သုံးသပ်ပြောကြားသည်။

"ပါတီအတွင်း အောက်ခြေမှာ ဖြစ်ပျက်နေတဲ့ ပြဿနာတွေအပေါ် အန်တီ့အနေနဲ့ သတိထားမိလာပြီးတော့ ခုလိုဖြေရှင်းဆောင်ရွက်လာတာ တကယ့်ကိုဝမ်းသာစရာပါ။ ကျွန်တော့်အနေနဲ့ အန်တီ့ကို ပါတီတည်ဆောက်ရေးကို ဒီ့ထက်အချိန်ပိုပေးပြီး ဆောင်ရွက်စေလိုပါတယ်" ဟု ဆက်လက်ပြောကြားသည်။

## မျက်နှာဖုံး-မြန်မာနိုင်ငံ မြောက်ပိုင်းတွင် အင်အားပြင်း အပူလှိုင်းဖြတ်နိုင် မှ

အပူလှိုင်းဖြတ်သန်းနိုင်သည့် မြို့များမှာ ကချင်ပြည်နယ်၊ ပူတာအိုမှ မြစ်ကြီးနားမြို့အနီးထိ ရှိနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ခန္တီးမြို့အနီးမှ ဖြတ်သန်းနိုင်ကြောင်း ၎င်းကခန့်မှန်းသည်။

ကမ္ဘာကျန်းမာရေးအဖွဲ့ (WHO) ၏သတ်မှတ်ချက်အရ ၁၀အဆင့်ရှိသော အပူရှိန်ဖြစ်ပေါ်ပါက ထိုအပူချိန်ကို အကာအကွယ်၊ အရိပ်အမိုးမပါဘဲ ထိတွေ့လျှင် လူများကို ထိခိုက်နိုင်ပြီး အနိမ့်ဆုံးအဆင့် အနေဖြင့် ဝမ်းပျက်ဝမ်းလျှောခြင်း အကြောဆိုင်းခြင်းတို့ ဖြစ်နိုင်သလို အမြင့်ဆုံးအနေဖြင့် ဦးနှောက်သွေးကြောပြတ်သည်အထိ ဖြစ်နိုင်သည်။

ထို့ကြောင့် အခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းဒေသတို့တွင် ထိုအပူလှိုင်းကျရောက်ပြီး အပူရှိန်မြင့် တက်မည့် အန္တရာယ်ကို သတိထားရမည်ဟု ဦးထွန်းလွင်က ဆိုသည်။ ယခုနှစ်ရာသီဥတု ထူးခြားချက်မှာ မိုးကြိုကာလများကပင် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် အပူရှိန်မြင့်တက်ခဲ့သည့်အတွက် မုတ်သုံဝင်ရောက်ပြီးနောက် ပြန်မဆုတ်ဘဲဖြစ်ခဲ့သည်။

"အပူချိန်ကိုကြည့်ရင် ၁၀၀(ဖာရင်ဟိုက်)မကျော်ဘူး။ ဒါပေမဲ့ အပူရှိန်က ၁၁၀ (ဖာရင်ဟိုက်) ဖြစ်နေလိမ့်မယ်။ အဓိကကတော့ နေပူထဲ မသွားဖို့နဲ့သွားရင်လည်း အကာအကွယ်နဲ့သွားဖို့ပါ" ဟု ဒေါက်တာထွန်းလွင်က အကြံပြုသည်။

**TRADEMARK CAUTION**

Google Inc., a company incorporated in Delaware, USA at 1600 Amphitheatre Parkway, Mountain View, CA 94043 USA is the Owner and Sole Proprietor of the following Trademark:-

**ANDROID**

**Reg:No.4/ 8624 /2009**

In respect of : Int'l Class 9: "hardware and software"

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph: 371990 18. Oct. 2012

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**ရန်ကုန်/မော်လမြိုင်**

**လိင်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါနှင့်သွေးထဲအဆီများသူများကုသခြင်း**
-(၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီ တည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
-(၇)ရက်သောက်သုံးပါက ခေါင်းမူး၊ခေါင်းကိုက်ခြင်း၊နားအူခြင်း၊နားလေထွက်ခြင်း၊မူးမော်ခြင်း၊စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
-(၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကိုသာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၀ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၆၅

# Health

7 DAY NEWS JOURNAL

Vol.11, No.32 • OCTOBER 18 , 2012

## အဆုတ်ကျန်းမာရေးကောင်းလျှင် အိုမင်းရင့်ရော်မှုကို နှေးကွေးစေနိုင်

**အိုဟိုင်းယိုး၊ အောက်တိုဘာ - ၈**

လေ့ကျင့်ခန်းလုပ်ခြင်း၊ အစားအသောက်ကောင်းမွန်စွာ စားသုံးခြင်း၊ ဆေးလိပ်မသောက်ခြင်းတို့ဖြင့် အဆုတ် ကျန်းမာရေးကို ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်သူများသည် အသက်ကြီးရင့်လာချိန်မှာပင် ပြဿနာများကို ဖြေရှင်းနိုင်သော စွမ်းရည်ရှိသည်ဟု အမေရိကန်သုတေသီများက ပြောကြားသည်။

အိုဟိုင်းယိုးပြည်နယ် တက္ကသိုလ်မှစိတ်ပညာပါမောက္ခချားလ်စ် အီမာရီနှင့် အဖွဲ့သည်နှစ်ပေါင်း ၂၀ ကျော်သုတေသနပြုလုပ်ခဲ့သောဆွီဒင်နိုင်ငံမှ စာတမ်းတစ်ခု၏အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ကြသည်။

ယင်းလေ့လာချက်အရ အဆုတ်၏ စွမ်းရည်များ ကျဆင်းလာပါကလူတစ်ယောက် အသက်ကြီးလာသည်နှင့်အမျှ ဦးနှောက်၏ ပြဿနာဖြေရှင်းနိုင်စွမ်းနှင့် အလုပ်လုပ်နိုင်စွမ်းအရှိန်အဟုန်လျော့ကျလာကြောင်း တွေ့ရှိခဲ့ရသည်ဟု သုတေသီချားလ်စ်က စိတ်ပညာဆိုင်ရာဆေးသိပ္ပံဂျာနယ်တွင် ရေးသားဖော်ပြသည်။

"ကျိုးကြောင်း ဆက်စပ် ကောက်ချက်ချလို့ရတာကတော့ အဆုတ်ကျန်းမာရေးကို ထိန်းသိမ်းထားခြင်းအားဖြင့် ဦးနှောက်ရဲ့အလိုအလျောက်မှတ်ဉာဏ်စနစ်ကို အကျိုးရှိစေနိုင်တယ်။ ဆေးလိပ်ဖြတ်တာနဲ့ လေ့ကျင့်ခန်းပုံမှန်လုပ်တာကတော့ အခြေခံကျတဲ့ နည်းလမ်းနှစ်ခုပေ့ါ။ အာဟာရရှိအောင်စားတာနဲ့ လေထုညစ်ညမ်းတဲ့ပတ်ဝန်းကျင်နဲ့ အတတ်နိုင်ဆုံး မထိတွေ့အောင် ရှောင်ရှားတာလည်း အရေးပါပါတယ်" ဟု သုတေသီများက စာတမ်းတွင်ရေးသားဖော်ပြထားသည်။

—Ref: UPI

## ပုံစံမကျသော နေထိုင်ပြောင်းလဲမှုနှင့် စောင့်ကြိုနေသော ရောဂါများ

**ဝတ်ရည်အောင်**

မြန်မာလူထုအတွင်း ပြောင်းလဲလာသည့် နေထိုင်စားသောက်မှုပုံစံများမှ ဖြစ်ပွားသော ကူးစက်ခြင်းကြောင့် မဟုတ်သည့် ရောဂါများ ဖြစ်ပွားမှု ပိုမိုများပြားလာကာ နောက်နှစ်အနည်းငယ်အတွင်း ထိုကဲ့သို့သော ရောဂါများကြောင့် အသက်ဆုံးရှုံးမှုမှာလည်း အများဆုံးဖြစ်လာနိုင်ကြောင်း ကျန်းမာရေးပညာရှင်များက သုံးသပ်ပြောကြား သည်။

ကျန်းမာရေးနှင့် မညီညွတ်သော လူနေမှုပုံစံများကြောင့် အသက်ကြီးလာသည့်အခါ ရောဂါများ ခံစားရပြီး စိတ်မချမ်းသာစွာ နေထိုင်ရမှုမှ ကင်းဝေးစေရန် ငယ်ရွယ်စဉ်ကပင် ဂရုပြုနေထိုင်ပါက ထိုနာတာရှည်ခံစားရသည့် ရောဂါများအားအထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်ကြောင်း သက်ကြီးဆရာဝန်များ စင်တာတွင်ပြုလုပ်သည့်သက်ကြီးများနှင့် လူနေမှုဘဝဆိုင်ရာရောဂါများ ဟောပြောပွဲ၌ ပါမောက္ခနေဝင်းကပြောသည်။

သက်ကြီးရွယ်အိုနှင့်ဖြစ်ပွားမှုများပြားပြီး ဂရုပြုသင့်သည့် နေထိုင်စားသောက်မှုမှတစ်ဆင့် အခြေတည်ဖြစ်သောကူးစက်မဟုတ်သည့်နာတာရှည်ရောဂါများလည်း ရှိသည်။



### သက်ကြီးရွယ်အိုနှင့် အဝလွန်ခြင်း

အသက်ကြီးလာသည့်အခါ ခန္ဓာကိုယ်အတွင်းမှ ကြွက်သားများ ကျုံ့သွားသည့်အတွက် ထိုကျုံ့သွားသည့် ကြွက်သားနေရာတွင် အဆီများစုပုံလာခြင်းကြောင့် ပုံမှန်အားဖြင့် ဝလာလေ့ရှိသည်။ အဝလွန်လာခြင်းမှာ ကျန်းမာရေးအရ ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ကြောင်း အများသိရှိပြီးဖြစ်သော်လည်းဝမ်းဗိုက်တွင်အဆီစုပြီးဝသူများမှာ ဆိုးကျိုးများ ပိုမိုဖြစ်ပေါ်လေ့ရှိသည်။ သွေးတွင်းအဆီများသည် ဝမ်းဗိုက်နံရံနှင့် ဝမ်းဗိုက်အတွင်း ကလီစာများတွင် စုပုံနေသည့်အတွက် ဗိုက်ပူလာပြီး ထိုနေရာရှိ အဆီများသည် အခြားနေရာများရှိ အဆီများနှင့် မတူညီဘဲ အန္တရာယ်ရှိသော ပစ္စည်းများ ထုတ်သည့်အတွက် နောက်ဆက်တွဲရောဂါများလည်း ဆက်လက်ဖြစ်လာနိုင်သည်။ အဝလွန်ခြင်းကြောင့်သွေးတိုးရောဂါ၊နှလုံးသွေးကြောကျဉ်းရောဂါ၊လေဖြတ်ရောဂါများအပြင် အခြားရောဂါများလည်း ဆက်စပ်ဖြစ်ပွားလာနိုင်ကြောင်း ဆရာဝန်များက ပြောသည်။

### သက်ကြီးရွယ်အိုနှင့် သွေးတိုး ရောဂါ

အသက်ကြီးလေလေ သွေးတိုးရောဂါဖြစ်ပွားလာနိုင်လေဖြစ်ပြီး အသက် ၆၀ ကျော်လာလျှင် လူနှစ်ဦးတွင်တစ်ဦး သွေးတိုးရောဂါဖြစ်ပွားနေသည်။ **စာ(၁၄)သို့**



## ကော်ဖီအသောက်များသူများ မျက်စိကွယ်နိုင်

**ဘော်စတွန်၊ အောက်တိုဘာ - ၆**

နေ့စဉ်ကော်ဖီသုံးခွက်နှင့်အထက် သောက်သုံးသူများတွင် 'Glaucoma' ဟုခေါ် ဆိုသော မျက်စိတွင်ဖိအားများ၍ မျက်စိကွယ်ခြင်း ဖြစ်နိုင်သော အန္တရာယ်မြင့်တက်လာကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။

ယခုလေ့လာမှုတွင် အမျိုးသမီးပေါင်း ၇၈,၉၇၇ ဦးနှင့် အမျိုးသား ၄၁,၂၀၂ ဦးတို့၏ အချက် အလက်များ ပါဝင်သည်ဟု ဘော်စတွန်အမျိုးသမီးဆေးရုံမှ သုတေသီဂျေဟီကန်းက ပြောကြားသည်။ သုတေသနတွင် ပါဝင်သူများ သည် အနည်းဆုံးအသက် ၄၀ အရွယ်ရှိပြီး ၁၉၈၀ ခုနှစ်များတွင် သူနာပြုများထံ၌ မျက်စိစစ်ဆေးမှု များခံယူခဲ့ကြပြီး ၁၉၈၆ မှ ၂၀၀၈ ခုနှစ်အထိ ကျန်းမာရေး အရာရှိများနှင့် စစ်ဆေးခဲ့ကြသည်။

ထို့အပြင် သုတေသီများက ၎င်းတို့၏ လေ့လာမှုများတွင် ပါဝင်သူများအား မည်သည့် အဖျော်ရည်များ သောက်သုံးသည်ကိုလည်းမေးမြန်းခဲ့ကြသည်။ ယင်း နောက်ကော်ဖီအသောက်များသူများ (တစ်နေ့သုံးခွက်နှင့်အထက်) သောက်သုံးသူများနှင့် ကဖိန်းဓာတ်ရှောင်ရှားသူများကို ခွဲခြား၍ နှိုင်းယှဉ်လေ့လာခဲ့ကြသည်။ ဤနေရာတွင် ကော်ဖီအသောက်များသူများ၌ သွေးဖိအားကြောင့် အမြင်အာရုံကြော ပျက်စီးပြီး မျက် စိကွယ်နိုင်သော အန္တရာယ်မြင့်တက်နေသည်ကို တွေ့ရှိရသည်ဟု သုတေသီများ က ပြောကြားသည်။

—Ref: UPI






7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

## ဝက်ခြံထူသော ဆယ်ကျော်သက်များ မျက်နှာမကြာခဏ မသစ်သင့်ဟုဆို

**ဒါးလတ်စ်၊ အောက်တိုဘာ - ၈**

မျက်နှာတွင် ဝက်ခြံထူသော ဆယ်ကျော်သက်များအနေဖြင့် မျက်နှာမကြာခဏမသစ်သင့်ကြောင်းနှင့် ယင်းသို့ မကြာမကြာမျက်နှာသစ်ခြင်းကြောင့် ဝက်ခြံပေါက်ခြင်းကိုပိုမိုဆိုးရွားစေနိုင်ကြောင်း အမေရိကန် အရေပြားအလှအပနှင့် ပညာရှင်တစ်ဦးက ပြောသည်။

"ခဏခဏ မျက်နှာမသစ်ပါနဲ့။ ချေး(ဂျီး) ကြောင့် မျက်နှာမှာ ဝက်ခြံထွက်တာမဟုတ်ပါဘူး။ မကြာခဏမျက်နှာသစ်လို့ အခြေအနေပိုဆိုးနိုင်ပါတယ်။ မျက်နှာကိုလက်နဲ့ခဏခဏပွတ်တိုက်ရာကနေဝက်ခြံထွက်တာကို ပိုဆိုးစေနိုင်ပါတယ်" ဟုတက္ကဆက်အနောက်ပိုင်းဆေးပညာစင်တာမှဒေါက်တာကင့်အာဖတာဂတ်က ပြောကြားသည်။

အလွယ်တကူဝယ်ယူနိုင်သော Benzoyl Peroxide နှင့် Salicylic acid ပါဝင်သော မျက်နှာသစ်ဆေးများနှင့် တစ်နေ့လျှင် နှစ်ကြိမ်သာ မျက်နှာကိုဆေးကြောသန့်စင်သင့်ကြောင်း ဒေါက်တာကင့်ကအကြံပြုသည်။ အလှအပနှင့် အရေပြားပညာရှင်များအနေဖြင့်အခြားအစွမ်းထက် ဆေးဝါးများ ပေးကောင်းပေးနိုင်သော်လည်း ဝက်ခြံများပျောက်ကင်းသွားခြင်းမရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နို့ထွက်ပစ္စည်းများနှင့် သကြားစားသုံးမှုများခြင်းကြောင့်လည်း ဝက်ခြံဖြစ်ခြင်းကို ပိုဆိုးစေနိုင်သောကြောင့်ယင်းတို့ကိုအသင့်အတင့်သာ စားသုံးပြီး အ သားနှင့် အသီးအရွက်မျှတအောင် စားသုံးသင့်သည်ဟု အရေပြားပညာရှင်က ဆက်လက်အကြံပြုထားသည်။ —Ref: UPI

## စာ-၁၃၊ ပုံစံမကျသော နေထိုင်ပြောင်းလဲမှုနှင့် စောင့်ကြိုနေသော ရောဂါများမှ

သွေးတိုးပုံသည် အသက်အရွယ်အလိုက် ပြောင်းလဲပြီးထိရောက်သောကုသမှုမရှိပါကနောက်ဆက်တွဲ လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါများကိုပါ ဖြစ်ပွားပြီး အသက်ပါဆုံးရှုံးစေသည့်ရောဂါတစ်ခုလည်းဖြစ်သည်။

**သက်ကြီးရွယ်အိုနှင့် သွေးချိုရောဂါ**

ဖြစ်ပွားမှုများပြီး နောက်ဆက်တွဲ ရောဂါအမျိုးမျိုးဖြင့် အန္တရာယ်ပေးသည့် ရောဂါတစ်မျိုးလည်း ဖြစ်သည်။ အသက်ကြီးလေ သွေးချိုဖြစ်ရန် အခွင့်အရေးပိုမိုများပြားလေဖြစ်ပြီး အသက် ၆၅ နှစ်ကျော်သည့် သက်ကြီးရွယ်အိုဆယ်ဦးတွင် တစ်ဦးဖြစ်ပွားနေကြောင်းဒေါက်တာနေဝင်းကပြောသည်။

ခန္ဓာကိုယ်အတွင်း ပန်ကရိယမှ ထုတ်လုပ်ပေးသည့် အင်ဆူလင်ဟော်မုန်းသည် စားသုံးလိုက်သည့် အချိုဓာတ်များအား ဆဲလ်များအတွင်းသို့ပို့ဆောင်ပေးသည်။ အသက်ကြီးလာသည့်အခါပန်ကရိယမှ အလုပ်ကောင်းကောင်း မလုပ်နိုင်သည့်အခါ အင်ဆူလင်ထုတ်လုပ်ပေးနိုင်မှုမရှိခြင်း၊ ထုတ်လုပ်သည့် အင်ဆူလင်ဟော်မုန်းအားလည်း ဆဲလ်များမှ မတုံ့ပြန်ခြင်းတို့ကြောင့် အချိုဓာတ်များ ဆဲလ်အတွင်းသို့မဝင်ရောက်တော့ဘဲ သွေးအတွင်းစုနေရာမှ သွေးချိုရောဂါဖြစ်ပွားလာသည်။

သွေးချိုရောဂါဖြစ်ပွားသည့်အခါ သွေးချိုနှင့်အတူ သွေးတိုးရောဂါ၊ ကျောက်ကပ်ပျက်စီးခြင်း၊ အာရုံကြောပျက်စီးခြင်းနှင့် နှလုံးနှင့်ပတ်သက်သည့် ရောဂါများ အစုအဝေး ဆက်လက်ဖြစ်ပွားသည့် ရောဂါလည်းဖြစ်ကြောင်း သိရသည်။

"မဝင်ခင်မှာ ကာကွယ်တာလောက် ထိရောက်တာ မရှိဘူး။ ဝင်ပြီးရင်တော့ တားဖို့မစဉ်းစားနေတော့နဲ့။ နောက်မှာ ရောဂါတွေက တန်းစီပြီးစောင့်နေတယ်။ ရှေ့ပိုင်း ရောဂါမဝင်ခင် အချိန်လေးပေးထားတုန်းမှာ အင်တိုက်အားတိုက်နဲ့ကုသသင့်တယ်။ ပေါ့ပေါ့လေးနေခဲ့ရင် နောက်ပိုင်းမှာ ရောဂါပေါင်း သောင်းခြောက်ထောင်နဲ့ ကုလို့ကို မဆုံးနိုင်တော့မယ့် ရောဂါမျိုးပါ"ဟု ဒေါက်တာနေဝင်းကပြောသည်။

သွေးတိုးရောဂါနှင့် သွေးချိုရောဂါသည် ပူးတွဲဖြစ်ပွားလေ့ရှိပြီး သွေးတိုးရောဂါရှိသူသည်လေဖြတ်ရန်နှင့် နှလုံးသွေးကြောပိတ်ရန် သာမန်လူထက် သုံးဆပိုမိုအခွင့်အရေးရှိပြီး သွေးချိုရောဂါရှိသူသည် နှစ်ဆပိုမိုအခွင့်အရေးများသည်။ ထိုရောဂါနှစ်ခုစလုံးရှိသူသည် လေဖြတ်ရန်နှင့် နှလုံးသွေးကြောပိတ်ရန် သာမန်လူထက် ဆယ်ဆပိုမိုများပြားကြောင်း သိရသည်။

လူတိုင်းသွေးချိုရောဂါရှိ၊ မရှိ စစ်ဆေးသင့်ပြီး ခန္ဓာကိုယ်ဝဖြိုးပြီး ကိုယ်လက်လှုပ်ရှားမှုနည်းသူများ၊ နီးစပ်ရာ ဆွေမျိုးများတွင် သွေးချိုရောဂါရှိသူများ၊ သွေးတိုးနှင့် သွေးတွင်းအဆီများသူများ၊ အသက် ၄၅ နှစ်ကျော်သူများ ပိုမိုဂရုပြုစစ်ဆေးသင့်သည်။

**သက်ကြီးရွယ်အိုနှင့် သွေးတွင်းအဆီ**

သွေးတွင်းအဆီအကြောင်း လူသိနည်းသော်လည်း အစားအသောက် အနေအထိုင် လှုပ်ရှားမှုပုံစံများအား အခြေတည်ပြီး ဖြစ်ပွားသည့်ရောဂါဖြစ်သည်။ လေဖြတ်နိုင်သည့် အမျိုးမျိုးသော အကြောင်းအရင်းများတွင် အန္တရာယ်အရှိဆုံးလည်းဖြစ်သည်။ သွေးတွင်း အဆီပမာဏကို သိရှိနိုင်ရန် တိုင်းတာစစ်ဆေးခြင်းဖြင့် သွေးတွင်းအဆီများခြင်းကြောင့် ဖြစ်ပွားလာမည့်ရောဂါများအား ကာကွယ်ကုသနိုင်ကြောင်း သိရသည်။

အဝလွန်ရောဂါ၊ သွေးတိုး၊ သွေးချို၊ သွေးတွင်းအဆီများရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ခြင်း၊ ကင်ဆာရောဂါ စသည်တို့သည် စားသောက်မှုပုံစံ၊ အားကစား၊ ကိုယ်လက်လှုပ်ရှားမှုနည်းသည့် ကျန်းမာရေးနှင့် မညီညွတ်သော လူနေမှုပုံစံများမှ အစပြုလာခြင်းဖြစ်ပြီး အသက်ကြီးလာသည့်အခါ ရောဂါများအား စုပြုံခံစားလာရသည်။

"ဒီလောက် ဒုက္ခပေးတဲ့ရောဂါတွေကို ကာကွယ်နိုင်တဲ့ နည်းလမ်းကတော့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ နေထိုင်စားသောက်မှု ပုံစံပါပဲ"ဟု ဒေါက်တာနေဝင်းကပြောသည်။

ကျန်းမာရေးနှင့် ညီညွတ်သည့် ပုံစံဆိုသည်မှာလည်း လူအများသိရှိပြီး လိုက်နာမှုသာ အားနည်းနေသေးသည့် အပြုအမူများဖြစ်သော ဆေးလိပ်၊ အရက်ရှောင်ကြဉ်ခြင်း၊ နေ့စဉ်ပုံမှန် လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ အစားအသောက်များအား ဂရုပြုစားသုံးခြင်းများသာဖြစ်သည်။

ငယ်ရွယ်သည့်အချိန်တွင် ကောင်းမွန်စွာ နေထိုင်စားသောက်သည့် အလေ့အကျင့်ဖြင့် အသက်ရှည်ပြီး ကျန်းမာသောသက်ကြီးအချိန်ကိုတည်ဆောက်နိုင်ကြောင်း ဒေါက်တာနေဝင်းကပြောသည်။

**Silver Elephant Co.,Ltd.**

No.8, 1st Street, Hlaing Yadanarmon Housing,
Hlaing Township, Yangon.
Ph : 519650,521295,521296

**Driver** **M (1) Post**

- အိမ်သုံးကား(**Model** မြင့်)ကျွမ်းကျင်စွာမောင်းနှင်နိုင်သူဖြစ်ရမည်။
- အသက် (၃၀-၄၅)နှစ် အတွင်းဖြစ်ရမည်။
- ယာဉ်မောင်းလိုင်စင် (၅)နှစ်သက်တမ်းအနည်းဆုံး ရှိသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
- ကားစက်ပိုင်းဆိုင်ရာ အနည်းအကျဉ်း တတ်ကျွမ်းနားလည်ရမည်။
- တစ်ခါတစ်ရံ နယ်ခရီးသွားနိုင်သူ ဖြစ်ရမည်။
- (ညအိပ်/ညနေ) နေနိုင်သူ ဖြစ်ရမည်။
- လစာကောင်းကောင်းပေးမည်။(နေစရိတ်/ စားစရိတ်ငြိမ်း)
- လျှောက်ထားလိုသူများသည် **CV Form** ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ (၃၁.၁၀.၂၀၁၂)နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

လူငယ်ယဉ်ကျေး မှု မျက်ပွင့်သင်တန်း
အမှတ်စဉ် (၉)
ရှင်သာမဏေမွေ့ဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့

နှစ်စဉ်ဖွင့်လှစ်မြဲဖြစ်သော မွေ့ဒါနသင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်၍ အရည်အချင်းပြည့်မီသူလူငယ်များတက်ရောက်နိုင်သည်။

| | |
|---|---|
| သင်တန်းကာလ | ၂၀၊၁၀၊၂၀၁၂မှ၂၉၊၁၀၊၂၀၁၂ ထိနေ့စဉ်၊ |
| သင်တန်းချိန် | နံနက် ၈း၀၀ - နေ့ ၁း၀၀ နာရီထိ၊ |
| ပို့ချမည့်ဘာသာရပ် | ဗုဒ္ဓနည်းကျတွေးခေါ်ခြင်း ၊ ဘဝစီမံခန့်ခွဲခြင်း၊ ပန်းချီ ၊ ဂီတ ၊ ဒိဗိုင်း။ |
| သင်တန်းသားအရည်အချင်း | အနိမ့်ဆုံးအားဖြင့်တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီး ဖြစ်ရမည်။ |
| စာရင်းပေးသွင်းရန် | ရှင်သာမဏေမွေ့ဗိမာန်၊ ☎ ၃၈၇၃၆၁။ အာဇာနည်လမ်း၊ ရွှေတိဂုံစေတီ အရှေ့မုခ် အနီး၊ဗဟန်း။ |

မြတ်စွာဘုရားရှင်၏ သာသနာတော်ကို ကိုယ်ကျင့်တရားဖြင့် ထင်ရှားစေရမည်။

**TRADEMARK CAUTION**
Ajinomoto Co., Inc. a company incorporated in Japan at 15-1, Kyobashi 1-Chome, Chuo-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademarks:-

**Jok Tem Kam**

Reg: 4/10706/2012

Reg: 4/10707/2012

In respect of : Int'l class 29 : "Soup; soup stocks; preparations for making soups; processed foods of meat; processed foods of vegetables."
Int'l class 30 : " Instant rice porridge; Processed foods of rice; seasonings; processed foods of grain; Meals consisting primarily of pasta or rice; risotto; noodles; instant noodles."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 18. Oct. 2012

**ရွှေလီကျယ်ကောက် ချစ်ကြည်ရေးဆေးခန်း**
တရုတ်တိုင်းရင်းဆေးပညာ နှင့်အနောက်တိုင်းဆေးပညာပူးပေါင်း
ရောဂါစစ်ဆေးကုသရေးဆေးခန်း
အမျိုးသမီးသားအိမ်လည်တံပုပ်သိုးခြင်း၊ အစောပိုင်းကိုယ်ဝန်စစ်ဆေးခြင်း၊
ရာသီလာချိန်မမှန်ကန်ခြင်း၊ ကလေးမမွေးနိုင်ခြင်း၊အမျိုးသမီးရောဂါများကုသခြင်း၊
စအိုနှင့် အူလမ်းကြောင်းရောဂါကုသခြင်း၊ အမျိုးသားရောဂါများကုသခြင်း၊
တရုတ်တိုင်းရင်းဆေးပညာဖြင့်ရောဂါများကုသခြင်း၊ ကျောက်တည်ရောဂါကုသခြင်း စသည့်ရောဂါအမျိုးမျိုးကို ကုသပေးနေပါသည်။
အမှတ်(၃၁)၊ ဟမ်းမောက်လမ်း၊ ကျယ်ကောက်မြို့၊ ရွှေလီ။
(ဆင်ဖြူပေါက်အဝင် ညာဘက်လမ်း၊ ဖုဟောင်ဟော်တယ် အနောက်ဘက်)
ဆက်သွယ်ရန် - (တရုတ်ဖုန်း) ၀၆၉၂-၄၆၆၀၄၇၇ (မြန်မာဖုန်း) ၀၉-၄၂၁၇၄၂၇၉၉



# Regional

7 DAY NEWS JOURNAL

Vol.11, No.32 • OCTOBER 18 , 2012


# ဘဏ်ခွဲနှင့် ကုမ္ပဏီရုံးခန်းများဖွင့်ရန်ပြင်ဆင်လာ၍ မန္တလေးမြို့လယ်မြေကွက်များ ဈေးမြင့်

**မောင်တာ**

**မန္တလေး၊အောက်တိုဘာ-၁၃**

မန္တလေးမြို့တွင်အိမ်ခြံမြေဈေးကွက် အရောင်းအဝယ် အေးနေသော်လည်းမကြာသေးမီကလုပ်ကိုင်ခွင့်ရရှိခဲ့သည့် ပုဂ္ဂလိက အာမခံကုမ္ပဏီများ၏ ရုံးခန်းများအပါအဝင် ကုမ္ပဏီရုံးခန်းများ၊ ဘဏ်ခွဲများ ဖွင့်လှစ်ရန် မြေနေရာအကွက်အကွင်းကောင်းကို ရှာဖွေမေးမြန်း စုံစမ်းမှုများ ရှိလာသည့်အတွက် မန္တလေးမြို့လယ်ရှိ မြေကွက်များ ယခင်ထက် ခေါ်ဈေးမြင့်တက်လာကြောင်း မန္တလေးမြို့ ဝါရင့် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်များကပြောသည်။

"တစ်မြို့လုံးအနေနဲ့ ခြုံပြီးပြောရရင် လောလောဆယ်တော့ အရောင်းအဝယ် နည်းနည်းအေးနေတယ်။ ဈေးကတော့ မကျဘူး။ မြို့လယ်က အကွက်တွေဆိုရင် ခေါ်ဈေးတွေမြင့်လာတယ်" ဟု မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သူ မန္တလေးမြို့မှ ဦးကျော်ဝင်းကပြောသည်။

အစိုးရပိုင်ဂရန်မြေကွက်များပေါ်တွင် ကျူးကျော်များ ဝင်ရောက်နေထိုင်ခြင်း၊ အိမ်ခြံမြေဈေးနှုန်းများအား ကားဈေးနှုန်းကဲ့သို့ကျဆင်းအောင်လုပ်ဆောင်မည်ဟုပြည်ထောင်စုဝန်ကြီးတစ်ဦးက ပြောကြားခဲ့ခြင်း၊ ကျောက်မျက်ရတနာ လုပ်ငန်းအများစု လုပ်ငန်းလည်ပတ်မှုနှေးကွေးခြင်း စသည့် အချက်များကြောင့် မန္တလေးအိမ်ခြံမြေဈေးကွက်အရောင်းအဝယ်မှာ ယခုလပိုင်းအတွင်း အနည်း ငယ်အေးစက်နေခဲ့ကြောင်း မန္တလေးမြို့ မြို့ကွက်သစ်တိုက် အိမ်ခြံမြေရောင်းဝယ်ရေး အကျိုးတော်ဆောင်များ ဘုံကထိန်တော် အသင်းဝင် အိမ်ခြံမြေပွဲစားတစ်ဦးကပြောသည်။

"အခု အရောင်းအဝယ် အေးနေတာ အခွန်တိုးလိုက်တာနဲ့မဆိုင်ဘူး။ အခုလို တိကျတဲ့ အခွန်သတ်မှတ်လိုက်ပြီး လုပ်ငန်းကြီးတွေက ရုံးစိုက်အခြေတည်ဖို့ စိတ်ကြိုက်နေရာတွေ ရွေးချယ်မေးမြန်းလာတာကြောင့် မြို့လယ်မှာဆိုရင် အရင်ထက် ဈေးပိုမြင့်လာတယ်"ဟုအတွေ့အကြုံနှစ် ၂၀ ကျော်ရှိ ဝါရင့်အိမ်ခြံမြေအကျိုးတော်ဆောင်တစ်ဦးကပြောသည်။

ဟိုတယ်ဆောက်လုပ်ရန်ကား ပြခန်းဖွင့်ရန်၊ ကုမ္ပဏီရုံးခန်းဖွင့်ရန်နှင့် ဘဏ်ခွဲများ ဖွင့်ရန်အတွက် မြို့လယ်နေရာကောင်းများတွင် မြေကွက်ဈေးနှုန်း စုံစမ်းမေးမြန်းမှုများ ရှိလာကြောင်း လွန်ခဲ့သော ရက်ပိုင်းအတွင်းက ၆၂ လမ်းဝန်းကျင် လမ်း ၃၀ ပေါ်ရှိပေ ၈၀ × ၁၄၀ မြေကွက်တစ်ကွက်ကို ကျပ်သိန်းနှစ်သောင်းကျော်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဦးကျော်ဝင်းက ပြောသည်။



**မန္တလေးမြို့လယ်တစ်နေရာ**

ဓာတ်ပုံ - အားမာန်

အတွေ့အကြုံနှစ်ပေါင်း ၂၀ ကျော်ရှိ ဝါရင့်အိမ်ခြံမြေ အကျိုးတော်ဆောင်က နိုင်ငံတော်အစိုးရက အခွန်နှုန်းထားများ တိုးမြှင့်သတ်မှတ်ကာ အိမ်ခြံမြေဈေးနှုန်းတည်ငြိမ်ကျဆင်းစေရန် ကြိုးပမ်းလုပ်ဆောင်နေသော်လည်း အိမ်ခြံမြေဈေးနှုန်းကို အစိုးရအနေဖြင့် ထိန်းချုပ်ကန့်သတ်၍ ရမည်မဟုတ်ကြောင်း၊ အိမ်ခြံမြေဈေးနှုန်းသည် တိုင်းပြည်စီးပွားရေးနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိနေပြီး လက်ရှိ မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးနှုန်းမှာ ဒေသတွင်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဖြစ်သင့်သော အနေအထားတစ်ခုတွင် ရှိနေသလို ရင်းနှီးမြှုပ်နှံမည်ဆိုလျှင်လည်း အကျိုးအမြတ်ရရန် အသေချာဆုံးအဖြစ် ထိပ်ဆုံးမှ စဉ်းစားရမည့် လုပ်ငန်းတစ်ခုဖြစ်သည်ဟုဆိုသည်။

"အိမ်ခြံမြေဈေးနှုန်း ကျဖို့ဆိုတာ မဖြစ်နိုင်သေးဘူးလို့ ထင်တယ်။ ရင်းနှီးမြှုပ်နှံမယ့်သူတွေကလည်း ကြည့်မှာပဲလေ။ အခု ကျောက်မျက်လုပ်ငန်းတွေ အေးနေလို့ အဲဒီလူတွေကလည်း ကျောက်မျက်ကလွဲပြီး ရင်းနှီးမြှုပ်နှံဖို့ဆိုရင် အိမ်ခြံမြေကို အကြိုက်ဆုံးပဲ"ဟု အဆိုပါအကျိုးဆောင်က ပြောသည်။

အရောင်းအဝယ်များစွာကောင်းခဲ့သော မန္တလေးမြို့သစ်ပိုင်းရှိမြေကွက်များမှာမေလမှစ၍ အရောင်းအဝယ်အေးနေသလိုအရောင်းအဝယ်ကောင်းစဉ်အချိန်က ဖြစ်သင့်သည့် အမြင့်ဆုံးဈေးများအထိ ရောက်ရှိခဲ့၍ ယခုအချိန်တွင် ဈေးနှုန်းအနည်းငယ်ကျဆင်းနေကြောင်း မန္တလေးမြို့ သင်ပန်းကုန်းရပ်ကွက် အိမ်ခြံမြေပွဲစားတစ်ဦးက ပြောသည်။

၂၀၁၂ ဩဂုတ်လ ၁၂ ရက်မှစ၍ အိမ်ခြံမြေအရောင်းအဝယ်လုပ်ရာတွင် အမြတ်ခွန် ၃၀ ရာခိုင်နှုန်း၊ တံဆိပ်ခေါင်းခွန် ၇ ရာခိုင်နှုန်း နိုင်ငံတော်သို့ပေးသွင်းရန်သတ်မှတ်ခဲ့သည်။ အခွန်နှုန်းထား သတ်မှတ်ပြောင်းလဲခြင်းမပြုမီက မြေကွက်ဝယ်ယူခြင်း မရှိသေးဘဲ စောင့်ကြည့်နေသူအချို့မှာ ယခုအခါ မြေကွက်ဝယ်ယူရန် စီစဉ်မှုများရှိလာရာ စီးပွားရေးတံခါးဖွင့်လျှင် ပိုက်ဆံရမည့်နေရာများအဖြစ် တင်စားသည့် မန္တလေးမြို့လယ် လမ်းမပေါ် နေရာကောင်းမြေကွက်များ ခေါ်ဈေးမြင့်တက်နေသလို မြေကွက်အကျယ်အဝန်း အနေအထားပေါ်မူတည်၍ ဈေးကောင်းဝယ်ယူမှုများ ရှိနေကြောင်း မန္တလေးမြို့ခံ အိမ်ခြံမြေအကျိုးဆောင်များထံမှ သတင်းရရှိသည်။

## လက်ပန်းတောင်းတောင်ခြေ ဒေသခံတောင်သူများနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့ အပြန်အလှန်အမှုဖွင့်တိုင်ကြား

**မျိုးမင်းဦး**

**မုံရွာ၊အောက်တိုဘာ-၁၃**

လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းကြောင့် လယ်ယာမြေများပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသော ဒေသခံတောင်သူများက နစ်နာမှုများရှိခဲ့၍ ယခုနှစ်ဇွန်လဆန်းမှစ၍ ပုံစံအမျိုးမျိုးဖြင့် ဆန္ဒထုတ်ဖော်လျက်ရှိရာ ပြေလည်မှုမရရှိဘဲ နှစ်ဦးနှစ်ဖက် ပိုမိုတင်းမာ၍ အပြန်အလှန်အမှုဖွင့် တိုင်ကြားသည်အထိ အောက်တိုဘာလဆန်းပိုင်းတွင် ဖြစ်ပေါ်ခဲ့ကြောင်း ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ စုံစမ်းသိရသည်။

*စာ(၁၈) သို့*

## မြစ်ကြီးနားမြို့အတွက် စိမ့်စမ်းရေသွယ်ရေပေးစနစ် ကျင့်သုံးမည်

**အောင်နိုင်**

**ရန်ကုန်၊အောက်တိုဘာ-၁၃**

မြစ်ကြီးနားမြို့တွင် ငွေကျပ်သန်းတစ်ရာကျော် ကုန်ကျမည့် စိမ့်စမ်းရေသွယ်ရေပေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ကချင်ပြည်နယ် အစိုးရအဖွဲ့မှ သတင်းရရှိသည်။

ကျိန်ခရန်ချောင်းမှတစ်ဆင့် ဖြန့်ဝေမည့် ရေပေးဝေရေးလုပ်ငန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (JICA) ၏ ချေးငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျိန်ခရန်ချောင်းမှတစ်ဆင့် မန်ခိန်ရပ် ပင်မရေပေးဝေရေး၊ ထိုမှတစ်ဆင့်ရပ်ကွက်များသို့ အိမ်တိုင်ရာရောက် ဖြန့်ဝေသွားမည်ဖြစ်ပြီး စုစုပေါင်း ကျပ် ၁၀၉ ဒသမ ၂ သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ ရေပေးဝေရေးလုပ်ငန်းမှ တစ်နှစ်လျှင် ကျပ်ငွေ သန်း ၃၂၈ ဒသမ ၅ သန်းခန့် ရနိုင်သည်ဟု ခန့်မှန်းထားကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ရေပေးဝေရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ "လက်ရှိကတော့ အများစုက ရေဘုံဘိုင်တွေတူးပြီးသုံးနေကြတာပဲ။ အခက်အခဲမရှိဘူး" ဟု မြစ်ကြီးနားမြို့ခံတစ်ဦးက ပြောသည်။ အောက်တိုဘာ ၆ ရက်တွင် မြစ်ကြီးနားမြို့တော်ခန်းမ၌ ကျင်းပခဲ့သော လူထုတွေ့ဆုံ ဆွေးနွေးပွဲတွင် ရေပေးဝေရေးအတွက်ချေးငွေရရှိရန် ၉၀ ရာခိုင်နှုန်း သေချာနေပြီဖြစ်ကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ လက်ရှိ မြစ်ကြီးနားမြို့၏ တစ်ရက်လျှင်ရေလိုအပ်ချက်မှာ ဂါလန်လေးသန်းရှိပြီး ရေပေးဝေနိုင်မှုမှာ တစ်ရက် ဂါလန် ၁ ဒသမ ၅ သိန်းသာရှိပြီး လာမည့်နှစ် ၃၀တွင် ရေလိုအပ်ချက်မှာ ဂါလန် ၁၀သန်းထိ ရှိလာမည်ဖြစ်ပြီး ရေအခက်အခဲ ကြုံတွေ့ရဖွယ်ရှိကြောင်း သတင်းရရှိသည်။

နှစ် ၃၀ စီမံကိန်းဖြစ်သော ထိုရေပေးဝေမှုက မြို့အတွက် တစ်ရက်လျှင် ၄၅၀၀ ယူနစ်ပေးဝေရန် မျှော်မှန်းထားပြီး၊ တစ်ယူနစ်လျှင် ၂၀၀ ကျပ်ကောက်ခံမည်ဖြစ်သည်။

မြစ်ကြီးနားမြို့၏ မြေမျက်နှာအနေအထားအရ မြေအောက်ပေ ၃၀ တွင် ကျောက်လွှာထုများ ရှိခြင်းကြောင့် စက်ရေတွင်း တူးဖော်ရာ၌ အခက်အခဲရှိခြင်း၊ ရေဝတီမြစ်ရှိသော်လည်း ရေသန့်စင်မှုနည်းပါးခြင်းတို့ကြောင့် ရေပေးဝေရေးလုပ်ငန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အဆင့်မြင့်အရာရှိတစ်ဦးကဆိုသည်။




7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# ဆိုင်ကယ်လိုင်စင်မှတ်ပုံတင် တစ်လတိုးပြီးနောက် အရောင်းအဝယ်အေး

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ-၁၃**

မုံရွာမြို့ပေါ်တွင် လိုင်စင်မဲ့ဆိုင်ကယ်များအား တရားဝင်ယာဉ်မှတ်ပုံတင် ဆောင်ရွက်ပေးခြင်း တစ်လတိုးမြှင့်လုပ်ဆောင်ပေးသည့်နောက်ပိုင်း မုံရွာဆိုင်ကယ်ဈေးကွက်တွင် အရောင်းအဝယ် သိသိသာသာ အေးစက်သွားကြောင်း မုံရွာမြို့ မော်တော်ဆိုင်ကယ် ရောင်းဝယ်သူများ၏ ပြောကြားချက်အရ သိရှိရသည်။

"လိုင်စင်မဲ့ ဆိုင်ကယ်တွေ တရားဝင်လိုင်စင် လုပ်ပေးတာ တစ်လထပ်တိုးလိုက်တဲ့ နောက်ပိုင်း ဆိုင်ကယ်အရောင်းအဝယ်က သိသိသာသာအေးသွားတယ်။ ဆိုင်ကယ်ဈေးနှုန်းက အပြောင်းအလဲတော့ မရှိပါဘူး။ စက်တင်ဘာ လကုန်ရက်ပိုင်းက ကြိတ်ကြိတ်တိုးလိုင်စင်တွေလုပ်လို့သက်ဆိုင်ရာ ယာဉ်မှတ်ပုံတင် ဆောင်ရွက်သူတွေ နေ့ရောညပါ ဆောင်ရွက်ပေးတယ်။ အခုနောက်ထပ်တစ်လ ထပ်တိုးတော့ ဆိုင်ကယ်လိုင်စင်လုပ်မယ့်သူတွေ အလွယ်တကူလုပ်လို့ ရပြီဆိုပေမယ့် ဆိုင်ကယ်အသစ် ဝယ်သူလည်း နည်းသွားပြီ"ဟု မုံရွာမြို့တွင် ဆိုင်ကယ်ရောင်းဝယ်ရေးလုပ်ကိုင်သူ ဦးမိုးကပြောကြားသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလကုန်ရက်ပိုင်းက ဆိုင်ကယ်လိုင်စင်လုပ်မယ့်သူတွေက ကြိတ်ကြိတ်တိုးနေတာ နောက်ဆုံးဆိုတဲ့ရက်နီးလာလေ ကြိတ်ကြိတ်တိုးလေပေါ့။ လိုင်စင်လုပ်ပေးတဲ့သူတွေဆို နားရက်မရှိ နေ့ရောညပါလုပ်ပေးရတယ်။ အခုနောက်ပိုင်း တစ်လထပ်တိုးတော့ ဆိုင်ကယ်တွေ အရင်လို ကြိတ်ကြိတ်မတိုးတော့ဘူး။ ဆိုင်ကယ်တန်းစီတဲ့နေရာတစ်နေရာကို အရင်က တစ်သောင်းခွဲကနေ ငါးသောင်း၊ ခြောက်သောင်းအထိ ရှိခဲ့တာ။ အခု နေရာမဝယ်ဘဲ နေ့ချင်းပြီးရတယ်"ဟု မုံရွာမြို့ ဆိုင်ကယ်မှတ်ပုံတင် ဆောင်ရွက်ရသူတစ်ဦးကပြောသည်။



**မုံရွာမြို့၊ ကျောက္ကာလမ်းတွင်တွေ့ရသော ဆိုင်ကယ်များ**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"လိုင်စင်တစ်လ တိုးပြီးတဲ့နောက်ပိုင်း ဝိုင်တူးကေ (၁၁၀ စီစီ)ဆိုင်ကယ်တွေ အရောင်းအဝယ်လုံးဝမရှိတော့ပါဘူး။ စူပါကပ် (၉၀ စီစီ)နဲ့ (၁၂၅ စီစီ)ဆိုင်ကယ်တွေတော့ အရောင်းအဝယ်နည်းနည်းဖြစ်တယ်။ လိုင်စင်ပါပြီးသားဆိုင်ကယ်တွေလည်း ဈေးထိုးကျသွားတာ အရင်နှစ်ပေါက်ဈေးထက် တစ်သိန်းလောက်ဈေးကျသွားတယ်"ဟု မုံရွာမြို့ ဆိုင်ကယ်ရောင်းဝယ်သူ ဦးပေါက်ကြီးကပြောသည်။

လိုင်စင်မဲ့ ဆိုင်ကယ်များ တရားဝင်ယာဉ်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို တစ်လထပ်မံတိုးမြှင့်လိုက်ပြီးသည့်နောက်ပိုင်း မုံရွာဆိုင်ကယ်ဈေးကွက်တွင် စူပါကပ် (၉၀ စီစီ) NEW AMBO ကျပ်သုံးသိန်းရှစ်သောင်း၊ ဂျာလင်း(၉၀ စီစီ) ကျပ်လေးသိန်းတစ်သောင်းခွဲ၊ ကန်ဘို (၁၂၅ စီစီ) ကျပ်ငါးသိန်းနှစ်သောင်း၊ နယူးအန်ဘို လေးသိန်းနှစ်သောင်းကျပ်၊ Follow Me ကျပ်သုံးသိန်းခြောက်သောင်းဝန်းကျင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ (၁၁၀ စီစီ)ဝိုင်တူးကေဆိုင်ကယ် အနိမ့်ဆုံးကျပ်နှစ်သိန်းရှစ်သောင်းမှ အမြင့်ဆုံးကျပ်သုံးသိန်းခြောက်သောင်းအထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

နယ်စပ်မှ တိုက်ရိုက်စီးနင်းသယ်ဆောင်လာသော ဆိုင်ကယ်များအနေဖြင့် လက်ရှိပေါက်ဈေးထက် ကျပ်နှစ်သောင်းမှ သုံးသောင်းအထိ ဈေးလျှော့ရောင်းလျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

လိုင်စင်မဲ့ဆိုင်ကယ်များအား တရားဝင်ယာဉ်မှတ်ပုံတင်ဆောင်ရွက်ပေးခြင်းကို ၁၉၉၉ ခုနှစ်တွင် စတင်ဆောင်ရွက်ပေးခဲ့ရာ ယခုနှစ်အတွင်း ခုနစ်ကြိမ်မြောက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။






# ၂၀၁၃ ဆီးဂိမ်းအကြို နေပြည်တော်ဟိုတယ်ဇုန် တည်ဆောက်ရေး ၆၀ ရာခိုင်နှုန်း ကျန်ရှိသေး

စိုင်းသာအောင်

နေပြည်တော်၊ အောက်တိုဘာ-၁၁



နေပြည်တော်တွင် ယခုနှစ် စက်တင်ဘာကုန်အထိ ဟိုတယ် ၃၁ ခု တည်ဆောက်ပြီး အခန်းပေါင်း ၂,၀၂၂ ခန်းသာရှိသဖြင့် ၂၀၁၃ ဆီးဂိမ်းအတွက် ဧည့်သည် ၄,၀၀၀ ကျော်သာလက်ခံနိုင်သေးကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ တရားဝင် ထုတ်ပြန်ချက်များအရ သိရသည်။

နေပြည်တော်တွင် ဟိုတယ်အလုံး ၈၀၊ တည်းခိုနိုင်သော အခန်း ၄,၄၀၀ ကျော်ရှိရန် လျာထားသတ်မှတ်ထားပြီး ယခုအခါ ဟိုတယ် ၃၁ လုံးသာ တည်ဆောက်ပြီးစီးသည့်အတွက် ဟိုတယ်လျာထားချက်အတွက် တည်ဆောက်ရန် ၆၀ ရာခိုင်နှုန်းကျော် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

နေပြည်တော် ဟိုတယ်များတွင် ကျောက်မျက်ရတနာပြပွဲ အချိန်အတွင်းသာ ဧည့်သည်များပြည့်တတ်ပြီး ကျန်အချိန်များတွင် နည်းပါး၍ ဝန်ထမ်းစရိတ်နှင့် ဝန်ဆောင်မှုစရိတ်များကိုပင် မရရှိကြောင်း၊ ရေရှည်အကျိုးစီးပွားအတွက်သာ ဟိုတယ်တည်ဆောက်ထားရခြင်းဖြစ်ကြောင်း၊ နေပြည်တော်ဟိုတယ်ဇုန်(၂)တွင် အဆင့်မြင့်ဟိုတယ် တည်ဆောက်ထားသူ မန္တလေးအခြေစိုက် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

# ပြည်တွင်းဝယ်လိုအားကြောင့် ယင်းမာပင်မြို့နယ်တွင် မြင်းဈေးကွက် မြင့်တက်

မျိုးမင်းဦး

မုံရွာ၊ အောက်တိုဘာ-၁၃

မုံရွာခရိုင်အတွင်း မြင်းဝါသနာရှင်များ မွေးမြူလေ့ကျင့်လျက်ရှိသော မြင်းများအနက် ပြည်တွင်းခရီးသည် ပို့ဆောင်ရေးနှင့် အားကစားဝါသနာရှင်များ ဝယ်လိုအားကြောင့်ယင်းမာပင်မြို့နယ်အတွင်း မြင်းဈေးကွက်တွင် ကျပ် ၁၀ သိန်းမှ ကျပ်သိန်း ၄၀ ဝန်းကျင်အထိ အရောင်းသွက်နေဆဲဖြစ်ကြောင်း မုံရွာမြို့နယ် မြင်းဝါသနာရှင် ဦးဖိုးစိန်ပြောပြချက်အရ သိရသည်။

"အများစုက ပုဂံမှာ နိုင်ငံခြားသား ခရီးသည်တွေ ပို့ဆောင်ပေးတဲ့ မြင်းလှည်းတွေမှာ အသုံးပြုဖို့ လှတဲ့မြင်းတွေ ရွေးဝယ်တာများတယ်။ အားကစားနည်းဖြစ်တဲ့ ဂျော်ကီမြင်းစီးသမားတွေ ရှမ်းပြည်နယ်က အားကစားသမားတွေ အများဆုံးဝယ်ယူတာပါ။ ယင်းမာပင်မြို့နယ်အတွင်း မြင်းကောင်းတွေ အများဆုံးမွေးထားတာက ဝါသနာအရရော မိုးရာသီမှာ စက်ဘီးဆိုင်ကယ်တွေ သွားလာလို့ မရတဲ့ခရီးကို မြင်းနဲ့သွားရတာဆိုတော့ မြင်းကို အိမ်တိုင်းနီးပါးမွေးကြတယ်" ဟု ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်ကျေးရွာ မြင်းဝါသနာရှင် ဦးလှထွန်းမောင်က ပြောကြားသည်။

မုံရွာမြို့နယ်အတွင်း မြင်းဝါသနာရှင်များသည် ကျေးလက်မှ မြို့သို့ ကုန်စည်သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် အသုံးပြုသူ ပိုများပြီး လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်ဝန်းကျင်က မြင်းလှည်းအစီးရေ ၂၀၀ ခန့်ရှိရာမှ ယခုနှစ်တွင် ၁၀စီးခန့်သာကျန်ရှိတော့ကြောင်း သိရှိရသည်။


မုံရွာမြို့နယ်တွင် မြင်းလှည်းများနှင့် ဝါသနာအရ မွေးမြူထားသော မြင်းအကောင်ရေ ၂၀ ခန့်သာရှိပြီး ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရောင်းချရသော ယင်းမာပင်မြို့နယ်တွင် မြင်းအကောင်ရေ၁၀၀ကျော်မွေးမြူထားကြောင်း သိရှိရသည်။

ယင်းမာပင်မြို့နယ်ကျေးရွာများတွင် မိုးရာသီ သွားလာရေးအတွက် မြင်းဖြင့်အဓိကသွားလာရသောကြောင့် ကျေးရွာတိုင်း၌ မြင်း ၁၀ ကောင်မှ အကောင် ၁၀၀ ကျော်အထိမွေးမြူထားကြကြောင်း သိရသည်။

# မေတ္တာရွှေတောင်ကုမ္ပဏီလုပ်ကွက် ဧရိယာအတွင်း ရွှေတူးဖော်သူများအား တရားမဝင်ဟုဆိုကာ ဝန်းသိုရဲစခန်းက ဖမ်းဆီးအရေးယူ

စိုင်းလှုမင်း

ဝန်းသို၊ အောက်တိုဘာ-၁၃



ဓာတ်ပုံ - စိုင်းလှုမင်း

*ရွှေတူးဖော်မှုလုပ်ငန်း တစ်နေရာ*

ဝန်းသိုမြို့နယ် ၇ မိုင်ဒေသရှိ နိုင်ငံတော်နှင့်အကျိုးတူ ရွှေဖက်စပ်လုပ်ငန်းများ ဆောင်ရွက်နေသည့် မေတ္တာရွှေတောင်ကုမ္ပဏီ၏ လုပ်ကွက်အမှတ် (SWTO-69)၏ ဧရိယာတွင် ရွှေတူးဖော်ကြသည့် တင်ဝင်း(ခ)ဘာဂျာ၊ ဖိုးထူး(ခ)ခင်မောင်ထွေး၊ ဖိုးဇော်(ခ)ထွန်းမြင့်ဝင်း၊ ချိုတူး(ခ)မောင်တူး၊ ဝင်းဌေး၊ စိုင်းချိုငြိမ်း၊ မျိုးမင်းစန်းတို့အား စက်တင်ဘာ ၂၆ ရက် ညနေ ၃ နာရီခွဲအချိန်၊ ဝန်းသိုရဲစခန်းက နယ်မြေခံ ဖမ်းဆီးရေးအဖွဲ့ ဖွဲ့စည်းထားသည့် အဖွဲ့မပါဝင်ဘဲ ရွှေလုပ်ငန်းသုံးရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းခဲ့သည်။ ထို့နောက် ဝန်းသို ရဲစခန်း (ပ)၁၉၁/၂၀၁၂၊ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၀ (ခ)အရအမှုဖွင့်အရေးယူစစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း မေတ္တာရွှေတောင်ကုမ္ပဏီ မန်နေဂျာဦးတင်နိုင်(ခ)ဦးထားဝယ်က ပြောသည်။

"ဖမ်းဆီးတဲ့အဖွဲ့တွေက ကျွန်တော်တို့ရဲ့ ရွှေလုပ်ကွက်ထဲမှာ လုပ်ကိုင်နေကြတဲ့ဒေသခံတွေကို တရားမဝင်လုပ်ကိုင်နေတယ်ဆိုပြီး သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့၊ ဝန်းသိုမြို့နယ်သတ္တုတွင်းစီမံကိန်းရုံးအဖွဲ့၊ မြေတိုင်းအဖွဲ့မပါဝင်ဘဲ ဖမ်းဆီးခဲ့တာပါ။ သက်ဆိုင်ရာတာဝန်ရှိတွေ အကြောင်းကြားခြင်းမရှိဘဲ လာရောက်ဖမ်းဆီးတဲ့အတွက် ၇ မိုင်ဒေသတစ်ခုလုံးမှာ ကုမ္ပဏီရဲ့ ဂုဏ်သိက္ခာကျဆင်းသွားသလို လုပ်ငန်းတွေလည်း ရပ်နားထားရပြီး ကျွန်တော့်ကုမ္ပဏီထဲမှာ နေ့စဉ်ဒေသခံတွေ စားဝတ်နေရေးအတွက် လုပ်ကိုင်နေကြတာ ဖြစ်တဲ့အတွက် ဒေသခံတွေအတွက်လည်း ထိခိုက်နစ်နာပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နဲ့ အကျိုးတူရွှေဖက်စပ်လုပ်ငန်းဆောင်ရွက်နေကြောင်း၊သတ်မှတ်ထားတဲ့ ရွှေစင် ၂၄ ကျပ်သားသွင်းထားပြီးကြောင်း အထောက်အထားများစွာနဲ့ မြို့နယ်တရားရုံးမှာ အကျိုးဆောင်ငှားရမ်းပြီး ပြန်လည်ချေပခုခံသွားမှာဖြစ်ပါတယ်" ဟုမေတ္တာရွှေတောင်ကုမ္ပဏီမှမန်နေဂျာ ဦးတင်နိုင်(ခ) ဦးထားဝယ်က ပြောသည်။

ဝန်းသို ရဲစခန်းမှ အရေးယူစစ်ဆေးလျက်ရှိသော မြေကွက်နေရာသည် မေတ္တာရွှေတောင်ကုမ္ပဏီ၏ လုပ်ကွက်အတွင်း ပါဝင်ခြင်း ရှိ၊ မရှိ ကုမ္ပဏီလုပ်ကွက်ပြင်ပတွင် ဟုတ်၊ မဟုတ်နှင့် ယင်းမြေကွက်နေရာသည် မြေကြီးမြေပုံစာရင်းဇယားများအရ မည်သူပိုင်ဆိုင်သည့်မြေနေရာဖြစ်ကြောင်း တိုင်းတာစစ်ဆေးပြီး မြေပုံနှင့်တကွ အကြောင်းပြန်ကြားပေးရန် စက်တင်ဘာ ၂၇ ရက်တွင် သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ မြို့နယ်သတ္တုတွင်းစီမံကိန်းရုံး၊ ဝန်းသိုမြို့သို့ အကြောင်းကြားသည်။ မြို့နယ်သတ္တုတွင်း စီမံကိန်းရုံးအဖွဲ့မှ ၇ မိုင်ဒေသရှိ နိုင်ငံတော်နှင့် အကျိုးတူရွှေဖက်စပ်လုပ်ငန်းများ ဆောင်ရွက်နေသည့် မေတ္တာရွှေတောင်ကုမ္ပဏီ၏ လုပ်ကွက်အမှတ် (SWTO-69)၏ လုပ်ကွက်ဧရိယာအား အောက်တိုဘာ ၄ ရက်တွင် တိုင်းတာစစ်ဆေးခဲ့ရာ စိုင်းချိုငြိမ်း၊ ဖိုးထွေး၊ ချိုတူးတို့၏ ရွှေမျှောများမှာ လုပ်ကွက်၏ အပြင်ဘက် ပေ ၂၅၀ ခန့် အကွာအဝေး ကျရောက်လျက်ရှိကြောင်း တိုင်းတာစစ်ဆေးချက်အရ သိရသည်။

SHMZ
သက္ကရာဇ် ၁၈၀၄ ခုနှစ်ကတည်းက တည်ထောင်ခဲ့သော ဂျပန်နိုင်ငံ၏ ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် SHIMIZU Corporation ဂျပန်နှင့်မြန်မာ ပူးပေါင်းပြီး လမ်းတံတားနှင့် အခြားဆောက်လုပ်ရေးလုပ်ငန်းကို အကျိုးတူ လုပ်ဆောင်သွားမည့်
SHIMIZU Corporation
Address - 3rd Floor, Room-16, Sedona Hotel, Yangon Branch.

TRADEMARK CAUTION
KELLOGG Company, a company incorporated in State of Delaware, USA at One Kellogg Square, Battle Creek, Michigan, United States of America is the Owner and Sole Proprietor of the following Trademark:-
CHEX
Reg: 4/ 3937/1996
In respect of : "Food and ingredients for foods; breakfast cereals and ready-to-eat cereal food including those made from wheat,rye, barley, maize, oats and rice, toaster pastries, waffles, pancakes, snack foods, flavourings, baked goods and all goods in International Class 30."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph: 371990
Partnership in practice with
**Ms. Saowaluck Lamlert,**
Attorney at Law Siam Premier International Law Office Limited
Email: saowaluck@siampremier.co.th
for KELLOGG Company
18. Oct. 2012

pact building local promise.
Pact in Myanmar is currently seeking an experienced and dedicated candidate for the position of **Database Manager.**
REQUIREMENTS & QUALIFICATIONS;
- Degree in Computer Sciences or Information Systems; Four or more years experiences in designing, developing, and operating relational database management systems;
- Experience with various database software(ACCESS, SQL Server, Oracle, My SQL);
- Strong knowledge of SQL and other programming language (C, C++);
Please send your application letter, CV and passport-sized photo, copies of education qualifications and references to; **Administrative Manager,**Pact, No. 497, 1st Floor, Tower-B, Diamond Condominium, Pyay Road, Ward-8,Kamaryut Township,Yangon.Tel: 95-1-501373/ 501383 and 523933 Ext: 806
E-mail: pactmyanhr@yangon.net.mm
Dead line date of application: **October 25th, 2012(Thursday).**

N L
မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၊ ကွာလာလမ်ပူ အထွေထွေရောဂါကု ဆေးရုံကြီးမှ၊ စိတ်ကျန်းမာရေး အထူးကု ဆရာဝန်ကြီး၊ တွဲဖက်ပါမောက္ခ၊ ဒေါက်တာ ခင်ဥမ္မာနိုင်သည်၊ ရန်ကုန်မြို့သို့ ၂၅. ၁၀. ၂၀၁၂ မှ ၂၇-၁၀. ၂၀၁၂ အထိလာရောက်ပြီး၊ လူနာများကို ကြည့်ရှုဆွေးနွေးကုသပေးမည် ဖြစ်ပါသဖြင့် လူနာဟောင်း၊ လူနာသစ်များ ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်း - ၀၉-၄၅၀၀၅၄၂၁၀၊၀၉-၄၄၈၀၁၆၈၂၁

7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# စစ်တွေရဲစခန်းရှေ့ ဆူပူမှုကြောင့် တရားစွဲခံရသူများထဲမှ ငါးဦးကို အာမခံပေး

**မြတ်စုမွန်**

**ရန်ကုန်၊**

**အောက်တိုဘာ-၁၁**

စစ်တွေရဲစခန်းရှေ့တွင် ဖြစ်ပွားခဲ့သည့် ဆူပူမှုကြောင့် တရားစွဲဆိုထားသောတရားခံများအနက် ကျည်ဆန်သင့်တရားခံတစ်ဦး အပါအဝင် ငါးဦးကို အောက်တိုဘာ ၉ ရက်က အာမခံဖြင့် အချုပ်လွတ် ထုချေခွင့်ပြုလိုက်ကြောင်း အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ဗဟိုတရားရုံးရှေ့နေ ဒေါ်အေးနုစိန်ကပြောသည်။

“ဒီလိုအမှုမျိုးက ခေတ်အဆက်ဆက်မှာ အာမခံပေးလေ့ရှိတဲ့အမှုမျိုး မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်မကတော့ ပြောင်းလဲနေတဲ့ အခုခေတ်မှာ အာမခံပေးကောင်းပေးနိုင်တယ်ဆိုပြီး လျှောက်ကြည့်တာ။ အခုလို အခွင့်အရေးရသွားတဲ့ သဘောပဲ” ဟု ဒေါ်အေးနုစိန်က ဖုန်းမှတစ်ဆင့် ပြောကြားသည်။

ယခုကဲ့သို့ ပြစ်မှုမျိုးကို အာမခံပေးလေ့မရှိသော်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် အာမခံလျှောက်ထားနိုင်ကြောင်း ဖော်ပြထားသဖြင့် ကြိုးစားလျှောက်ထားခဲ့ရာ ယခုကဲ့သို့ ရရှိခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ပြီးခဲ့သည့်ဇူလိုင် ၃ ရက်က စစ်တွေမြို့ နာဇီဈေးတွင် စည်ပင်သာယာအခွန်ကောက်ခံ လေလံတင်ရရှိထားသည့် ပုဂ္ဂလိကဈေးကောက်က အခွန်တိုးမြှင့်ကောက်ခံခြင်းနှင့် ပတ်သက်၍ ဈေးသည်များနှင့် လေလံအောင်ထားသူတို့အချင်းများရာမှ စတင်ကာ အမှတ်(၁)ရဲစခန်းရှေ့၌အဓိကရုဏ်းအသွင်ဆောင် လူအုပ်ကြီးဖြစ်ခဲ့ပြီး ရဲက လက်နက်အသုံးပြု လူစုခွဲခဲ့သည့် ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စစ်တွေမြို့ခံ ကုန်သည်တစ်ဦးဖြစ်သည့် ဦးစံလှကျော်က “လေလံရထားတာက ဘင်္ဂါလီလူမျိုးပါ။ ဈေးကောက်က ငွေများများယူလို့ဆိုပြီး ဈေးမှာခေါင်းဆောင်လိုဖြစ်နေတဲ့သူက တားတယ်။ ဖြစ်တာက ဈေးအကောက်ခွန်ကို မကျေနပ်လို့ဖြစ်တာ။ စည်ပင်က စနစ်တကျဆောင်ရွက်မပေးဘူး။ကောက်တဲ့လူကလည်း လေလံကို သိန်းထောင်နဲ့ချီပြီး ဆွဲထားရတာ။ ပြဿနာရဲ့အစက စည်ပင်ပဲ” ဟု ပြီးခဲ့သည့် ဇူလိုင်လက ပြောကြားသည်။

လက်နက်အင်အား အသုံးပြုကာ အဓိကရုဏ်း နှိမ်နင်းခဲ့မှုကြောင့် လူ ၁၁ ဦး ဒဏ်ရာရရှိပြီး စစ်တွေဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံခဲ့ရကာ ကျည်သင့်လူနာတစ်ဦးအပါအဝင် ၁၉ ဦးကို ပြစ်မှုကြီးအဖြစ် စခန်းမှူးဦးမျိုးဆွေက တရားလိုပြုလုပ်၍ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ ၆၁၅ ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

“ကျန်တဲ့ လူတွေကိုလည်း အာမခံရဖို့ မျှော်လင့်ပါတယ်”ဟု ဒေါ်အေးနုစိန်ကပြောသည်။

ခန္ဓာကိုယ်ထဲတွင် ကျည်ဆံရှိနေဆဲဖြစ်သည့် ကျော်သူမင်းအပြင် မင်းစိုး၊ ကျော်ကျော်နှင့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဝင်များဖြစ်သည့် အောင်သန်းစိုး (ခ) ဝါဘို၊ အောင်နိုင်စိုး (ခ) ပါပုတို့ ငါးဦးအတွက် အာမခံမှာ ကျပ်သိန်း ၂၀ ဖြင့် လူပုဂ္ဂိုလ်နှစ်ဦးကကတိဝန်ခံကာ ပေးရခြင်းဖြစ်ပြီးယင်းအမှုအတွက်ပထမဆုံးရရှိသော အာမခံဖြစ်ကြောင်း သိရသည်။

စစ်တွေမြို့ အမှတ်(၁)ရဲစခန်းရှေ့တွင်ဖြစ်ပွားခဲ့သည့် အဆိုပါ အဓိကရုဏ်း အသွင်ဆောင်လှုပ်ရှားမှုကို သက်ဆိုင်ရာက အင်အားသုံးနှိမ်နင်းခဲ့မှုကြောင့် လူ ၁၁ ဦး ဒဏ်ရာရရှိခဲ့မှုနှင့် ပတ်သက်၍ ရခိုင်ပြည်သူများနှင့် ထပ်တူအထူးထိခိုက်ခံစားရပါကြောင်း ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီက ကြေညာချက်တစ်ရပ်လည်း ထုတ်ပြန်ခဲ့သည်။

## စာ(၁၅) လက်ပန်းတောင်းတောင်ခြေ ဒေသခံတောင်သူများနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့ အပြန်အလှန်အမှုဖွင့်တိုင်ကြား မှ

“မြန်မာဝမ်ပေါင်ရုံးရှေ့ ပုသိမ်-မုံရွာလမ်းဆုံမှာ စက်တင်ဘာ ၅ ရက် နေ့လယ်ပိုင်းမှာ ဆန္ဒထုတ်ဖော်မှုနဲ့ ပတ်သက်ပြီး ကုမ္ပဏီက အောက်တိုဘာ ၄ ရက်မှာ တိုင်ကြားတာဖြစ်ပါတယ်။ ကုမ္ပဏီတိုင်ကြားချက်မှာ စွပ်စွဲထားတာ ၁၆ ဦးဖြစ်ပါတယ်။ သက်ဆိုင်ရာခွင့်ပြုချက်မရဘဲ လူစုလူဝေးနဲ့ ဆန္ဒထုတ်ဖော်မှုကြောင့် တိုင်ကြားတာပါ။ ဒီအမှုကိုလက်ခံပြီး ဘယ်တော့စစစ်မယ်ဆိုတာ ပြောလို့မရပါဘူး။ ကုမ္ပဏီဘက်က တာဝန်ရှိသူတစ်ဦးက တိုင်ကြားတဲ့အမှု လက်ခံထားတယ်ဆိုတာပဲ အတည်ပြုပေးနိုင်ပါတယ်။ လက်ပန်းတောင်းတောင်နဲ့ ပတ်သက်တဲ့ အမှုတွေအားလုံး စစ်ဆေးနေဆဲဖြစ်ပါတယ်”ဟု ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှူးကပြောကြားခဲ့သည်။

ယခုနှစ် စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးကျေးရွာအနီး မုံရွာ-ပုသိမ် လမ်းဆုံ မြန်မာဝမ်ပေါင် ကုမ္ပဏီရုံးရှေ့၌ လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းရပ်တန့်ရေး၊ တောင်သူလယ်သမားအခွင့်အရေးရရှိရေး အတွက် ဒေသခံတောင်သူများ ဆန္ဒထုတ်ဖော်မှုတစ်ရပ် ပြုလုပ်ခဲ့သဖြင့် မြန်မာဝမ်ပေါင်ကုမ္ပဏီက အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။ စွပ်စွဲခံရသူများတွင် ပြည်သူ့အကျိုးဆောင်ကွန်ရက် (ရန်ကုန်)အဖွဲ့ဝင်များ၊ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များ၊ ဆားလင်းကြီးမြို့နယ်ဝက်မှေးကျေးရွာနှင့် ဆည်တည်းကျေးရွာ လက်ပန်းတောင်းတောင်အရေး တောင်သူလယ်သမားအရေး ဦးဆောင်သူများပါဝင်ကြောင်း သိရှိရသည်။ အဆိုပါအမှုနှင့် ပတ်သက်၍ မြန်မာဝမ်ပေါင်ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးလုပ်ငန်းလက်ထောက်အထွေထွေမန်နေဂျာ တစ်ဦးမှ တရားလိုပြုလုပ်၍ ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်း (ပ)အမှတ် ၂၃၃/၂၀၁၂ ပြစ်မှု ပုဒ်မ ၁၄၃၊ ၁၄၇၊ ၅၀၀ အရအမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

လက်ပန်းတောင်းတောင် အရေးလှုပ်ရှားသူ ၁၆ ဦးအား ပုဒ်မသုံးခုဖြင့် အမှုဖွင့်ထားသည်ကို မကျေနပ်၍ အောက်တိုဘာ ၆ ရက်တွင် လယ်အသိမ်းခံကျေးရွာ ၁၄ ရွာမှ ဒေသခံ ၉၀၀ ကျော်တို့သည် ညောင်ပင်ကြီး - ဆားလင်းကြီး လမ်းမကြီးပေါ်ရှိ တုံကျေးရွာရှေ့တွင်မြန်မာ့စီးပွားရေးဦးပိုင်အမှုဖွင့်ထားခြင်းအား ရှုတ်ချကြောင်းနှင့် လက်ပန်းတောင်းတောင်စီမံကိန်း ချက်ချင်းရပ်ဆိုသော ကြွေးကြော်သံများဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

လက်ပန်းတောင်းတောင်ခြေရှိလယ်အသိမ်းခံကျေးရွာ ၁၄ ရွာမှ ဒေသခံ ၉၀၀ ကျော်တို့သည် အောက်တိုဘာ ၈ ရက် နေ့လယ်ပိုင်းတွင် ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ အချက်သုံးချက်ဖြင့် အမှုဖွင့်ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သည်။ ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်တောင်းဆိုချက်များမှာ(၁)မြန်မာဝမ်ပေါင်ကုမ္ပဏီဝန်ထမ်းများက တောင်သူလယ်သမားများပိုင်လယ်ယာမြေများပေါ်တွင် မြေစာပုံခြင်း၊ အဆောက်အဦများဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဒေသခံများသွားရောက်တားမြစ်သည့်အခါ ဆဲဆိုခြင်း၊ မဖွယ်မရာပြုလုပ်ခြင်း၊(၂) ဆားလင်းကြီးမြို့နယ် အုပ်ချုပ်ရေးမှူးသည် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများ ခိုင်းစေချက်ဖြင့် လက်ပန်းတောင်းတောင်ဝန်းကျင်ရှိ ဒေသတစ်ဝိုက်အား ပုဒ်မ ၁၄၄ ထုတ်ပြန်ကြေညာခြင်း၊ (၃) မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများသည် လယ်ယာမြေများကို မတရားကျူးကျော်သိမ်းပိုက်ခြင်းကြောင့် လယ်သမားများ သွားရောက်တားဆီးသည့်အခါ အာဏာပိုင်များဖြင့် ပူးပေါင်းကာ မတရားခြိမ်းခြောက်ခြင်းတို့ကို ပြန်လည်အမှုဖွင့် စစ်ဆေးပေးပါရန် ဆားလင်းကြီး ရဲတပ်ဖွဲ့သို့ တိုင်ကြားခဲ့ရာ ဆားလင်းကြီးမြို့နယ် အုပ်ချုပ်ရေးမှူးမှ ပုဒ်မ ၁၄၄ ထုတ်ပြန်ခြင်းနှင့် ပတ်သက်သောအမှုအား လက်မခံဘဲ မြန်မာဝမ်ပေါင်ကုမ္ပဏီဝန်ထမ်းများနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် တာဝန်ရှိသူများကို တိုင်ကြားသောအမှုနှစ်ခုသာလက်ခံဆောင်ရွက်မည်ဖြစ်ကြောင်းဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ သိရှိရသည်။ လက်ပန်းတောင်းတောင်ဒေသခံများမှ မြန်မာဝမ်ပေါင်ကုမ္ပဏီနှင့်မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် တာဝန်ရှိသူများ တိုင်ကြားသော အမှုအား ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ အမှုလက်ခံပြီး(ပ)အမှတ် ၂၃၇/ ၂၀၁၂၊ ၂၃၈/ ၂၀၁၂ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။


ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ကို

ကောင်းသည်ဟု မကြော်ငြာလိုပါ။
ညှော်ဝတ်ကျေသည်ဟုလဲ မကြော်ငြာလိုပါ။
သန့်သည်ဟုလဲ မကြော်ငြာချင်သလို . . .
ဈေးနှုန်းသက်သာသည့်လို့လဲ မဖော်ပြလိုပါ ။
သို့သော် . . . . .
ရောက်ဖူးသူတိုင်း သိကြပါသည်။
သိကြသူတိုင်းပြောကြပါသည်။

Q.S.C.P ကြောင့် “ခိုင်ခိုင်ကျော်”ကို သွားတာတဲ့ . . .

Q = Quality
S = Service
C = Clean
P = Price



ချိုင့်ဆွဲပို့ဆောင်ရေး

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ပြည်လမ်းဆိုင်ခွဲ - အမှတ်(၆၁၇/အေ)၊ ၅-မိုင်ခွဲ၊ ကမ္ဘာ့ဇေတဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်းလမ်း၊ ပြည်လမ်း၊ ရန်ကုန်။
ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၉ ၊ ၀၉-၅၁၅၉၀၀၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊
၀၉-၄၂၀၀၆၀၅၅ ၊ ၀၁-၅၂၄၂၀၈
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။



ဝန်ထမ်းအလိုရှိသည်

အင်တာနက်ဂျာနယ်အတွက် အရည်အချင်းရှိသော အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။

Marketing Executive F (4) posts

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ပြီး၊ အသက် (၁၉) နှစ်မှ (၂၅) နှစ်အတွင်းရှိရမည်။
- အိုင်တီနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူဖြစ်ရမည်။
- သွက်လက်ထက်မြက်၍ လူမှုဆက်ဆံရေး ကောင်းမွန်ရမည်။
- ကွန်ပျူတာနှင့် အင်္ဂလိပ်စာ အခြေခံအဆင့် နားလည်တတ်ကျွမ်းရမည်။
- ရုပ်ရည်အသင့်အတင့်ရှိပြီး၊ အပြောအဆို ချိုသာရမည်။
- အကျင့်စာရိတ္တနှင့် ကျန်းမာရေး ကောင်းမွန်ရမည်။
- ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများ လစာညှိနှိုင်းပေးမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူတို့နှင့်အတူ (၂၅.၁၀.၂၀၁၂) နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။
အခန်းအမှတ် ( G-12) မြေညီထပ်၊ တိုက် (B)၊ Diamond Centre၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Tel: 523911~918

7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# အခြေခံလစာ နောက်လအတွက် စိတ်ပူရန်မလိုသည့်နှုန်းဖြစ်သင့်ဟု ITUC အထွေထွေအတွင်းရေးမှူးပြောကြား

**အေးမြတ်သူ**

**ရန်ကုန်၊ အောက်တိုဘာ - ၁၂**

အနိမ့်ဆုံးလစာသတ်မှတ်မည်ဆိုပါက ပုံမှန်အခြေခံအသုံးစရိတ်အားနောက်လအတွက် ထည့်သွင်းစဉ်းစားစရာမလိုသော အခြေခံလစာမျိုးဖြစ်သင့်ကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(ITUC)မှ အထွေထွေအတွင်းရေးမှူး Ms. Sharan Burrow က အောက်တိုဘာ ၈ ရက်တွင် UMFCCI ၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(ITUC) အနေဖြင့်မြန်မာနိုင်ငံရှိအလုပ်သမားများနှင့်ပူးပေါင်း၍ အခက်အခဲများကို ဖြေရှင်းသွားမည်ဟုဆိုသည်။

ထို့အပြင် အလုပ်သမားဥပဒေအကြောင်းအရာများကိုလည်း ပညာပေးရှင်းလင်းမှုများ ပြုလုပ်နိုင်ရန်အတွက် လက်ရှိပြည်တွင်း၌ ITUC ရုံးဖွင့်ရန် အလုပ်သမားဝန်ကြီးဌာနကိုလည်း တိုက်တွန်းတောင်းဆိုသွားမည်ဖြစ်သည်။

"အနည်းဆုံး လခဆိုတာကိုယ့်လုပ်အားခနဲ့ သိက္ခာရှိရှိနေနိုင်တဲ့အနေအထားဖြစ်ရမယ်။ နိုင်ငံတကာမှာလည်း အခြေခံအားဖြင့် အတူတူပါပဲ။ နေထိုင်ဖို့လိုအပ်ချက်ကို ကိုယ်ရတဲ့လစာနဲ့ အခြေခံအားဖြင့် ခရီးစရိတ်တို့ ကျောင်းစရိတ်တို့ အားလုံးပေးပြီး နောက်လမှာလည်း ပေးဖို့အတွက် စဉ်းစားစရာမလိုတဲ့အခြေခံလစာမျိုးဖြစ်သင့်တယ်"ဟု ITUC မှ အထွေထွေအတွင်းရေးမှူး Ms. Sharan Burrow က ပြောကြားသည်။

၎င်းတို့အနေဖြင့် တစ်ကမ္ဘာလုံးရှိ အလုပ်သမား သမဂ္ဂအဖွဲ့ချုပ်မှ လူဦးရေ၁၇၅ သန်းကိုကိုယ်စားပြု၍ ရောက်ရှိလာခဲ့သည့်အတွက် သန်းနှင့်ချီသော လူများက ကူညီပေးရန် အသင့်ရှိပြီး အာဆီယံနိုင်ငံများအပြင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ နီပေါ စသောနိုင်ငံတို့မှ သွေးစည်းညီညွတ်ရေး အလုပ်သမားအဖွဲ့တို့ကလည်း ကူညီပေးရန်စောင့်ကြည့်လျက်ရှိကြောင်း ဆိုသည်။

"လောလောဆယ်တော့ ITUC ရုံးဖွင့်ဖို့ ဘာမှမရှိသေးဘူး။ သမ္မတကြီးဆီကို တင်ပြရဦးမယ်။ အဲဒီအတွက် ဘာမှအဖြေမရှိသေးဘူး" ဟု နေပြည်တော် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမား အဖွဲ့အစည်း(ILO)ကလည်း လာမည့် ၂၀၁၃ ခုနှစ်၌ အလုပ်သမားရေးရာ ဥပဒေစာအုပ်များကိုမြန်မာဘာသာအပြင် တိုင်းရင်းသား ဘာသာတို့ဖြင့် စက်ရုံတွင်းရှိအလုပ်သမားများကိုလက်ကမ်းစာအုပ်များ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အလုပ်သမားအဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းပုံကိုလည်း စက်ရုံတွေက အလုပ်သမားတွေအတွက် လက်ကမ်းစာစောင်တွေကို မြန်မာလိုရော တခြား ရှမ်းတို့၊ မွန်တို့ဘာသာစကားတွေနဲ့လည်း ထုတ်ဝေဖို့ စီစဉ်ထားတယ်" ဟု ILO မှဥပဒေအကြံပေးအရာရှိမစ္စတာရောဝီလ်စန်လ်က ပြောသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

Travels & Tours လုပ်ငန်းအတွက် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိသည်။

(၁)Operation Manager (1) Post

(၂) Sales/ Reservation (1) Post

လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**ဖုန်း - ၀၉-၅၀၂၇၃၁၅**
**၀၉-၇၃၂၅၂၇၂၇**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ClasG Co Ltd Provides international accounting outsourcing services, incorporation services, corporate secretarial services, local law and regulatory consulting services and is looking for Accuounting Director (1) Post: MBA (holder of international certificate) and CPA with 10 year experiences in management and accounting fields. Excellent in English (Oral and Written), Salary commensurate with experience USD 1,500+. Please submit a letter of application with full resume and send through email clay@clasg.com not later than 26 Oct 2012.

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ရွှေတော်ဝင် လှရိပ်မြုံမှ

မိတ်ကပ်၊ ဆံထုံးကျွမ်းကျင် တစ်ဦး အလိုရှိသည်။ လက်သည်း၊ ခြေသည်း ပန်းချီတတ်ရမည်။ လစာညှိနှိုင်း

လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အမှတ် (၅၄/၇)၊ ၁၇ လမ်း၊ ဗစ်တိုးရီးယားကုန်တိုက်မှတ်တိုင်ဆင်းပါ။

**ဖုန်း - ၀၉၄၂၅၀၁၁၅၂၀**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

B,Sc (Geol) (or) D.A.G (Gem) (or) Gem mining တစ်ဦး (ကျား) အသက် ၃၅ နှစ်အောက် တစ်ဦး။ အိမ်ထောင်မရှိသူ။

**ဖုန်း - ၀၉၅၁၄၈၂၀၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဖြိုးဓာတ်ပုံဆိုင် ဓာတ်ပုံ၊ Phootoshop ကျွမ်းကျင်၊ ဝန်ထမ်း (မ) တစ်ဦးအလိုရှိသည်။

ဦးစိုးမြင့် - ၁၀၉ လမ်းထိပ်၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

**ဖုန်း - ၀၉၇၃၀၁၁၁၉၂**

(နယ်မှအလုပ်လုပ်လိုသူများ ဦးစားပေးမည်။)

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Toyota Corolla Fielder, 1800 cc AA Taxi (ဓာတ်ဆီ) တစ်လက်ကိုင်နေ့မောင်းအလိုရှိသည်။

**ဖုန်း - ၀၁-၅၅၈၈၉၄၊ ၀၉၅၁၇၃၁၉၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

HALL Music Band မှစီစဉ်နေသော Group Songs VCD Karaoke တွင်ပါဝင်သီဆိုသရုပ်ဆောင်လိုသောလူသစ်တန်းအဆိုရှင်နှင့် သရုပ်ဆောင်များ ဆက်သွယ်နိုင်ပါသည်။

**ဖုန်း- ၀၉၇၃၀၇၇၃၀၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Shinn Sky Travels & Tours Co.,Ltd

ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းအတွက် အတွေ့အကြုံရှိပြီး လုပ်ငန်းတစ်ခုလုံးဦးစီးလုပ်ကိုင်နိုင်သော ကျား/မ (၁) ဦး အမြန်အလိုရှိသည်။

**ဖုန်း - ၀၉၅၀၄၇၃၁၄**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

မူကြိုဆရာမတစ်ဦးအလိုရှိသည်။ ကလေးဗဟိုပြုသင်ကြားရေးအောင်မြင်ပြီးသူ အချိန်ပိုင်းအတွက် အလိုရှိသည်။ Home သင်ရမည်။

ဦးရဲလွင်ထူး

အမှတ် (၁၇)၊ မြေညီထပ်၊ ရတနာလမ်း၊ ၁၅၁-၁၅၂ လမ်းကြား၊ တာမွေမြို့နယ်။

**ဖုန်း - ၀၉-၄၃၁၆၈၀၉၀**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ရွှေပြည်သာအထူးကုဆေးခန်း

၁။ သူနာပြုအကူများအလိုရှိသည်။ (ညှိနှိုင်းလစာ၊ သူနာပြုအကူအောင်လက်မှတ်မူရင်း၊ တစ်ပတ်အတွင်းလာရောက်လျှောက်ထားနိုင်သည်)

၂။ ယာဉ်မောင်းအလိုရှိသည်။ (အသက် ၄၀ မှ ၆၀ နှစ်အတွင်း၊ လိုင်စင်သက်တမ်း(၃)နှစ်ရှိရမည်၊ ညှိနှိုင်းလစာ)

အမှတ် (၆၂၃)၊ သမိုင်း (၅) လမ်း၊ ၁ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း - ၀၉-၅၀၄၆၃၇၂**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Moe Tagun Travels & Tours Co.,Ltd

Operation Manager ကျား/မ (၁)ဦး

Operation Staff ကျား/မ (၁)ဦး

(ဘွဲ့ရ၊ ခရီးသွားလုပ်ငန်းအတွေ့အကြုံ ၂ နှစ်ရှိရမည်။ အင်္ဂလိပ်စာ၊ ကွန်ပျူတာကျွမ်းကျင်ရမည်။

တိုက် (၂)၊ အခန်း (၃၀၁)၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်။

**ဖုန်း - ၀၉၅၁၁၅၃၉၂**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဆိုင်အကူဝန်ထမ်း ကျား (၂) ဦး

(ပညာအရည်အချင်း၊ အစမ်းခန့်မလိုပါ။ အစမ်းခန့်ကာလတွင် လစာငွေ လေးသောင်းကျပ်မှ စတင်ရရှိမည်)

**ဖုန်း - ၀၉-၇၃၀၁၀၁၄၄**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသား/အမျိုးသမီး ညှပ်၊ လျှော်၊ ကောက်၊ ဖြောင့် ကျွမ်းကျင် မ (၂) ဦး

ခြေထောက်ဆေးစိမ်၊ ခြေသည်းလက်သည်း ကျွမ်းကျင် မ (၁) ဦး

ခေါင်းလျှော်ကျွမ်းကျင် မ (၂) ဦး

**ဖုန်း - ၀၉-၅၀၉၇၀၄၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Infinity Innovation Co.,Ltd

For IT Technician (3) Posts (CCNA, CCVP, CCNP, VOIP) 3 years experiences in IT Fields, Good 4 Skills in English.

Building (C-1), Room No (010), Hnin Si (2) street, High Way Complex, Nar Nat Taw Road, (6) Quarter, Kamayut Township.

**Ph: 01-515006**

www.infinity-innovation.com

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Guide (အုပ်ချုပ်ရေးမှူး) ကျား (၁) ဦး

ဘွဲ့ရ(စရိတ်ငြိမ်း) - ၅၀,၀၀၀

မင်းမဟော်အဆင့်မြင့် (ဘော်ဒါ)။ မင်္ဂလာလမ်း၊ သုံးဆယ်မြို့။

**ဖုန်း - ၀၅၅-၃၀၈၀၀၁၊**
**၀၉-၄၂၃၆၆၃၆၅၄**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ရွှေဆိုင် စာရင်းကိုင် ကျား/မ (၂) ဦး

ရွှေဆိုင် အရောင်းဝန်ထမ်း ကျား/ မ (၅) ဦး

ယာဉ်မောင်း ကျား (၁) ဦး

အမှတ် (၅၀၅)၊ မဟာဗန္ဓုလလမ်း (ရွှေဘုံသာလမ်းထိပ်)၊ ပန်းဘဲတန်းမြို့နယ်။

**ဖုန်း - ၀၁-၃၈၂၀၄၇၊**
**၂၅၃၃၂၇**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဆေးအရောင်းကျွမ်းကျင် အမျိုးသမီး အလိုရှိသည်။

(အတွေ့အကြုံရှိသူ ဦးစားပေးမည်)

**ဖုန်း - ၀၉၅၅၀၄၅၉၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အသစ်တွေ အလိုရှိသည်။ တေးရေး၊ တေးဆို၊ သရုပ်ဆောင်အားလုံး အသစ်ဖြစ်ရမည်။ တေးသီချင်း ဗီစီဒီအသစ်ရိုက်ကူးမည်။ စိတ်ဝင်စားပါက

**ဖုန်း - ၂၂၇၁၉၉**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အချစ်ဟာသ ဗီဒီယိုဇာတ်ကားရိုက်ကူးရန်အတွက် လူငယ်သရုပ်ဆောင် ကျား (၅) ဦး၊ မ (၆) ဦးအမြန်အလိုရှိသည်။ လှရမည်။ လန်းရမည်။

**ဖုန်း - ၂၂၇၁၉၉**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Recruitment Regent Education Group

Education Officer/ Customer Services Officer

Receptionist

Education Editor

Marketing Exectuive/ Assistant

Secretary

Course/Teaching Assistant

Admin Executive/ Assistant

Graphic Designer

အမှတ် (ဘီ+၁၃+၂၃)၊ ရွှေကန္တီအဆင့်မြင့်အိမ်ရာ၊ (ရွှေကောင်းဟော့ပေါ့အရှေ့)၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

T.V (ရန်ကုန်) ကားမောင်းသင်တန်း

၁။ မော်တော်ယာဉ်မောင်းသင်ဆရာ ကျား (၂၀) ဦး

(ခ) လိုင်စင် (၃) နှစ်သက်တမ်းနှင့်အထက်

၂။ စာရေးဝန်ထမ်း မ (၁၀) ဦး

၃။ စာရင်းစစ် ကျား/မ (၁) ဦး

၄။ လုံခြုံရေးဝန်ထမ်း ကျား (၁) ဦး

သိမ်ဖြူကွင်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉-၇၃၁၉၅၆၈၉

(ကြော်ငြာပါသည့်နေ့မှစ၍ ၁၅ ရက်အတွင်းလျှောက်ထားနိုင်သည်)

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Diamond & Me Gems & Jewellery

Sale (5) M/F

Account (5) M/F

Marketing (2) M/F

Driver (1) M/F

အမှတ် (၇၅၂)၊ မြေညီထပ်၊ (၁၆) လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ လမ်းမတော်မြို့နယ်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အရောင်းအကူ ကျား (၁) ဦး

ပညာအရည်အချင်း (၁၀) တန်း

အမှတ် (၄၃)၊ မင်းရဲကျော်စွာလမ်း၊ စက်မှုဇုန် (၇)၊ လှိုင်သာယာ။

**ဖုန်း - ၀၉၈၆၂၇၇၇၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Nice Style Travels & Tours Co.,Ltd

Tour Operator ကျား/မ (၂) ဦး

Ticketing Staff ကျား/မ (၂) ဦး

Ticketing Assistant မ (၃) ဦး

No.355, Room (105), Shine Condo, Theinbyu Road, Mingalartaungnyunt Township.

**Tel: +95-1-399299, 399322**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Radiant Tours & Travels Co.,Ltd

၁။ Admin Manager ကျား/မ (၁) ဦး

၂။ Sales Executive ကျား/မ (၁) ဦး

၃။ Office Assistant ကျား/မ (၁) ဦး

၄။ Office Assistant ကျား/မ (၁) ဦး

၅။ Guest Relation Officer ကျား/မ (၁) ဦး

(၂၂-၁၀-၂၀၁၂) မှ (၂၆-၁၀-၂၀၁၂) အထိ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

Room 301, Pearl Condominium, Building (B), Kabar Aye Pagoda Road, Bahan Township, Yangon.

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ကိုရီးယားအစားအစာချက်တတ်သူ

၁။ ထမင်းချက် မ (၁) ဦး

၂။ အိမ်အကူ မ (၁) ဦး

(နေစားစရိတ်ငြိမ်း)

အမှတ် ၅၆-D-4၊ သီရိမာလာလမ်း၊ ၇ မိုင်ခွဲ၊ မရမ်းကုန်း။ **ဖုန်း - ၆၆၂၉၆၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Family United Power Company Limited

Mechanic/ Service Engineer (10) Male

(AGTI, B.Tech, BE (Mechanical) စက်ယန္တရားပြုပြင်မှုအပိုင်းကို အထူးစိတ်ဝင်စားသူ၊ စက်ယန္တရားနှင့်ပတ်သက်သောလုပ်ငန်းအတွေ့အကြုံရှိသူ)

အမှတ် ၁၂/ဘီ (၄၃)၊ ရွှေကိန္နရီအိမ်ရာ၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်။ (စိုက်ပျိုးရေးမှတ်တိုင်)

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Channel Digital Inkjet Prainting & Advertising

1. Designer (Male)
2. Counter (Female)

အမှတ်စဉ်(၁)Corel Draw, Illustrator & Photoshop အမှန်တကယ်ကျွမ်းကျင်သူ၊ အတွေ့အကြုံရှိသူ

အမှတ်စဉ် (၂) တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူ၊ ပဲခူးမြို့တွင်နေထိုင်သူ

**ဖုန်း - ၃၉၆၁၁၆၊ ၃၉၆၂၃၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Travels & Tours လုပ်ငန်းအတွက် အောက်ဖော်ပြပါ ဝန်ထမ်းများအလိုရှိသည်။

1.Operation Manager (1) Post,
2.Sales/Reservation (1) Post.

လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

**PH:09-5027315,09-73252727**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။




Marketed & Distributed by: THUKHA DANA
Head Office - No.84, 12th Street, Lanmadaw Township, Yangon. Ph : 01- 215151, 215252, 215454.
Mandalay - No.141, 34th Street, Between (78th & 79th) Street, Mandalay. Ph : 02-69377, 69388, 69363.




MARKETED & DISTRIBUTED BY THUKHA DANA CO., LTD.

1. Head Office : No.84, 12th Street, Lanmadaw Township, Yangon.
Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th &79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing.
Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

Education

7DAY NEWS JOURNAL

Vol.11, No.32 • OCTOBER 18 , 2012

# ရမှတ်အတွက်သာ စာသင်ကြသောအခါ

နေလင်းထွန်း

**အခြေခံပညာ သင်ရိုးညွှန်း တမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေးနှင့် လိုက်လျောညီသည့် ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်ဖြစ်ပေါ်လာစေရေး အစီအစဉ်စာတမ်းကို အမျိုးသားအဆင့်ပညာရေးဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ပြုစုတင်ပြခဲ့ကြသည်။**

**ယင်းစာတမ်းတွင် လက်ရှိတက္ကသိုလ်ဝင်စာမေးပွဲအား အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်မှုစာမေးပွဲအဖြစ် ပြောင်းလဲသတ်မှတ်၍ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ဝင်ခွင့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏အစီအစဉ်ဖြင့် ဆောင်ရွက်ရန် လေ့လာဆန်းစစ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။**

အခြေခံပညာကျောင်းများ၏ စာမေးပွဲစစ်ဆေးမှုစနစ်သည် အလွတ်ကျက်မှတ်မှုကို အားပေးသောမေးခွန်းများသာ အသုံးပြုနေခြင်းကြောင့် ကျောင်းသား၏ သင်ယူတတ်မြောက်မှုကို ရမှတ်ဖြင့်သာ ဆုံးဖြတ်နေရပြီး စဉ်းစားတွေးခေါ်မှုကို အားပေးသောမေးခွန်းပြုစုရန် ဆရာ၊ ဆရာမများတွင် နည်းပညာနှင့် ကျွမ်းကျင်မှု လိုအပ်နေသေးကြောင်း ဆွေးနွေးခဲ့ကြသည်။

ကျောင်းသားများကို ပညာသင်ကြားရာတွင် ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ဝေဖန်သုံးသပ်မှုတို့ကို ဦးတည်သင်ကြားသင်ယူစေရန်နှင့်ပညာရည်စစ်ဆေးတိုင်းတာမှုကို လိုက်လျောညီထွေဖြစ်စေရန် အစီအစဉ်များတင်ပြခဲ့ကြသည်။

မြန်မာနိုင်ငံ၏ အလွတ်ကျက်၍ အလွတ်ဖြေဆိုရသော ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရန် ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် ပြင်ပမှ ပညာရေးကျွမ်းကျင်သူများက ကြိုးပမ်းဆောင်ရွက်နေကြသည်။

“စနစ်ကြီး ရှိနေတယ်။ အမှတ်ပေးတဲ့စနစ်၊ စာမေးပွဲကို အမှီပြုသောစနစ်ပေါ့။ အထူးသဖြင့်ကတော့ ဆယ်တန်းစာမေးပွဲကြီးပဲပေါ့။ စာမေးပွဲစစ်ပုံ၊ စစ်နည်းကို ပြောင်းလဲလိုက်ရင် ကောင်းသွားနိုင်တယ်။ အခုက အမှတ်ရအောင် သင်တာ၊ ကျူရှင်ယူတာ၊ ဂိုက်ခေါ်တာ၊ အလွတ်ကျက်တာတွေ ဖြစ်နေတာလေ။ စာမေးပွဲမှာ စဉ်းစားပုံ၊ စဉ်းစားနည်းကိုမေးတဲ့ မေးခွန်းမျိုးပေါ့။ ဆယ်တန်းစာမေးပွဲက အပြောင်းအလဲရဲ့ သော့ချက်လို့ ထင်ပါတယ်”ဟု ပညာရေးလုပ်ငန်းများဆောင်ရွက်နေသောစာရေးဆရာကိုတာကပြောသည်။

စာမေးပွဲစနစ် ဖြစ်တည်နေမှု၊ စာသင်ကျောင်းများ၏ အောင်ချက်မြင့်မားရေး အစီအစဉ်နှင့် ကျောင်းသားမိဘများ၏ အမှတ်များများရရှိရေး သဘောထားအမြင်တို့သည် ကျောင်းသားများအတွက် သင်ခန်းစာများကို နှုတ်တိုက်ရွတ်ဆို ကျက်မှတ်နေရမှုအား ကြီးထွားလာစေခဲ့ခြင်းဖြစ်သည်။

စာမေးပွဲအောင်ချက်ပေါ်အခြေခံသော ပညာရေးစနစ်ဖြစ်ပေါ်လာခြင်းသည် ကျောင်းသားများ၏ အရည်အချင်းနှင့် ဉာဏ်ရည်ဉာဏ်သွေးများ နိမ့်ကျသွားစေခဲ့ကြောင်း ပညာရေးကျွမ်းကျင်သူများက ဝေဖန်ထောက်ပြကြသည်။

“အခုက စာမေးပွဲများများအောင်ရင် အဲ့ဒီကျောင်းက ကောင်းတယ်လို့ ယူဆတဲ့ခေတ် ဖြစ်နေတာကို။ အောင်ချက်မြင့်မားရေးဆိုပြီး လုပ်ကြတယ်။ ဘာ ဖြစ်လို့ အောင်ချက်မြင့်မားလာတဲ့ ကျောင်းသားတွေက ကမ္ဘာမှာနိမ့်ကျနေတာလဲ။ အဆင်းရဲဆုံးနိုင်ငံစာရင်းထဲ ရောက်နေတာကို အောင်ချက် မြင့်မားရေးက ဘာလို့ထိပ်တန်းရောက်အောင်မလုပ်ပေးနိုင်တာလဲ။ ဒီအောင်ချက်မြင့်မားရေးကို သွားလုပ်ရင်းနဲ့ အကုန်လုံးက ဖွတ်သထက် နစ်လာပါတယ်”ဟု ဒေါက်တာခင်မောင်ညိုက ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင်ပြောသည်။

စာ(၂၂)သို့



ကျောင်းဆင်း၍ အိမ်ပြန်နေကြသော ကျောင်းသူအချို့

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ရန်ကုန်အဝေးသင်တက္ကသိုလ် အွန်လိုင်း ဥပဒေဒီပလိုမာသင်တန်း စတင်ဖွင့်လှစ်

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ-၁၂**

ရန်ကုန်အဝေးသင်တက္ကသိုလ်၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဥပဒေပညာရပ်သင်ယူလိုသူများအတွက် အွန်လိုင်းမှ လေ့လာရမည့် ဘွဲ့လွန်ဥပဒေဒီပလိုမာသင်တန်းကို နိုဝင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆယ်လကြာမြင့်မည့် သင်တန်းအတွက် ဘွဲ့တစ်ခုရရှိထားသူများ တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်ငါးသိန်း၊ မှတ်ပုံတင်ကြေးကျပ်တစ်သောင်းနှင့် စာမေးပွဲကြေးကျပ်သုံးသောင်းပေးသွင်းရမည်ဖြစ်သည်။

“ဥပဒေပညာကို အကြောင်းအမျိုးမျိုးကြောင့် မသင်ယူလိုက်ရတဲ့သူတွေ ဗဟုသုတရဖို့ ရည်ရွယ်ပါတယ်။ ယာယီအားဖြင့်ကတော့ သင်တန်းသား ၅၀ သတ်မှတ်ထားပြီးနောက်ပိုင်းမှာ တိုးခေါ်ဖို့ အစီအစဉ်ရှိပါတယ်။ သင်တန်းကို တစ်နှစ်တစ်ကြိမ် ဖွင့်လှစ်သွားမှာပါ” ဟု ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဌာနမှူး ဖြစ်သူကပြောသည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ရုပ်မြင်သံကြားရိုက်ကူးရေးစတူဒီယိုတွင် ရိုက်ကူးထားသော သင်ခန်းစာများကို www. yude-online.com.mm မှတစ်ဆင့် သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့် အင်တာနက်ချိတ်ဆက်ထားသော ကွန်ပျူတာကို အသုံးပြု၍ သင်ခန်းစာများ ဖတ်ရှုလေ့လာခြင်း၊ လေ့ကျင့်ခန်းနှင့် လက်တွေ့များ ဖြေဆိုခြင်း ဆောင်ရွက်ရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်အနေဖြင့် အွန်လိုင်းဒီပလိုမာသင်တန်းကို ပထမဆုံးအကြိမ် ဆောင်ရွက်နိုင်ခြင်းဖြစ်ပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သည် ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်းကို အွန်လိုင်းမှတစ်ဆင့် သင်ကြားပို့ချလျက်ရှိသည်။

# သီးခြားဆေးတက္ကသိုလ်ဝင်ခွင့်အစီအစဉ်အတွက် ကျောင်းသား ၃၄ ဦးရွေးချယ်

**နေလင်းထွန်း**

**ရန်ကုန်၊**

**အောက်တိုဘာ - ၉**

ဆေးတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ခွင့်အတွက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် သွားလာရေးနှင့်လူမှုရေး ခက်ခဲသောဒေသများမှ ကျောင်းသား ၃၄ ဦးကို ရွေးချယ်လိုက်ကြောင်း ဆေးသိပ္ပံပညာဦးစီးဌာနမှ သတင်းရရှိသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများနှင့် သွားလာရေးနှင့် လူမှုရေး ခက်ခဲသောဒေသများမှ ကျောင်းသားများအတွက် ဆေးတက္ကသိုလ် တက်ရောက်ပညာသင်ခွင့်အစီအစဉ်ကိုယခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသား ၂၀၀ နီးပါးလျှောက်ထားခဲ့ကြကြောင်းသိရသည်။

“ဒီနှစ်အတွက် ရွေးချယ်ထားတဲ့ ကျောင်းသားအများစုက မကွေးဆေးတက္ကသိုလ်မှာ တက်ရောက်ရမှာဖြစ်ပါတယ်။ အမှတ်ကိုတော့ ပြောလို့မရပါဘူး။ မူနဲ့ကိုက်ညီတဲ့သူတွေထဲက ရွေးချယ်လိုက်တာပါ”ဟု ဆေးသိပ္ပံပညာဦးစီးဌာနမှ တာဝန်ရှိသူကပြောသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုဖြစ်သော နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ ဒေသများနှင့် ဒေသစရိတ် ခံစားခွင့်ပြုထားသော ဒေသများတွင် အမြဲနေထိုင်ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့်အောင်မြင်ထားသောကျောင်းသားများကိုဆေးတက္ကသိုလ်တက်ရောက်ခွင့်ပြုရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ဆေးတက္ကသိုလ်ဝင်ခွင့်အတွက် သီးခြားလျှောက်ထားရသောအစီအစဉ်တွင် ရွေးချယ်ခံရသော ကျောင်းသားများအနေဖြင့် ဆေးပညာသင်ယူပြီးဆုံးပါက မိမိဒေသတွင် ငါးနှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ရန် သတ်မှတ်ထားသည်။

**သတ္တမအကြိမ်မြောက်**

**မော်လမြိုင် GTI, GTC, TU အာစရိယပူဇော်ပွဲနှီးဆော်ခြင်း**

**ကျောင်းသား/သူဟောင်းများ သိသာပါရန်**

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်၊ တနင်္ဂနွေနေ့ နံနက်(၈)နာရီမှ (၁၂)နာရီထိ “အာစရိယပူဇော်ပွဲအခမ်းအနား” အား မော်လမြိုင်နည်းပညာတက္ကသိုလ် ရွှေဟသာခန်းမဆောင် (ယခင် ပုံဆွဲပညာရပ်စာသင်ခန်းမ) တွင် အစဉ်အလာမပျက် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ ကျောင်းသားဟောင်းများအား ဆက်သွယ်စုံစမ်း မေးမြန်းလှူဒါန်း အကြံပေးနိုင်ပါသည်။ လိုက်ပါမည့် အပူဇော်ခံ ဆရာ/ဆရာမများနှင့် ကျောင်းသားဟောင်းများအား ရန်ကုန်မှ မော်လမြိုင် အသွား/အပြန်ခရီးစဉ် စီစဉ်ပေးပါမည်။ အသေးစိတ်ခရီးစဉ်အား ထပ်မံကြော်ငြာပါမည်။

| | | | | | |
|---|---|---|---|---|---|
| ၁။ ဦးကြည်ဇင် | 85/MT | 095151160 | ၇။ ဦးမိုးဇော်ထွန်း | 91/MP | 095092105 |
| ၂။ ဦးစိုးမြင့်သိန်း | 86/MP | 09450039024 | ၈။ ဒေါ်သင်းသင်းအောင် | 93/C | 098622280 |
| ၃။ ဦးခင်မောင်ကြည် | 87/MP | 0973036823 | ၉။ ဒေါ်ဇင်မာထွန်း | 99/EC | 09420070756 |
| ၄။ ဦးသူရ | 87/MT | 095177264 | ၁၀။ ဦးမြတ်ကြည်စိုး | 2000/MP | 09450046665 |
| ၅။ ဦးမြတ်ထွန်း | 93/EP | 098702057 | | | |
| ၆။ ဦးဟန်မြင့်ထွန်း | 87/MT | 09630736 | ၁၁။ ဒေါ်ထက်ထက်မြတ် | 2007/C | 0921043610 |

**ဒုတိယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း**

**AGTI (CIVIL) 1994, INSEIN**

ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားအား (8-12-2012) ရက် အမျိုးသားနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလိုပါသဖြင့် ကျောင်းသား/ကျောင်းသူ သူငယ်ချင်းများအားလုံး မပျက်မကွက်အမြန်ဆုံး ဆက်သွယ်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| Section (A) | ဆက်သွယ်ရန် | Section (B) |
|---|---|---|
| ဦးကိုကိုသက် | | ဦးအောင်ဇော်မြင့် |
| 09-5045040 | | 09-5190779 |
| ဦးထိပ်တင်ဟန်လင်း | | ဦးဝင်းနိုင်ဦး |
| 09-49233295 | | 09-5022180 |
| ဒေါ်ခင်မိုးအေး | | ဒေါ်နွယ်နီထွန်း |
| 09-43206932 | | 09-8573046 |
| ဦးဇော်လွင်မိုး (S'pore) | | ဒေါ်သီတာဝင်း |
| (+)65-91125183 | | 09-5014882 |

**တေဇ(၂၅) သူငယ်ချင်းများ**

တေဇ(၂၅) ကျောင်းဆင်းညီနောင်တွေရဲ့ (၁၄)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ တွေ့ဆုံပွဲကို (၂၇-၁၀-၂၀၁၂)ရက်နေ့ ညနေ(၆း၀၀)နာရီမှာ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်နားမှာရှိတဲ့ M-3 Food Center ဆိုင်လေးမှာ စီစဉ်ထားတယ်။ ကျဆုံး/ကွယ်လွန်သွားကြတဲ့ ဒို့သူငယ်ချင်းတွေကို ရည်စူးတဲ့လှူဒါန်းမှုကို (၃၀-၁၀-၂၀၁၂)ရက်နေ့မှာ လှူဒါန်းနိုင်ဖို့ စီစဉ်ထားတဲ့အတွက် အသေးစိတ်ကိုတော့ တွေ့ဆုံပွဲမှာပဲ တိုင်ပင်ကြရအောင်။

တွေ့ဆုံပွဲကို မိသားစုနှင့်တကွ တက်ရောက်ပေးဖို့ဖိတ်ခေါ်ပါတယ်. . .

**ဆက်သွယ်ရန်**

(နေပြည်တော်) ညွန့်ဝင်းနိုင်
09-8302943
ဇော်မင်း - 09-49275262

(ရန်ကုန်) ကျော်စိုးမင်း
09-5559770
ဥက္ကာကို -09-430 79291
ကျော်လင်းထွေး
09-43138686

7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

## စာ-၂၁၊ ရမှတ်အတွက်သာ စာသင်ကြသောအခါ မှ

စာသင်ကျောင်းများတွင် နှုတ်တိုက် အလွတ်ရွတ်ဆိုရသော သင်ကြားမှုကို အလေးထားနေမှု၊ စာမေးပွဲအောင်ရေးနှင့် အမှတ်ကောင်းရရေး အလေးပေးနေမှုတို့သည် မြန်မာ့ပညာရေးလောက၌ နှစ်ပေါင်းများစွာ စွဲမြဲနေခဲ့ပြီဖြစ်သည်။

သင်ခန်းစာများကို အလွတ်ကျက်မှတ်ဖြေဆိုရသော ပညာရေးစနစ်အစား စဉ်းစားဆင်ခြင်မှု၊ တွေးခေါ်ကြံဆမှု၊ ဝေဖန်သုံးသပ်မှုဆိုင်ရာ အရည်အသွေးများ မြင့်မားလာစေသော ပညာရေးစနစ်တစ်ခု ဖြစ်ပေါ်လာစေရန် ပြုပြင် ပြောင်းလဲမှုများလိုအပ်နေပြီဖြစ်သည်။

“ကလေးတွေ သင်နေတဲ့ ပညာရေးက သူတို့ဘဝမှာ အသုံးကျတဲ့ ပညာဖြစ်သင့်တယ်။ သူတို့ဘဝတက်လမ်းအတွက် မျှော်လင့်ချက်ရှိတဲ့ ပညာရေးဖြစ်သင့်တယ်။ အခု ပညာရေးက အမှတ်ဘယ်လောက်ရလဲ၊ ဂုဏ်ထူးဘယ်လောက်ထွက်သလဲဆိုတဲ့အပေါ် တိုင်းတာနေတဲ့အတွက် အရည်အချင်းပြည့်တဲ့ပညာရေးကိုမရဘူး။ ကျွန်တော် ဆိုလိုတာက ကလေးတွေကျောင်းလာတက်တယ်ဆိုတဲ့ ရည်ရွယ်ချက်က စာအုပ်ထဲမှာပါတဲ့ စာတွေကို အလွတ်ရွတ်ဖို့မဟုတ်ပါဘူး။ ဒီနေ့ ဖြစ်နေတဲ့ ပညာရေးက စာအုပ်ထဲမှာ ပါတဲ့စာကို အလွတ်ကျက်တယ်၊ အလွတ်ဖြေတဲ့ စနစ်ဖြစ်နေတယ်။ ကလေးတွေ ကျောင်းလာနေတယ်ဆိုတာက အသိဉာဏ်မြင့်မားဖို့ပါ။ ကျွန်တော်တို့ရဲ့ သင်ကြားရေးက ကလေးတွေရဲ့ အသိဉာဏ်မြင့်မားမှုကိုပေးတဲ့ ပညာရေးဖြစ်ရမယ်။ ကလေးတွေက စဉ်းစားဆင်ခြင်နိုင်စွမ်းရှိရမယ်။ မှားတယ်၊ မှန်တယ် ဆုံးဖြတ်နိုင်စွမ်းရှိရမယ်။ လုပ်သင့်၊ မလုပ်သင့် ပိုင်းခြားဝေဖန်သုံးသပ်တတ်ရမယ်။ ခေတ်စနစ်ကိုဝေဖန်ထောက်ပြနိုင်တဲ့ ကျောင်းသားလူငယ်တွေ ဖြစ်ရမယ်။ အဲ့ဒီလို အရည်အချင်းပေးတဲ့ ပညာရေးပဲဖြစ်သင့်တယ်” ဟု ပညာရေးသုတေသီ ဒေါက်တာသိန်းလွင်ကပြောသည်။

အဖက်ဖက်မှ နိမ့်ကျနေသော မြန်မာ့ပညာရေးစနစ်ကို နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်သို့ပြန်လည်မြှင့်တင်နိုင်ရန် အဓိကအချက်အနေဖြင့် ပညာသင်ကြားမှုပုံစံနှင့် စာမေးပွဲစစ်ဆေးမှုပုံစံတို့ကို မဖြစ်မနေပြောင်းလဲရတော့မည်ဖြစ်သည်။

စိန်ခေါ်မှုအနေဖြင့် ဆရာ၊ ဆရာမများ၏ အရည်အသွေးကိုမြှင့်တင်ပေးရန်၊ ရာထူးတိုး ပြောင်းရွှေ့မှုစနစ်ကြောင့် သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်ဆရာ၊ဆရာမများ ဆုံးရှုံးနေရမှုကို ပြန်လည်ဆန်းစစ်ရန်၊ ကျောင်း သား၊ ဆရာအချိုး ကွာဟချက်ကြီးထွားနေမှုကို ဖြေရှင်းရန်၊ စာသင်ချိန်နှင့် သင်ရိုးမမျှမတ ဖြစ်နေခြင်းကို ကုစားရန်၊ အခြေခံပညာအဆင့်အလိုက် ဘာသာရပ်များတွင် အခြေခံတတ်ကျွမ်းမှု (BLC)အတွက် ရေးဆွဲသတ်မှတ်ပေးရန်၊ ဆရာ၊ ဆရာမများ၏ လူမှုဘဝများကိုပြန်လည်မြှင့်တင်ပေးရန် စသည်တို့ကို ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က ပညာရေးဝန်ကြီးဌာန၏ ဝန်ထုပ်ဝန်ပိုးကြီးမားနေမှုကို ဖြေလျှော့ပေးရန် ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ပေးထားသော်လည်း ပုဂ္ဂလိကပညာရေးလုပ်ငန်းအများစုတွင် အသွင်သစ်ပညာရေးပုံစံ ဆောင်ရွက်နိုင်မှုကို မြင်တွေ့ရခြင်း မရှိသေးကြောင်း အခြေခံပညာဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

“ငွေကြေးတတ်နိုင်တဲ့ ကျောင်းသားတွေကို အရည်အသွေး မြင့်မားစွာနဲ့ သင်ကြားနိုင်အောင် နိုင်ငံတော်က ကိုယ်ပိုင်ကျောင်းတွေ ဖွင့်ပေးတာပါ။ ဆယ်တန်းအောင်တဲ့အခါ အမှတ်ကောင်းအောင်လို့ ဖွင့်ပေးတာ မဟုတ်ပါဘူး။ အခု ကျူရှင်ရော၊ ဘာသာရပ်သင်တန်းတွေရောက ကျောင်းအပ်မယ်ဆိုရင်အောင်ချက် ဘယ်လောက်ရှိတယ်ဆိုပြီး ကြော်ငြာတယ်။ ဘာသာရပ်သင်ကျောင်းပဲဖြစ်ဖြစ်၊ ကျူရှင်ပဲဖြစ်ဖြစ် စာတတ် အောင်သင်ရမှာဖြစ်သလို စိတ်ဓာတ်ကောင်းအောင်လည်း သင်ဖို့လိုပါတယ်” ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

စာမေးပွဲစနစ် ကြီးစိုးမှုကြောင့် ဓားစာခံဖြစ်သွားသူများမှာ ကျောင်းသား၊ ကျောင်းသူများဖြစ်နေပြီး အလွတ်ရွတ်ဆို ကျက်မှတ်ရသောစနစ်ကြောင့် စဉ်းစားဆင်ခြင်နိုင်စွမ်း၊ ဝေဖန်သုံးသပ်နိုင်စွမ်း၊ တွေးခေါ်ကြံဆနိုင်စွမ်းများနိမ့်ကျသွားခဲ့ကြသည်။

ထို့ပြင် စာမေးပွဲတွင် အမှတ်ကောင်းရရှိစေရန် ပင်ပန်းကြီးစွာ စာကျက်မှတ်ရခြင်းနှင့် စာမေးပွဲရမှတ်ပေါ် အခြေခံဆုံးဖြတ်သော တက္ကသိုလ်ဝင်ခွင့်စနစ်ကြောင့် မိမိဝါသနာမပါသော ဘာသာရပ်များကို လေ့လာသင်ယူနေရခြင်းတို့ဖြင့် ကြုံတွေ့နေကြရသည်။

“ကလေးက ကြက်တူရွေးစာကျက်နေရသလိုပါပဲ။ နေ့တစ်ဝက် ကျောင်းက ပြန်လာရင် ခဏအိပ်ပြီး ၂ နာရီဆို ကျူရှင်သွား၊ ည ၉ နာရီပြန်ရောက်၊ ည ၁၁ ခွဲ၊ ၂ နာရီလောက်ထိ စာကျက်ရတယ်။ ကလေးလည်း တအားပင်ပန်းတယ်။ မိဘလည်းပင်ပန်းတယ်။ သူတက်ချင်တာက ဝိုင်တီယူ(ရန်ကုန်နည်းပညာတက္ကသိုလ်)၊ ဆေးကျောင်းလည်း မတက်ချင်ဘူးတဲ့။ အခု သူ့အမှတ်မီတာက ရေကြောင်းဖြစ်သွားတာပေါ့” ဟု တက္ကသိုလ်ဝင်တန်းစာမေးပွဲ ရမှတ် ၄၉၈ ဖြင့် အောင်မြင်ထားသော ဒဂုံမြို့နယ်မှ ကျောင်းသူတစ်ဦး၏ မိခင်ကပြောသည်။

# အခြေခံပညာအဆင့်တွင် အတန်းစဉ်အလိုက် ကျောင်းပျက်၊ ကျောင်းထွက်မှုနှုန်း မြင့်မားနေ

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ-၁၂**

အခြေခံပညာအဆင့် အတန်းစဉ်အလိုက် ပညာသင်နှစ်အတွင်း ကျောင်းပျက်၊ ကျောင်းထွက်နှုန်းများပြားနေပြီး မူလတန်းပညာသင်ယူပြီးမြောက်ရေးအတွက် ကျောင်းနေမြဲရေးလုပ်ငန်းသည် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း အခြေခံပညာကဏ္ဍ၊ မသင်မနေရ မူလတန်းပညာရေးလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေးစာတမ်းတွင် ဖော်ပြထားသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မူလတန်းအဆင့် အသားတင်ကျောင်းနေနှုန်းမှာ ၈၄ ဒသမ ၆၀ ရာခိုင်နှုန်းအထိ ရှိနေသော်လည်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ်၊ မူလတန်းအဆင့် သင်ယူပြီးမြောက်မှုနှုန်းမှာ ၆၈ ဒသမ ၆ ရာခိုင်နှုန်းသာ ရှိနေကြောင်း ယင်းစာတမ်းတွင် ဖော်ပြထားသည်။

“ကျောင်းဖွင့်စမှာ ကျောင်းအပ်နှံရေးအတွက် ပြည်သူလူထုတွေ၊ စေတနာရှင်တွေက လှူကြတယ်။ ဒါပေမဲ့ ကျောင်းဖွင့်ပြီး တစ်လ၊ နှစ်လကြာလို့ရှိရင် အကြောင်းအမျိုးမျိုးနဲ့ပြန်ထွက်သွားကြတယ်။ ဝင်စတုန်းကတော့ အားနဲ့မာန်နဲ့ ဝင်ကြတယ်ပေါ့။ နောက်ပိုင်းကြတော့ စီးပွားရေးခက်ခဲတာရယ်။ မိသားစုအဆင်မပြေတာတွေကြောင့် တစ်ချို့ကလေးတွေက ကျောင်းမပြီးဆုံးမီ ထွက်သွားကြတယ်” ဟု အခြေခံပညာဦးစီးဌာနတစ်ခုမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

မူလတန်းကျောင်းများ၏ ၃၀ ရာခိုင်နှုန်းသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသ (သို့မဟုတ်) ရာသီဥတုပြင်းထန်သော ဒေသများတွင် တည်ရှိနေခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူနှင့် ဆရာ၊ ဆရာမများ ကျောင်းပျက်ကွက်မှုများနေကြောင်း သိရသည်။

ကျောင်းသားများ ကျောင်းနေမြဲစေရန် မိဘများ ပူးပေါင်းပါဝင်ဆောင်ရွက်လာရေး ရှင်းလင်းဆွေးနွေးပညာပေးမှုမှာ အားနည်းနေဆဲဖြစ်ပြီး ကျန်းမာရေး၊ စီးပွားရေးအခြေအနေ အမှန်တကယ်ချို့တဲ့သော ကလေးများအတွက် သီးခြားထောက်ပံ့ပေးရန် လိုအပ်နေသည်။

ကျောင်းနေအရွယ် ကလေးငယ်များအားလုံး မူလတန်းပညာသင်ယူပြီးမြောက်သည်အထိ ကျောင်းမှန်မှန်တက်ရောက်နိုင်ရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ စေတနာရှင်၊ အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ရန် အထက်ပါ စာတမ်းတွင် ဖော်ပြထားသည်။

“ကျောင်းနေမြဲဖို့ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးတွေက ကျောင်းသားတွေ လျော့မကျသွားအောင် ဂရုစိုက်ရမယ်။ ကျောင်းသားမိဘနဲ့ သွားဆွေးနွေးရမယ်။ စားဝတ်နေရေးလား၊ စီးပွားရေးလား၊ ကျန်းမာရေးလား၊ ငွေကြေးကြောင့်လား။ အဲဒီလိုဆိုရင် ငွေကြေးတာဝန်ယူနိုင်မယ့် အလှူရှင်ရှာပြီးတော့ ကျောင်းသားကျောင်းပြန်လာနိုင်အောင် စည်းရုံးရမယ်။ ပညာရေးဌာနတစ်ခုတည်း လုပ်လို့တော့မရဘူး။ အရပ်ဘက်ဆိုင်ရာ လူ့အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေနဲ့ပြည်သူတွေ ကိုယ်တိုင်ပါမှ ဖြစ်မယ်” ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

မြန်မာနိုင်ငံတွင် ကျောင်းမသွားနိုင်သော ကလေးအရေအတွက် မြင့်မားနေပြီး ယင်းကိစ္စနှင့်ပတ်သက်၍ အစီအစဉ်လုပ်ငန်းများ အကောင်အထည်ဖော်ရန် ရည်ရွယ်ထားကြောင်းနှင့် မကြာမီ လုပ်ကိုင်နိုင်ရန် မျှော်လင့်ထားကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားထားသည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ်နှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တက်ရောက်ပညာသင်ယူခဲ့သော ကျောင်းသားအင်အားစာရင်း၌ မူလတန်းအဆင့် ကျောင်းသားများ၏ အလယ်တန်းအဆင့်သို့တက်ရောက်နိုင်မှုမှာ ၄၄ ရာခိုင်နှုန်းနှင့် အထက်တန်းအဆင့်သို့တက်ရောက်နိုင်မှုမှာ ၁၃ ရာခိုင်နှုန်းရှိနေသည်။

အဆိုပါ ပညာသင်နှစ်များတွင် တစ်နိုင်ငံလုံးရှိ သူငယ်တန်း၌ ကျောင်းသားတစ်သန်းကျော်တက်ရောက်ခဲ့ကြသော်လည်း အတန်းစဉ်အလိုက် ကျောင်းသားတက်ရောက်မှု တဖြည်းဖြည်းလျော့ကျသွားခဲ့ပြီး ဒသမတန်း၌ ကျောင်းသားသုံးသိန်းနီးပါးသာ ကျန်ရှိတော့ကြောင်း ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်သောစာရင်းဇယားအရ သိရသည်။

## ဂျာမနီသံရုံးတွင် ဂျာမန်ဘာသာစကားနှင့် ယဉ်ကျေးမှုဌာန ဖွင့်လှစ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ-၁၂**

ဂျာမန်ဘာသာစကား သင်ကြားရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မည့် ဂိုသီအင်စတီကျု့ဒ် (Goethe Institute)ကို လာမည့်နှစ် အစောပိုင်းတွင် ပြန်လည်တည်ထောင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဂျာမန်သံရုံးက သတင်းထုတ်ပြန်ထားသည်။

ဂျာမန်ဘာသာစကား သင်ကြားခြင်းနှင့် ဂျာမန်ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းအကြောင်း သတင်းအချက်အလက်များ ဝေမျှနေသော ဂိုသီအင်စတီကျု့ဒ်သည် ၁၉၆၅ နောက်ပိုင်း ရန်ကုန်မြို့မှ ရုပ်သိမ်းသွားခဲ့သည်။

ယခုအခါ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ၎င်းဌာနပြန်လည်ဖွင့်လှစ်နိုင်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ “ဇန်နဝါရီလောက် ဖွင့်နိုင်ဖို့ ကြိုးစားနေတယ်။ မဟုတ်ရင်လည်း မတ်လလောက်ပေါ့။ အရင်ဆုံးတော့ ဂျာမန်ဘာသာစကားသင်တန်းကို ဖွင့်လှစ်သွားမှာပါ။ သင်တန်းကြေးကလည်း လူများစု တတ်နိုင်အောင် စီစဉ်ထားပါတယ်” ဟု ဂျာမနီသံရုံး သတင်းနှင့် ပြန်ကြားရေးဌာနမှ တာဝန်ရှိသူကပြောသည်။

ကမ္ဘာတစ်ဝန်းနိုင်ငံများတွင် ရုပ်ရှင်၊ ဂီတ၊ ပြဇာတ်၊ အနုပညာစသည့်ကဏ္ဍများနှင့် ဂျာမန်ဘာသာစကားသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေသော ဂိုသီအင်စတီကျု့ဒ် ပြန်လည်ဖွင့်လှစ်ခြင်းသည် မြန်မာအစိုးရ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုခြင်းလည်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အမေရိကန်သံရုံးမှ အမေရိကန်စင်တာ၊ ဗြိတိသျှသံရုံးမှ ဗြိတိသျှကောင်စီနှင့် ပြင်သစ်သံရုံးမှ ပြင်သစ်ယဉ်ကျေးမှုဌာနတို့ကို ဖွင့်လှစ်၍ ကျောင်းသားများအတွက် ပညာရေးအခွင့်အလမ်းများ ဆောင်ရွက်လျက်ရှိပြီး ဂျာမနီသံရုံးမှ ဂိုသီအင်စတီကျု့ဒ်သည်လည်း ဂျာမန်ဘာသာစကားနှင့် ယဉ်ကျေးမှုလေ့လာလိုသော ကျောင်းသားများအတွက် အခွင့်အလမ်းသစ် ဖြစ်လာနိုင်သည်။

**168 ကရဏာတိုင်းရင်းဆေးကုခန်း**

**အဆစ်အမျက်၊ ကြွက်သားနှင့် လေးဘက်နာရောဂါ**

လေးဘက်ထုံကျင်ခြင်း၊ အရေပြားအောက် အဖုအကျိတ်ဖြစ်ခြင်း၊ အဆစ်အမျက်ကိုက်ခဲခြင်းနှင့် ခန္ဓာကိုယ်တွင်း ယူရစ်အက်ဆစ်ရှိသင့်သည့် ပမာဏထက်များလျှင် အဆစ်မြစ်ရောင်ရမ်းမှုကြောင့် နာကျင်ကိုက်ခဲခြင်းစသော လေးဘက်နာဝေဒနာများ၊ ကြွက်သားများကျုံ့လို့ခြင်း၊ မှမမှန်ခြင်းတို့ကြောင့် အာရုံကြောများပေါ် ဖိမိပြီး ခြေလက်ချောင်းများ၊ ခါးရိုး၊ ဒူးဆစ်၊ ခြေဆစ်၊ ခြေဖဝါး၊ ခြေမျက်စိစသော အစိတ်အပိုင်းများ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲသော အဆစ်အမျက်ကိုက်ခဲခြင်းဝေဒနာများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းတချို့တွင် အဖုအကျိတ်ပေါ်ပေါက်ခြင်း၊ ခန္ဓာကိုယ်အတွင်း နေရာအနှံ့ သွေးလည်ပတ်မှုမမှန်ခြင်းသည်လည်း အဆစ်မြစ်ကိုက်ခဲမှုဝေဒနာကို ဖြစ်စေနိုင်ပါသည်။ တိုင်းရင်းသမားတော်သည် အဆင့်မြင့် အစွမ်းထက်သော ဆေးတို့ဖြင့် ခန္ဓာကိုယ်အတွင်းအနှံ့သွေးလေလည်ပတ်မှုကောင်းစေခြင်း၊ အကြောအခြင်များပွင့်စေခြင်းဖြင့် နာကျင်ကိုက်ခဲမှုဝေဒနာကို လျှင်မြန် သက်သာပျောက်ကင်းစေပါသည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။

**ကြာသပတေးနေ့တိုင်းပိတ်သည်။**

**အမှတ်(၇၅)၊ နိုင်ရွှေဝါလမ်း၊ ဗဟိုလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၁-၅၀၁၉၇၇၊ ၀၉-၇၃၀၈၃၀၂၂**

**ကုသချိန်-နေ့လည် ၁၂း၃၀ မှ ည ၇း၃၀ ထိ**

**<u>ဝန်ထမ်းအမြန်အလိုရှိသည်။</u>**

Asia Metal Group of Companies ၏ စက်ရုံ၊ အလုပ်ရုံများနှင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင်လုပ်ကိုင်ရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

**Safety Officer** — **Male (10)Post**

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။
- အင်္ဂလိပ်စာအသင့်အတင့်ရေးနိုင်၊ဖတ်နိုင်၊ပြောနိုင်ရမည်။
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ဆိုင်သောကိစ္စရပ်များကို စိတ်ပါဝင်စားသူဖြစ်ရမည်။(အတွေ့အကြုံရှိသူကိုဦးစားပေးမည်။)
- Computer အသုံးပြုနိုင်သူဖြစ်ရမည်။
- ဆောက်လုပ်ရေးနှင့်စက်ရုံအလုပ်ရုံပိုင်းတွင်စိတ်ပါဝင်စား၍စကားပြောပြေပြစ်ကောင်းမွန်မှုရှိရမည်။
- နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အသက်(၂၅)နှစ်နှင့်(၄၀)နှစ်ကြားဖြစ်ရမည်။

(လျှောက်ထားလိုသူများသည် (၂၀.၁၀.၂၀၁၂)ရက်နေ့နောက်ဆုံးထား၍ကိုယ်ရေးရာဇဝင်၊ ဓါတ်ပုံ (၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊အလုပ်သမားမှတ်ပုံတင်မှုရင်း၊ရပ်ကွက်ထောက်ခံစာမူရင်း၊အကျင့်စာရိတ္တကောင်းမွန်ကြောင်းရဲစခန်းထောက်ခံစာမူရင်းတို့နှင့်အတူ Asia Metal Group of Companies အမှတ်(၁၀၆)၊ ဝန်းသဲခေါင်းမောင်စက်လမ်း၊စက်မှုဇုန်(၄)၊ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့သို့လျှောက်ထားနိုင်ပါသည်။ ဖုန်း - ၀၁ ၆၁၀၁၃၇)

## မြန်မာပညာရှင်များရေးဆွဲသော ''တက်ပြား'' မိုဘိုင်းဂိမ်း ကစားသူများပြား

ယုဇနကိုကို

ရန်ကုန်၊ အောက်တိုဘာ-၁၃

မြန်မာကွန်ပျူတာပညာရှင်များ ရေးဆွဲထားသည့် "တက်ပြား" အမည်ရ မြန်မာဂိမ်းအမျိုးအစားသည် ကမ္ဘာကျော်အွန်လိုင်း စတိုးတစ်ခုဖြစ်သော Apple Store ပေါ်တွင် စတင် Download ရယူနိုင်သည့်နေ့မှ ရက်သတ္တပတ်ခန့်အတွင်း အသုံးပြုသူ တစ်သောင်းကျော်သွားပြီဖြစ်ကြောင်း ယင်းဂိမ်းကိုရေးဆွဲသည့် ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဦးအောင်စည်သူကျော်က ပြောသည်။



တက်ပြားဂိမ်းကိုဆော့ကစားနေသူတစ်ဦး ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

Android Platform စနစ်ရှိ မိုဘိုင်းဖုန်းများအတွက် ဦးဆုံးထွက်ရှိလာသည့် အဆိုပါ တက်ပြား အမည်ရှိဂိမ်းကို Android နှင့် iOS စနစ်အသုံးပြုသူ အများစုက ကြိုက်နှစ်သက်ကြပြီး Apple Store ပေါ်တွင် ရယူသုံးစွဲလာသူ အရေအတွက်မှာ တစ်ပတ်အတွင်း အရေအတွက် တစ်သောင်းကျော် လာရခြင်းဖြစ်ကြောင်း ယင်းဂိမ်းသုံးစွဲနေသည့် မြန်မာလူငယ်အချို့က ဆိုသည်။

"မြန်မာတွေဆွဲထားတဲ့ ဂိမ်းဆိုတော့ ကစားတဲ့နေရာမှာ ပိုကောင်းပါတယ်။ ကစားရတာ ကြိုက်ပါတယ်။ ဒါပေမဲ့ ဂိမ်းထဲမှာ နောက်ထပ် Feature အသစ်တွေ ထပ်ထည့်ပေးရင်ကောင်းမယ်။ ဥပမာ ဝတ်စုံအသစ်တွေ ဝယ်လို့ရတာမျိုးပေါ့။ နောက်ပြီးတော့ သူ့ရဲ့ Graphic က နည်းနည်းကြမ်းသေးတယ်။ နောက်ထပ်ထွက်မယ့် ဗားရှင်းတွေမှာ ပိုကောင်းလာမယ်လို့ ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာပညာရှင်တွေ ဒီလိုထိုးဖောက်လာတာ အရမ်းကောင်းပါတယ်" ဟု တက်ပြားဂိမ်းကို Apple Store ပေါ်တွင် download ရယူအသုံးပြုနေသူ အမျိုးသားတစ်ဦးက ပြောသည်။

နိုင်ငံတကာအရပ်ရပ်ရှိမြန်မာများ ကစားနိုင်ရန်ရည်ရွယ်ချက်ဖြင့် ရေးဆွဲထားခဲ့သည့် တက်ပြား ဂိမ်းသည် 2D Platform ပေါ်တွင် အခြေခံရေးဆွဲထားခြင်းဖြစ်ပြီး ဂိမ်းတစ်ခုလုံးအား မြန်မာဘာသာဖြင့် ရေးဆွဲထားသည်။ ထို့အပြင် နောက်ခံတီးလုံးများကိုပါ မြန်မာ့ဆိုင်းဝိုင်းသံများဖြင့် ဖန်တီးထားခြင်းဖြစ်သည်။

အဆိုပါ ဂိမ်းအမျိုးအစားသည် Android နှင့် iOS Platform စနစ် မိုဘိုင်းဖုန်းများပေါ်တွင် ကစားနိုင်သည့် Temple Run နှင့် Jetpack ကဲ့သို့သော အချိန်ပြည့် ပြေးလွှားနေရပြီး ရွှေထုပ်၊ ငွေထုပ်များကို စံချိန်တင်အများဆုံး ရရှိနိုင်အောင် ကစားရသည့် နိုင်ငံတကာဂိမ်းအမျိုးအစားများနှင့် ဆင်တူသည်။

အဆိုပါဂိမ်းမှာ စင်ကာပူနိုင်ငံအခြေစိုက် Rival Edge Pte Ltd က ထုတ်လုပ်ထားသော ဂိမ်းဖြစ်သည်။

## ဂျီအက်စ်အမ်အင်တာနက်စနစ် သရီးဂျီအသုံးပြုနိုင်ရန် အဆင့်မြှင့်

ခိုင်ချို

ရန်ကုန်၊ အောက်တိုဘာ - ၁၂

ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများ၏ အင်တာနက်လိုင်းများ သရီးဂျီ (3G)အဖြစ် အသုံးပြုနိုင်ရန် အဆင့်မြှင့်တင်နေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဂျီအက်စ်အမ် အင်တာနက်လိုင်းတွေကို အဆင့်မြှင့်တင်နေပါတယ်။ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းတွေမှာ ခါတိုင်း သုံးနေကျနှုန်း 2.75 G ကို အနိမ့်ဆုံး 3 G အဖြစ် သုံးနိုင်အောင် အဆင့်မြှင့်တင်နေတာပါ။ WCDMA ဆို ဂျီအက်စ်အမ်မိုဘိုင်းဖုန်းထက် လိုင်းကောင်းမှာပါ။ ဗီဒီယိုကြည့်နိုင်တဲ့အထိရပါတယ်"ဟု ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာ့ဆက်သွယ်ရေးတွင် သုံးမည့် နည်းပညာပိုင်းမှာ အနိမ့်ဆုံး 3 G နှင့် 4 G ကိုသာ အသုံးပြုသင့်ကြောင်းနှင့် အသုံးပြုနိုင်ရန် ကြိုးစားလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်ကပြောကြားသည်။

"ဂျီအက်စ်အမ်လိုင်းတွေမှာ အင်တာနက်အဆင့်မြှင့်တင်တာတွေ ပြီးသွားရင်တော့ အရင်ကထက်အင်တာနက်မြန်နှုန်းကောင်းသွားမှာပါ။ ၂၀၁၃ မှာလည်း ဆီးဂိမ်းပြိုင်ပွဲက ရှိနေတော့ အင်တာနက်ဆက်သွယ်ရေးပိုင်းတွေမှာ အဆင့်မြှင့်တင်ဖို့ အများကြီးရှိနေပါတယ်"ဟု မြန်မာ့ဆက်သွယ်ရေးမှ အရာရှိတစ်ဦးကပြောသည်။

၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း ပြည်ပမှ ကုမ္ပဏီများက အင်တာနက်အဆင့်မြှင့်တင်ရန် နည်းပညာပိုင်းတွင် လာရောက်ကူညီမည့် ကုမ္ပဏီများရှိကြောင်းသတင်းရရှိသည်။

တရုတ်နိုင်ငံအခြေစိုက် ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Huawei ကုမ္ပဏီကလည်း ၂၀၁၃ ဆီးဂိမ်းကာလအတွင်း Video Conferencing အတွက် ဒေါ်လာသုံးသန်း ကူညီပံ့ပိုးမည်ဖြစ်ကြောင်း Huawei ၏ သတင်းထုတ်ပြန်ချက်များတွင်ဖော်ပြထားသည်။




## iPhone 5 ဝယ်လိုအား များနေဆဲ

ယုဇနကိုကို

ရန်ကုန်၊ အောက်တိုဘာ - ၁၃

အက်ပဲလ်က နောက်ဆုံးထုတ်လုပ်ထားသည့် iPhone 5 သည် ပြည်တွင်းဈေးကွက်အတွင်း ဝယ်လိုအားမြင့်တက်နေဆဲဖြစ်ပြီး တစ်ချိန်တည်းမှာပင် ၎င်း၏ ဈေးနှုန်းမှာလည်း တဖြည်းဖြည်းကျဆင်းလာကြောင်း ရန်ကုန်အခြေစိုက် မိုဘိုင်းဖုန်းဝန်ဆောင်မှုလုပ်ငန်းများထံမှသတင်းရရှိသည်။

နိုင်ငံတကာနည်းတူ ပြည်တွင်း၌လည်း စိတ်ဝင်စားမှုမြင့်တက်နေသည့် iPhone 5 သည် ပြည်တွင်းဈေးကွက်တွင်းသို့ စတင်ဝင်ရောက်စဉ်က ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတမှုကြောင့် တစ်လုံးလျှင် ကျပ် ၁၁ သိန်းကျော် အထိရှိခဲ့သည်။

သို့သော် ယခုလက်ရှိတွင် iPhone 5 ကို မိုဘိုင်းဖုန်းဆိုင်အများစု၌ ဝယ်ယူရရှိနိုင်ပြီဖြစ်၍ တဖြည်းဖြည်း ဈေးနှုန်းကျဆင်းလာပြီဟု မိုဘိုင်းဖုန်းဈေးကွက်စောင့်ကြည့်သူများက ဆိုကြသည်။

စာ(၂၄)သို့





အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်

အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။ ဆက်သွယ်ရန်ဖုန်းမှာ 01-703625, 09-73085653



# Tech

## အင်တာနက်ရေဒီယိုအစီအစဉ် ထုတ်လွှင့်ရန်စီစဉ်

**နေလင်းအောင်**

**ရန်ကုန်၊ အောက်တိုဘာ - ၁၃**

ပြည်တွင်းမှ အနုပညာရှင်အချို့ ပထမဦးဆုံး ဦးစီးထုတ်လွှင့်သည့် အွန်လိုင်းအင်တာနက်ရေဒီယိုအစီအစဉ်အား တရားဝင်ထုတ်လွှင့်နိုင်ရန်အတွက် ဂီတအစည်းအရုံးနှင့်ညှိနှိုင်းလျက်ရှိကြောင်းသတင်းရရှိသည်။

ဇူလိုင်လကုန်ခန့်မှစတင်၍ အင်တာနက်မှ စတင်လွှင့်တင်ခဲ့သည့် အင်တာနက်ရေဒီယိုသည် လက်ရှိတွင် စမ်းသပ်အဆင့်ဖြင့် ထုတ်လွှင့်လျက်ရှိသော်လည်း အင်တာနက်ရေဒီယိုဖြစ်သည့်အတွက် အနုပညာရှင်များသို့ ပေးရမည့်ခံစားခွင့်အား နှုန်းတစ်ခု သတ်မှတ်ရန်စီစဉ်နေကြောင်း ယင်းရေဒီယို၏ စီမံသူတစ်ဦးဖြစ်သူ တေးရေး ကိုသက်ဝင်းအောင်ကဆိုသည်။

"ပထမတော့ ကျွန်တော်တို့က စမ်းသပ်ကာလကို တစ်လလောက်သတ်မှတ်ထားတာ။ ကြားထဲမှာ ကိုမင်းချစ်သူက ဂီတအစည်းအရုံးနဲ့တော့ ညှိနေတုန်းပဲ။ အင်တာနက်က လွှင့်တာဆိုတော့ ဒီမှာလွှင့်တဲ့ အက်ဖ်အမ်တွေက ပေးတဲ့နှုန်းရဲ့ ထက်ဝက်လောက်နဲ့တော့ပေးလို့ရအောင်ညှိနေတယ်" ဟု ကိုသက်ဝင်းအောင်က ဆိုသည်။

အဆိုပါရေဒီယိုအစီအစဉ်အား ခြောက်နာရီစာ နှစ်ကြိမ်ခွဲ၍ ထုတ်လွှင့်လျက်ရှိပြီး တေးသီချင်းအချို့အား 7online နှင့် နားလည်မှုရယူထားသည့် အနုပညာရှင်များထံမှ တေးသီချင်းများ ထုတ်လွှင့်လျက်ရှိကြောင်း တေးရေးမင်းချစ်သူကပြောသည်။

ထိုအစီအစဉ်အား www.7onlineradio.com မှတစ်ဆင့် ရေဒီယိုပလေယာဒေါင်းလော့ဒ်ပြုလုပ်၍ ရယူနားဆင်နိုင်ပြီး Mobile Version ဖြစ်သည့် Android နှင့် IOS များတွင် ပါရှိနိုင်မည်ဟု ဆိုသည်။

7online ရေဒီယိုအားဖေ့စ်ဘွတ်ခ်မှလည်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဖေ့စ်ဘွတ်ခ်လိပ်စာမှာ www.facebook.com/7onlineradio ဖြစ်သည်။




## Galaxy S III Mini ဆမ်ဆောင်း မိတ်ဆက်

**ဆိုးလ်၊ အောက်တိုဘာ - ၁၃**

အက်ပဲလ်ကုမ္ပဏီက အသစ်ထုတ်လုပ်လိုက်သော iPhone 5 နှင့် မျက်နှာပြင်အရွယ်အစား တူညီပြီး ၎င်း၏ထိပ်တန်းဖုန်းဖြစ်သော Galaxy S III နှင့်အရည်အသွေးယှဉ်နိုင်သည့် ကျစ်ကျစ်လျစ်လျစ်ဖုန်းတစ်မျိုးကိုဆမ်ဆောင်းကမိတ်ဆက်လိုက်ကြောင်း သိရသည်။

Galaxy S III Mini သည် ပုံရိပ်အရည်အသွေးမြင့်မားပြီး ထိတွေ့မျက်နှာပြင် လေးလက်မကျယ်သည်။ ပုံမှန် Galaxy S III မျက်နှာပြင်မှာ ၄ ဒသမ ၈ လက်မကျယ်သည်။ သို့သော် ဓာတ်ပုံအတွက်မူ ပုံမှန် ၁၂၈၀ × ၇၂၀ ကို ၈၀၀ × ၄၈၀ သို့ လျှော့ချထားသည်။ ကင်မရာမှာလည်း 8mega pixals အစား 5 megapixals သာရှိပြီး ပရိုဆက်ဆာမှာလည်း 1.5 GHz အား 1GHz သို့အဆင့်လျှော့ထားသည်။

"ပိုပြီး လက်တွေ့ဆန်တဲ့ စမတ်ဖုန်းမျိုးလိုချင်တဲ့ သုံးစွဲသူတွေအတွက် အကောင်းဆုံး ရွေးချယ်စရာဖြစ်ပါလိမ့်မယ်"ဟုဆမ်ဆောင်း၏ ကြေညာချက်တစ်ရပ်တွင်ဖော်ပြထားသည်။

ဆမ်ဆောင်းက Galaxy S III Mini ကိုအောက်တိုဘာလ ၁၂ ရက်တွင် စတင်မိတ်ဆက်လိုက်သော်လည်း ဈေးနှုန်းနှင့် ရောင်းချမည့်ရက်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

Galaxy S III Mini၏ OS မှာမူ ပုံမှန် S III ကဲ့သို့ Android 4.1 Jelly Bean ပင်ဖြစ်ပြီး အသံမှတ်မိသော S Voice၊ မျက်နှာပြင်ကိုကြည့်နေစဉ် မီးလင်းနေသည့် Smart Stay စသောနည်းပညာစနစ်များ ပါဝင်မှုမှာ အတူတူပင်ဖြစ်ကြောင်း သိရသည်။

*—Ref: AFP*

### စာ(၂၃) - iPhone 5 ဝယ်လိုအား များနေဆဲ မှ

ပြည်တွင်းဈေးကွက်အတွင်း iPhone 5 ၏ ဈေးနှုန်းများသည် အမျိုးအစားပေါ်မူတည်ပြီး တစ်ပတ်လျှင် ကျပ်တစ်သောင်းမှ သုံးသောင်းဝန်းကျင်အထိ ပုံမှန်ကျဆင်းနေသည်။

"လက်ရှိ သူ့ရဲ့ ရောင်းအားက ကောင်းနေတယ်လို့ပြောလို့ရတယ်။ ဈေးကွက်ကို စစရောက်ချင်းကတော့ပိုပြီးကောင်းပါတယ်။ ဈေးနှုန်းက တစ်ပတ်ကို နှစ်သောင်းဝန်းကျင်လောက် ပြုတ်ပြုတ်ကျနေတယ်။ ဝယ်လိုအားက များနေတာ ဆိုတာရယ်၊ ကျွန်တော်တို့ ရောင်းတဲ့သူတွေကိုယ်တိုင် ဈေးကြီးနဲ့ ဝယ်ရတာတွေကြောင့် သူ့ရဲ့ ဈေးနှုန်းက တအားကွာနေတာပါ"ဟု Apple အမှတ်တံဆိပ်နည်းပညာပစ္စည်းများကို သီးသန့်ရောင်းချသည့် iNora မိုဘိုင်းမှ တာဝန်ရှိသူ ဦးထက်မြတ်အောင်ကပြောသည်။

အဆိုပါဖုန်းများ ပြည်တွင်းသို့ ထပ်မံဝင်ရောက်လာပါက ဈေးနှုန်း ပိုမိုကျဆင်းလာဦးမည်ဖြစ်ကြောင်း Apple အမှတ်တံဆိပ်နည်းပညာပစ္စည်းများကို သီးသန့်ရောင်းချသည့် iMotion မိုဘိုင်းမှ တာဝန်ရှိသူဖြစ်သော ဦးမင်းသန့်ကလည်း သုံးသပ်သည်။

ပြည်တွင်း၌မိုဘိုင်းဆက်စပ်ပစ္စည်းဈေးကွက်တွင် iPhone 5 မှာ လက်ရှိဈေးနှုန်းများမှာ 16GB ကို ကျပ်ကိုးသိန်းဝန်းကျင်၊ 32 GB ကို ကျပ်ဆယ်သိန်းဝန်းကျင်ခန့်နှင့် 64GB ကို ကျပ် ၁၁ သိန်းဝန်းကျင်ရှိသည်။

အမေရိကန်နိုင်ငံတွင် စက်တင်ဘာ ၂၁ရက်တွင်စတင်ရောင်းချသည့်ထိုဟန်းဆက်ဈေးနှုန်းများမှာ 16GB၊ 32 GB၊ 64GB တို့အတွက် ကန်ဒေါ်လာ ၆၄၉၊ ၇၄၉ နှင့် ၈၄၉ တို့ အသီးသီးဖြစ်သည်။




7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012



# ကြိုတင်ပြင်ဆင်သင့်သော အမျိုးသားရေးဆိုင်ရာ လုံခြုံရေး

**အောင်အောင်(IR)**


ရခိုင်ပြည်နယ်မှာ ဒီနှစ် မေ၊ ဇွန်လများအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်ပဋိပက္ခများနှင့် ပတ်သက်၍ ဆွေးနွေးမှုတွေ၊ ငြင်းခုံမှုတွေ၊ ဝေဖန်ပြစ်တင်မှုတွေဟာ ပြည်တွင်း၊ ပြည်ပမှာ ယခုအချိန်အထိ အဆုံးမသတ်နိုင်သေးပါဘူး။ အချိန်တိုတိုအတွင်း ဒီပြဿနာအေးငြိမ်းသွားဖို့ ဆိုတာလည်း မဖြစ်နိုင်သေးပါဘူး။ ဆွေးနွေးငြင်းခုံမှုတွေဟာ ရှေ့လျှောက် ပိုမိုကျယ်လောင်ရှုပ်ထွေးလာမယ့် အလားအလာတွေတောင် တွေ့လာနေရပါတယ်။ အခုထိကို ဆန္ဒပြပုံရိပ်သတင်းတွေက စာနယ်ဇင်းတွေမှာ တက်လာနေဆဲပါ။ နိုင်ငံတော်ကလည်း ဒီကိစ္စပိုပြီး အရှိန်မြင့်တက်မလာဖို့ ကြိုးစားအားထုတ်နေပါတယ်။ ကမ္ဘာ့အစ္စလာမ်နိုင်ငံအသီးသီးမှာ ဒီကိစ္စဟာ ပြောဆိုဆွေးနွေးစရာဖြစ်လာနေပြီး အစွန်းရောက်အစ္စလာမ်ဘာသာရေးအဖွဲ့အစည်း အချို့ကလည်း မြန်မာနိုင်ငံရဲ့ အမျိုးသား အကျိုးစီးပွားအပေါ် ခြိမ်းခြောက်မှုတွေ ပြုလာတာတောင်ရှိပါတယ်။

ဒီဆောင်းပါးမှာမြန်မာပြည်သူလူထုတွေရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့တိုက်ရိုက်ပတ်သက်နေတဲ့ လုံခြုံရေးကိစ္စကို အဓိကဆွေးနွေးမှာ ဖြစ်ပါတယ်။ အများပြည်သူရဲ့ လုံခြုံရေးနှင့်ပတ်သက်ပြီး တာဝန်ယူဖို့၊ တာဝန်ခံဖို့တွေ လိုလာပါတယ်။ လုံခြုံရေးသတိ အမြဲရှိဖို့ပါ။ လူထုအပေါ် အကြမ်းဖက်တိုက်ခိုက်မှုတွေ မဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ရမှာ ဖြစ်သလို အကယ်၍ တိုက်ခိုက်မှုတွေ ဖြစ်လာခဲ့ရင်လည်း အလျှင်မြန်ဆုံး ဘယ်လိုအရေးယူဆောင်ရွက်မလဲဆိုတာ ကြိုတင်ပြင်ဆင်ထားရပါမယ်။ ကြိုတင်ကာကွယ်တားဆီးရမှာကတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ အဓိကတာဝန်ဖြစ်ပေမယ့် ဖြစ်လာခဲ့ပြီးတဲ့ လုံခြုံရေးကျိုးပေါက်ပြီး အကြမ်းဖက်တိုက်ခိုက်ခံရမှု အခြေအနေတစ်ရပ်မှာ ဘယ်လို အမြန်ဆုံးအရေးယူဆောင်ရွက်ကြမလဲဆိုတာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီနဲ့ ဆေးရုံ၊ ဆေးခန်း၊ ဝန်ထမ်းတွေ၊ ရပ်ရွာခေါင်းဆောင်တွေ၊ လူမှုရေးအဖွဲ့အစည်းတွေရဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုဟာ အရေးကြီးလာပါတယ်။

အခုဖြစ်ပွားခဲ့တဲ့ ရခိုင်အရေးခင်းရဲ့ သက်ရောက်မှုဟာ ထင်ထားတာထက် ကြီးမားကျယ်ပြန့်ခဲ့ပါတယ်။ ဆိုလိုတာ ပြည်ပနိုင်ငံအတော်များများဆီအထိ ပျံ့နှံ့ခဲ့တာပါ။ အစ္စလာမ်နိုင်ငံအချို့ရဲ့ မြန်မာသံရုံးတွေ ရှေ့မှာ ဆန္ဒပြမှုတွေဖြစ်ခဲ့ပြီး ပါကစ္စတန်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်လို ဒေသတွင်း နိုင်ငံများရှိ ဘာသာရေးအစွန်းရောက် အုပ်စုအချို့ထံမှ မြန်မာ့အကျိုးစီးပွားနဲ့ အမျိုးသားလုံခြုံရေးကိုတိုက်ရိုက်စိန်ခေါ် ခြိမ်းခြောက်မှုတွေ ရှိလာပါတယ်။ ဒီလိုအရိပ်အယောင်ပြ ခြိမ်းခြောက်မှုတွေနဲ့ပတ်သက်လို့ နိုင်ငံတော်အပိုင်းက လုပ်သင့်လုပ်ထိုက်တဲ့ လုံခြုံရေးအစီအမံတွေ ချမှတ်လုပ်ဆောင်လျက်ရှိပါတယ်လို့ ဆိုပြီး လူထုအပိုင်းကလည်းစိုးရိမ်ပူပန်မှုအချို့ရှိပေမယ့် ဒီစိုးရိမ်ပူပန်မှုဟာ ကျယ်ကျယ်ပြန့်ပြန့် ကြီးကြီး မားမားတော့ မဟုတ်ခဲ့ပါဘူး။ နိုင်ငံရေး စိတ်ဝင်စားသူများနဲ့ နိုင်ငံတကာရေးရာတွေကို အဆက်မပြတ်လေ့လာသုံးသပ်နေသူတွေကြားမှာတော့ ပြည်သူလူထုအတွက် လုံခြုံရေးဆိုင်ရာ စိုးရိမ်ကြောင့်ကြမှုဟာ စိုးရိမ်စရာ ရေမှတ်မှာ ရှိနေဆဲပါ။ ဘာမှ မဖြစ်သေးဘူးတော့ မဖြစ်သေးဘူးပေါ့။

ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာကြိုတင်ပြင်ဆင်မှုအပိုင်းမှာ အားနည်းသလို ရေရှည်အမြင်နဲ့ကြံစည်လုပ်ဆောင်မှုအပိုင်းမှာလည်း အားနည်းလှပါတယ်။ အစီအစဉ်တကျဖွဲ့စည်းလုပ်ဆောင်မှုတွေအပေါ်မှာ အားမသန်လှဘဲ ဝုန်းခနဲ ဖြစ်လာတဲ့ အခြေအနေတွေလောက်မှာပဲ စုစည်းမှုအားကောင်းတတ်ကြပါတယ်။ ပြီးရင်လည်း ပြီးသွားတာပါပဲ။ အဲဒီလိုအခြေအနေမျိုးတွေဟာ ဆိုင်ကလုန်းနာဂစ်လို အနေအထားမျိုးမှာ အလုပ်ဖြစ်ပေမယ့် နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို အန္တရာယ်ပြု ခြိမ်းခြောက်လာတဲ့ အကြမ်းဖက်မှုအခြေအနေတွေကိုတော့ ထိထိရောက်ရောက်တုံ့ပြန်ဆောင်ရွက်ဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။ ရခိုင်ကိစ္စနဲ့ပတ်သက်ပြီး ပြည်သူလူထုရဲ့ လုံခြုံရေးကို ဘယ်လောက်စိုးရိမ်ပူပန်စရာရှိလည်းဆိုရင် ဒေသတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အကြမ်းဖက်ပဋိပက္ခအချို့ကို ပြန်ပြောင်းသတိရကြမယ်ဆိုရင် အဖြေက ထွက်ပါလိမ့်မယ်။

တရုတ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံတွေက လူထုလုံခြုံရေးအပေါ် သက်ရောက်မှုရှိတဲ့ အကြမ်းဖက်ပဋိပက္ခတွေကိုလက်လှမ်းမီသလောက် တင်ပြပါမယ်။ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းက ဇင်ကျန်း(Xinjiang) ပြည်နယ်မှာ ဒေသခံ အစ္စလာမ်ဘာသာ ကိုးကွယ်ကြတဲ့ Uighurs မျိုးနွယ်တွေနဲ့ ပြောင်းရွှေ့အခြေစိုက်လာတဲ့ ဟန်တရုတ်လူမျိုးများအကြားမှာ ၂၀၀၉ ခုနှစ် ဇူလိုင်လလောက်က အပြန်အလှန်အကြမ်းဖက်မှုတွေ ဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၅၀ လောက်က အသက်ဆုံးရှုံးခဲ့ပါတယ်။ လူ ၁၀၀၀လောက်လည်း ထိခိုက်ဒဏ်ရာ ရခဲ့ပါတယ်။




> အရေးပေါ် အကြမ်းဖက် တုံ့ပြန်ရေးအဖွဲ့တွေ၊ ဖောက်ခွဲပစ္စည်း ရှင်းလင်းရေးအဖွဲ့တွေ၊ ကူညီကယ်ဆယ်ရေးအဖွဲ့တွေ၊ အရေးပေါ် ကုသရေးအဖွဲ့တွေ၊ စုရပ်နေရာတွေ၊ ဆေးရုံဆေးခန်းနေရာတွေ၊ ဆေးရုံကားတွေ၊ မီးသတ်ကားတွေ၊ လမ်းရှင်းလင်းရေးအဖွဲ့တွေလိုအပ်လျှင်ရဟတ်ယာဉ်တွေတောင် အသင့်သုံးနိုင်ဖို့ စီစဉ်ပြင်ဆင်ထားရပါမယ်။ ကျောင်းတွေ၊ ရုံးတွေမှာလည်း ဆရာ၊ ဆရာမတွေကတစ်ဆင့်၊ တာဝန်ရှိသူတွေကတစ်ဆင့် အကြမ်းဖက်အန္တရာယ်နှင့်ပတ်သက်ပြီး အချိန်ပိုင်း ရှင်းလင်းဆွေးနွေးတာတွေ၊ ပညာပေးတာတွေ၊ ကြိုတင်လေ့ကျင့်မှုတွေ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်သင့်ပါတယ်။


၁၉၈၉ ခုနှစ် တိနမ်မင်အိန်ရင်ပြင်အရေးအခင်းနောက်ပိုင်း တရုတ်ပြည်မှာ လူအသေအပျောက်အများဆုံး အကြမ်းဖက်တိုက်ခိုက် မှုဖြစ်တယ်လို့ ကမ္ဘာ့မီဒီယာတွေက ဆိုကြပါတယ်။ အဲဒီနောက်ပိုင်းမှာ ဇင်ကျန်းပြည်နယ်ရဲ့ အချို့ဒေသတွေမှာ ကားဗုံးပေါက်ကွဲမှုလိုမျိုး အများပြည်သူရဲ့ လုံခြုံရေးကို အန္တရာယ်ပြုလာတာတွေ ရှိလာပါတယ်။ တရုတ်ပြည်ရဲ့ အခြားမြို့ကြီးတွေကိုပါ လုံခြုံရေးခြိမ်းခြောက်လာနိုင်လို့ အမြဲမပြတ်ဂရုပြုနေရပါတယ်။ ၂၀၀၈ ကလည်း အိန္ဒိယနိုင်ငံမွမ်ဘိုင်း(Mumbai)မြို့ တိုက်တိုက်မှုဆိုတာ ကမ္ဘာကျော်ခဲ့ပါတယ်။ အိန္ဒိယရဲ့ အကြီးဆုံးမြို့ကြီးဖြစ်တဲ့ မွမ်ဘိုင်းကို ပါကစ္စတန်ဘက်ကနေ ရေပြင်ကတစ်ဆင့် လေဖြည့်လို့ရတဲ့ မြန်နှုန်းမြင့်မော်တော်ဘုတ်တွေသုံးပြီး ဝင်လာကြတဲ့ မွတ်ဆလင်အကြမ်းဖက်သမား ၁၀ ဦးလောက်က ဝင်ရောက်စီးနင်းတိုက်ခိုက်ကြတာပါ။ အတိုက်ခိုက်ခံရတဲ့ ပစ်မှတ်အားလုံးက အရပ်ဘက်ပစ်မှတ်တွေပါ။ အဲဒီအကြမ်းဖက်သမားတွေဟာ မွမ်ဘိုင်းမြို့ရဲ့ လေး၊ ငါး နေရာလောက်ကို လူစုခွဲပြီး ဝင်ရောက်တိုက်ခိုက်ခဲ့တာပါ။ မြင်မြင်သမျှ လမ်းပေါ်ကလူ၊ အဆောက်အအုံထဲကလူတွေကိုပစ်ခတ်သတ်ဖြတ်၊ အချို့ကို ဓားစာခံအဖြစ် ဖမ်းဆီးပြီး အိန္ဒိယကိုသာမက ကမ္ဘာကြီးကိုပါ တုန်လှုပ်ချောက်ချားစေခဲ့ပါတယ်။ တိုက်ခိုက်မှုတွေဟာ ၂၆ နိုဝင်ဘာလ ၂၀၀၈ မှာ စတင်ခဲ့ပြီး ၂၉ နိုဝင်ဘာ ၂၀၀၈ မှာ အဆုံးသတ်ခဲ့ပါတယ်။ လေးရက်ကြာခဲ့ပါတယ်။ စာရင်းချုပ်တော့ မွမ်ဘိုင်းက အရပ်သူ၊ အရပ်သား ၁၆၄ ဦး သေဆုံးပြီး အယောက် ၃၀၀ ကျော်လောက် ထိခိုက်ဒဏ်ရာရတယ်လို့ ဆိုပါတယ်။ ယခု နောက်ဆုံး ၂၀၁၂ ခုနှစ် ဇူလိုင်လမှာ ဖြစ်ပွားခဲ့တဲ့ အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက် အာသံ(Assam) ပြည်နယ်မှာ ဘင်္ဂလားဒေ့ရှ်ဘက်က အခြေချဝင်လာတဲ့ လူတွေနဲ့ ဒေသခံဘိုဒိုတိုင်းရင်းသားတွေကြား အပြန်အလှန် အကြမ်းဖက်မှုတွေကနေ အခုဆို အစွမ်းရောက် အဖွဲ့အစည်းတွေရဲ့ ခြိမ်းခြောက်မှုတွေကြောင့် အိန္ဒိယပြည်ရဲ့ မြို့ကြီးအတော်များများမှာ လူထုဆိုင်ရာလုံခြုံရေးပြဿနာတွေ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ပွားနေပါတယ်။ ၂၀၀၂ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း ဗုံးပေါက်ကွဲမှုဟာ ဒေသတွင်း အစ္စလာမ်မစ်စစ်သွေးကြွတွေရဲ့ လုပ်ကိုင်နိုင်စွမ်းကိုပြသလိုက်တာဖြစ်ပြီး ဒေသတွင်း၌သာမက အထူးသဖြင့် အနောက်ကမ္ဘာတစ်ခုလုံးကို တုန်လှုပ်သွားစေခဲ့ပါတယ်။ ညကလပ်က ပွဲရုံပေါက်ကွဲမှုအတွင်း လူပေါင်း ၂၀၂ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၁၀၀ ကျော် ဒဏ်ရာရခဲ့ပါတယ်။ အဲဒီပေါက်ကွဲမှုတွေရဲ့ နောက်ကွယ်က သဘောတရားရေးရာ ဆရာတစ်ဦးအဖြစ် ယူဆခြင်းခံရတဲ့ အစ္စလာမ်ဘာသာရေးခေါင်းဆောင်ဟာ နောက်ဆုံးမှာတော့ ထောင်နန်းစံခဲ့ရပြီး အခုသူ့ကို မြန်မာပြည် ရခိုင်ကိစ္စကို အကြောင်းပြုပြီး မီဒီယာတွေမှာ ပြန်တွေ့လာရပါတယ်။ ဒီလူဟာ အင်ဒိုနီးရှားပြည်သူတွေကြားမှာတော့ ရေပန်းစားလှတယ် မဟုတ်ပါဘူး။ ထိုင်းနိုင်ငံ တောင်ပိုင်းမှာလည်း အစ္စလာမ်အစွန်းရောက်တွေနဲ့ ထိုင်းလက်နက်ကိုင်တပ်ဖွဲ့တွေအကြား ပဋိပက္ခတွေ စဉ်ဆက်မပြတ် ရှိနေပြီး ဒေသခံဗုဒ္ဓဘာသာဝင်တွေဟာ မကြာခဏဆိုသလိုအကြမ်းဖက်ပစ်မှတ်ထား အန္တရာယ်ပြုခြင်း ခံရပါတယ်။ ဖိလစ်ပိုင်တောင်ပိုင်းမင်ဒါနာအိုကျွန်း (Mindanao) မှာလည်း အစ္စလာမ်ခွဲထွက် ဝါဒီတွေရဲ့ အန္တရာယ်က အမြဲရှိနေပြီး မကြာခဏဆိုသလို ဖိလစ်ပိုင်လူ့အဖွဲ့အစည်းဟာ လုံခြုံရေးဆိုင်ရာပြဿနာတွေ ကြုံတွေ့နေရပါတယ်။ တစ်ဆက်တည်း ဒီနေရာမှာ နိုင်ငံတကာဆက်ဆံရေး သဘောတရားအချို့ကိုလည်း နားလည်သဘောပေါက်ကြဖို့လည်း ပါတယ်။ ဆိုလိုတာက တစ်နိုင်ငံက တစ်နိုင်ငံကို ပြစ်တင်ဝေဖန်ကြတာမှာ နိုင်ငံစုဖွဲ့ အဖွဲ့အစည်းတစ်ခုက အခြားနိုင်ငံ တစ်နိုင်ငံကို ဝိုင်းဝန်း ဝေဖန်ကြတာမှာ ဘက်လိုက်မှုတွေ၊ မညီမျှမှုတွေ ရှိနေတတ်တယ်ဆိုတာကိုပါ။ ဥပမာ- တရုတ်ပြည်မှာ ၂၀၀၈ ကဖြစ်ခဲ့တဲ့ ဇင်ကျန်းပြည်နယ် ပဋိပက္ခတွေအတွင်း အစ္စလာမ်ဘာသာဝင် Uighurs အတော်များများ အသက်ဆုံးရှုံးခဲ့ရတယ်။ ပြည်ပ အခြေစိုက် Uighurs အဖွဲ့အစည်းတွေကလည်း ကျယ်ကျယ်လောင်လောင် အော်ခဲ့ကြလေရဲ့။ သို့ပေမဲ့ တရုတ်နဲ့ စီးပွားရေး၊ ဈေးငွေကိစ္စတွေ ယှက်နွယ်နှောင်ကြိုးတင်းထားတဲ့ အစ္စလာမ်ကမ္ဘာကတော့ ငြိမ်ချက်သားကောင်း နှာစေးနေခဲ့ပါတယ်။ အဲဒီ ရန်နိုင်ငံနဲ့ Uighurs တွေနဲ့ သမိုင်းကြောင်းအရနီးနွယ်နေတဲ့ တူရကီနိုင်ငံတွေလောက်ကသာ တရုတ်နိုင်ငံအပေါ် လူသိရှင်ကြားဝေဖန်ခဲ့တာပါ။ လွန်ခဲ့တဲ့လအနည်းငယ်က အိန္ဒိယနိုင်ငံမှာဖြစ်ပွားခဲ့တဲ့ အာသံကိစ္စမှာလည်း ပြင်ပမွတ်ဆလင်နိုင်ငံတွေဆီက ဝေဖန်သံဆိုတာ ကျယ်ကျယ်လောင်လောင်မကြားရပါဘူး။ အိန္ဒိယကလည်း နိုင်ငံကြီးလေ။ ဒီတော့ ဒီလိုဖြစ်စဉ်တွေအပေါ်မှာ တရားတယ်၊ မတရားဘူး၊ မျှတတယ်၊ မမျှတဘူး၊ ဘက်လိုက်တယ်၊ မလိုက်ဘူး ဆွေးနွေးငြင်းခုံနေတာထက် ကိုယ့်ဘက်ကကိုယ်တာကိုယ်လုံဖို့တော့ လိုပါတယ်။ ကိုယ့်လုံခြုံရေး ကိုယ်ပဲလုပ်ကြရမှာပါ။ ဒါဟာ ကြိုတင်ကာကွယ်ခြင်းလည်းဖြစ်ပါတယ်။

အရေးပေါ် အကြမ်းဖက် တုံ့ပြန်ရေးအဖွဲ့တွေ၊ ဖောက်ခွဲပစ္စည်းရှင်းလင်းရေးအဖွဲ့တွေ၊ ကူညီကယ်ဆယ်ရေးအဖွဲ့တွေ၊ အရေးပေါ် ကုသရေးအဖွဲ့တွေ၊ စုရပ်နေရာတွေ၊ ဆေးရုံဆေးခန်းနေရာတွေ၊ ဆေးရုံကားတွေ၊ မီးသတ်ကားတွေ၊ လမ်းရှင်းလင်းရေးအဖွဲ့တွေလို အပ်လျှင် ရဟတ်ယာဉ်တွေတောင် အသင့်သုံးနိုင်ဖို့ စီစဉ်ပြင်ဆင်ထားရပါမယ်။ ကျောင်းတွေ၊ ရုံးတွေမှာလည်း ဆရာ၊ ဆရာမတွေကတစ်ဆင့်၊ တာဝန်ရှိသူတွေကတစ်ဆင့်အကြမ်းဖက်အန္တရာယ်နှင့်ပတ်သက်ပြီး အချိန်ပိုင်းရှင်းလင်းဆွေးနွေးတာတွေ၊ ပညာပေးတာတွေ၊ ကြိုတင်လေ့ကျင့်မှုတွေ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်သင့်ပါတယ်။ အကယ်၍ အကြမ်းဖက်တိုက်ခိုက်မှုတွေ မဖြစ်ခဲ့ဖူးဆိုရင်တောင် ဒီလိုလေ့ကျင့် ကြိုတင်ပြင်ဆင်မှုတွေဟာ ရေဘေး၊ လေဘေး၊ မြေငလျင်ဘေးစတဲ့ သဘာဝဘေးအန္တရာယ်တွေ ကာကွယ်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေအဖြစ် အသုံးဝင်နိုင်ပါတယ်။ ဒီမှာ အရေးကြီးတာတစ်ခုက အခုလို ပြင်ဆင်မှုတွေ၊ ဆွေးနွေးပို့ချမှုတွေဟာ အကြမ်းဖက်အန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းအတွက်သာဖြစ်ပြီး လူမျိုးရေး၊ ဘာသာရေးခွဲခြားမှု၊ လှုံ့ဆော်မှုတွေ မပါဖို့ကိုတော့ အထူးသတိပြုရပါလိမ့်မယ်။ ဒေသတွင်း နိုင်ငံတွေမှာလို အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်လာပြီဆိုလျှင် အဓိကခံကြရတာ မြို့နေလူထုတွေပါ။ အဲဒီထဲမှာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံပါပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ဖြစ်ခဲ့တဲ့ ဘာလီတိုက်ခိုက်မှုမှာ အဓိကသေဆုံးခဲ့ကြတာ အနောက်နိုင်ငံသားတွေ ဆိုပေမယ့် မနည်းလှတဲ့ မွတ်ဆလင်ဘာသာဝင် အင်ဒိုနီးရှားလူမျိုး တွေလည်း ပါခဲ့ပါတယ်။ စာ(၄၀) သို့

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

အတိတ်ကာလကမ္ဘာ့ဇာတ်ခုံပေါ်မှမြန်မာနိုင်ငံ၏ အခန်းကဏ္ဍကိုပြန်လည်သုံးသပ်ကြည့်လျှင် ရှေ့ရောက်နောက်ကျန်ဖြစ်ရပ်မှန်များကိုတွေ့မြင်ကြရမည်ဖြစ်ပေသည်။ အီရန်နိုင်ငံ တီဟီရန်မြို့တွင် (၁၆)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်က ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၁၂၀ကျော်တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဟူသည် စစ်အေးကာလတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအား ညီညွတ်စွာ စုစည်းနိုင်ခဲ့သောအဖွဲ့ကြီးအဖြစ် ကမ္ဘာ့နိုင်ငံရေးသမိုင်းတွင် မော်ကွန်းတင်နိုင်ခဲ့၏။

ထိုစဉ်က ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်နိုင်ငံနှင့် ဆိုဗီယက်ယူနီယံအားပြိုင်မှုကြားတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ မြေဇာပင်မဖြစ်စေရေးအတွက် ဘက်မလိုက်မူဝါဒဖြင့် ရှေ့ဆောင်လမ်းပြသည့်အဖွဲ့ကြီးလည်းဖြစ်ပေသည်။ ၁၉၅၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံဘိုဂေါမြို့၌မြန်မာနိုင်ငံအပါအဝင်ငါးနိုင်ငံညီလာခံတစ်ရပ်ကျင်းပခဲ့၏။ ဘိုဂေါညီလာခံမှ နယ်ချဲ့အုပ်စုကြီးနှစ်စုကြီးစိုးမှုမှ လွတ်ကင်းသော၊ အာရှ၊ အာဖရိကခေါင်းဆောင်များပထမဆုံးအကြိမ် တွေ့ဆုံမည့် ညီလာခံကြီး တစ်ရပ်ကျင်းပရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြ၏။




မြင့်မိုရ်ဆွေ

# ရှေ့ရောက် နောက်ကျန်ဖြစ်ရပ်မှန်နှင့် ပစ္စုပ္ပန်အရှုထောင့်

အဆိုပါ ဆုံးဖြတ်ချက်အရ ၁၉၅၅ ခုနှစ်၌ အင်ဒိုနီးရှားနိုင်ငံတွင် မြန်မာအပါအဝင် အာရှ၊ အာဖရိကခေါင်းဆောင်များ ပါဝင်သော ဘန်ဒေါင်းညီလာခံကို ကျင်းပခဲ့ပြီးနောက် ၁၉၆၁ ခုနှစ်၌ ဘဲလ်ဂရိတ်မြို့တွင် ပထမဆုံးသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညီလာခံကြီးပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။

ဤသို့ဖြင့် မြန်မာနိုင်ငံသည် စစ်အေးကာလ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး လူလားမြောက်စေရန် အလို့ငှာ ‘အာရှ၏ ရှေ့တန်း’ တစ်နေရာမှအင်ဒိုနီးရှားနိုင်ငံနှင့်အတူ အဆင့်ဆင့်ပြုစုပျိုးထောင်ခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့လေသည်။ ထိုစဉ်က မြန်မာနိုင်ငံသည် ပါလီမန်ဒီမိုကရေစီနိုင်ငံဖြစ်၏။ ထို့နောက် နှစ်ပေါင်း လေးဆယ်ခန့်အတွင်း မြန်မာနိုင်ငံသည် လှေခါးသုံးထစ်ဆင်းခဲ့ရ၏။ လူတို့သဘာဝလှေခါးသုံးထစ်ဆင်းလျှင် လူပျိုဖြစ်သည်ဟု ဆိုလေ့ရှိကြ၏။ သမိုင်းအတွေ့အကြုံအရ မြန်မာနိုင်ငံအဖို့မှာကားပထမလှေခါးထစ် စစ်အစိုးရခေတ်(၁၉၆၂ ခုနှစ်)၊ ဒုတိယလှေခါးထစ် ဆိုရှယ်လစ်အစိုးရခေတ် (၁၉၇၂ ခုနှစ်) နှင့် တတိယလှေခါးထစ် စစ်အစိုးရခေတ် (၁၉၈၈ ခုနှစ်) စုစုပေါင်း လှေခါးသုံးထစ်ဆင်းပြီးနောက် အဖက်ဖက်မှပြို၍ပြို၍ ကျဆင်းလာလေတော့၏။

ယနေ့အချိန်အခါတွင်မြန်မာနိုင်ငံသည် ယိုယွင်းပြိုလဲခဲ့သော မိမိနိုင်ငံ၏ နိုင်ငံရေးမျက်နှာစာကို တည်ငြိမ်အေးချမ်းစေပြီးနောက် ကမ္ဘာ့ဇာတ်ခုံတွင် ဂုဏ်သိက္ခာရှိရှိ မူလအဆင့်သို့ပြန်လည်ရောက်ရှိစေရန်အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းနေရရှာလေသည်။

သာသနာရေး နယ်ပယ်ကိုကြည့်ပါဦး။ မြတ်ဗုဒ္ဓသည် လွန်လေပြီးသော နှစ်ပေါင်း ၂၆၀၀ က မဇ္ဈိမဒေသဟု ခေါ်တွင်သည့် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်မှ ဗုဒ္ဓဂယာရှိ ဗောဓိပင်ရင်း၌ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူခဲ့၏။ ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် ခုနစ်ရက်စီ သီတင်းသုံးတော်မူသော သတ္တဋ္ဌာနခုနစ်နေရာအနက် နောက်ဆုံးနေရာမှာ ‘ရာဇယတနသတ္တာဟ’ဟု ခေါ်တွင်သည့် လင်းလွန်းပင်တည်ရာဖြစ်၏။ ထိုနေရာ၌ မြတ်ဗုဒ္ဓအား ပထမဆုံး ပျားမုန့်ဆွမ်းဆက်ကပ်လှူဒါန်း၍ ဖူးမြော်ခွင့်ရသော လူသားသည်လည်းကောင်း၊ ဒွေဝါစိက သရဏဂုံနှင့် သီလဆောက်တည်ခွင့်ရခဲ့သောဥပသကာသည်လည်းကောင်း၊ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဆံတော်မြတ်ရှစ်ဆူ ပေးသနားချီးမြှင့်တော်မူခြင်းကို ခံရသည့် ပထမဆုံး ဗုဒ္ဓဘာသာဝင်သည်လည်းကောင်း ဒေသခံ အိန္ဒိယနိုင်ငံသားများ မဟုတ်ပေ။ မြန်မာနိုင်ငံ ဥက္ကလာပတိုင်းသား တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်သာလျှင်ဖြစ်ကြောင်း ကမ္ဘာ့ထေရဝါဒသာသနာဝင်သမိုင်းတွင် မော်ကွန်းတင်ခြင်းခံခဲ့ရ၏။ မြတ်ဗုဒ္ဓ၏ ဆံတော်ကို ဌာပနာလျက် ကမ္ဘာပေါ်တွင် ပထမဆုံးသော စေတီတော်ကြီးကို တည်ဆောက်ခဲ့သူများမှာလည်း မြန်မာနိုင်ငံသားများပင်ဖြစ်ခဲ့၏။

သို့ရာတွင် မြန်မာနိုင်ငံ အဝန်းထေရဝါဒသာသနာတော်ကြီး ပြန့်ပွားမှုမှာ နှစ်ပေါင်း ၁၅၀၀ ခန့် နောက်ကျခဲ့လေ၏။ ပျူခေတ်မှစတင်၍သာသနာရောက်ရှိသော်လည်း ပုဂံခေတ် အနော်ရထာမင်းကြီး(အေဒီ-၁၀၄၄-၁၀၇၇)လက်ထက်မှသာလျှင် သာသနာရောင်ဝါသည် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်ခဲ့ကြောင်းတွေ့ရှိရပေသည်။ အိန္ဒိယနိုင်ငံတွင်ဘုရားပွင့်စဉ်ရှေးဦးပထမဖူးမြော်ခွင့် ကြုံခဲ့ကြရပါသော်လည်း အိန္ဒိယနိုင်ငံ၌ သာသနာရောင်ဝါမှေးမှိန်သည့်အခါမှသာလျှင် မြန်မာနိုင်ငံတွင် ထွန်းလင်းပျံ့နှံ့ခြင်းကြောင့်‘ရှေ့ရောက်နောက်ကျန် မြန်မာ့ကံ’ဟုပင် ဆိုရပေတော့မည်။

မြို့ပြဖွံ့ဖြိုးရေးနယ်ပယ်တွင်လည်း ရှေ့ရောက်နောက်ကျန်ဖြစ်ရပ်မှန်ရှိခဲ့၏။ ရန်ကုန်မြို့ ဖွံ့ဖြိုးရေးအတွက်ဗြိတိသျှကိုလိုနီခေတ်က Rangoon Development Trust Act (1920) ကို ပြဋ္ဌာန်းခဲ့၏။ ရန်ကုန်စည်ပင်သာယာအက်ဥပဒေဟုခေါ်တွင်ပြီး အဆိုပါဥပဒေအရ ရန်ကုန်စည်ပင်သာယာအဖွဲ့ (R.D.T) ကို ဖွဲ့စည်း၏။ R.D.T သည် မြို့ကွက်ရိုက်၍ မြေရောင်းချခြင်း၊ အငှားချထားခြင်းနှင့် မြေစည်ပင်မှုလုပ်ငန်းများကို ဆောင်ရွက်ပြီး ရန်ကုန်မြို့ကြီးကို တိုးချဲ့တည်ဆောက်လေသည်။ R.D.T က စည်ပင်မှုရှိပြီး မြို့ကွက်များကို မြူနီစပါယ်သို့ လွှဲပြောင်းပေးရလေ၏။ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၄ ခုနှစ်တွင် R.D.T ၏ လုပ်ငန်းတာဝန်များကို နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့က လွှဲပြောင်းရယူခဲ့၏။ စင်ကာပူသည် ရန်ကုန်မြို့မှ R.D.T ကို လေ့လာစံပြု၍ ၁၉၂၇ ခုနှစ်တွင် စင်ကာပူဖွံ့ဖြိုးမှုအဖွဲ့ Singapore Improvement Trust (S.I.T)ကို ဖွဲ့စည်းဆောင်ရွက်ခဲ့၏။ မြန်မာနိုင်ငံနည်းတူ ၁၉၆၀ ပြည့်နှစ်တွင် အိုးအိမ်ဖွံ့ဖြိုးရေးအဖွဲ့ကို(Housing Development Board) ဖွဲ့စည်းပြီးနောက် S.I.T ၏ လုပ်ငန်းများကိုလွှဲပြောင်းရယူခဲ့၏။ ၁၉၆၅ ခုနှစ်တွင် လွတ်လပ်ရေးကြေညာ၍ စင်ကာပူနိုင်ငံကို စတင်တည်ထောင်သောအခါ ရန်ကုန်မြို့သည် အာရှတွင် သာယာစည်ကားသောမြို့တစ်မြို့အဖြစ် ထင်ရှားကျော်ကြားလျက်ရှိ၏။ သို့သော်လည်း ယနေ့အချိန်အခါတွင် စင်ကာပူ၏ မြို့ပြပုံစံကို ရန်ကုန်က ပြန်လည်၍ အတုယူနေရချေလေပြီ။ ရှေ့ရောက်နောက်ကျန်ဖြစ်ခဲ့ရာမှ အမီလိုက်ရန် ကြိုးပမ်းရတော့မည်။

အာဆီယံဥက္ကဋ္ဌရာထူးကို မြန်မာနိုင်ငံသို့လွှဲပြောင်းပေးမည့် အင်ဒိုနီးရှားနိုင်ငံသည် ယမန်နှစ်က အာဆီယံနိုင်ငံများအနက် ဘိုရင်းဂျက်လေယာဉ် အများဆုံးစံချိန်တင်ဝယ်ယူခဲ့သော သတင်းတစ်ပုဒ်ကိုမှတ်မိနေပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ဂဠုန်ငှက်အမှတ်အသားပါရှိသော GARUDA လေကြောင်းလိုင်းသည် ၁၉၄၉ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ပထမဆုံး လေကြောင်းခရီးဖွင့်ပွဲအဖြစ် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမှ ရန်ကုန်မြို့၊ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းသို့ ဒါကိုတာလေယာဉ်ဖြင့် ပျံသန်းမှုခရီးစဉ်သမိုင်းကို စတင်ခဲ့ကြောင်း လေ့လာမှတ်သားခဲ့ရ၏။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် ဗိုင်းကောင့် ခေါ် ပန်ကာဂျက်လေယာဉ်(prop Jet)ကို ပထမဦးဆုံးစတင်သုံးစွဲသည့်နိုင်ငံဖြစ်ကြောင်း သိရှိရ၏။ မင်္ဂလာဒုံလေယာဉ်ကွင်းမှာလည်း အရှေ့တောင်အာရှ၏ အကောင်းဆုံးလေယာဉ်ကွင်းများတွင် အပါအဝင်ဖြစ်ခဲ့ပြီး KLM၊ BOAC၊ PAN AM၊ CSA၊ Aerofloet၊ Air France စသော ဥရောပ၊ အမေရိကနှင့် အာရှမှ နိုင်ငံတကာလေကြောင်းလိုင်းကြီးများတိုက်ရိုက်ဆင်းသက်သော အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကြီးအဖြစ် ဖြစ်ခဲ့ဖူးလေသည်။ ယခုမူကား အာဆီယံ၏ နောက်တန်းနိုင်ငံများနှင့် ယှဉ်လျှင်ပင် နောက်ကျနေလေပြီ။

ပညာရေးနယ်ပယ်မှ ရှေ့ရောက်နောက်ကျန်ဖြစ်ရပ်မှန်ကို တင်ပြပါဦးမည်။ စာရေးသူသည် ၁၉၆၁ ခုနှစ်မှစတင်၍ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပါသည်။ ပါမောက္ခချုပ်မှာ ဒေါက်တာသာလှဖြစ်၏။ ရူပဗေဒပါမောက္ခဒေါက်တာမောင်မောင်ခ၊ ဘူမိဗေဒပါမောက္ခ ဒေါက်တာညီညီ၊ ပထဝီဝင်ပါမောက္ခဒေါက်တာဒေါက်တာဒေါ်သင်းကြည်၊ စိတ်ပညာပါမောက္ခဒေါက်တာလှသွင်၊ ဒဿနိကဗေဒပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်း၊ သမိုင်းပါမောက္ခ ဒေါက်တာကျော်သက်စသည်တို့မှာ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံ တက္ကသိုလ်ကြီးများမှ ပါရဂူဘွဲ့ရ ထူးချွန်သောပညာရှင်ကြီးများဖြစ်ကြ၏။ မြန်မာစာပါမောက္ခ ဆရာကြီးမင်းသုဝဏ်၊ ဦးအေးမောင် (တက္ကသိုလ်မောင်သန့်စင်)နှင့် စာကြည့်တိုက်မှူး ဦးသိန်းဟံ(ဇော်ဂျီ)တို့မှာလည်း ကမ္ဘာကျော် မြန်မာစာပေပညာရှင်ကြီးများဖြစ်ကြပေသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်၌ ကိုလံဘိုစီမံကိန်းအရ အာဖရိကတိုက်မှ ကျောင်းသားများပင် လာရောက်၍ ပညာသင်ကြားကြသည်ကို တွေ့မြင်ရပေသည်။ ဝိဇ္ဇာဘာသာတွဲများဖြစ်သည့် ဘောဂဗေဒ၊ နိုင်ငံရေးသိပ္ပံ၊ စိတ်ပညာ၊ ဒဿနိကဗေဒနှင့် မနုဿဗေဒ စသည့် ဘာသာရပ်များအားလုံးကိုပင် အင်္ဂလိပ်ဘာသာဖြင့် သင်ယူခဲ့ကြရ၏။ ၁၉၆၄ ခုနှစ်မှစ၍ အလွန်ဆိုးရွားလှသော စနစ်သစ်ပညာရေးကို စတင်ပြီး ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်အားလုံးကို တက္ကသိုလ်တွင် မြန်မာဘာသာဖြင့်သာ သင်ယူကြရလေတော့သည်။ စာရေးသူမှာ ဝိဇ္ဇာအပိုင်း(ခ)သို့ရောက်နေ၍ ကံကောင်းထောက်မစွာ စနစ်သစ်နှင့်ကပ်ပြီးလွတ်သွား၏။ ထိုအချိန်မှစ၍ ရန်ကုန်တက္ကသိုလ်သည် အရှေ့တောင်အာရှတွင် ရှေ့တန်းနေရာမှ တဖြည်းဖြည်း လျှောကျပြီး အိမ်နီးချင်းတက္ကသိုလ်များထက်ပင် ပညာအဆင့်နိမ့်ကျသော တက္ကသိုလ်အဖြစ်သို့ ဝမ်းနည်းဖွယ် ရောက်ရှိခဲ့ရလေသည်။ “ရှေ့ဆီကို ရောက်လေပြီးခါမှ နောက်ကျန်ရမြဲကျွန်းညို”ဟု လွမ်းမောစွာကျူးရင့်မိပါသည်။

ဘောလုံး အားကစားတွင်လည်း ကြည့်ပါ။ လွန်ခဲ့သော အနှစ် ၄၀ ကျော်က အာရှချန်ပီယံအဆင့်အထိ မြန်မာတို့ တက်လှမ်းနိုင်ခဲ့၏။ မာဒေးကားနှင့် အရှေ့တောင်အာရှကျွန်းဆွယ် ဖိုလ်လုပွဲများတွင် မြန်မာက အမြဲလိုလို နေရာယူခဲ့၏။ ယနေ့မူ အာဆီယံပွဲ၌ လာအိုနိုင်ငံကိုပင် မနည်းနိုင်အောင် ကန်နေရ၏။ ရှေ့ဆုံးမှ နောက်ဆုံးသို့ မြန်မာတို့ ရောက်မည်ကို ရင်တမမ စိုးရိမ်မကင်းဖြစ်နေကြရလေသည်။

မြန်မာနိုင်ငံသည်ဒီမိုကရေစီအတွက်တိုက်ပွဲဝင်ရာ၌လည်းရှေ့ရောက်နောက်ကျန်ဖြစ်ခဲ့ရသေး၏။ ကမ္ဘာပေါ်တွင် တစ်ပါတီအာဏာရှင်စနစ်အား ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန့်ကျင်အံ့ကြွမှုဖြင့် ဖြိုခွင်း၍ ပါတီစုံဒီမိုကရေစီစနစ်ကိုတောင်းဆိုတိုက်ပွဲဝင်ရာ၌ မြန်မာနိုင်ငံသည် ကွန်မြူနစ်အာဏာရှင်စနစ်ကို အလားတူ ဖြိုခွင်းသည့် ဆိုဗီယက်ယူနီယံထက် တစ်နှစ်စောခဲ့၏။ ၁၉၈၈ ခုနှစ် ရှစ်လေးလုံးလူထုတိုက်ပွဲဖြင့် ဆိုရှယ်လစ်အစိုးရကို ဖြုတ်ချသည့်နိုင်ငံအဖြစ် ဆိုရှယ်လစ်ကွန်မြူနစ်နိုင်ငံရေးသမိုင်းတွင် ရှေ့ဆုံးမှ မော်ကွန်းတင်နိုင်ခဲ့သော်လည်း စစ်အစိုးရ အာဏာသိမ်းခဲ့မှုကြောင့် ဆိုဗီယက်ယူနီယံထက် အနှစ် ၂၀ ကျော် နောက်ကျပြီးမှ ဒီမိုကရေစီနိုင်ငံကို ထူထောင်နိုင်ခဲ့ရှာလေသည်။

မည်သို့ဆိုစေ ယနေ့အချိန်အခါ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် အတိတ်က စွန့်လွှတ်ခဲ့ရသည့် မိမိ၏ ရှေ့တန်းတစ်နေရာသို့ ဒီမိုကရေစီ မီးရှူးရောင်ကို အားပြုလျက် အရှိန်အဟုန်ဖြင့်ချီတက်လာလေပြီ။ အချိန်တိုကာလအတွင်း လုံးဝမထင်မှတ်သည့် အလှည့်အပြောင်းများကို ဖော်ဆောင်နိုင်သော မြန်မာ့နိုင်ငံရေးစွမ်းအားကို ကမ္ဘာက လက်ခုပ်ဩဘာထောပနာပြုလျက်ရှိ၏။ ပြည်သူထောင်ပေါင်းများစွာ သွေးမြေကျခဲ့ရသည့် အာရပ်နွေဦးထက် ငြိမ်းချမ်းစွာ ပေါင်းစည်းမှုအလှသစ်ကို ဦးတည်သည့် မြန်မာ့ဒီမိုကရေစီအရုဏ်ဦးကို နှစ်ထောင်းအားရကြိုဆိုကြ၏။ တစ်နည်းအားဖြင့် ကမ္ဘာပေါ်တွင် အာဏာရှင်စနစ်မှ ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာ၌ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုပုံစံကို စံပြုရမည့် မော်ဒယ်တစ်ရပ်အဖြစ် ချီးကျူးဂုဏ်ပြုလျက်ရှိကြ၏။ မြန်မာ၏ နိုင်ငံရေးစနစ်အကူးအပြောင်းပုံစံသည်ကမ္ဘာ့နိုင်ငံများက အထူးအလေးထား စောင့်ကြည့်ရသည့် နံပါတ်တစ်အဆင့်နေရာသို့ ရောက်ရှိနေလေပြီ။ ဤတစ်ချီတွင်လည်း “ကြောက်ကန်ကာ-နောက် လန် ကျတယ် - ကွယ် - ဖောက်ပြန်တဲ့ပွဲ” ဆိုသကဲ့သို့ အဖျားရှူးမသွားစေရန် အထူးသတိပြုကြရမည်ဖြစ်ပါသည်။

နောက်ကျန်သည်၊ နောက်လန်သည် ဆိုခြင်းမှာ နောက်ပြန်ခြင်းမဟုတ်ပါ။ ပြိုင်ပွဲ၌ နောက်ပြန်လှည့်ခြင်းမှာ စိတ်ဖောက်ပြန်ရှုံးသွပ်မှုတစ်မျိုးဖြစ်၏။ နောက်ကျန်ခြင်းမှာနည်းစနစ်၊စိတ်ဓာတ်၊ သက်လုံနှင့် ဝီရိယတည်းဟူသော စွမ်းရည်လေးရပ် တဖြည်းဖြည်း ဆုတ်ယုတ်ကျဆင်းလာခြင်းကြောင့်ဖြစ်၏။

ယနေ့ မြန်မာနိုင်ငံ ခေတ်သစ်တည်ဆောက်မှု၏ အခြေခံနည်းစနစ်သည် ဒီမိုကရေစီစနစ်ဖြစ်၏။ စိတ်ဓာတ်သည် ဒီမိုကရေစီနှင့်အညီ မိုင်းဆက်ပြုပြင်ပြောင်းလဲမှု(Mind Set Reform)ဖြစ်၏။ သက်လုံသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြစ်၏။ ဝီရိယသည်စွမ်းရည်အရပ်ရပ်မြင့်မားရေးတည်ဆောက်မှုလုပ်ငန်း (Capacity Building Effort) ဖြစ်၏။ မြန်မာသည် ဤလေးရပ်ကို မဖောက်မပြန် အခြေခံထားသမျှထပ်မံ၍ နောက်ကျန်စရာအကြောင်း လုံးဝမရှိနိုင်တော့ရုံမျှမက ‘ရှေ့ရောက်တစ်ဖန်၊နောက် မပြန်၊မြန်မာစံထုံး၊ကမ္ဘာသုံး’ဟုမော်ကွန်းသစ်တင်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသတည်း။ ။

Current Affairs
7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးဟာ ပုဂ္ဂလိက အကျိုးစီးပွားအတွက်လား

ပါဗီဒါပနန်နွန်ရေးသား၍ ကျော်မျိုးဘာသာပြန်သည်

ကွဲပြားမှုများ နက်နက်ရှိုင်းရှိုင်းရှိနေသော ထိုင်းနိုင်ငံတွင် အနည်းငယ်မျှသော မူဝါဒဖော်ဆောင်မှုများသာလျှင် ဒေါ်လာဘီလီယံနှင့်ချီကုန်ကျသည့် မြန်မာနိုင်ငံတောင်ပိုင်းမှ ထားဝယ်ရေနက်ဆိပ်ကမ်းကဲ့သို့သောမဟာစီမံကိန်းကြီးလို သဘောတူညီထောက်ခံမှုများများ ရရှိကြပါသည်။

ဝန်ကြီးချုပ်ယင်လပ်ရှင်နာဝပ်ထရာ၏ အစိုးရသည် ယင်းဆိပ်ကမ်း (စီမံကိန်း) နောက်ကွယ်တွင် စွမ်းအားအကုန်ထည့်သုံးထားခဲ့ပါသည်။ မစ္စယင်လပ်ခ်မတိုင်မီ ဝန်ကြီးချုပ်အဘီဆစ်ဗစ်ဂျာဂျီဗာသည်လည်း ၂၀၁၀ က ရုပ်သံတွင် အချို့သော (ထိုင်း) စက်မှုလုပ်ငန်းများကို ထားဝယ်တွင်သာ တည်ထောင်ရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းလုပ်ငန်းများမှာထိုင်းနိုင်ငံတွင် နေရာချထားရန် မသင့်လျော်၍ဖြစ်ကြောင်း ဝန်ခံပြောဆိုခဲ့ဖူးသည်။ ဤသည်မှာ ထိုင်းနိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းခြေရှိ မာတာပွတ်စက်မှုဇုန်မြေနေရာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူ့ကျန်းမာရေးတက်ကြွလှုပ်ရှားမှုများကဝေဖန်ခြင်းအပေါ် တုံ့ပြန်သည့်အနေဖြင့် ပြောခြင်းဖြစ်သည်။

ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းကိစ္စနှင့် ပတ်သက်၍ ထင်ရှားသောကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ပူပန်မှုများရှိနေသော်လည်း ခက်ခဲသည့် နိုင်ငံရေးဘောဂဗေဒဆိုင်ရာ မေးခွန်းများမှာ မသိကျိုးကျွံပြုခံထားရဆဲဖြစ်ပါသည်။ ထားဝယ်ဖွံ့ဖြိုးရေးစီမံကိန်းကို ယင်လပ်ခ်အစိုးရက ထိရောက်စွာ လွှဲပြောင်းရယူရန် ဆုံးဖြတ်ချက်မှာ ပုဂ္ဂလိကဆောက်လုပ်ရေး လုပ်ငန်းစုကြီးဖြစ်သော Italian Thai Development (ITD) ၏အကျိုးအမြတ်အတွက် ထိုင်းအခွန်ထမ်းပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးတင်လိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ဖူးပွင့်စအသွင်ပြောင်းလဲမှုမစတင်ခင်ကပင် ITD သည်အစောပိုင်းကတည်းကလှုပ်ရှားခဲ့သူဖြစ်ကာ ၂၀၀၈၌ထားဝယ်ကိုဗဟိုပြု၍ မြေအကျယ် ၂၅၀ စတုရန်းကီလိုမီတာကို တည်ဆောက်လုပ်ကိုင်ခွင့်ရခဲ့သည်။

ထိုစဉ်က ထွင်းဖောက်မမြင်ရသော မြန်မာ့စီးပွားရေးကမ္ဘာကို ခရိုနီသူဌေးကြီးအချို့နှင့် ပူးပေါင်းနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အုပ်ချုပ်မှုအောက်မှ ဖိနှိပ်သည့် စစ်တပ်က လည်ပတ်နေခြင်းဖြစ်သည်။ ထိပ်ပိုင်းနေရာများတွင် အဓိကကျသောဆက်ဆံမှု အနည်းငယ် ထားရှိထားခြင်းသည် မြန်မာ၌ အကျိုးအမြတ်ဖြစ်ထွန်းသောစီးပွားရေးလုပ်ငန်းများ ရရှိရန်ဖြစ်ခဲ့သည်။

ITD သည်အခြားသောရင်းနှီးမြှုပ်နှံသူများ ဝင်လုပ်လျှင် သင့်တော်စေမည့် ထိုသက်ဆိုင်ရာနေရာတွင် ကနဦး ဒီဇိုင်းပုံစံထုတ်သည့် အဆင့်၌ပင် အစပျိုးရမည့် ကန့်သတ်အရင်းအနှီးပမာဏကို တိုးချဲ့ခဲ့သည်။ ၎င်းက ပြည်တွင်းမိတ်ဖက်ကုမ္ပဏီအဖြစ် စစ်အစိုးရနှင့် ချိတ်ဆက်ထားသော အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမည်မည်းစာရင်းတွင် ပါဝင်ဆဲဖြစ်သော ဦးဇော်ဇော်၏ မက်စ်မြန်မာကုမ္ပဏီ(မှတ်ချက်-မက်စ်မြန်မာမှာ စီမံကိန်းမှ နုတ်ထွက်သွားပြီဖြစ်သည်) ကိုရွေးချယ်ခဲ့သည်။

မြန်မာ၏ ဒီမိုကရေစီဖြစ်ထွန်းမှုသည်ကိုယ်ပိုင်ပုံစံဖြင့် အသက်ဝင်လာပြီး သမ္မတဦးသိန်းစိန်၏ပြုပြင်ပြောင်းလဲရေးဝါဒီ အစိုးရနှင့် အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ နီးကပ်စွာပူးပေါင်းလုပ်ဆောင်လာမှုကြောင့် အခြေခိုင်လာစဉ် ထိုစီမံကိန်းနှင့် အဓိကပတ်သက်သော အစိုးရအဖွဲ့မှ ထိပ်ပိုင်းတာဝန်ရှိသူတစ်ဦး၏ အရေးပါမှုလျော့ကျသွားသည်။

ထို့နောက် ၂၀၁၂ နှစ်လယ်ပိုင်းလောက်မှာပင် ထားဝယ်စီမံကိန်းလည်ပတ်ရေး ဓာတ်အားပေးမည့်မဂ္ဂါဝပ် ၄,၀၀၀ ထွက်ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှာသဘာဝပတ်ဝန်းကျင်ရေးရာ စိုးရိမ်ရမှုများကြောင့် ဆိုင်းငံ့ခံခဲ့ရသည်။ ထိုမှ နှစ်လတာကာလအတွင်း မက်စ်မြန်မာသည်လည်းထိုမဟာစီမံကိန်းကြီးမှထွက်ခွာကြောင်း ကြေညာခဲ့သည်။

ထိုင်းအစိုးရ၏ စိတ်အားထက်သန်သည့် ထောက်ခံမှုနှင့်အတူ ထားဝယ်စီမံကိန်းသည် ပြန်လည်လည်ပတ်လာပြန်ပါပြီ။ သို့သော် ITD ၏ဝေစုကို ဤပြန်အသက်ဝင်လာသော လုပ်ငန်းတွင် ဖော်ပြခြင်းမရှိသေးပေ။

အကယ်၍ ထိုင်းအစိုးရသည် ထားဝယ်စီမံကိန်းဖွံ့ဖြိုးရေးအတွက်တာဝန်ယူမှုများ ခံယူမည်ဆိုပါက ITD သည် အဓိကကျ



ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းလုပ်ငန်းခွင်တစ်နေရာ

ဓာတ်ပုံ-နေလင်းထွန်း

သောအခွင့်ထူးခံ အကျိုးကျေးဇူးခံစားရသူဖြစ်ပါလိမ့်မည်။ ထိုသို့ဆိုလျှင်ထိုင်းအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုပေါ်လစီသည်ပြိုင်ဘက်များကိုကျော်၍ ကုမ္ပဏီတစ်ခုတည်းအားပစားပေးခြင်း ဖြစ်ပေလိမ့်မည်။

ထိုကဲ့သို့ ITD ကို အခွင့်ထူးခံပေးဆက်ဆံမှုသည် ကျင့်ဝတ်ပိုင်းဆိုင်ရာမေးခွန်းများပေါ်ထွက်စေပြီး အကျိုးစီးပွားပဋိပက္ခ ဖြစ်ခြင်းဆိုင်ရာ သံသယများ ရောထွေးမှုကိုလည်း ဖြစ်ထွန်းစေလိမ့်မည်။ ITD ကို (ထိုင်း) အခွန်ထမ်းပြည်သူတို့၏ ဝင်ငွေဖြင့် ဂရုစိုက်ကာကွယ်ပေးခြင်း၊ နေရာပေးခြင်း မရှိသင့်ပါ။ ဤဆောက်လုပ်ရေးကုမ္ပဏီကြီးသည် ၎င်းကိုယ်ပိုင်တွက်ကိန်းဖြင့် ကုန်ကျစရိတ်အကျိုးအမြတ်နှင့် ရင်းနှီးမြှုပ်နှံမှုတွက်ကိန်းကို လုပ်ခဲ့ပြီး ယင်းမှာအမြော်အမြင်မဲ့မှုနှင့် မိုက်မဲမှုဖြစ်လာခဲ့သည်။ အောင်မြင်သွားခဲ့ပါက ITD သည် ထိုင်းအစိုးရနှင့် လူထုထံသို့ခွဲဝေပေးလိမ့်မည်မဟုတ်ပါ။ အားလုံးကောင်းမွန်စွာပြီးစီးသွားပါက ၎င်း၏ရှယ်ယာဈေးနှုန်းတိုးတက်မှုများကလည်း ITD ၏လက်တစ်ဆုပ်စာရှယ်ယာရှင်များကိုကျော်လွန်၍ ထိုင်းလူထုထံရောက်ရှိလိမ့်မည် မဟုတ်ပါ။

ဆိုင်းယမ်းခေတ်ကာလများအထိနောက်ပြန်ကြည့်နိုင်သည့်သမိုင်းကြောင်းအရအကျွမ်းဝင်မှုနှင့်အတူ ထားဝယ်၏ ပထဝီဝင်စီးပွားရေးအနေအထားများသည် ၎င်း၏ ပထဝီဝင်နိုင်ငံရေးအနေအထားများ ရှုပ်ထွေးသလောက်ကိုရှုပ်ထွေးလှပါသည်။ အခိုက်အတန့်ကာလမျိုးစုံတွင်ထားဝယ်သည် မြန်မာနှင့် ထိုင်းတို့၏အပြိုင်အဆိုင် တစ်လှည့်စီအုပ်ချုပ်မှုအောက် ၁၉ ရာစုနှစ်လယ်ပိုင်းအထိရှိခဲ့ပြီး ထိုစဉ်ကတနင်္သာရီဒေသအများစုမှာ မြန်မာတို့၏ထိန်းချုပ်မှု အောက်ကျရောက်ခဲ့သည်။

၁၇၆၅-၆၇ တွင် အယုဒ္ဓယထီးနန်းကို ဖြုတ်ချပြီး ၎င်း၏တောင်-မြောက် နှစ်ဖက်ညှပ်တိုက်သည့် နာမည်ကျော် ကျူးကျော်စစ်တွင် ဘုရင့်တပ်မတော်အတွက်စစ်ဆင်ရာ နယ်မြေဖြစ်ခဲ့သည်နှင့် အညီ ထားဝယ်သည် ရှေးခေတ်ဆိုင်းယမ်းပြည်၏ ကင်းစခန်းဖြစ်သော ဖစ်စနုလောက်နှင့်နှိုင်းယှဉ်လျှင် ဘန်ကောက်နှင့်ပိုနီးပါသည်။

အသေအချာဆိုလျှင် ထားဝယ်မဟာစီမံကိန်းကြီးမှာ ထိုင်း-မြန်မာဆက်ဆံရေးမှ ထိုင်း၏ အကြီးမားဆုံး အသက်လမ်းကြောင်းဖြစ်ပါသည်။ ထားဝယ်တစ်လျှောက်တွင်မြန်မာအပေါ် ထိုင်း၏ မှီခိုရမှုသည် ရွှေ့ပြောင်းလုပ်သားများ၊ သဘာဝဓာတ်ငွေ့တင်သွင်းမှုများမှသည် မူးယစ်ဆေးနှိမ်နင်းရေးအထိအဆင့်အမျိုးမျိုးရှိထားပါသည်။ တစ်ဖက်တွင်လည်း မြန်မာသည် ထိုင်းမှလာသော လူ့စွမ်းရည်ဖွံ့ဖြိုးရေးကူညီပေးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားသုံးငွေဝင်ငွေနှင့်(အလုပ်လုပ်သူများထံမှ) ငွေပြန်ပို့ခြင်းများကြောင့် အမြတ်ရနိုင်ပါသေးသည်။

ထိုင်းနှင့် မြန်မာသည် တစ်ဖက်တွင် တရုတ်နှင့် အိန္ဒိယအကြား၊ အခြားတစ်ဖက်တွင် ဂျပန်နှင့်တရုတ်အကြား အဓိကမဏ္ဍိုင်ဖြစ်သည့် အရှေ့တောင်အာရှ၏ ကုန်းမြေကြီးမှ မဟာဗျူဟာကျသောလမ်းကြောင်းကို အတူတကွဖော်ဆောင်နေပါသည်။ ၂၁ ရာစုအလယ်ရောက်လျှင်အရှေ့တောင်အာရှကုန်းမြေသည် အိန္ဒိယတိုက်ငယ်နှင့်အတူ အရှေ့မြောက်အာရှဒေသကို ချိတ်ဆက်လာနိုင်ပြီး ပင်လယ်အော်၌ပထဝီနိုင်ငံရေးအရယှဉ်ပြိုင်ဘက်များဖြစ်သောပြိုင်ဘက်ဟောင်းများကိုထိန်းသိမ်းပြီး ပိုမိုကြွယ်ဝမှုနှင့် တည်ငြိမ်မှုအတွက် အရှေ့တောင်အာရှပင်လယ်ရေကြောင်းခရီး ဖြစ်လာနိုင်ပါသည်။

ဤကြီးမားကျယ်ပြောလှသော လူဦးရေသုံးဘီလီယံ (သန်း ၃,၀၀၀) ခန့်၏ အာရှဇုန်ကြီးတွင် လာမည့်ဆယ်စု နှစ်သုံးခုအတွင်း ပဋိပက္ခ (သို့မဟုတ်) ပူးပေါင်းဆောင်ရွက်မှုများ ပိုမြင်ရမည်။ အရှေ့တောင်အာရှ ကုန်းမြေသည် အာရှ၏ ဗဟိုချက်ဖြစ်ပြီး မြန်မာနှင့်ထိုင်းသည်လည်း၎င်း၏အရေးပါသော ပထဝီ အနေအထားဆိုင်ရာ ဝင်ရိုးများဖြစ်ရန် အလားအလာရှိနေသည်။

ထားဝယ်မှ အဖြောင့်အတိုင်းဘန်ကောက်မှတစ်ဆင့်ဖြတ်ပြီး ဗီယက်နမ်တောင်ပိုင်းရှိ Tuy Hoa တွင် အဆုံးသတ်မည့် လမ်းကြောင်းသည် ရှည်လျားပြီး မက်မောဖွယ်ရာ အာရှကုန်းတွင်းလမ်းကြောင်းဖြစ်သည်။ ရှုပ်ထွေးကျပ်ညပ်ပြီး အကန့်အသတ်နှင့်သွားလာနေရသော မလက္ကာရေလက်ကြားထက် သာလွန်နေသည်။ အပြည့်အဝ သိနားလည်ထားပါက ကျယ်ပြန့်သည့်မဟာမဲခေါင်ဒေသခွဲအောက်၌ ထားဝယ်၏ဖွံ့ဖြိုးမှုနှင့် ချဲ့ထွင်မှု၊ ချိတ်ဆက်မှုတို့သည် ပုံပြင်ထဲမှာပါသော Kra Isthmus လမ်းကြောင်းအဖြစ် တစ်နည်းနည်း ဖြစ်လာနိုင်ပါသည်။ အရှေ့အာရှအတွက် ပထဝီစီးပွားရေးဆိုင်ရာ အဓိကပြောင်းလဲနိုင်သူ ဇာတ်ဆောင် Game- Changer ဖြစ်လာမည်။ ထိုင်းအတွက် နောက်ထပ်အရှေ့ဘက်ပင်လယ်ထွက်ပေါက်ဖြစ်သည်နှင့်အတူတူပင်ဖြစ်ပါသည်။

ဤအချက်များကြောင့် ယင်လပ်ခ် အစိုးရသည် ထားဝယ်နှင့် ပတ်သက်၍ လုပ်ဆောင်မှုများတွင် မှန်ကန်သည့် မဟာဗျူဟာရေးပုံစံထဲ ရှိကောင်းရှိနေနိုင်ပါသည်။ သို့သော် ပထမဆုံး အနေနှင့် အစိုးရသည် အခြေခံအဆောက်အအုံများ ဖန်တီးပေးခြင်း၊ ညီမျှသည့် လုပ်ကိုင်မှုနယ်ပယ်နှင့် ရှင်းလင်းသည့် ဥပဒေများ ဖန်တီးခြင်း၊ အပြန်အလှန်ကုန်ကျစရိတ်များလျှော့ချခြင်းအားဖြင့် နိုင်ငံတကာနှင့် ဒေသတွင်း ပုဂ္ဂလိကအကျိုးစီးပွားများအတွက် အခြေအနေများ ချမှတ်ပေးသည်က ပိုကောင်းပါမည်။ ရေတိုကြည့်သည့် အိမ်နီးချင်းကို ညစ်နွမ်းစေသောအကျိုးစီးပွားရှာမှုများ ရှောင်ကြဉ်ပြီး အမြော်အမြင်အချို့ရှိရပါမည်။

ထိုင်းနိုင်ငံသည် ပွင့်လင်းမြင်သာသော အသွင်ဖြင့် မသေချာသော တာဝန်များကို လက်ခံခြင်း၊ နိုင်ငံတော် (အစိုးရ) မှ တိုက်ရိုက်ဝင်ရောက်စွက်ဖက်ခြင်းများ နည်းနိုင်သမျှ နည်းစေသင့်သည်။ ထိုအချက်များအားလုံးအပြင် ထိုင်းနိုင်ငံသည် မည်သည့်သီးခြားကုမ္ပဏီတစ်ခုကိုမျှ အခွင့်ထူးခံအကျိုးအမြတ်များ မပေးအပ်သင့်။ တစ်နည်းဆိုရသော် ITD ၏ အန္တရာယ်ဖြစ်စေသည့်အနေအထားကို ရှင်းရှင်းလင်းသတ်မှတ်ခြင်းမပြုရသေးသည်အထိ မည်သည့်ထိုင်းအခွန်ထမ်းပြည်သူတို့၏ရင်းမြစ်များကိုမျှ မသုံးသင့်ပေ။

—Ref: No Taxpayer money for Private gains in Dawei/ Bangkok Post.

*(မူရင်းဆောင်းပါးရှင်နှစ်ဦးမှပါဗီဒါပနန်နွန်မှာ Thammasat တက္ကသိုလ် Thammasat Business School မှတွဲဖက်ပါမောက္ခ ဖြစ်သည်။ သီတီနန်ပုန်ဆုဒီရက်ခ်မှာ ချူလာလောင်ကွန်တက္ကသိုလ်၊နိုင်ငံရေးသိပ္ပံမဟာဌာန၏ Institute of Security and International Studies ဌာနခွဲ ဒါရိုက်တာဖြစ်ပါသည်။)*

7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# မေတ္တာတရားကိုသာအရင်းတည်၍

အားမာန်

## တိုင်းပြည်၏ အဆင်းရဲဆုံးလူတန်းစားအတွက် အားထားရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို အစိုးရက ကူညီပံ့ပိုးမှု နည်းပါးလွန်းပြီး နိုင်ငံ၏အချမ်းသာဆုံးသူဌေးကြီးများကလည်း လှူဒါန်းလေ့မရှိပါ

**"ပညာရေးဆိုသည်မှာကမ္ဘာကိုပင်ပြောင်းလဲရန်အသုံးပြုနိုင်သောစွမ်းအားအကြီးဆုံးလက်နက်ဖြစ်ပေသည်"** *-နယ်လ်ဆင်မင်ဒဲလား*

စီး ပွားရေးမြို့တော် ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှ တစ်ကေကျော် မြေကွက်ပေါ်ရှိ စာသင်ဆောင်လေးဆောင်မှာ ဒေသအစုံမှ အရွယ်စုံ၊ အတန်းစုံ ကျောင်းသူ၊ ကျောင်းသား၊ သီလရှင်၊ ကိုရင် ၈၀၀ ကျော်ပညာဆည်းပူးရာ နေရာပင်ဖြစ်ပါသည်။



**စန္ဒာရာမဘကကျောင်းမှ ကလေးငယ်များက ၎င်းတို့ရေးထားသော သင်ခန်းစာများကိုပြသနေစဉ်** ဓာတ်ပုံ-အားမာန်




နွမ်းပါးသောငွေကြေးမပြည့်စုံသော်လည်း ပညာသင်ယူလိုသော နိုင်ငံတစ်ဝန်းမှ ကလေးငယ်များ(အချို့မိဘပါမစုံ)ဤနေရာသို့ လာရောက် ပညာဆည်းပူးကြသည်။ ရှမ်း၊ ကရင်၊ ချင်း၊ ပအို့၊ ပလောင်၊ ကချင် စသော တိုင်းရင်းသားများ ပါဝင်၍ ဗမာအများဆုံးဖြစ်၏။ မပြည့်စုံသော ကလေးငယ် ၈၀၀ ကျော် ပညာသင်ယူနိုင်ရေးကိုသီလရှင်တစ်ပါးက တာဝန်ယူထားပါသည်။

အဆိုပါ ပရဟိတကျောင်းမှာ ဒေါ်သီလဝတီ (ရင်းနှီးသူများက ခေါ်သောအမည် 'ကြီးလေး') က ဦးဆောင်တည်ထောင်ထားသော မြသိင်္ဂီသီလရှင်သင် ပညာရေး ကျောင်းဖြစ်၏။ မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာ ဉာဏတောင်ပိုင်းတွင် ၂၀၀၂ မေလတွင် စတင်တည်ထောင်သောထိုကျောင်းတွင် တည်ထောင်စက ကျောင်းသူ၊ ကျောင်းသား၊ ခြောက်ဆယ်ကျော်သာ ရှိခဲ့သော်လည်း ဆယ်နှစ်ကြာသောအခါ ကျောင်းသူ၊ ကျောင်းသား ၈၀၀ ကျော်ကို အခမဲ့ ပညာဖြန့်ဝေပေးရာဌာန ဖြစ်နေလေသည်။

ကလေးငယ်များကို ပညာကောင်းစွာသင်ယူနိုင်ရေး၊ကလေးငယ်များ ဘဝရှေ့ရေးဖြောင့်ဖြူးရေး၊ ဆရာ၊ ဆရာမကောင်းများ ရရှိတည်မြဲရေး၊ ဆရာ၊ ဆရာမများအတွက် လစာပုံမှန်ချီးမြှင့်နိုင်ရေး စသော အရေးပေါင်းများစွာ အတွက် 'ကြီးလေး' ၏ တာဝန်ကကြီးလေးလှပါသည်။ မြန်မာနိုင်ငံ၏ အဆင်းရဲဆုံး အောက်ခြေလူတန်းစားများ၏ ရင်သွေးငယ်များကို အဓိက ပညာဖြန့်ဖြူးပေးနေရာ ဘုန်းတော်ကြီးသင်၊ သီလရှင်သင် ပညာရေးကျောင်းများ၏ ဦးဆောင်ဆရာတော်၊ သီလရှင်တို့၏ တာဝန်မှာ အလားတူပင်။

သမိုင်းမှတ်တမ်းများအရ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှာပုဂံခေတ်(၁၀၄၄-၁၂၈၇)ကတည်းကပင်စတင်ပေါ်ပေါက်ခဲ့သည်။ ဗုဒ္ဓသာသနာပြန့်ပွားစေရန် ရည်ရွယ်ပြီး ပါဠိဘာသာကို အခြေခံ၍ သင်ကြားပေးခဲ့သလို၊ မွန်စာပေကဲ့သို့မြန်မာစာပေကိုတီထွင်ကြံဆရန် ထိုကျောင်းများက ရည်မှန်းခဲ့ကြောင်း ပညာရေးတက္ကသိုလ်အငြိမ်းစားပါမောက္ခဦးသန်းထွတ်ရေးသားသော 'မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်း'စာအုပ်တွင် ဖော်ပြထားသည်။

ဗြိတိသျှတို့၏ ကျူးကျော်သိမ်းပိုက်ခံခဲ့ရသော ကိုလိုနီခေတ်တွင် အနောက်တိုင်းပညာ ထွန်းကားလာသည်နှင့်အမျှ ဘုန်းတော်ကြီးကျောင်းပညာရေးမှာ ဆုတ်ယုတ်လာသည်။ ၁၈၉၂-၉၃ ခုနှစ်တွင် ဘုန်းတော်ကြီးကျောင်း ၄၆၁၆ ကျောင်းရှိရာမှ နှစ် ၄၀ ကြာသောအခါ ၁၉၃၃-၃၄ တွင် ၉၂၈ ကျောင်းသာရှိတော့သည်။

ယခုအခါတွင်မူ တစ်နိုင်ငံလုံးတွင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၄၃၁ ကျောင်းရှိပြီး ကျောင်းသား၊ ကျောင်းသူ၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၂၁၅,၀၀၀ ကျော် ပညာဆည်းပူးနေသည်။ ၂၀၁၁-၁၂ ပညာသင်နှစ်မှစ၍ မသင်မနေရ မူလတန်းပညာရေး အစီအစဉ်စတင်ခဲ့ရာ တစ်နိုင်ငံလုံးရှိ မူလတန်းကျောင်းသား ငါးသန်းကျော် ဘကကျောင်းသားများ အပါအဝင် စာရေးကိရိယာနှင့်စာအုပ်များအခမဲ့ထောက်ပံ့ပေးနေကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လွှတ်တော်တွင် ဖြေကြားခဲ့သည်။

ရန်ကုန်မြို့၏ဆင်ခြေဖုံးလှိုင်သာယာမြို့နယ်၁၉ရပ်ကွက်မှမင်းထိုက်အောင်မှာ အသက် ၁၂ နှစ်အရွယ်တွင်မှ ကျောင်းစနေရပြီး က, ခ, ဂ နှင့် A, B, C ကို စနစ်တကျသင်ရသည်။ သူ၏ညီအရင်းအသက် ၉ နှစ်အရွယ် ဇင်မင်းထက်နှင့်အတူ သူငယ်တန်း စတက်ရခြင်းဖြစ်၏။ လှိုင်သာယာမြို့နယ် ၂၂ရပ်ကွက်တွင် ယခုနှစ် ဇွန်လမှ စတင်ဖွင့်လှစ်သောစန္ဒာရာမဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ဖြစ်၏။

ထို့အပြင် ကျပန်း အလုပ်လုပ်သော သူတို့၏ အမေ (ဖခင်မှာကွယ်လွန်သွားပြီဖြစ်သည်)က ညီအစ်ကိုနှစ်ဦးစလုံး၏ ဘဝရှေ့ရေးအတွက် စန္ဒာရာမ ဘုန်းတော်ကြီးသင်ပညာကျောင်းတည်ထောင်သူ အရှင်စန္ဒာဝရလက်သို့ လုံးဝအပ်ထားသည်။

"ပညာရေးဆိုတာ စားဝတ်နေရေးပြည့်စုံမှ လုပ်လို့ရတယ်။ ဒီမှာ ကျောင်းတက်တဲ့ ကလေးတွေက ဆင်းရဲနွမ်းပါးတဲ့ ကလေးငယ်တွေပါ။ ဒီကျောင်းမဖွင့်ရင် အခုကျောင်းသား ၂၀၀ကျော်ထဲမှာ၈၀၊ ၁၀၀လောက်ကျောင်းရောက်မှာမဟုတ်ဘူး" ဟု ဆရာတော်ဦးစန္ဒာဝရက မိန့်သည်။

စာ(၂၉)သို့

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# ပညာရေးစနစ် ပြောင်းလဲရန် လိုအပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား

**အောင်သူရ**
**ရန်ကုန်၊**
**အောက်တိုဘာ-၁၂**

မြန်မာနိုင်ငံ၏ ပညာရေးစနစ်မှာ အင်မတန်မှ အခြေအနေဆိုးနေပြီး အခြေခံပညာရေးစနစ်သည် ကလေးများအတွက် ပညာပေးသော စနစ်မဟုတ်သည့်အတွက် ပြုပြင်ပြောင်းလဲရန် လိုနေပြီဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်အမတ်ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

"ကျွန်မတို့နိုင်ငံ ပညာရေးစနစ်ဟာ အင်မတန်မှ ပြုပြင်ပြောင်းလဲဖို့ လိုပါတယ်။ အင်မတန်မှုကို အခြေအနေ ဆိုးနေပါတယ်။ ကျွန်မတို့ အခြေခံပညာရေးစနစ်ဟာ ကျွန်မတို့ ကလေးတွေအတွက်က ပညာပေးတဲ့စနစ် မဟုတ်ပါဘူး" ဟု ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် တက္ကသိုလ်ပညာရေးအက်ဥပဒေရေးဆွဲနိုင်ရန် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါက်တာသိန်းလွင်၊ ကိုတာနှင့် ဒေါက်တာတင်လှိုင်တို့ပါဝင်သော ပညာရေးကော်မတီတစ်ရပ် ဖွဲ့စည်းရန် စီစဉ်နေကြောင်း ကော်မတီဝင်တစ်ဦးက ပြောသည်။ နှစ် ၅၀ကြာ ပညာရေးစနစ် ညံ့ဖျင်းမှုကြောင့် လူငယ်များအကြား လုပ်နိုင်ကိုင်နိုင်သူ ရှားပါးလာကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

ထို့အပြင် ကျောင်းမသွားနိုင်သည့်ကလေးများ နှုန်းမှာလည်း အင်မတန် များနေသည်ဟုလည်း ထပ်လောင်းပြောဆိုခဲ့သည်။

"ကျွန်တော်ရောက်ခဲ့တဲ့ အထက်မြန်မာပြည်မှာ အခြေခံပညာမူလတန်းကျောင်းတော်တော်များများမှာ ကလေးတွေ မရှိတော့ပါဘူး။ ကိုယ်တိုင်ကိုယ်ကျ လိုက်ကြည့်ခဲ့တာပါ။ ဘကကျောင်းတွေနဲ့ ပညာဒါနကျောင်းတွေကို ရောက်ရှိသွားပါပြီ" ဟု ကိုမင်းကိုနိုင်က အောက်တိုဘာ ၆ ရက်တွင် ပြုလုပ်သောမြန်မာနိုင်ငံပညာရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

ထိုကဲ့သို့ ဘကကျောင်းများသို့ ကျောင်းသားများပြောင်းတက်ရခြင်းမှာ ဆရာ၊ ဆရာမများက ဂရုစိုက်မှု ကွာခြားခြင်းနှင့် အစိုးရကျောင်းများအပေါ် အယုံအကြည်မရှိတော့ခြင်းကြောင့်ဖြစ်ကြောင်း ကိုမင်းကိုနိုင်က ပြောသည်။

"ကျွန်တော့် မဲဆန္ဒနယ်မှာလည်း အဲဒီလိုပဲ ကလေးတွေ ဘကကျောင်းတွေပဲ တက်တော့တယ်" ဟု ပြည်ခိုင်ဖြိုးပါတီ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်-၉(လယ်ဝေးနှင့် ပျဉ်းမနား)မှ အမျိုးသားလွှတ်တော်အမတ်ဦးမှတ်ကြီးက ပြောသည်။

အခြေခံပညာ မူလတန်းကျောင်းများတွင် တက်ရောက်သော ကလေးများမှာ လေးတန်းအောင်သော်လည်း မြန်မာစာ ကောင်းကောင်းမဖတ်တတ်သည့်အတွက် ဘကကျောင်းများသို့ တက်ရောက်သူများနေကြောင်း ပြည်ခိုင်ဖြိုးပါတီ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်-၉ မှ အမျိုးသားလွှတ်တော်အမတ်ဦးမှတ်ကြီးက ပြောသည်။

ရန်ကုန်မြို့တွင်ပင် နာမည်ကြီးကျောင်းများ၌ တက်သောကျောင်းသားများနှင့်ပုံမှန်ကျောင်းများတွင် တက်သော ကျောင်းသားများမှာ စာတတ်မြောက်မှုများစွာ ကွာခြားကြောင်း ရန်ကုန်မြို့နေကျောင်းသားမိဘများထံမှ သိရှိရသည်။

မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်းအနေဖြင့်ပြီးခဲ့သည့်နှစ်က ဆန်စပါး အဓိကစိုက်ပျိုးသော မြို့နယ်၄၆မြို့နယ်တွင်ကောက်ယူခဲ့သော စစ်တမ်းအရ ၁၀ နှစ်အရွယ်ကလေးငယ် ၁၅ ရာခိုင်နှုန်းမှာ ကျောင်းမတက်နိုင်ဘဲ မိဘများကို ကူညီနေရကြောင်း ဖော်ပြထားသည်။

တစ်ဖက်စာမျက်နှာမှ အဆက်

ရတနာဖြိုးသီရိမြို့ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် လက်ထောက်ကျောင်းအုပ်လုပ်ကိုင်ခဲ့ဖူးပြီး ပညာသင်ကြားခဲ့သော အတွေ့အကြုံ ၁၀ နှစ်ကျော်ရှိသော အရှင်စန္ဒာဝရက ပေ ၁၃၀ ပတ်လည် မြေကွက်ပေါ်တွင် စန္ဒာရာမ ဘကကျောင်းကို ဇွန်လမှ စတင်တည်ထောင်ခဲ့သည်။ ပထမဆုံး ကျောင်းဖွင့်သော နှစ်မှာပင် မူလတန်းကျောင်းသား၊ ကျောင်းသူ ၂၁၇ ဦးတို့ ပညာသင်ကြားလျက်ရှိသည်။

ရွှေပလောင်တိုင်းရင်းသူ သီလရှင်မသုမာလာတို့ မိသားစုမှာ သူတို့ရွာတွင် ပညာတတ်အများဆုံးအိမ်ဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း နန်းဆမ်မြို့နယ် ပိန်းလုံးကျေးရွာဇာတိ သက်တော် ၁၅ နှစ်အရွယ် မသုမာလာမှာ မြသိင်္ဂီကျောင်းတွင်နေ၍ဆယ်တန်းတက်နေသည်။ ဆရာလေးနှင့်အတူ ညီအစ်မလေးဦးစလုံး(၁၀)တန်းတွင် နှစ်ဦး၊ ၈တန်းတွင်တစ်ဦး၊ ၆တန်းတွင် တစ်ဦး)နှင့် သုံးတန်းကျောင်းသားမောင်တစ်ဦးတို့မှာ မြသိင်္ဂီသီလရှင်သင် ပညာရေးကျောင်းမှာပင် ပညာသင်ကြားနေကြသည်။ သူတို့၏ အစ်ကိုမှာလည်း အဆိုပါ ပရဟိတကျောင်းတွင် ၁၀ တန်းတက်ပြီး စာမေးပွဲကျသော်လည်း ပြန်မဖြေဘဲ မလေးရှားနိုင်ငံသို့ သွား၍ အလုပ်လုပ်နေလေသည်။

"ရွာမှာ မြို့နဲ့ဝေးတော့ ကျောင်းထွက်သူများတယ်။ ဆရာလေးတို့လည်း ဒီမှာသာ မနေရရင် ရွာမှာ ခြောက်တန်းဆို ကျောင်းထွက်ရမယ်"ဟု လက်ဖက်တောင်သူ မိသားစုမှ မွေးဖွားလာသော မသုမာလာကပြောသည်။ ယခု မောင်နှမအားလုံး ကျောင်းနေပြီး အတန်းများလည်း ကြီးလာပြီဖြစ်၍ သူတို့မိသားစုမှာ ရွာတွင် ပညာတတ် အများဆုံးမိသားစုဟု ပြောနိုင်ပေပြီ။

မြို့ပြနှင့်ဝေးလှသော တိုင်းရင်းသားဒေသ ကျေးလက်များတွင် နေထိုင်သော ရှမ်း၊ ပအို့၊ ပလောင် စသော တိုင်းရင်းသားများမှာ ဘကကျောင်းများတွင် ၎င်းတို့ ရွာသူ၊ ရွာသားတစ်ဦး နေထိုင် ပညာသင်ယူ၍ အဆင်ပြေလျှင် ကျောင်းသူ၊ ကျောင်းသားများ ဆက်တိုက်ရောက်လာလေ့ရှိကြောင်းကြီးလေးက မိန့်သည်။


**"ပညာသည်သာ အသက်အရွယ်ကြီးလာချိန်အတွက် အကောင်းဆုံးရိက္ခာဖြစ်သည်"**

*-အရစ္စတိုတယ်*

မင်းထိုက်အောင်နှင့် မသုမာလာတို့ကဲ့သို့ပင် တစ်နိုင်ငံလုံးရှိ နွမ်းပါးသော ကလေးငယ် အများစုမှာ ဘကကျောင်းများကိုသာ အားကိုးနေရသည်။ ဝေးလံခေါင်သီသော ဒေသရှိ ကျေးရွာများ၊ တောင်တန်းများပေါ်တွင်လည်း သာသနာ့အာဇာနည်များက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို ကြိုးစားဖွင့်လှစ်၍ ပညာအလင်းဖြန့်ဝေကြသည်။ ကရင်၊ မွန်၊ ချင်းနှင့် ကချင်ပြည်နယ်တို့တွင် ကျန်ဒေသများထက် ဘကကျောင်းအရေအတွက် နည်းပါးသည်။

ဘကကျောင်းများတွင် အဓိကကုန်ကျစရိတ်မှာ ဆရာ၊ ဆရာမများအတွက် လစာချီးမြှင့်ငွေဖြစ်သည်။ ကျောင်းတွင်နေသော ကျောင်းသူ၊ ကျောင်းသားများသော ကျောင်းနှင့် ပညာသင်ဆုပေးသော ကျောင်းများတွင် အသုံးစရိတ် ပိုများသည်။ ကုန်ကျစရိတ်အားလုံးကို ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များထံမှ အလှူငွေများဖြင့် ရပ်တည်ကြသည်။ တစ်ဦးတည်း အဖွဲ့အစည်းတစ်ခုတည်းက ဘကကျောင်းစရိတ် အားလုံးလှူသည်မျိုးမရှိ။ ရှိုင်းဟုပ်(Shine Hope)ကုမ္ပဏီကသာ နိုင်ငံတစ်ဝန်းရှိဘကကျောင်း ၂၂၅ကျောင်းမှ ဆရာ၊ ဆရာမ ၅၀,၀၀၀ ကျော်၏ လစာကို ၂၀၀၄ မှစ၍ ယနေ့အထိ တစ်ဦးလျှင် သုံးသောင်းကျပ်နှုန်းဖြင့် ဆက်တိုက်လှူဒါန်းခဲ့သည်။

**အချပ်ပို(B)သို့**



7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

## စာ-၇၊ ၂၀၁၂ ခုနှစ် မိုးလွန်ရက်ကျန်နဲ့ ဆောင်းဦးဝင်ချိန် ရာသီအလားအလာ မှ

နောက်တော့လည်း မြစ်ကြောင်းတစ်လျှောက် ရေအောက်ဒေသတွေမှာ ရေတွေတက်လာတော့တာပါပဲ။

**ဒုတိယတွေ့ရတဲ့ အပြောင်းအလဲ**

မုတ်သုံလေဦး (monsoon front)ဆိုတာ လေဖိအားနည်းရပ်ဝန်းတွေ တန်းစီပြီးဖြစ်နေတဲ့ လေစိုင်ဇုန်တစ်ခုဖြစ်ပါတယ်။ ဒီလေစိုင်ဇုန်ဟာ အမြဲလေထုမတည်မငြိမ်ဖြစ်နေပြီး မိုးတိမ်တောင်တွေ အဲဒီမှတစ်ဆင့် မုန်တိုင်းတွေ ဖြစ်နေကျနေရာလည်း ဖြစ်ပါတယ်။ လေကြောင်းခရီး၊ ရေကြောင်းခရီးစဉ်တွေအတွက်တော့ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့နေရာပေ့ါ။ အထူးသဖြင့် မုတ်သုံမုန်တိုင်းတွေ ပေါက်ဖွားရာ မွေးရပ်ဇာတိဖြစ်ပါတယ်။ အခုတော့ ဒီဒေသဟာ ရေပြင်ပေါ်မှာ ရှိနေရမယ့်အစား ကုန်းပေါ်မှာရောက်နေလေတော့ မုန်တိုင်းတွေဖြစ်လာဖို့ မရှိမဖြစ်လိုအပ်တဲ့ ရေငွေ့ပံ့ပိုးမှု မရနိုင်တော့ဘူးပေ့ါ။ ဒီတော့ ဘင်္ဂလားပင်လယ်အော်ထဲမှာ မိုးရာသီကုန်တဲ့အထိ မုန်တိုင်းတွေ မဖြစ်တော့ပါဘူး။

**တတိယတွေ့ရတဲ့အပြောင်းအလဲ**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသဟာ မိုးကွယ်အရပ် (rain shadow area) ဖြစ်ပါတယ်။ ရခိုင်ရိုးမကြီးက ကွယ်ထားလို့ ဘင်္ဂလားပင်လယ်အော်ထဲက အနောက်တောင် မုတ်သုံလေတွေက မိုးရွာမပေးနိုင်တဲ့ဒေသဖြစ်ပါတယ်။ မုတ်သုံလေဆိုတာ မြေစပ်လေထုလွှာရဲ့ အနိမ့်ပိုင်းမှာ တိုက်တဲ့လေတွေမို့ အလယ်ပိုင်းဒေသကို ရောက်ဖို့ ရိုးမကို အရင်ကျော်ရပါတယ်။ အဲဒီအကျော်မှာ အအေးဓာတ်တွေရပြီး သယ်လာသမျှ ရေငွေ့တွေက အရည်ဖွဲ့ပြီး မိုးအဖြစ်ရွာချလိုက်တော့ တစ်ဖက်မှာရှိတဲ့ အလယ်ပိုင်းဒေသကို ရောက်တော့ လေတွေက ပူပြီး ခြောက်သွေ့နေကြပါပြီ။ ဒါကြောင့် အလယ်ပိုင်းဒေသဟာ မိုးနည်းရေရှားဒေသဖြစ်ပါတယ်။ ဒီတော့ ဒီဒေသကို မိုးရွာဖို့ ဝင်လာတဲ့တိမ်တွေဟာ ရိုးမအပေါ်က ဖြတ်လာနိုင်တဲ့ မြင့်မားတဲ့တိမ်တွေဖြစ်ဖို့လိုပါတယ်။ ဒီလိုတိမ်တွေကို မုန်တိုင်းတွေက ပေးနိုင်ပါတယ်။ ဒါကြောင့် ဒီဒေသတွေဟာ ဘင်္ဂလားပင်လယ်အော်ထဲမှာ မုန်တိုင်းဖြစ်ရင် ဒါမှမဟုတ် တောင်တရုတ်ပင်လယ်ဘက်က မုန်တိုင်းအကြွင်းအကျန်တွေရွေ့လာရင် မိုးရပါတယ်။ အခုတော့ ဘင်္ဂလားပင်လယ်အော်ထဲမှာ မုန်တိုင်းက တစ်လုံးမှ မဖြစ်တဲ့အပြင် အရှေ့ဘက်ကလည်း မုန်တိုင်း အကြွင်းအကျန်တစ်ခုမှ ရောက်မလာတာကြောင့် ဒီနှစ်အလယ်ပိုင်းဒေသဟာ သဲသောင်ပြင်မှာ မီးကင်ခံရတဲ့ငါးလို ပူပြင်းခြောက်သွေ့ဖြစ်ရတော့တာပါပဲ။

**စတုတ္ထအပြောင်းအလဲ**

ဒီနှစ် မိုးရွာသွန်းပုံကလည်း မှတ်သားလောက်ပါတယ်။ မြန်မာနိုင်ငံ အလယ်ပိုင်းမှာ မိုးမရွာလို့ ပျိုးပင်တွေမစိုက်ရဘဲ ပုပ်ကုန်တာတို့၊ မိုးမရွာတာ မနှစ် အောက်တိုဘာလကတည်းကလို့ ပြောရလောက်အောင် ခေါင်ခဲ့ပါတယ်။ အဲဒီအချိန်မှာမြန်မာနိုင်ငံမြောက်ပိုင်း၊ ကမ်းရိုးတန်းဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသနဲ့ တောင်ပိုင်းဒေသတွေမှာတော့ ရွာလိုက်တဲ့မိုး၊ ပျမ်းမျှတွက်ရင်တောင် တစ်နေ့တစ်နေ့ တစ်လက်မနီးပါး (အတိအကျပြောရရင် ပျမ်းမျှ တစ်နေ့ ၀ ဒသမ ၈ လက်မခန့်) ရွာပါတယ်။ ဒါဟာ ပုံမှန်ထက် ၅၀ ရာခိုင်နှုန်းလောက် ပိုပါတယ်။ ဒီတော့ မိုးများရင် ရေကြီးတော့တာပေ့ါ။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း စတာတွေမှာ ရေကြီးတော့တာပါပဲ။ ဧရာဝတီတိုင်းနဲ့ ကရင်ပြည်နယ်တို့မှာ အဆိုးဆုံးပါပဲ။ ရေမြုပ်တဲ့ကာလကိုကစက်တင်ဘာလဆန်းလောက်အထိ ကြာပါတယ်။ ရေမြုပ်လယ်ကေကပဲ ကေခြောက်သိန်း ကျော်ပါတယ်။ ရေကြီးလိုက်ပုံကတော့ အထက်ပိုင်းကရေတွေ ဆင်းလာလို့ မိုးခေါင်နေတဲ့ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသတွေတောင် ရေကြီးခဲ့ပါတယ်။

**အခုတော့လည်း ဒါတွေပြီးခဲ့ပါပြီ**

အခုတော့ မုတ်သုံလေကလည်း မြန်မာပြည်ကနေ ဆုတ်ခွာသွားခဲ့ပါပြီ။ စက်တင်ဘာလ ၁၈ ရက်ကတည်းက မြောက်ပိုင်းက စဆုတ်ပါတယ်။ စက်တင်ဘာ ၂၈ မှာ မြစ်ဝကျွန်းပေါ်ကနေ ဆုတ်ပါတယ်။ ကျန်နေတဲ့ တောင်ပိုင်းကနေ တစ်ဆက်တည်း လကုန်ပိုင်းမှာ ဆက်ဆုတ်မယ်အလုပ်မှာ အရှေ့ဘက်က GAEMI မုန်တိုင်း ကပ္ပလီပင်လယ်ပြင်ထဲအထိ ရောက်လာခဲ့ပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းမှာ မုန်တိုင်းဖြစ်လိုက်တဲ့အတွက် မုတ်သုံအဆုတ်ဇာတ်လမ်းဟာ ပေရှည်သွားခဲ့ရပြီး အောက်တိုဘာ ၉ ရက်မှာဆုတ်ခွာနိုင်ပါတယ်။

အခုတော့လည်း မိုးတွင်းကာလဟာ ကုန်ဆုံးခဲ့ပြီး မိုးလွန်ကာလထဲ ရောက်ရှိလာခဲ့ပါပြီ။ ဒီတော့ မိုးလွန်လက်ကျန်နဲ့ ဆောင်းဦးကာလကို ကျော်ဖြတ်ရတော့မယ်။

**မိုးလွန်ကာလရဲ့ မိုးလေဝသဖြစ်စဉ်တွေ**

မိုးလွန်ကာလ (နိုဝင်ဘာလကုန်အထိ)အတွင်း အဓိကအားဖြင့် မိုးရွာသွန်းနိုင်သေးတဲ့ ဖြစ်စဉ်တွေ (rain bearing systems) ကတော့ (က) ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်တဲ့အခါ (ခ) အရှေ့ဘက်က မုန်တိုင်းအကြွင်းအကျန် (ဒါမှမဟုတ်) အရှေ့လေပွေလှိုင်းလာတဲ့အခါ (ဂ) မိုးတိမ်တောင်ဖြစ်တဲ့အခါ(ဃ)အနောက်လေအေးစီးကြောင်းတွေ ဝင်လာတဲ့အခါ မိုးတွေရွာတတ်ပါတယ်။ လက်ရှိမှာတော့ မြန်မာပြည်မှာ မိုးအများဆုံးရွာနေတဲ့ ဒေသဟာ နှစ်ခုပဲရှိပါတယ်။ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းဒေသ (ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း အထက်ပိုင်း) နဲ့ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း (ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်း)တို့ ဖြစ်ပါတယ်။ မြောက်ပိုင်းကတော့ အနောက်လေစီးကြောင်းတွေကြောင့် ရွာရတာဖြစ်ပြီး တောင်ပိုင်းကတော့ အရှေ့ဘက်က လေစီးကြောင်းတွေကြောင့် ရွာကြတာဖြစ်ပါတယ်။

**ဒီဖြစ်စဉ်တွေရဲ့အလားအလာတွေ**

ဘင်္ဂလားပင်လယ်အော်မုန်တိုင်း။ ဘင်္ဂလားပင်လယ်အော်ထဲမှာ လေထုမငြိမ်မသက်ဖြစ်နေဆဲပါ။ မုန်တိုင်းထပ်ဖြစ်နိုင်ပါသေးတယ်။ ဒါပေမဲ့ ဖြစ်ရင်တော့ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းဘက်ပိုရောက်သွားမှာဖြစ်လို့မြန်မာနိုင်ငံအတွက် အန္တရာယ်နည်းနိုင်ပါတယ်။

အရှေ့လေပွေလှိုင်း။ နိုဝင်ဘာလကုန်အထိ လာနိုင်သေးတဲ့ မှတ်တမ်းတွေ ရှိပါတယ်။ လက်ရှိမှာတော့ ပစိဖိတ်အနောက်ပိုင်းမှာဖြစ်တဲ့ မုန်တိုင်းတွေဟာ အရှေ့မြောက်ဘက်ကိုပဲ ပြန်ကွေ့နေလို့ တောင်တရုတ်ပင်လယ်ထဲတောင် ဝင်လာဖို့မသေချာပါဘူး။

မိုးတိမ်တောင်။ ရေငွေ့ပါတဲ့ လေတွေလျော့နည်းလာပြီးခြောက်သွေ့လာတာကြောင့်မိုးတိမ်တောင်တွေ အဖြစ်နည်းလာပါပြီ။ တစ်ခါတလေ မနက်ပိုင်းမှာ မြူတွေတောင် စတွေ့နေရပါပြီ။

အနောက်လေစီးကြောင်းတွေ။ ဒီဖြစ်စဉ်ကတော့ လက်ရှိမှာ တစ်နေ့ထက်တစ်နေ့ အားပိုကောင်းလာနေပါတယ်။ ဆုတ်ခွာသွားတဲ့ မုတ်သုံလေရဲ့နေရာကို မြန်မြန်ဆန်ဆန်ကြီးကို နေရာယူလာပါတယ်။ ဒါပေမဲ့ မြောက်ပိုင်းဒေသတွေမှာပဲ အဖြစ်များနိုင်ပါတယ်။

**ဇာတ်ဆရာကြီးလာပြန်ပြီ**

၁၉၈၀ ပြည့်နှစ်များကစပြီး ရာသီဥတုဖောက်ပြန်မှုတွေ ပိုများလာပါတယ်။ အထူးသဖြင့် အစွန်းရောက် ရာသီဥတုတွေ (Extreme Weather)တွေ ပိုအဖြစ်များတာပါ။ ဒီဇာတ်လမ်းတွေမှာ အဓိက ကြိုးဆွဲကြီးကတော့ အယ်လ်နီညို-လာနီညာဆိုတဲ့ ဇာတ်ဆရာကြီးပါပဲ။ ဒီနှစ်လည်း လာပြန်ပြီ။ ပစိဖိတ်သမုဒ္ဒရာထဲမှာ ဒီနှစ် ဒီဇာတ်ဆရာကြီးရဲ့ ဇာတ်ကနေပြီလို့ အမေရိက၊ ဩစတြေးလျ၊ ဂျပန်နဲ့ မလေးရှားတို့က ကြေညာထားကြပါပြီ။

၂၀၁၂ ခုနှစ် မိုးလွန်ကာလနဲ့ ဆောင်းဦးကာလတွေဖြစ်တဲ့ အောက်တိုဘာမှ ဒီဇင်ဘာလအထိ ကာလအတွက် ခန့်မှန်းချက်တွေ ထုတ်ပြန်ထားတာကတော့ မိုးရွာသွန်းမှုလျော့နည်းပြီး အပူချိန်တွေကတော့ ပိုလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ မိုးနည်းမယ့်ဒေသတွေအနေနဲ့ အထူးသဖြင့် အောက်ပိုင်း ဒေသတွေမှာ ပိုအဖြစ်များနိုင်ပါတယ်။ အပူချိန်ကတော့ တစ်နိုင်ငံလုံး အတိုင်းအတာပါပဲ။ ထူးခြားတာကတော့ မြောက်ပိုင်းဒေသတွေပါ အပူချိန်တွေ ပုံမှန်ထက်ပိုနိုင်ပါတယ်။ ဒီနှစ်အစကလည်း မြောက်ပိုင်းဒေသတွေမှာ အပူချိန်တွေ ပိုနေခဲ့လို့ မုတ်သုံလေဦးဟာ မိုးတွင်းတစ်တွင်းလုံး မြောက်ပိုင်းကကို ပြန်မဆင်းခဲ့တော့ပါဘူး။

အခုလည်းလာမယ့်အောက်တိုဘာလအတွင်းမှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွေကိုဆောင်းဦးကာလအစမှာ အပူလှိုင်းတစ်ခုဖြတ်နိုင်တယ်လို့ ထူးထူးခြားခြား ခန့်မှန်းရကြောင်းပါဗျာ။ ။

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်
ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်များစွာကို မွေးထုတ်ပေးခဲ့သည့်

**အောင်ချမ်းမြေ့**

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
အမှတ်(၂၄၉)၊ 2B,5B,6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
အမှတ်(၂၅၁)၊ (6B,7Bထပ်)၊ ဗားဂရာလမ်းမကြီး၊ ] ကယ်ထမင်းဆိုင်
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉
(Open 7:00 am To 7:00 pm) ပိတ်ရက်မရှိပါ။

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့်ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာမလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓါတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။ တန်းခွဲတစ်ခုလျှင် (၂၀)ဦး ကန့်သတ်ထားပါသည်၊

**"အောင်" ပြီး "ချမ်းမြေ့" မှုတွေ့ရှိရန် "အောင်ချမ်းမြေ့"** ကိုလာခဲ့ပါ။

(I)

**တစ်လပြတ်အထူး (တစ်ပတ်ငါးရက်)**

**ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ( တနင်္လာ မှ သောကြာနေ့အထိ)**

စဉ် (၂၃၆၃) ၂၂. ၁၀. ၁၂ — စဉ် (၂၃၆၇) ၂၉. ၁၀. ၁၂
စဉ် (၂၃၆၄) ၂၃. ၁၀. ၁၂ — စဉ် (၂၃၆၈) ၃၁. ၁၀. ၁၂
စဉ် (၂၃၆၅) ၂၄. ၁၀. ၁၂ — စဉ် (၂၃၆၉) ၁. ၁၁. ၁၂
စဉ် (၂၃၆၆) ၂၅. ၁၀. ၁၂ — စဉ် (၂၃၇၀) ၂. ၁၁. ၁၂

**နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်)**

**ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

စဉ်(၂၃၇၁) ၂၀. ၁၀. ၁၂ (Sat & Sun) — စဉ်(၂၃၇၄) ၂၇. ၁၀. ၁၂ (Sat & Sun)
စဉ်(၂၃၇၂) ၂၃. ၁၀. ၁၂ (Tue & Wed) — စဉ်(၂၃၇၅) ၃၁. ၁၀. ၁၂ (Wed&Thur)
စဉ်(၂၃၇၃) ၂၅. ၁၀. ၁၂ (Thur & Fri) — စဉ်(၂၃၇၆) ၁. ၁၁. ၁၂ (Thur&Fri)

**သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

စဉ်(၂၃၇၇) ၂၀. ၁၀. ၁၂ (Sat) — စဉ်(၂၃၇၉) ၂၇. ၁၀. ၁၂ (Sat)
စဉ်(၂၃၇၈) ၂၁. ၁၀. ၁၂ (Sun) — စဉ်(၂၃၈၀) ၂၈. ၁၀. ၁၂ (Sun)

**(II) နိုင်ငံတကာအဆင့်မီ ဒီပလိုမာ သင်တန်းများ**
**(တနင်္လာ မှ သောကြာနေ့အထိ)**

(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ် (IV) နှစ်နှစ်၊ (V) သုံးနှစ်၊

စဉ် (၂၃၈၁) ၂၂. ၁၀. ၁၂ — စဉ် (၂၃၈၅) ၂၉. ၁၀. ၁၂
စဉ် (၂၃၈၂) ၂၃. ၁၀. ၁၂ — စဉ် (၂၃၈၆) ၃၁. ၁၀. ၁၂
စဉ် (၂၃၈၃) ၂၄. ၁၀. ၁၂ — စဉ် (၂၃၈၇) ၁. ၁၁. ၁၂
စဉ် (၂၃၈၄) ၂၅. ၁၀. ၁၂ — စဉ် (၂၃၈၈) ၂. ၁၁. ၁၂

**(III)သားဖွားမီးယပ် (၃)လ ဒီပလိုမာ** (Fri, Sat, Sun, Mon, Tue)

စဉ် (၂၃၈၉) ၁၉. ၁၀. ၁၂ — စဉ် (၂၃၉၁) ၂. ၁၁. ၁၂
စဉ် (၂၃၉၀) ၂၆. ၁၀. ၁၂

**သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ**

(I) 07:00 am to 09:00 am — (IV) 11:00 am to 02:00 pm
(II) 08:00 am to 11:00 am — (V) 01:00 pm to 04:00 pm
(III) 09:00 am to 12:00 pm — (VI) 05:30 pm to 07:30 pm

**ဝန်ထမ်းအလိုရှိသည်**

၁။ Machine Operator — ကျား (၂) ဦး
- A.G.T.I (Mechanical or Electrical)
- Inline Liquid Filling Machine & Powder Machine စက်ပစ္စည်းများ ကျွမ်းကျင်စွာကိုင်တွယ်မောင်းနှင်နိုင်ရမည်။
- အသက် (၂၅) မှ (၃၅) နှစ်အတွင်းဖြစ်ရမည်။ ကျန်းမာ ရေးအထူးကောင်းမွန်ရမည်။

၂။ Delivery Man — ကျား (၃) ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (င)လိုင်စင်ကိုင်ဆောင်ထားသူဖြစ်ရမည်။
- အသက် (၂၅) မှ (၃၅) နှစ်အတွင်းဖြစ်ရမည်။ ကျန်းမာရေးအထူးကောင်းမွန်ရမည်။
- လစာညှိနှိုင်းပေးမည်။

လျှောက်ထားလိုသူများသည် (၁)ပတ်အတွင်း ရိုက်ထားသော ဓာတ်ပုံ (၁) ပုံ၊ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်း အထောက်အထား၊ ယာဉ်မောင်းလိုင်စင်မိတ္တူများတွဲ၍ အောက်ပါလိပ်စာသို့ (၃၁.၁၀.၂၀၁၂) ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

awba မြန်မာ့ဩဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်
တိုက် (၃၃)၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ရေကြောင်းသိပ္ပံရှေ့၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။


7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012



(တစ်)

မည်သည့်အသံကိုမှ မကြားရသည့် ခေတ်မီဟိုတယ်ကြီးတစ်ခုထဲ၌ ကျွန်တော်တည်းခိုဖူးခဲ့သည်ဟုဆိုလျှင် အံ့သြ၍များသွားလေမလားမသိ၊ ဟုတ်ပါသည်။ မည်သည့်အသံကိုမှ မကြားရသည့် ဟိုတယ်ကြီးပဲဖြစ်ပါသည်။ ဤနေရာ၌မည်သည့်အသံဆိုသည်မှာလူသံသူသံများနှင့် စက်သံများကိုသာ ဆိုလိုခြင်းဖြစ်ပြီး သဘာဝကျေးငှက်တိရစ္ဆာန်ကလေးတို့၏ အသံများကား မပါဝင်ပါ။ ငှက်ကလေး တစ်ကောင်တလေက ချိုမြစွာ မြည်ကြွေးလိုက်သော အသံမျိုးကို ရံဖန်ရံခါကြားရတတ်သည်ကလွဲ၍ လူတို့၏ပယောဂကြောင့်ဖြစ်သော အသံများလုံးဝကင်းစင်လွတ်မြောက်နေသည့် ဟိုတယ်ပဲဖြစ်ပါသည်။

ဟိုတယ်ခန်းမ၏ ခြင်လုံသံဆန်ခါတံခါးနှင့် ရိုးရိုးတံခါး၊ တံခါးနှစ်ထပ်ကိုဖွင့်ကာ အမိုးတစ်ဝက်ပါသည့် လသာဆောင်အခန်းကလေးကို ထွက်လိုက်တော့ အရှေ့မှာအင်းလေးကန်ရေပြင်ကျယ်ကြီး။ ဟိုးအဝေးမှာက ရှမ်းတောင်တန်းတွေ . . .



ဓာတ်ပုံ - အေးမြကျော်

မောင်သာချို

# ဥရောပအကြိုက် ကြိုးခွေများနှင့် အိုးဝေများ

ဟိုတယ်အတွင်းမှာ ရေခဲသေတ္တာမရှိ။ ထို့ကြောင့် ရေခဲသေတ္တာထဲက ဖြိုးဖြိုးဖျစ်ဖျစ်အသံတွေကို မကြားရ။ ထို့ပြင် လေအေးပေးစက်လည်း မရှိ။ ထို့ကြောင့် လေအေးပေးစက်၏ ဒီးဒီးဒီးဒီး မြည်သံကို မကြားရ။ ထို့ပြင်ရုပ်မြင်သံကြားစက် မရှိ။ ထို့ကြောင့် တီးသံမှုတ်သံဆိုသံငိုသံ ပြောသံဟောသံတွေ မကြားရ။

ဟိုတယ်က ရွာခပ်ငယ်ငယ်တစ်ရွာလောက်ကြီးသည်ဖြစ်ရာ ဟိုတယ်အဝင်ဝရောက်သည်နှင့် ကားကို တားထားပါသည်။ ကားမဝင်ရ။ ကားစက်သံ အလိုမရှိ။ အင်းလေးကန် ရေပြင်ကြီးဆီကနေ စက်လှေဖြင့် ဟိုတယ်သို့ လာမည့်သူများ ဟိုတယ်သို့ ဝင်ရာချောင်းပေါက်ဝကလေး၏ ဟိုမှာဘက်မှာကတည်းက စက်သတ်ပြီး လှော်၍ဝင်လာခဲ့။ ဟိုတယ်ကမ်းစပ်ကို စက်သံနှင့် မလာရ။

ထို့ကြောင့် မည်သည့်အသံကိုမှ မကြားရဟု ကျွန်တော်ဆိုလိုခြင်းသည် မလွန်ဘူးဟုယူဆမိပါသည်။

ငပလီကမ်းခြေက လှိုင်းသံတဝုန်းဝုန်းနှင့်ဟိုတယ်များ၊ ချောင်းသာကမ်းခြေက လူသူတသောသောနှင့် ဟိုတယ်များ၊ လေတဝေါဝေါနှင့် နှင်းတဖွေဖွေကြားမှာကြုံ့ကြုံ့ရပ်နေသည့်ပုပ္ပါးတောင်မကြီး၏ တောင်ဆောင်းပတ်လည်က Popa Resort ဟိုတယ်၏ ဘန်ဂလို (Bungalow) ကလေးများ၊ ဧရာဝတီမြစ်ကြီး၏ နှုတ်ခမ်းသားပေါ်ကနေ မြစ်ရေတသွင်သွင်ကို စိုက်ကြည့်နေသည့် နန်းသီတာ၊ မြန်မာပြည်ကို လွတ်လပ်ရေးပေးလိုက်ရတာ မနှမြော၊ သည်မြို့ကလေးကိုတော့ အလွန်နှမြောပါသည်ဟုဗြိတိသျှတို့ ပြောခဲ့ကြရသည့် နှင်းတွေနှင့် အေးခဲနေသည့် ကလောမြို့က ဟိုတယ်ကလေးများ၊ ထနောင်းရိပ်တွေကြားမှာရေကူးကန်နှင့် ဘာနှင့်ပုဂံညောင်ဦးက ဟိုတယ်တွေ။

အော် . . မည်သူမှ စက်သံနှင့် မကင်းကြ။

“အရှေ့တိုင်းဧည့်သည်က
လုံးဝမလာသလောက်ပါဘဲ
ယူရုပ်မားကက် အဓိကပါ”

ယူရုပ်မားကက် (Europe Market) တဲ့။ ဥရောပဈေးကွက်အတွက် အဓိကဖွင့်ထားသည့် ဟိုတယ်။ အီတလီကတဲ့၊ ဆွစ်ဇာလန်ကတဲ့၊ ပြင်သစ်ကတဲ့၊ ဂျာမနီကတဲ့၊ အင်္ဂလန်ကတဲ့၊ အမေရိကန်တစ်ယောက်စ၊ နှစ်ယောက်စကလွဲလျှင် တည်းခိုနေသူတွေက ဥရောပကချည်း။ ဘန်ဂလို (Bungalow) တိုင်းလိုလိုမှာ ဧည့်သည်အပြည့်။

ကျွန်တော်ဆိုလိုနေသည်က ဟိုတယ်ကြော်ငြာနေခြင်း မဟုတ်ပါ။ ဟိုတယ်နာမည်ကိုသော်မှ ခန့်မှန်း၍ ရသွားအောင် ရိပ်ဖမ်းသံဖမ်း မပြောခဲ့ပါ။

သူတို့အနောက်ကမ္ဘာကလူများ၊ အထူးသဖြင့် ဥရောပကလူများ လူလုပ်သည့် အသံဗလံများ ရှုံ့မုန်းကာ သဘာဝ၏ ငြိမ်းချမ်းမှုအရိပ်၌ မှေးမှိတ်ခိုနားလိုစိတ်ရှိပုံကိုဖော်ပြလိုခြင်းသာ ဖြစ်ပါသည်။

“ရွှေစက်တော်သွားတောလား” ကဗျာတစ်နေရာ၌ အရှင်မဟာရဋ္ဌသာရက “နေခြည်ဝင်မြောက်၊ ဆည်းဆာရောက်သော်၊ မျောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေနှင့်” ဟုဖွဲ့ခဲ့ဖူးပါသည်။ “ကြိုးခွေကြိုးခွေ” ဟူသည့် မျောက်အော်သံများ “အိုးဝေအိုးဝေ” ဟူသည့် ဒေါင်းအော်သံများနှင့် သဘာဝတောတောင်အလှကိုဖွဲ့လိုက်ခြင်း ဖြစ်ပါသည်။ အခု . . . ကြိုးခွေ၊ အိုးဝေစသည့် အသံများက လွဲလျှင် လူလုပ်သည့်အသံများကို မကြားချင်သူ ဧည့်သည်များ အကြိုက်ဈေးကွက်တဲ့။

အသံတွေဗလံတွေနှင့်တိတ်ဆိတ်ခြင်း၏ အနုပညာ။

(နှစ်)

လူသည် တစ်ခါတစ်ရံတွင် တိတ်ဆိတ်ခြင်းထဲ၌ ခိုနားမှေးစက်ရန်လိုအပ်ပါသည်။ အသံဗလံများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားတစ်ပါးကိုသော်လည်းကောင်း ထိုးနှက်ထိပါးကာ ငြိမ်းအေးမှုကို အခြေပျက်စေတတ်ပါသည်။

> အဝေးပြေးကားပေါ်မှာ တစ်ညလုံးဖွင့်ထားသည့် ဒီဗီဒီစက်က ခရီးသည်တို့၏ အနားယူလိုမှုကို နှောင့်ယှက်လျက်။ ဟိုးလေးငါးအိမ်ကျော်က အသံချဲ့စက်သံက လမ်းသူလမ်းသားများ၏ အိပ်စက်ခြင်းကို နှောင့်ယှက်လျက်။ ကပ်လျက်တိုက်ခန်းဆီက ရုပ်ရှင်ဇာတ်ဝင်ခန်း ငိုသံယိုသံတိုက်သံခိုက်သံတွေက အခန်းအိမ်နီးချင်းများကို နှောင့်ယှက်လျက်။ မိန်းမတစ်သိုက်တို့၏ အတင်းအဖျင်းပြောသံများက လုပ်ဖော်ကိုင်ဖက်များ၏အလုပ်ဇောကို နှောင့်ယှက်လျက်။ ဆူညံပွက်ထနေသည့် သီချင်းသံတွေက စားသောက်ဆိုင်ထဲက စားသောက်နေသူများကို နှောင့်ယှက်လျက်။ ဆရာတော်ဒေါက်တာရှင်ဉာဏိဿရကမူ အဓိပ္ပာယ်တစိုးတစိမှ မသိပါဘဲနှင့် ပါဠိပါဠ်သားတို့ ရွတ်ဆိုနေခြင်းကိုပင် သဘောမကျကြောင်း တရားပွဲတစ်ခု၌ မိန့်မြွက်ဖူးပါသည်။

“A Hundred Things Japanese” စာအုပ်ကို ဆရာကြီးဒေါက်တာသန်းထွန်း ဘာသာပြန်ဆိုသော “ဂျပန်မှုတစ်ရာ” စာအုပ်ထဲ၌ ဂျပန်ကို ဂျပန်ဖြစ်သော အကြောင်းအချက် ၁၀၀ ထဲ၌ “မ (MA)” ဟုခေါ်သော အကြောင်းတစ်ရပ်လည်း ပါဝင်သည်ဟုဆိုပါသည်။ မြန်မာဘာသာဖြင့် နေရာ၊ အလယ်၊ စပ်ကြား၊ ခေတ္တရပ်ဆိုင်းခြင်းဟု အဓိပ္ပာယ်ရသည်ဟုဆိုပါ၏။ တုံဏှိဘာဝေဟူ၍လည်း သဘောထားသက်ရောက်သည်ဟု ဆက်၍ဆိုပါသည်။ ရံဖန်ရံခါဂျပန်တို့သည် မိတ်ဆွေအချင်းချင်း ဆုံတွေ့ကြသည့် ပွဲများ၌ပင် မည်သည့်စကားမှ မဆိုဘဲ မျက်လုံးချင်း ကြည့်ရုံဆုံရုံမျှနှင့် တစ်ဦး၏ ရင်ထဲကစကားကို တစ်ဦးက နားလည်သိရှိကာ တိတ်ဆိတ်စွာနေခြင်းဖြင့် ခေတ္တရပ်ဆိုင်းခြင်းဓလေ့ကို ပြုလေ့ရှိကြောင်း ဖတ်ရှုရပေရာ စိတ်နေစိတ်ထား အဆင့်မြင့်တိုက်တာဟု ကျွန်တော်အံ့သြရပါသည်။

အသံကြောင့် အနှောင့်အယှက်မဖြစ်စေရန် စီမံခန့်ခွဲသော စိတ်ကူးတွေကို နေရာတိုင်းမှာ တွေ့နိုင်ပါသည်။

Ear Phone ကလေးတချို့ ကကွန်ပျူတာထဲက စီဒီ၊ ဗီစီဒီ၊ ဒီဗီဒီ စက်ထဲက၊ တယ်လီဖုန်းထဲက၊ ကက်ဆက်ထဲက ထွက်ကျလာသည့် အသံတချို့ကို သူတစ်ပါးအနှောင့်အယှက်မဖြစ်အောင် ကာကွယ်ပေးထားနိုင်ပါသည်။ လေဆိပ်တွေထဲမှာတော့ အားလုံးသော ရုပ်မြင်သံကြားကြီးများကို အသံများအားလုံးပိတ်ပြီး အရုပ်မျှကိုသာ ဖော်ပြပေးထားပါသည်။ အိမ်ရှင်မ တစ်ယောက်က သူ့ရေစက်ဆုံအောက်ခြေ၌ အဝတ်စအထူကြီးခင်းကာ ထုခြင်းထောင်းခြင်းဖြင့် ပတ်ဝန်းကျင်၌ သူ့အသံကြောင့် ဒုက္ခမဖြစ်အောင်စီမံပါသည်။ နာရီပေါင်းများစွာ ပျံသန်းနေရသည့် လေယာဉ်ကြီးတချို့က ရုပ်မြင်သံကြား၌ အရုပ်ကို ဖော်ပြပေးထားသော်လည်း အသံကို မူမိမိအလိုဆန္ဒအတိုင်း။ ကြားချင်လျှင် Ear Phone ကို တပ်ထားလိုက်။ မကြားချင်လျှင် Ear Phone ကိုဖြုတ်ထားလိုက်။

အသံက ပတ်ဝန်းကျင်ကို လောင်မြိုက်စေတတ်ကြောင်း မသိတတ်သူတွေကတော့ ဆူမြဲဆူကာ ညံမြဲညံကြဆဲ။ အဝေးပြေးကားပေါ်မှာ တစ်ညလုံးဖွင့်ထားသည့် ဒီဗီဒီစက်က ခရီးသည်တို့၏ အနားယူလိုမှုကိုနှောင့်ယှက်လျက်။ ဟိုးလေးငါးအိမ်ကျော်က အသံချဲ့စက်သံက လမ်းသူလမ်းသားများ၏အိပ်စက်ခြင်းကိုနှောင့်ယှက်လျက်။ ကပ်လျက်တိုက်ခန်းဆီက ရုပ်ရှင်ဇာတ်ဝင်ခန်း ငိုသံယိုသံတိုက်သံခိုက်သံတွေက အခန်းအိမ်နီးချင်းများကို နှောင့်ယှက်လျက်။ မိန်းမတစ်သိုက်တို့၏ အတင်းအဖျင်း ပြောသံများက လုပ်ဖော်ကိုင်ဖက်များ၏ အလုပ်ဇောကို နှောင့်ယှက်လျက်။ ဆူညံပွက်ထနေသည့် သီချင်းသံတွေက စားသောက်ဆိုင်ထဲက စားသောက်နေသူများကို နှောင့်ယှက်လျက်။

ဆရာတော်ဒေါက်တာ ရှင်ဉာဏိဿရကမူ အဓိပ္ပာယ်တစိုးတစိမှ မသိပါဘဲနှင့် ပါဠိပါဠ်သားတို့ရွတ်ဆိုနေခြင်းကိုပင် သဘောမကျကြောင်း တရားပွဲတစ်ခု၌မိန့်မြွက်ဖူးပါသည်။

ဆရာကြီးဦးအောင်သင်း “သော” ပုံကလေး။ ကျွန်တော်အမှတ်ရနေမိသေးတော့။ အိမ်ရောင်းမည် ကြော်ငြာများတွေ့သောအခါ ဈေးနီးသည်၊ ကျောင်းနီးသည်ဆိုသည့် ရည်ညွှန်းချက်များအပြင် ဓမ္မာရုံနှင့် ဝေးသည် ဆိုတာကလေးကိုပါထည့်ကြည့်ရမလိုဖြစ်လာကြောင်း။

(သုံး)

လူတစ်ဦး၏ လွတ်လပ်ခွင့်ကိုကျူးကျော်ရာ၌ အသံများလည်း ပါဝင်ပါသည်။ အသံ၏ ထိုးနှက်မှုက သက်သောင့်သက်သာအနေအထား(Comfort Zone)ကိုပျက်ပြားစေပါသည်။ မျောက်တို့၏ ကြိုးခွေ၊ ဒေါင်းတို့၏ အိုးဝေသံများမှတစ်ပါး ဘာမှမကြားရသည့် အင်းလေးကန်စပ်မှာ ဘဝကိုခေတ္တလာရပ်ဆိုင်းသည့် ခရီးသွားများကို ကြည့်ကာ အသံယဉ်ကျေးမှုထွန်းကားသည့် မြန်မာနိုင်ငံဖြစ်လာပါစေလိုကြောင်း။ ။

7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်မောင်၊ ရန်မျိုးနိုင်၊ အေးမင်းထက်၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချိုနွယ်၊ ကျော်သီဟ |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# ရဟန်းတော်များ၏ ပညာရေး

**အရှင်သုဇနိန္ဒ(သာသနဓဇဓမ္မာစရိယ)**



ပညာရေးသည် သင်ပေးတာအဓိကလား၊သင်ယူတာအဓိကလား၊ မြန်မာနိုင်ငံ၏ လက်ရှိပညာရေးစနစ်သည် စာမေးပွဲကို ဗဟိုပြုထားသည်။ အစိုးရကလည်း စာမေးပွဲကို ဗဟို ပြု၊ ဆရာဆရာမ ကျောင်းသူ ကျောင်းသားမိဘများကလည်းစာမေးပွဲကိုဗဟိုပြု၊ စာသင်ခန်းသည် ကျောင်းသူကျောင်းသားများ၏ သင်ယူရာဌာနမဟုတ်တော့ဘဲ စာမေးပွဲဖြေရန်လေ့ကျင့် ပေးသောဌာနအဖြစ်ပြောင်းလဲသွားကြောင်း၊ မြန်မာနိုင်ငံ၏ပညာရေးစနစ်သည်ကျောင်းသားများကို ဘဝတစ်သက်တာအသုံးဝင်မည့်ဗဟုသုတနှင့်နည်းပညာများကို ပေးစွမ်းနိုင်ရုံမကစဉ်းစားဆင်ခြင်နိုင်သောဉာဏ်ကိုပေးသည့် ပညာရေးမျိုးဖြစ်သင့်ကြောင်း၊ ဒီမိုကရေစီပညာရေးစနစ်ကိုကျင့်သုံးကြသောနိုင်ငံများသည်'တက်ကြွစွာ သင်ယူခြင်းနှင့်စဉ်းစားဆင်ခြင်ခြင်း' (Active Learning and Critical Thinking) သင်ကြားနည်းစနစ်ကိုအသုံးပြုကြကြောင်း ဒီလှိုင်းစာစောင်တွင် ဖော်ပြခဲ့သော 'ဒီမိုကရေစီနှင့် ပညာရေးပြောင်းလဲမှုကျောင်းသားတွေ ဘယ်လိုသင်မလဲ'ဆောင်းပါးတွင် ဒေါက်တာသိန်းလွင်(ပညာရေး)က တင်ပြသွားပါသည်။ အထက်ပါစကားစုသည် ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်စွာကိုးကွယ်ကြသော ဘာသာကြီးလေးခု ရှိပါသည်။ ထိုအထဲတွင် ဗုဒ္ဓဘာသာဝင် ဦးရေသည် ၆၀ ရာခိုင်နှုန်းရှိပါသည်။ ရဟန်းတော်ဦးရေနှင့် သီလရှင်၊ အဘိုးအဘွားဦးရေတို့သည် ခုနစ်သိန်းခန့်ရှိပါသည်။ ထိုအရေအတွက်ဦးရေတို့ကို ဗုဒ္ဓဘာသာဝင် ပြည်သူလူထုတို့က ကျွေးမွေးပြုစုစောင့်ရှောက်ထားပါသည်။

မန္တလေးမြို့ မစိုးရိမ်တိုက်သစ် နာယကဆရာတော်တစ်ပါးက ရဟန်း၊ သီလရှင်၊ ဘိုးဘွားတို့နေ့စဉ် ကျွေးမွေးထားရသည့် ကုန်ကျစရိတ်မှာ (တစ်နေ့တာ) စစ်ကိုင်းတံတားကြီးတစ်စင်းစာမျှလောက်အထိရှိကြောင်း ဩဝါဒပေးဖူးပါသည်။ ဟုတ်မည်ထင်ပါသည်။

ကောင်းပြီ။ ဗုဒ္ဓဘာသာဝင်ပြည်သူလူထုကနေ ကျွေးမွေး၊ နေရာထိုင်ခင်း၊ အဆောက်အအုံတွေပေး၍ အကိုးကွယ်ခံ အဓိကရဟန်းတော်များနဲ့ သီလရှင်များသည် ဗုဒ္ဓဘာသာဝင် ပြည်သူလူထုကို ဘယ်လိုအထောက်အပံ့တွေပေးနေပါသလဲဆိုတာ ဆန်းစစ်ဖို့လိုပါသည်။ အကိုးကွယ်ခံသက်သက်နဲ့နေသွားမည်ဆိုလျှင်ကြာလာရင်ပြတိုက်ထဲ သွားကြည့်ရမည်ဖြစ်သည်။

ခေတ်သစ်စနစ်သစ်ပြောင်းလဲနေသည့် ဒီမိုကရေစီခေတ်မှာ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတွေကိုလည်း စည်းစနစ်ကျနစွာ စိစစ်ဖို့ လိုပါလိမ့်မည်။ ဒါမှသာ အထက်တန်းကျကျ မျက်နှာပန်းလှလှ ကမ္ဘာ့အလယ်မှာ ဗုဒ္ဓဘာသာရယ်လို့ ဝံ့ကြွားနိုင်မည်ဖြစ်ပါသည်။ အဲသလိုမှမဟုတ်ဘဲ ဝတ်ချင်သလို ဝတ်၊ ဝင်ချင်တိုင်း ဝင်၊ ထွက်ချင်သလို ထွက်ဆိုရင်၊ လမ်းဘေးတကာ ဈေးတကာ သပိတ်ပိုက်ပြီး အလှူခံနေမည်ဆိုရင် ကမ္ဘာ့အလယ်မှာ ဗုဒ္ဓဘာသာဝင်တွေ မျက်နှာငယ်ရမည် ဖြစ်ပါသည်။

နောက်ပြီး အရည်အချင်းပြည့်သည့် သာသနာ့ ဝန်ထမ်းရဟန်းတော်များကို အခွင့်အရေးတစ်ရပ်ပေးရင် မကောင်းပေဖူးလား၊ဥပမာ-နိုင်ငံတော်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်းကဖြစ်စေ၊ ပစ္စည်းလေးပါး ပြည့်စုံအောင်ထောက်ပံ့ပေးရမယ်။ ပြည်သူလူထုအပေါ် အမြဲတမ်း မှီခိုနေရမည်ဆိုရင်လည်း သဘာဝမကျပေ။ ပြည်သူလူထုတို့မှာ သားရေး၊ သမီးရေး၊ စီးပွားရေးတွေနဲ့ လုံးပတ်ချာနေရပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းတော်တွေက ဗုဒ္ဓဘာသာဝင်ပြည်သူလူထုကို ဘာတွေလုပ်ပေးမှာလဲ။ တိုက်ပိတ်ပြီး ရဟန်းတော်အချင်းချင်း စာပေသင်ကြားပို့ချခြင်းဖြင့်လည်း ခရီးမတွင်နိုင်ပေ။ ယနေ့ကာလတွင် B.A၊ M.A၊ Ph.D ဘွဲ့ရ ရဟန်းတော်တွေပေါ်သော်လည်း၎င်းရဟန်းတော်များသည် ဒကာ၊ ဒကာမတွေထံ အလှူခံရင်းရှုန်းကန်နေကြရပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းတော်များအနေဖြင့် ဗုဒ္ဓဘာသာဝင် ပြည်သူလူထုတို့ကို တစ်စိတ်တစ်ပိုင်းအနေနဲ့ အားကိုးသင့်၊ အားကိုးထိုက်အောင် လုပ်ငန်းတစ်ခုခုလုပ်ဆောင်ပေးနိုင်ရမည်။ ဥပမာ-ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်တို့ဖြစ်ပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ ပညာရေးသည် ပြတိုက်တွင်သွားထားရမည့်ပညာရေးစနစ်ဖြစ်ပါသည်။ ကမ္ဘာနဲ့ယှဉ်မည်ဆိုလျှင် သုညအောက်မှာ ရောက်နေသည်ဟုပြောရပါလိမ့်မည်။

ဥပမာ-၂၀၀၄ ကမ္ဘာအေးမဟာပါသာဏ လိုဏ်ဂူတွင် ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံအစည်းအဝေးကိုကြည့်ရင် သာသနဝန်ထမ်း ရဟန်းတော်များ၏ပညာရေးကိုသိနိုင်ပါသည်။ ထိုညီလာခံအစည်းအဝေးပွဲတွင် မည်သည့် တိပိဋကဓရတစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ သုံးပုံဆောင်တွေမှ အင်္ဂလိပ်လို ဝင်ရောက်ဆွေးနွေးနိုင်စွမ်း မရှိပေ။ ရေငုံနှုတ်ပိတ်နေကြသည်ဖြစ်ပါသည်။ ထိုစည်းဝေးပွဲကြောင့် အရှက်ရ၍ ယခုအခါတိပိဋကဓရဆရာတော်တစ်ပါးသည်အောက်စ်ဖို့တက္ကသိုလ်တွင် မခံချင်စိတ်ဖြင့်အင်္ဂလိပ်စာသင်ယူနေကြောင်း၊ ပညာသင်သည်ဆိုသည်မှာ ကြီးငယ်အချိန်မရွေးပါ။ သို့သော်လည်း လူ့ဘဝသည် အချိန်တိုတောင်းလှပါသည်။ ပညာသင်ရင်း အချိန်ကုန်သွားရင်လည်း သင်ရကျိုးနပ်မည်မထင်ပေ။ 'ကြီးမှ ဝက်သက်ပေါက်' ဆိုသလို ဖြစ်နေပါလိမ့်မည်။

ထိုသို့ ခေတ်ရှေ့ရေးကို ကြိုတင်မြင်တော်မူ၍ မင်းကွန်းတိပိဋကဆရာတော်ကြီး ဦးစီး၍ မန္တလေး၊ ရန်ကုန်တို့တွင် နိုင်ငံတော်ပရိယတ္တိ သာသနတက္ကသိုလ်ဆိုပြီးနှစ်ခု တည်ထောင်ခဲ့ပါသည်။ နောက် ပေါ်ထွန်းတော်မူလာသည့်တိပိဋကဓရဆရာတော်များလုပ်ဆောင်ချက်ကား ဘာမှရေရေရာရာအကောင်အထည်မဖော်နိုင်ခဲ့သေးပါ။ မဖော်ကြသေးပါ။ စွန့်နိုင်မှ ချမ်းသာဆိုသည့်အတိုင်း တိပိဋကဓရဆိုပြီး ကားအပြိုင်စီး၊ ကျောင်းအပြိုင်အဆိုင် ကောင်းသထက်ကောင်းအောင် ဆောက်၍ဇိမ်ခံကာ မင်းကွန်းဆရာတော်ကြီး၏ ခြေလှမ်းကို လိုက်မနင်းနိုင်ရင် မင်းကွန်းဆရာတော်ကြီး၏ ဂုဏ်သိက္ခာကိုတက်စေမှာမဟုတ်ပါဘူး။

နိုင်ငံတော် ပရိယတ္တိသာသနတက္ကသိုလ်သည် မန္တလေး၊ ရန်ကုန် နှစ်ခုသာရှိ၍ မလုံလောက်ပါ။ ဓမ္မာစရိယသုံးကျမ်းအောင်ပြီးကာမှ တက်ရသည့် I.T.B.M-U ခေါ် အပြည်ပြည်ဆိုင်ရာထေရဝါဒတက္ကသိုလ်ဆိုပြီး တက္ကသိုလ်လည်းရှိပါသည်။ ထိုတက္ကသိုလ်ကတော့ ပြည်ပရဟန်းတော်များကိုအဓိကရည်ရွယ်၍ ဖွင့်ထားခြင်းဖြစ်ပါသည်။ အမေရိကန်၊ ဂျပန်၊ အရှေ့တောင်အာရှမှ ကြွလာသည့် ရဟန်းတော်များနှင့် မြန်မာရဟန်းတော်အနည်းငယ်တို့တက်ရောက်နေကြပါသည်။

မန္တလေး၊ရန်ကုန်တက္ကသိုလ်နှစ်ခုတွင် တက်ရောက်ရမည့်ရဟန်းတော်များသည် ပထမကြီးတန်းအောင်၊ အင်္ဂလိပ်စာ ၁၀ တန်း၊ တက္ကသိုလ်ဝင်တန်းအဆင့်ရှိရမည်ဖြစ်ပါသည်။ တစ်နှစ်ကိုတက္ကသိုလ်နှစ်ခုပေါင်း ၆၀ ကျော်ကျော်လောက်သာ ဝင်ခွင့်ပေးထားပါသည်။ တစ်နှစ်ကို ပထမကြီးတန်းအောင် သံဃာအရေအတွက်က ၅,၀၀၀ ကျော်နှင့် ဓမ္မာစရိယကျမ်းပြီး အရေအတွက်က ၂၅၀ ကျော်တို့ ဖြစ်ပါသည်။ အောင်သည့် အရေအတွက်နဲ့ တက္ကသိုလ်တို့မှာ လုံးဝမျှတမှုမရှိပါ။

သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ ပညာရေးကို အခုအချိန်ပြောင်းလဲပြီး ခေတ်မီမီ စီမံမည်ဆိုရင် နောက်မကျသေးပါ။ သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ ပညာရေးတွင် ပါဠိပထမပြန်ကစ၍ အင်္ဂလိပ်၊ သင်္ချာတို့ကိုတွဲ၍ သင်သင့်ပါသည်။ ယနေ့ မ-ဟ-နဥက္ကဌ ဆရာတော်ကြီးနှင့် ထေရဝါဒဩဝါဒစရိယဆရာတော်ကြီးဦးသျှောင်ဆရာတော်ကြီးနှစ်ပါးတို့မှာ လောကီ(B.A)ဘွဲ့အသီးသီးရရှိတော်မူထားကြသည့်ဆရာတော်ကြီးများဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပြည်သူလူထုတို့အတွက် တစ်ထောင့်တစ်နေရာက အကျိုးရှိစေရန် သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ ပညာရေးကို အဆင့်မြင့် ပညာရေးအဖြစ် ပြောင်းလဲသင့်ပါကြောင်း. . . ။ ။

Business
7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# နိုဝင်ဘာလတွင် အရန်ဆန် စတင်ဝယ်ယူမည်

**အောင်သူရ၊ ပြည့်သိမ်း**
**ရန်ကုန်၊**
**အောက်တိုဘာ-၁၂**

နိုင်ငံတော်အရန်ဆန်အတွက်ဈေးနှုန်းတစ်ခု သတ်မှတ်၍ တောင်သူလယ်သမားများထံမှ စပါးဝယ်ယူမည့် အစီအစဉ်ကို နိုဝင်ဘာလတွင် စတင်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောသည်။

"မနှစ်ကဝယ်တဲ့ကျပ်ငွေ ဘီလီယံ ၃၀ ထက် ဒီနှစ်ပိုဝယ်မယ်။ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ ဝယ်မှာပါ" ဟု ဝန်ကြီးဦးဝင်းမြင့်က ပြောသည်။

စပါးပေါ်ချိန်တွင် စပါးဈေးကျမှာစိုးသဖြင့် လက်ရှိ ဆန်ဈေးကွက်တွင် အရန်ဆန်ရောင်းချပေးနေခြင်းကို ရပ်ဆိုင်းလိုက်ပြီး မနှစ်ကဝယ်ယူခဲ့သော အရန်ဆန်စာရင်းအား အောက်တိုဘာလအတွင်း အပြီးသတ် စာရင်းရှင်းနိုင်ရန် ဆောင်ရွက်နေကြောင်း အရန်ဆန်ဝယ်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးချစ်ခိုင်ကပြောသည်။

ပြီးခဲ့သည့်လက ဖွဲ့စည်းထားသော မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်းက အရန်ဆန်အတွက် စပါးဝယ်ယူရာတွင် ညှော့မထအုပ်စုဝင် ရိုးရိုးစပါးတစ်တင်း(၄၆ပေါင်)လျှင်၃,၃၀၀ကျပ်နှင့် ညှော့မထ(ရှယ်)စပါးတစ်တင်းလျှင် (၄၆ ပေါင်) ၃,၅၀၀ ကျပ်ဖြင့် အနိမ့်ဆုံးထား ဝယ်ယူပေးရန် အရန်ဆန်ကြီးကြပ်ရေးကော်မတီထံ တောင်းဆိုထားသည်။

ပြီးခဲ့သည့်နှစ်က အရန်ဆန်အတွက် စပါးဝယ်ယူရာတွင် ညှော့မထအုပ်စုဝင် မိုးစပါးတစ်တင်း (၄၆ ပေါင်)လျှင် ၃,၃၀၀ ကျပ်နှင့် နွေစပါးတစ်တင်းလျှင် ၃,၂၀၀ ကျပ်ဖြင့် ဝယ်ယူခဲ့သည်။

ပြီးခဲ့သည့်နှစ်က အရန်ဆန်ကြီးကြပ်ရေးကော်မတီက အရန်ဆန်ဝယ်ယူရာတွင် ဝယ်ယူသည့်အချိန် နောက်ကျခြင်းနှင့် အခြားသော အခက်အခဲများကြောင့် တောင်သူလယ်သမားများအပေါ် အကျိုးသက်ရောက်မှု မရှိခဲ့ဘဲ တောင်သူအများစုက ဝယ်ယူခြင်းကိုပင် မသိရှိခဲ့ဟု ဆိုကြသည်။

အရန်ဆန် ဝယ်ယူရာတွင် ငွေကြေးအင်အားအခြေအနေကြောင့် တစ်တိုင်းပြည်လုံး အနေအထားနှင့် ကြည့်ပါက ၂၀ ရာခိုင်နှုန်းခန့်သာ ဝယ်ယူနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းကပြောသည်။

လက်ရှိတွင် စပါးဈေးမှာ ညှော့မထအုပ်စုဝင် စပါးတင်းတစ်ရာလျှင် ကျပ် ၄၂၀,၀၀၀ ဝန်းကျင်ဈေးရှိနေပြီး နယ်စပ်ဒေသများက ဆန်တင်ပို့မှုကို တရားဝင်ခွင့်ပြုထားသဖြင့် ယခုနှစ်တွင် စပါးဈေးမကျနိုင်ကြောင်း ဆန်တင်ပို့နေသူတစ်ဦးဖြစ်သော ဦးမျိုးသူရအေးက သုံးသပ်သည်။

## ဧရာဝတီတိုင်းဒေသကြီးတွင် အင်းလေလံ ဈေးကျနိုင်

**သန်းဌေး**
**ရန်ကုန်၊အောက်တိုဘာ-၁၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အင်းအိုင်များ လေလံဆွဲမည့်သူနည်းပါးပြီး လေလံဈေးနှုန်းများ လာမည့်ဘဏ္ဍာနှစ်တွင် ကျဆင်းနိုင်ကြောင်း သတင်းရရှိသည်။

"နောင်နှစ်မှာ အင်းလုပ်ရဲကိုင်ရဲသူ မရှိတော့သလောက်ဖြစ်မယ်။ အင်းလေလံဆွဲမယ့်လူလည်း မရှိသလောက်ဖြစ်မယ်။ ဒါကြောင့် အင်းလေလံဈေးတွေ ကျနိုင်တယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။



**ဧရာဝတီတိုင်းဒေသကြီးရှိ ငါးမွေးမြူရေးလုပ်ကိုင်သော အင်းတစ်ခုကို တွေ့ရစဉ်** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အင်းလုပ်ငန်းဖြစ်သော ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများသည် ယခင်နှစ်များက ကြေးတိုင်သုံးနှစ်သုံးကြိမ်ဆက်တိုက် ရယူလုပ်ကိုင်ခွင့်ရရှိကာ အင်းသူကြီးအဖြစ် ရပ်တည်ခဲ့ကြသည်။ နှစ်စဉ်အင်းခွန်ငွေကို အနည်းဆုံး ၁၀ ရာခိုင်နှုန်းစီတိုးကာ နိုင်ငံတော်သို့ ပေးသွင်းကြသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစတင်ကာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အစိုးရအဖွဲ့များအား အင်းခွန်ငွေကောက်ခံခွင့်ပြုခဲ့ရာမှ အင်းအိုင် တင်ဒါချက်အားလုံးကို ကြေးတိုင် ပေးသော စနစ်အစား အပြိုင် လေလံဆွဲသောစနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့ကြသည်။ အင်းသူကြီးများက လုပ်ပိုင်ခွင့်ရကြသော အင်းအများစုရှိခဲ့သော်လည်း ဒေသခံရေလုပ်သားအစုအဖွဲ့များက အင်းလုပ်ပိုင်ခွင့်ကို ပြန်လည်တောင်းဆိုလာကြခြင်းနှင့် လေလံကြေးငွေ ပေးသွင်းခြင်း မပြုရသော ဘုံငါးဖမ်းခွင့်ပြုရန် တောင်းဆိုဆန္ဒပြခြင်းများ ပေါ်ပေါက်လာခဲ့သည်။ **စာ(၃၄)သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၄၇ | ၈၆၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၄၇ | ၈၆၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၃ | ၇၀၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၉၆ | ၁၁၁၄ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၂ | ၂၇. ၃ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၀ | ၁၃၁ | ကျပ် |

၂၀၁၂ အောက်တိုဘာ ၁၃ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၂၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၁၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၃၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၆၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၁. ၈၀၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၀. ၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၅၇၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၃၉ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၁၃ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၇၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂၄၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၇၉၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၀၉၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၅၉. ၇၀၀ |
| ရေနံစိမ်း | စည် | ၁၁၄. ၆၂၀ |
| ငွေ | ၁ အောင်စ | ၃၃. ၆၆၉ |
| ကြေးနီ | ပေါင် | ၃၇၀. ၃၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၆၁၁ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ အောက်တိုဘာ ၁၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



Hot Line – ၀၉.၄၃၀.၂၂၂.၂၅ ၀၉.၉၁.၀၀၀.၇၅၃၊ ၀၉.၅၅.၂၂.၁၂၃ ၊ ၀၉.၇၃၀.၁၇၀.၇၃၊ ၀၉.၅၀၂.၁၁.၄၄

7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

## အိုင်တီပစ္စည်းများ တင်သွင်းရောင်းချမည့် အများပိုင်ကုမ္ပဏီတစ်ခု တည်ထောင်ရန်စီစဉ်

**ခိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ-၁၂**


နည်းပညာဆိုင်ရာစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ဆိုင်များ ပူးပေါင်း၍ အိုင်တီထုတ်ကုန်ပစ္စည်းများကို တင်သွင်းရောင်းချမည့် အများပိုင်ကုမ္ပဏီတည်ထောင်ရန် အစီအစဉ်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ သတင်းရရှိသည်။

“ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ ပညာရှင်တွေ အိုင်စီတီအလုပ်အကိုင်အခွင့်အလမ်း ပိုမိုရဖို့အများပိုင်နည်းပညာကုမ္ပဏီတစ်ခုကို ကုမ္ပဏီမှတ်ပုံတင်ပြုလုပ်ရေးဦးစီးဌာနမှာ မှတ်ပုံတင်ပြီးပါပြီ။ အခုက နောက်ထပ်အများပိုင်ကုမ္ပဏီတစ်ခုပါ။ ကုမ္ပဏီနာမည်ကိုတော့ ခုထိမပေးရသေးပါဘူး” ဟု ရန်ကုန်တိုင်းကွန်ပျူတာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဒေါက်တာမျိုးနိုင်က ပြောသည်။

ယခုထပ်မံဖွဲ့စည်းမည့် အများပိုင်ကုမ္ပဏီအား လာမည့်အပတ် ကြာသပတေးနေ့(အောက်တိုဘာ ၁၈)ရက်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန ကုမ္ပဏီမှတ်ပုံတင် ပြုလုပ်ရေးဦးစီးဌာန၌ မှတ်ပုံတင်မည်ဖြစ်ကြောင်း၊ ယခုထပ်မံဖွဲ့စည်းမည့် အများပိုင်ကုမ္ပဏီအနေဖြင့် နည်းပညာပိုင်းထက် ပြည်ပမှ ထုတ်လုပ်သော ကုန်ပစ္စည်းပိုင်းအား ဦးစားပေးမည်ဖြစ်ကြောင်း ဆိုသည်။

ထပ်မံဖွဲ့စည်းမည့် အများပိုင်ကုမ္ပဏီတွင် ရန်ကုန်၊ မန္တလေးနှင့် နယ်မြို့များမှ အိုင်တီလုပ်ငန်းရှင်များ ပါဝင်မည်ဖြစ်ပြီး ရန်ကုန်မြို့မှ အိုင်တီလုပ်ငန်းရှင် ၇၅ ရာခိုင်နှုန်းခန့် ပါဝင်မည်ဖြစ်ကြောင်း၊ ပြည်ပမှ နည်းပညာကုမ္ပဏီများကိုလည်း အစုရှယ်ယာဝင်များအဖြစ် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ဒေါက်တာမျိုးနိုင်က ပြောသည်။

ထိုအများပိုင် ကုမ္ပဏီနှစ်ခုနှင့်ပတ်သက်၍ အများပိုင်ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်ရရှိပြီး နောက်ပိုင်းတရားဝင်ကြေညာမည်ဖြစ်ပြီး အများပြည်သူသို့ အစုရှယ်ယာများ ရောင်းချပေးသွားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




## ရွှေအပိုင်းနှင့် ဖြတ်စဝယ်ယူသူ များလာဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ - ၁၃**

ပုဂ္ဂလိကဘဏ်များ ကောလာဟလထွက်ပေါ်ပြီးနောက် ရွှေဈေးကွက်တွင် အပိုင်းနှင့်ဖြတ်စဈေးကွက်၏ ဝယ်လိုအားများပြန်လည်ကောင်းလာခဲ့ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

“ဘဏ်သတင်းတွေ ထွက်လာပြီးတဲ့နောက်မှာ အပိုင်းဘက်မှာဆိုလည်း အရင်က အဝယ်မရှိရာကနေ ပြန်ဝယ်လာကြတယ်။ အထည်ဘက်ကလည်း ဒီရက်ပိုင်းတွေမှာ ဝယ်တဲ့သူများလာတယ်” ဟုယခုရက်ပိုင်းတွင် ရွှေဈေးကွက်အရောင်းပြန်လိုက်လာရခြင်းအပေါ် ရွှေလုပ်ငန်းရှင် တစ်ဦးက ပြောသည်။

ရွှေဈေးနှုန်းသည် ယခုရက်ပိုင်းတွင် ဈေးနှုန်းအတက်အကျရှိသည်ဟု ဆိုသော်လည်း တစ်ကျပ်သားပေါ်တွင် ၅,၀၀၀ ကျပ်ဝန်းကျင်သာ ဈေးနှုန်းပြောင်းလဲမှုရှိ၍ အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၈၄,၀၀၀ ကျပ်မှ ၇၈၉,၀၀၀ ကျပ်အတွင်း၌သာ ဈေးနှုန်းအတက်အကျ ဖြစ်ပေါ်နေသည်။ ထို့ကြောင့် ၁၅ ပဲရည်ဈေးနှုန်းမှာ ၇၄၀,၀၀၀ ကျပ်ဝန်းကျင်တွင်ရှိနေသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ၁,၇၅၀ ဒေါ်လာနှင့် ၁,၇၉၀ ဒေါ်လာကြား အတက်အကျဖြစ်နေသည်။

“ဒီဈေးတန်းက ဝယ်သူပြန်များလာပြီး အဝယ်ပြန်လိုက်လာတယ်။ ဈေးကလည်း ငြိမ်နေတာကြာပြီဆိုတော့ ဈေးကွက်သိပ်မလှုပ်ပေမယ့် ဈေးတက်မယ်အထင်နဲ့ ပြန်ဝယ်ကြတာများတယ်” ဟုအောင်သမာဓိမှ ရွှေဆိုင်တာဝန်ခံ ဦးဝင်းငယ်က ပြောသည်။

ရွှေဝယ်သူများက ဈေးအတက်မှန်းဝယ်ယူနေကြသော် ရွှေဈေးနှုန်းများသည် ယခုရက်ပိုင်းတွင်ဈေးနှုန်းပြောင်းလဲမှု များစွာမရှိနိုင်ဘဲ ဈေးငြိမ်နေနိုင်သေးကြောင်း ရွှေလုပ်ငန်းရှင်အချို့က ခန့်မှန်းပြောသည်။

ယခုအောက်တိုဘာ ၁၃ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၇၅၃ ဒေါ်လာရှိနေသည်။ ထို့ကြောင့်ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၈၅,၀၀၀ ကျပ်ရှိပြီး ၁၅ ပဲရည်မှာ ၇၃၈,၅၀၀ ကျပ်ဝန်းကျင်ရှိနေသည်။

## စာ(၃၃) - ရောဝတီတိုင်းဒေသကြီးတွင် အင်းလေလံ ဈေးကျနိုင် မှ

“မနှစ်က(၂၀၁၁ ခုနှစ်)ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမှာ ရေလုပ်သားတွေ အင်းထဲငါးဝင်ဖမ်းတော့ အင်းသူကြီးတွေနဲ့ ပြဿနာတက်တာ။ ဒါကို ဝန်ကြီးချုပ်က အရေးမယူတဲ့အပြင် စားစရာဟင်းစားနဲ့ ဆန်တွေပါ ပေးလိုက်တော့ သူတို့တွေက အဲဒီလိုလုပ်ရင်လည်း ဘာမှလုပ်လို့မရဘူးဆိုပြီး အခုလို ဘုံငါးဖမ်းခွင့်တောင်းလာကြတာ။ ဒါဆို နောင်နှစ်တွေမှာ အင်းတွေကို လေလံဆွဲပြီး ငွေသွင်းလုပ်ရဲတဲ့လူ နည်းသွားမှာသေချာပြီ။ ဒါကြောင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘတ်ဂျက်ဝင်ငွေ ကျမယ်လို့ တာဝန်ရှိတဲ့လူတွေက ခန့်မှန်းနေကြပြီ” ဟု ဦးဝင်းကြိုင်က ပြောသည်။

အင်းအိုင်များအား လွတ်လပ်စွာ လေလံဆွဲ လုပ်ကိုင်ခွင့် စတင်ပြုစဉ်က အင်းအိုင်လေလံဈေးနှုန်းများမှာ မူလပေါက်ဈေးထက် အဆတစ်ရာခန့် မြင့်တက်ခဲ့သောအင်းများ ပေါ်ပေါက်ခဲ့သော်လည်း တွက်ခြေကိုက်ကြသောကြောင့် လေလံဆွဲသူများ ရှိခဲ့သည်။ ယခုနှစ်ကုန်ပိုင်းတွင်မူ အဆိုပါ လေလံရအင်းအိုင်များတွင် အင်းသူကြီးနှင့် ဒေသခံရေလုပ်သားများအကြား ပဋိပက္ခများ တိုးပွားလာကြသည်။ ဒေသခံသမဝါယမအစုအဖွဲ့များနှင့် ရေလုပ်သားများကြားတွင်လည်း ပြဿနာမျိုးစုံတက်နေသည်။ ထိုအခါရဲများကဝင်ရောက်ဖြေရှင်းပေးရာမှ သေနတ်ထိမှန် သေဆုံးမှုများကြုံတွေ့လာကြသည်။

“ဒီအတိုင်းသာဆိုရင် နဂိုကမှ အင်းလေးထောင်ကျော်ရှိတာ သုံးထောင်လောက်ပဲ လုပ်လို့ရတာကနေ ကြာရင်အင်းတွေ ပျောက်ကုန်တော့မှာပဲ။ ကုန်းတွေပေါ် စိုက်ပျိုးရေးတွေလုပ်နဲ့ သဘာဝအမွေအနှစ်တွေ ပြန်လုပ်လို့ မရနိုင်တော့ဘူး။ နှမြောစရာကောင်းလိုက်တာ။ ဒီအင်းတွေကို စနစ်တကျ မထိန်းသိမ်းရင် ပျက်ကုန်တော့မှာ”ဟု အင်းအိုင်ရေချိုငါးလုပ်ငန်းဥပဒေ ရေးဆွဲခဲ့သော အင်းအင်စပက်တော် လုပ်သက်နှစ်ပေါင်းငါးဆယ်ကျော် အတွေ့အကြုံရှိသည့် ဦးဘသော်ကပြောသည်။

၂၀၀၉-၂၀၁၀ စာရင်းအရ အင်းပေါင်း ၃,၇၂၄ အင်းရှိပြီး ၃,၄၅၁ အင်း လေလံပေးရာမှ အင်းခွန် ငွေကျပ် ၃,၅၈၄ ဒသမ ၉ သန်းရရှိခဲ့သည်။ အဆိုပါဝင်ငွေမှာ တစ်နိုင်ငံလုံးဝင်ငွေ၏ ရှစ်ပုံတစ်ပုံရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် အင်းပေါင်း ၁,၇၈၁ အင်းရှိပြီး တစ်နိုင်ငံလုံး၏ ၄၇ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။ ပဲခူးတိုင်းဒေသကြီးတွင် ၆၈၈ အင်းရှိပြီး ဒုတိယအများဆုံးဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် အင်းပေါင်း ၄၀၀ ရှိကာ တတိယအများဆုံးဖြစ်သည်။

# အမြင့်ပျံရိုက်ကူးရေးကင်မရာ ငှားရမ်းနိုင်

**နေလင်းအောင်**

**ရန်ကုန်၊ အောက်တိုဘာ - ၁၃**
အမြင့်ပျံရိုက်ကူးရေးကင်မရာတစ်မျိုးဖြစ်သော Hexacopter ငှားရမ်းရိုက်ကူးခြင်းဝန်ဆောင်မှုအား ပြည်တွင်းရှိမီဒီယာလုပ်ငန်းတစ်ခုက ဝန်ဆောင်မှုပေးတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအနေဖြင့် ဝန်ဆောင်မှုအဖြစ် စတင်ငှားရမ်းမည့် အဆိုပါ Hexa-copter အမျိုးအစားသည် နာမည်ကြီး ဟောလီးဝုဒ်နှင့် နိုင်ငံတကာ ရုပ်ရှင်နယ်ပယ်များတွင် ကောင်းကင်မြင်ကွင်းများ၊ သဘာဝဘေးအန္တရာယ် စုံစမ်းရိုက်ကူးခြင်းများ၊ တောရိုင်းတိရစ္ဆာန် ရိုက်ကူးမှုများတွင် သုံးစွဲလျက်ရှိသော ကင်မရာတစ်မျိုးဖြစ်သည်။

အဆိုပါ ကင်မရာအား ငှားရမ်းဝန်ဆောင်မှုပေးမည့် Miracle Post မီဒီယာကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးဖြစ်သူ ဦးဝဏ္ဏကျော်က "လောလောဆယ်တော့ ကျွန်တော်တို့ မြန်မာ့အသံ ရိုက်ကူးရေးတစ်ခုအတွက် စမ်းသုံးနေပြီ။ နောက်ပြီး မီးသတ်တို့၊ ဘာတို့က အရေးပေါ် အခြေအနေတွေမှာ ဒီဟာကို သုံးရအောင်လုပ်ဖို့ရှိတယ်။ တကယ်တမ်း ရောင်းမယ်ဆိုရင်တော့ ဒီတစ်လုံးကို ၃၂သိန်းလောက်နဲ့ရောင်းမှ အဆင်ပြေမယ်" ဟု ဆိုသည်။

လက်ရှိ ပြည်တွင်းတွင် ရောက်ရှိနေသည့် Hexacopter မှာ Demo အဆင့်ဖြစ်ပြီး Movie ရိုက်ကူးရေးတွင် HD ကွာလတီအထိရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

ယခု ငှားရမ်းမည့်ကင်မရာမှာ ပြည်တွင်းရိုက်ကူးရေးလုပ်ငန်းများတွင် အသုံးပြုရန် အတွက် Miracle Post ကုမ္ပဏီမှ စီအီးအိုတစ်ဦးဖြစ်သူ ကိုညဏကိုယ်တိုင် တပ်ဆင်ပြုလုပ်ထားခြင်းဖြစ်ပြီး အဓိကအားဖြင့် နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် Hexaco-pter များပုံစံအတိုင်း ပြုလုပ်ထားခြင်းဖြစ်သည်ဟုဆိုသည်။

"ကျွန်တော် အရင်က ဒါမျိုး မော်ဒယ်အသေးလေးတွေ အမျိုးမျိုးစမ်းကြည့်တယ်။ တော်တော်များများ စမ်းပြီးတော့ ပိုက်ဆံတွေလည်း ကုန်ပြီးမှ ရတာပါ။ အခုဒီတစ်ခုက ကိုဝဏ္ဏကျော်လည်း ဒီမှာ သုံးလို့ရအောင်လို့ ကျွန်တော်တို့စီစဉ်တာပါ" ဟု ကိုညဏက ဆိုသည်။

အဆိုပါ Hexacopter အား ရိုက်ကူးအသုံးပြုလိုပါက ထိန်းကျောင်းမောင်းနှင်သူ ရိုက်ကူးသူနှင့် စက်ပစ္စည်းများကို စီစဉ်ရိုက်ကူးပေးမည်ဖြစ်ပြီး ရရှိမည့် ဓာတ်ပုံဗီဒီယိုများကို သုံးစွဲရန်အတွက် ကျပ်တစ်သိန်းနှစ်သောင်းသတ်မှတ်ထားသည်။

# ပြည်ပဘဏ်များကို ပြည်တွင်း၌ ဖွင့်လှစ်ခွင့်ပြုထားခြင်းမရှိသေး

**ပြည်သိမ်း**

**ရန်ကုန်၊ အောက်တိုဘာ - ၁၁**
ပြည်တွင်း၌ နိုင်ငံခြားဘဏ်များ ဖွင့်လှစ်ခြင်းကိုမည်သည့်နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူကိုမျှ လောလောဆယ်တွင် ခွင့်ပြုထားခြင်းမရှိကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်ကပြောကြားသည်။

ယခုရက်ပိုင်းတွင် ပထမဆုံးသော ရင်းနှီးမြှုပ်နှံမှုဘဏ်အဖြစ် (Mandalay Capital) ဘဏ်ကို အမေရိကန်ဒေါ်လာတစ်သန်းဖြင့် ဥဇဘက်ကစ္စတန်နိုင်ငံသားက ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်နေသည်။

"ဒါ လုံးဝမဟုတ်ဘူး။ ဗဟိုဘဏ်အနေနဲ့ ဘယ်နိုင်ငံခြားသားဘဏ်ကိုမှ ခွင့်ပြုချက်ပေးထားတာမရှိဘူး" ဟု ဦးဝင်းသော်က ဆိုသည်။

ပြည်တွင်း၌ နိုင်ငံခြားသားဘဏ်ဖွင့်လှစ်လိုသူသည် ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ပြီး ဗဟိုဘဏ်က သတ်မှတ်ချက်နှင့်ညီညွတ်မှသာ ဘဏ်ကိုယ်စားလှယ်ရုံးခွဲဖွင့်လှစ်ရန် လိုင်စင်ချပေးသည်။ ထို့နောက် ကာလတစ်ခုကြာမှသာ ပြည်တွင်းရှိ ဘဏ်များနှင့် အကျိုးတူပူးပေါင်းသည့်ဘဏ်အနေဖြင့်သာ ခွင့်ပြုမည်ဖြစ်သည်။

"ကိုယ်စားလှယ်ရုံးဖွင့်ဖို့လိုင်စင်ချပေးထားတဲ့အထဲမှာလည်း Mandalay Capital ဘဏ်မပါဘူး" ဟု ဦးဝင်းသော်ကဆက်လက်ပြောသည်။

လက်ရှိ ပြည်တွင်း၌ နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခွင့်လိုင်စင် ချပေးထားမှု ၂၂ ခုရှိပြီး ငွေရေးကြေးရေးအဖွဲ့အစည်းအနေဖြင့် တစ်ခုရှိသည်။

"ဒီအချိန်မှာ အရမ်းကိုသတိထားသင့်တယ်။ မြန်မာပြည်ကပွင့်လာပြီဆိုတော့ ပြည်တွင်းရောပြည်ပကပါလူလိမ်တွေရှိနေတယ်" ဟု ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ (၂)ဦးသန်းလွင်က ဆိုသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးထဲသို့ ဝင်ရောက်မှုကို တိကျခိုင်မာသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန်ကြိုးစားသင့်ကြောင်း၊ ကမ္ဘာ့စီးပွားရေးနှင့် အဆက်ပြတ်ခဲ့သည်မှာ နှစ် ၅၀ နီးပါးရှိ၍ အစိုးရရောအဖွဲ့အစည်းများပါ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်မှသာ လိမ်လည်မှုအန္တရာယ်ကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်အချို့ကပြောသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy S3 | 490,000 |
| Galaxy S2 | 370,000 |
| Galaxy S Plus | 265,000 |
| Galaxy Note | 460,000 |
| Galaxy Ace | 169,000 |
| Galaxy Ace 2 | 235,000 |
| Galaxy Mini | 109,000 |
| Galaxy Gio | 135,000 |

**Today's Mobile, Best More Smart Mobile, Do Co Mo ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။**

### HTC

| Model | Price |
|---|---|
| HTC One V | 233,000 |
| HTC Desire S | 250,000 |
| HTC Explore | 119,000 |

### iPhone

| Model | Price |
|---|---|
| iPhone 4S (64 GB) | 780,000 |
| iPhone 4S (32 GB) | 680,000 |
| iPhone 4S (16 GB) | 590,000 |
| iPhone 5 (16 GB) | 900,000 |
| iPhone 5 (32 GB) | 1,001,000 |
| iPad II (16 GB) | 450,000 |
| iPad II (32 GB) | 530,000 |

### Huawei

| Model | Price |
|---|---|
| U 8825 (GSM) | 139,000 |
| U 8860 (GSM) | 197,000 |
| U 8812 (GSM) | 135,000 |
| U 8661 (GSM) | 90,000 |
| U 8818 (GSM) | 137,000 |
| U 8180 (GSM) | 68,000 |
| U 8150 (GSM) | 65,000 |

**အောက်တိုဘာ(၁၄)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 205,000 |
| Panasonic(LCD) | 32SC4S | 235,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 85,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| LG | DV808 | 21,000 |
| EVD (AEK) | 8TMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 150,000 |
| Samsung | WT10J | 145,000 |
| **Aircon** | | |
| Chigo | 1.0HP | 195,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 190,000 |

**အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၁၄) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၅၅ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၆၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၂၈၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၁၄) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၅၇၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၅၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၁,၁၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၅,၅၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀-၁၁,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၁,၈၅၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၄,၈၀၀-၃၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၈၀၀-၁,၂၀၀ |

**အောက်တိုဘာ(၁၃)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Oct(7) | 3,550 | 3,950 | 4,000 | 4,000 |
| Oct(8) | 3,550 | 3,950 | 4,000 | 4,000 |
| Oct(9) | 3,550 | 3,950 | 4,000 | 4,000 |
| Oct(10) | 3,550 | 3,950 | 4,000 | 4,000 |
| Oct(11) | 3,550 | 3,950 | 4,000 | 4,000 |
| Oct(12) | 3,550 | 3,950 | 4,000 | 4,000 |
| Oct(13) | 3,550 | 3,950 | 4,000 | 4,000 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-3517U, 4GB DDR3,256 GB SSD, HD,13.3" | 1384,700 |
| Intel Core i5-3210M, 4GB DDR3,750 HDD, 2GB VGA,15.6" | 632,100 |
| Intel Core i3-M2367, 4GB DDR3,500 HDD, HD,14" | 518,700 |
| Intel DualCoreB987, 2GB DDR3,500 HDD, HD,14" | 388,800 |
| Intel DualCoreB967, 2GB DDR3,320 HDD, HD,11.6" | 290,100 |
| **msi** | |
| Intel Core i7 2.3GHz, 8GB DDR3, 750HDD,2GB VGA,15.6" | 1030,500 |
| Intel Core i5 2.5GHz, 4GB DDR3, 500HDD,2GB VGA, 14" | 588,300 |
| Intel Core i3 2.1GHz, 2GB DDR3, 640 HDD,1GB VGA, 14" | 518,700 |
| Intel Pentium 2.1GHz, 2GB DDR3, 500 HDD,1GBVGA, 14" | 423,400 |
| **hp** | |
| Intel Core i7 2.3GHz 8GB DDR3,750 HDD, 2GB VGA,15.6" | 1056,500 |
| Intel Core i5 2.4GHz 8GB DDR3,750HDD,1GB VGA,14.5" | 788,000 |
| Intel Core i3 2.3GHz 4GB DDR3,500 HDD, HD, 15.6" | 437,300 |

7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# ကာကွယ်ရေးအတွက် ငွေလမ်းခင်းလာသော အရှေ့တောင်အာရှ

■ ကြည်နေဝင်းမင်း

အင်ဒိုနီးရှားနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံမှ ရေငုပ်သင်္ဘောများ ဝယ်ယူပြီး တရုတ်နှင့် အမေရိကန်ထံမှ ကမ်းရိုးတန်းရေဒါစနစ်များ ဝယ်ယူနေသည်။ ဗီယက်နမ်က ရုရှားနိုင်ငံမှ ရေငုပ်သင်္ဘောများနှင့် တိုက်လေယာဉ်များ ရယူနေသည်။ ထိုအတောအတွင်းမှာပင် ကမ္ဘာ့ပဉ္စမမြောက် လက်နက်အများဆုံးတင်သွင်းသူ စင်ကာပူနိုင်ငံက ၎င်း၏ ခေတ်မီဆန်းပြားနေပြီဖြစ်သော လက်နက်တိုက်တွင် လက်နက်များထပ်မံဖြည့်တင်းနေသည်။

တရုတ်နိုင်ငံအား စိတ်မချနိုင်ဖြစ်နေပြီး စီးပွားရေးအောင်မြင်မှုများဖြင့် တက်ကြွနေသော အရှေ့တောင်အာရှသည်သင်္ဘောရေကြောင်းလမ်းများ၊ ဆိပ်ကမ်းများနှင့် ရေကြောင်းနယ်နိမိတ်များကို ကာကွယ်ရန်အလို့ငှာ စစ်လက်နက်ပစ္စည်းများအပေါ် ငွေကြေးသုံးစွဲမှုကို တိုးမြှင့်နေကြသည်။ ယင်းရေကြောင်းလမ်းကြောင်းများမှာလည်း နိုင်ငံခြားသို့ကုန်ပစ္စည်းတင်ပို့ခြင်းနှင့်စွမ်းအင်အတွက်အသက်တမျှ အရေးကြီးသည်မဟုတ်ပါလော။

ရေနံနှင့်သဘာဝဓာတ်ငွေ့အမြောက်အမြားရှိနိုင်သည်ဆိုသော မျှော်လင့်ချက်များ မီးထိုးပေးနေသည့် တောင်တရုတ် ပင်လယ်နယ်မြေအငြင်းပွားမှုများကလည်း ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းနိုင်ငံတို့အားတရုတ်၏ ကြီးထွားလာနေသော ရေတပ်အင်အားကို တန်ပြန်နိုင်ရန် ကြိုးပမ်းလာစေခဲ့သည်။ ယင်းအငြင်းပွားမှုမှ လွတ်ကင်းနေသော အင်ဒိုနီးရှား၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့အတွက်ပင် ရေကြောင်းလုံခြုံရေးမှာ အရေးတကြီး အာရုံစိုက်စရာဖြစ်နေသည်။

"စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကနေပြီး သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ၊ ရေလမ်းကြောင်းတွေ၊ အထူးစီးပွားရေးဇုန်တွေကိုကာကွယ်ဖို့ရာ ကာကွယ်ရေးလုပ်ငန်းအတွက် ငွေကြေးသုံးစွဲဖို့ရာ တွန်းအားပေးနေတယ်" ဟု IHS Janes Defence Weekly စာစောင်၏ အာရှ-ပစိဖိတ်အယ်ဒီတာဖြစ်သူ ဂျိမ်းစ်ဟာဒီက ပြောသည်။

"ရေပန်းအစားဆုံးနယ်ပယ်ကတော့ ကမ်းရိုးတန်းဒေသ၊ ရေကြောင်း စောင့်ကြည့်ရေးနဲ့ ကင်းလှည့်ရေးပဲဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

အရှေ့တောင်အာရှ၏ စီးပွားရေးတစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကာကွယ်ရေးအသုံးစရိတ်မှာ ၂၀၀၂ ခုနှစ်မှ ၂၀၁၁ ကာလအတွင်း ၄၂ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း စတော့ဟုမ်း နိုင်ငံတကာ ငြိမ်းချမ်းရေးအင်စတီကျုဒ် (SIPRI) ၏ အချက်အလက်များက ပြသနေသည်။

စစ်လက်နက်ပစ္စည်းများ ဝယ်ယူမှုတွင် စစ်သင်္ဘောများ၊ ကင်းလှည့်လှေများ၊ ရေဒါစနစ်များ၊ တိုက်လေယာဉ်များကဦးဆောင်နေသည်။ ယင်းနှင့်အတူ ရေငုပ်သင်္ဘောများနှင့် ရေလမ်းကြောင်းကာကွယ်ရေးတွင် အထူးသဖြင့် ထိရောက်သော သင်္ဘောဖျက် ဒုံးကျည်များကိုလည်း ဝယ်ယူမှုများပြားသည်။

ဆယ်စုနှစ်ပေါင်းများစွာပင် အရှေ့တောင်အာရှနိုင်ငံအများစုသည် သေနတ်များနှင့် အသေးစားတင့်ကားများမှ လွဲ၍ အခြားလက်နက်များအပေါ် ငွေကြေးသုံးစွဲမှုနည်းပါးသည်။ စစ်ရေးခြိမ်းခြောက်မှုအများစုမှာလည်း ပြည်တွင်းမှာပင်ဖြစ်ပြီး အမေရိကန်၏ ဖြန့်ကြက်ကာကွယ်ပေးထားမှုက နိုင်ငံရပ်ခြားမှ လာနိုင်ခြေရှိသော ကျူးကျော်ရန်စမှုများကို တွန်းလှန်ဖို့ရာ လုံလောက်သည်ဟု ယူဆခဲ့ကြသည်။

တရုတ်နိုင်ငံ၏ အင်အားကြီးမားလာပြီး ရန်ပုံငွေများလည်း ထပ်မံသုံးစွဲနိုင်ပြီဖြစ်ရာ လက်နက်ဝယ်ယူရေး စာရင်းမှာ ပိုမိုဆန်းပြားရှုပ်ထွေးလာသည်။ နိုင်ငံအများစုမှာ ပင်လယ်နှင့်ထိစပ်နေသောကြောင့်လည်း ရေကြောင်းနှင့်လေကြောင်း အခြေစိုက်သော ကာကွယ်ရေးကို ပိုမို၍ အလေးအနက်ထားကြသည်။



Photo - AFP

မလေးရှားနိုင်ငံက "Scorpene" ရေငုပ်သင်္ဘောနှစ်စီးပိုင်ဆိုင်ထားပြီး ဗီယက်နမ်နိုင်ငံက ရုရှားထံမှ Kilo-Class ရေငုပ်သင်္ဘောခြောက်စီး ဝယ်ယူထားသည်။ ထိုင်းနိုင်ငံကလည်း ရေငုပ်သင်္ဘောများ ဝယ်ယူသွားရန် အစီအစဉ်ရှိနေပြီး ၎င်း၏ ဆွီဒင်နိုင်ငံလုပ် Gripen တိုက်လေယာဉ်များတွင် RBS-15F သင်္ဘောဖျက် ဒုံးကျည်များ တပ်ဆင်သွားလိမ့်မည်ဟု မဟာဗျူဟာလေ့လာရေးနိုင်ငံတကာအင်စတီကျုဒ် (IISS) က ပြောကြားသည်။

စင်ကာပူနိုင်ငံက အမေရိကန်နိုင်ငံ၊ ဘိုးရင်းကုမ္ပဏီမှ F-15 SG တိုက်လေယာဉ်များအတွက် မြှုပ်နှံထားပြီး ချယ်လင်ဂျာရေငုပ်သင်္ဘောလေးစီးအပါအဝင် ၎င်း၏ အင်အားတောင့်တင်းနေပြီဖြစ်သောလေတပ်နှင့်ရေတပ်အတွက် ဆွီဒင်နိုင်ငံမှ Archer-Class ရေငုပ်သင်္ဘောနှစ်စီး ထပ်မံဖြည့်တင်းမည် ဖြစ်သည်။

ကမ်းရိုးတန်းမိုင် စုစုပေါင်း ၃၄,၀၀၀ ရှည်လျားပြီး အရေးပါသော ရေလမ်းကြောင်းများနှင့် ကျွန်းငယ်အမြောက်အမြားလည်း ပိုင်ဆိုင်သော အင်ဒိုနီးရှားနိုင်ငံမှာ လက်ရှိတွင် ရေငုပ်သင်္ဘောနှစ်စီး လက်ဝယ်ရှိပြီး တောင်ကိုရီးယားနိုင်ငံမှ ရေငုပ်သင်္ဘောအသစ် သုံးစီးထပ်မံမှာယူထားသည်။ ထို့အပြင်အင်ဒိုနီးရှားနိုင်ငံသည် C-705 နှင့် C-8020 သင်္ဘောဖျက်ဒုံးကျည်များထုတ်လုပ်နိုင်ရန် တရုတ်နိုင်ငံနှင့် ပူးတွဲလုပ်ဆောင်နေသည်။ ၂၀၁၁ ခုနှစ်တွင်လည်း ရုရှားလုပ် ယက်ဟော့သင်္ဘောဖျက်ဒုံးကျည်ကို အင်ဒိုနီးရှားက စမ်းသပ်ပစ်လွှတ်ခဲ့သည်။

ယင်းမှာ လက်နက်ပြိုင်ဆိုင်မှုမဟုတ်သော်လည်း တောင်တရုတ်ပင်လယ်မှ အဖြစ်အပျက်များနှင့်အိမ်နီးချင်းနိုင်ငံများကြားကြာရှည်စွာ တည်ရှိနေခဲ့သော ကတောက်ကဆမှုများနှင့် ပိုက်ဆံရှိချိန်တွင် လက်နက်များ ခေတ်မီလာစေရန် ဆန္ဒရှိသည့် အစိုးရများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ဆန်းစစ်လေ့လာသူများကဆိုသည်။

ပင်လယ်ဓားပြများ၊ တရားမဝင် ငါးဖမ်းမှု၊ မှောင်ခိုလုပ်ငန်း၊ အကြမ်းဖက်ဝါဒနှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးစသော အခြေအနေများကြောင့်လည်းလက်နက်ဖြည့်တင်းမှုများဖြစ်ပေါ် လာခြင်းဖြစ်ပြီး ထိုင်းနှင့် အင်ဒိုနီးရှားကဲ့သို့ နိုင်ငံများတွင် ဩဇာကြီးသော စစ်ဘက်ကို ပျော်ရွှင်အောင်လုပ်ဆောင်ခြင်းလည်း ဖြစ်သည်။

တရုတ် အင်အားကြီးထွားလာခြင်းနှင့် အာရှတွင် အမေရိကန်တပ်ဖွဲ့များထားရှိမှုအပေါ် သံသယရှိမှုများကို ထည့်တွက်ပါက ဒေသတွင်း၌ မဟာဗျူဟာမြောက် မရေရာမှု ခံစားချက်တစ်ရပ်ဖြစ်ပေါ်နေကြောင်း အရှေ့တောင်အာရှလေ့လာရေး အင်စတီကျုဒ်မှအကြီးတန်းပညာရှင်တစ်ဦးဖြစ်သူအီယန်းစတိုရီကဆိုသည်။ အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် တရုတ်နိုင်ငံ၏ကာကွယ်ရေးခေတ်မီအောင်လုပ် ဆောင်နေမှုကို ဘယ်သောအခါတွင်မှ ယှဉ်နိုင်မည်မဟုတ်ကြောင်းလည်းမစ္စတာစတိုရီက ဆက်ပြောသည်။

အရှေ့တောင်အာရှနိုင်ငံများသည် ၎င်းတို့၏ ကာကွယ်ရေးဘတ်ဂျက်ကိုလည်း တိုးမြှင့်သုံးစွဲနေပြီး ၂၀၁၁ ခုနှစ်အတွင်း ဗီယက်နမ်က ကန်ဒေါ်လာ ၂ ဒသမ ၆၆ ဘီလီယံ၊ မလေးရှားနိုင်ငံက ကန်ဒေါ်လာ ၄ ဒသမ ၅၄ ဘီလီယံ၊ အင်ဒိုနီးရှားနိုင်ငံက ကန်ဒေါ်လာ ၅ ဒသမ ၄၂ ဘီလီယံ၊ ထိုင်းနိုင်ငံက ကန်ဒေါ်လာ ၅ ဒသမ ၅၂ ဘီလီယံ ကာကွယ်ရေးအတွက်သုံးစွဲခဲ့သည်။ သို့သော် ဒေသတွင်း၌ကာကွယ်ရေး အသုံးစရိတ်အများဆုံးနိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်သည်။ ကမ္ဘာ့ဒုတိယအရှုပ်ဆုံး ကွန်တိန်နာ ဆိပ်ကမ်း၊ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး စင်တာတစ်ခုနှင့် ရေနံ၊ ဓာတ်ငွေ့နှင့် ရေနံထွက်ပစ္စည်းစက်ရုံအများအပြား စုဝေးနေရာ ကျွန်းငယ်လေးသည် ၂၀၁၁ ခုနှစ်အတွင်း ကာကွယ်ရေးဘတ်ဂျက် ကန်ဒေါ်လာ ၉ ဒသမ ၆၆ ဘီလီယံသုံးစွဲခဲ့ပြီး ဒေသတွင်း၌ အကောင်းဆုံး လက်နက်များတပ်ဆင်ထားသည့် စစ်ဘက်ကို ပိုင်ဆိုင်ထားသည်။

တစ်ဖက်တွင်လည်းအနောက်နိုင်ငံ အများအပြားတွင် ကာကွယ်ရေးဘတ်ဂျက်အတွက် ဖိအားများရင်ဆိုင်နေရစဉ် အာရှဒေသမှာ လက်နက်ထုတ်လုပ်သူများအတွက် ဆွဲဆောင်မှုရှိလာသည်။ အမေရိကန်နိုင်ငံမှ လော့ဟိဒ်မာတင်နှင့် ဘိုးရင်းကုမ္ပဏီများ၏ ကာကွယ်ရေးပစ္စည်း လုပ်ငန်းဌာနခွဲနှစ်ရပ်စလုံးက နိုင်ငံတကာမှ ရရှိမည့်ဝင်ငွေ ၄၀ ရာခိုင်နှုန်းမှာ အာရှ-ပစိဖိတ်ဒေသမှ ရရှိမည်ဟု မျှော်လင့်ထားကြသည်။ "ပစိဖိတ်ရေကြောင်း လုပ်ငန်းအနေအထားကို လူတိုင်းက စိတ်ဝင်စားနေကြတယ်" ဟု Boeing Defence ဌာနမှ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ ဂျက်မ်ခိုလာက ဖေဖော်ဝါရီလအတွင်းပြုလုပ်ခဲ့သည့်စင်ကာပူလေကြောင်းပြပွဲတွင် ပြောကြားခဲ့ပါသည်။

*—Ref: Reuters*

care

**ချိပ်ပိတ်တင်ဒါကြော်ငြာ**

၁။ကဲရ်မြန်မာ သည် INGO အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။
၂။ကဲရ်မြန်မာသည်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်နှင့် နမ့်ခမ်းမြို့နယ်ကျေးရွာများရှိ ဒေသခံပြည်သူများအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ(၄)ခု ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသား ဆောက်လုပ်ရေးလုပ်ငန်းရှင် များထံမှ ချိပ်ပိတ်တင်ဒါ ခေါ်ယူလိုပါသည်။
၃။စိတ်ဝင်စားသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် တင်ဒါပုံစံ များကို အောက်ပါကဲရ်မြန်မာ ရုံးများတွင် ရရှိနိုင်ပြီး ထပ်မံသိလိုသည် များကို အောက်ပါဖုန်းနံပါတ်များကိုဆက်သွယ်၍သော်၎င်း၊ လူကိုယ်တိုင်လာရောက်၍သော်၎င်း မေးမြန်း စုံစမ်း နိုင် ပါသည်။
၄။ချိပ်ပိတ်တင်ဒါ စာအိတ်များကို ၂၀၁၂ခုနှစ် နိုဝင်ဘာလ(၅)ရက် (တနင်္လာနေ့) ညနေ(၅း၀၀)နာရီ နောက်ဆုံးထား၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာများသို့ပေးပို့ရမည်ဖြစ်သည်။
ကဲရ်မြန်မာ (ရန်ကုန်)အမှတ် (၁၇-က)၊ ပြည်ထောင်စုလမ်း၊ဆရာစံအနောက်မြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၄၀၁၄၁၉ ~၂၁၊ ၄၀၁၄၆၅
ကဲရ်မြန်မာ (မူဆယ်) အမှတ်(၃၁/ဘီ)၊ နတ်စင်လမ်း၊ ကောင်းမှုလှိုင် ရပ်ကွက်၊ မူဆယ်မြို့။ ဖုန်း-၀၈၂-၅၂၇၆၆
ကဲရ်မြန်မာ (လားရှိုး)ည-၇/ ၁၁၇၊ နီလာလမ်း၊ ရပ်ကွက်(၁၀)၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၂၈၂၉၊ ၀၉၄၇-၃၀၃၄၉၆
ကဲရ်မြန်မာ(မန္တလေး) အမှတ်-ဓ-၆/၉၁၊ ၄၂လမ်းနှင့် ၆၇ လမ်းထောင့်၊ မဟာမြိုင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။ ဖုန်း- ၀၂-၇၇၂၀၃

**UD Group**

**ကရိန်းဝန်ဆောင်မှုလုပ်ငန်း**



50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton

H-216/32 ... 09-2050000, 09-6504700
... 067-26222, 09-6504900


DAIKIN
နေရာတိုင်းမှာ သင်နှင့် အတူ
ကမ္ဘာ့အရပ်ရပ်တွင် ထင်ပေါ်ကျော်ကြားသော ဒိုင်ကင်း (Daikin) လေအေးပေးစက် ၊ မြန်မာနိုင်ငံတွင် ရရှိနိုင်ပါပြီ။
ဂျပန်နိုင်ငံ၏ နောက်ဆုံးပေါ် နည်းပညာကို အသုံးပြု ထားသော ဒိုင်ကင်း (Daikin) သည် မြန်မာနိုင်ငံ၏ စီးပွားရေးသုံး ၊
အိမ်သုံး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ထားပါသည်။
Air-Condition Related Products Trading Co., Ltd
Tel: +95 1 2304065
Ywar Taw International Trading Co. Ltd
Tel: +95 1 252510 / 375533 / 725712 / 09 8617430
Zeya & Associates
Tel: +95 1 502016-8 / 534846 / 525682
SINGAPORE BOOK OF RECORDS
First with 4 Ticks
Daikin Inverter Aircons
4 Ticks Distinction
TRUSTED BRAND 2012
Trusted Brand Gold
Award Winner since 2002
PICHONKUN ©DAIKIN H.T. 2000

7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012


# 7DAY BOOK REVIEW

## မြို့တည်နန်းတည် မန္တလေး





မြန်မာ့ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့တည်နှစ် ၁၅၂ နှစ်ပြည့်ထွက်ရှိလာသည့် စာအုပ်ဖြစ်သည်။ ယခုစာအုပ်သည် ရွှေကိုင်းသားဆရာတော် ရေးခဲ့သော နှစ် ၁၀၀ ပြည့်မန္တလေး၊ စာပေပညာရှင်များ စုပေါင်းရေးသားပြုစုခဲ့သည့်နှစ် ၁၅၀ ပြည့်မန္တလေး စာအုပ်လို အထင်ကရမန္တလေးနှင့် ပတ်သက်သော စာအုပ်မျိုးဖြစ်သည်။ စာအုပ်တွင် မန္တလေးကဏ္ဍနှင့် နိုင်ငံလုံးဆိုင်ရာကဏ္ဍဟူ၍ နှစ်ပိုင်းခွဲခြားထားပြီး မန္တလေး ကဏ္ဍ၌ သမိုင်းထဲက မန္တလေး၊ မန္တလေးအမှတ်တရ၊ မန္တလေးယဉ်ကျေးမှု၊ မန္တလေးဒေသန္တရဟူ၍ ခွဲခြားဖော်ပြထားရုံမက နိုင်ငံလုံးဆိုင်ရာကဏ္ဍ၌ သမိုင်းနှင့် သုတေသီများဖြစ်ကြသော ဦးတက်ထွန်း၊ ဒဂုန်နတ်ရှင်၊ ဒေါက်တာ ကျော်ဝင်း၊ ဦးဝင်းမောင်(သမိုင်း)၊ ဦးဝင်းမောင်(တမ္ပဝတီ)၊ ဦးအေးမြင့်၊ ဆရာဝန်တင်မောင်ကြည် အစရှိသူတို့၏မြန်မာမှုနှင့်ဆိုင်သော ဆောင်းပါးများ ပါရှိသည်။ ပဥ္စဂံစာတည်းအဖွဲ့က တန်ဖိုး ၄၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေး




တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ကျယ်ကျယ်လောင်လောင် ပေါ်ထွက်နေသော ယနေ့မြန်မာနိုင်ငံတွင် အချိန်ကာလနှင့် လိုက်လျောညီစွာထွက်ရှိလာသည့် စာအုပ်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်သောအင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေထားသည့် စာအုပ်အချို့ကို ကိုးကားရည်ညွှန်းပြုကာ လူငယ်စာရေးဆရာများ ကရေးသားထားကြသည်။ စာအုပ်တွင် ဂျွန်လော့ခ်၊ မွန်တက်စကျူး နှင့် ဖက်ဒရယ်လစ်စာတမ်း၊ မွန်တိန်း၏ ဥပဒေရဲ့ သဘောသဘာဝအက်ဆေးကို လေ့လာချက်၊ လစ်ဘရယ်ဝါဒနှင့် တရားဥပဒေစိုးမိုးမှု၊ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးမှု၊ ဒီမိုကရေစီနိုင်ငံရေးအုတ်မြစ်နှင့် တရားဥပဒေစိုးမိုးမှု၊ အာဏာရှင်အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးမှုဟူ၍ ခေါင်းစဉ်လေးများဖြင့်ခွဲခြားရေးသားထားသည်။ စာအုပ်တစ်နေရာတွင် "တရားသူကြီးတွေကို ခန့်အပ်တဲ့အခါ ဥပဒေအကြောင်း သိနားလည်မှု၊ ဗဟုသုတရှိမှုကိုပဲကြည့်တယ်။ အဲဒီသူတွေမှာ အသိဉာဏ်ရှိသလား၊ ရိုးသားဖြောင့်မတ်မှုရှိသလား ဆိုတာကိုမစစ်ဆေးကြဘူး။ နေရာတကာမှာ တ ရားမျှတမှုဟာ လောဘ၊ အသိ ဉာဏ်မဲ့မှု၊ လူတန်းစားအခွင့်အရေးနဲ့ အနှစ်မပါတဲ့ ဥပဒေရေးရာပုံစံတွေနဲ့ အစတေးခံနေရတယ်" ဟုရေးသားထားသည်။ Myanmar Knowledge Society ကတန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## ရန့်သစ်မဂ္ဂဇင်း အင်တာဗျူးများ စုစည်းမှု



အသက် ၄၆ နှစ်အရွယ်တွင် ငြိမ်းချမ်းရေးနိုဗယ်ဆုရရှိခဲ့သော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ၁၄ နှစ်အရွယ်မှာပင် ပိုဒ်စုံရတုကြီးများ အားစပ်ဆိုခဲ့သော ဒဂုန်တာရာ၊ အသက် ၂၀ ကျော်အရွယ်တွင် ကိုယ်ဝန်ကြီးတကားကားဖြင့် ဖက်စစ်တော်လှန်ရေး၌ ရှုပ်ရှုပ်ချုံချုံ ပါဝင်ခဲ့သော ဒေါ်နှင်းမေ၊ ၁၃ နှစ် အရွယ်မှာပင် ၁၀ တန်းအောင်မြင်ခဲ့ပြီး တက္ကသိုလ်တက်ရန် စောင့် ဆိုင်းခဲ့ရသူ သံအမတ်ကြီး ဦးသက် ထွန်း၊ တက္ကသိုလ်ပညာရေးနှင့်ကင်းကွာခဲ့ပြီးမှတက္ကသိုလ်ပညာ ဆက်လက်သင်ယူကာ တက္ကသိုလ်ဆရာဖြစ်လာပြီး နိုင်ငံရေးလှုပ်ရှားမှုကြောင့်အလုပ်မှထုတ်ပယ်ခံရသောစာရေးဆရာကြီးဦးအောင်သင်း၊ အဖေအမေကွယ်လွန်သွားပြီးတစ်ကိုယ်တည်း ဆရာဝန်ဖြစ်အောင် ဂျပန်ခေတ်ကျပ်ကြီးထဲ ကြိုးစားခဲ့သော ဒေါက်တာမြင့်မြင့်ခင် အစရှိသူတို့နှင့် ရန့်သစ်မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ တွေ့ဆုံမေးမြန်းထားချက်များကိုဖတ်ရှုရပါမည်။ ခေတ်ပြတိုက်စာပေက တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### လူကူးမျဉ်းကြားတွေကို ဘယ်အချိန်ကစတင်အသုံးပြုခဲ့တာလဲ

လူကူးမျဉ်းကြားများသည် ကားလမ်းများပေါ်မှ ခြေကျင်သွားလာ သူတို့ကိုလုံခြုံစွာဖြတ်ကူးရန် စီစဉ်ပေးထားသော သတ်မှတ်နေရာဖြစ်သည်။ Pedestrian crossing (သို့မဟုတ်) Zebra Crossing ဟုခေါ်သော လူကူးမျဉ်းကြားများကို ၁၉၄၉ ခုနှစ်က စတင်အသုံးပြုခဲ့ကြသည်။ မှတ်တမ်းများအရ ထိုစဉ်က ဗြိတိန်ရှိလမ်းနေရာပေါင်း ၁,၀၀၀ ခန့်တွင် စမ်းသပ်မှုများစွာ ပြုလုပ်ပြီးနောက် စတင်အသုံးပြုခဲ့ခြင်း ဖြစ်သည်။ မျဉ်းအရောင်များမှာ အဝါနှင့် အပြာရောင်ဖြစ်ပြီး ၁၉၅၁ ခုနှစ်တွင် ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းခဲ့ သည်။ မြောက်အမေရိကတွင်မူ လူကူးမျဉ်းကြားများကို Crosswalks ဟု ခေါ် ဆိုကြသည်။


လူကူးမျဉ်းကြားများကိုလမ်းပေါ်တွင် အရောင်ထင်ရှားအောင်ရေးဆွဲထားလေ့ရှိပြီး ဗြိတိန်နိုင်ငံတွင် မူလက အပြာနှင့် အဝါရောင်မျဉ်းကြားများကိုအသုံးပြုခဲ့ကြသည်။ မျဉ်းကျားများ၏ အရောင်မှာ နောက်ပိုင်းတွင်အဝါရောင်၊ အဖြူရောင်တို့ကိုအသုံးများလာကြပြီး ပုံမှန်အားဖြင့် မျဉ်းများ၏ ဗျက်အကျယ်မှာ ၄၀ မှ ၆၀ စင်တီမီတာ (၁၆ လက်မမှ ၂ပေအကျယ်) ဖြစ်ကြသည်ဟု ဆိုသည်။ ယနေ့အခါ လူကူးမျဉ်းကြားများသည်ကားလမ်းများ၌ အရေးပါသော ဖြတ်ကူးရာနေရာအဖြစ် မရှိမဖြစ်ထည့်သွင်းခံရပြီး ကမ္ဘာတစ်ဝန်းရှိကားလမ်းများပေါ် မျဉ်းကြားများကို တွေ့နိုင်ပါသည်။

—Ref: Wikipedia

# တစ်ပတ်တာဟောကြားမှု

အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက် အထိ

စံဇာဏီဘို



## ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ယခုရက်အတွင်း ကံလမ်းကြောင်းတွင် ကောင်းသောအပြောင်းအလဲတိုးတက်မှုများ ဖုံးလွှမ်းနေသည်။ ရည်မှန်းထားသည်များ အဆင်ပြေမည်။ ကာလအတန်ကြာ စောင့်စားနေသည့် အခွင့်ကောင်းများလက်ဝယ်ပြန်လည်ရရှိမည်။ ကိုယ်ပိုင်စိတ်ကူး၊ ကိုယ်ပိုင်အကြံဉာဏ်နှင့် ထက်မြက်စွာဆောင်ရွက်နိုင်မည်။ အံ့သြဖွယ်ရာဖြစ်ရပ်များ၊ စိတ်ချမ်းသာစရာများကြုံတွေ့မည်။ ငွေကြေးကံကောင်းလာမည်။




## TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ရင်းနှီးသူများနှင့် မကြာခဏပဋိပက္ခပြောဆိုရတတ်သည်။ တစ်ပါးသူနှင့်မိမိအကြား အမြင်ကွာဟမှုရှိနေမည်။ အမည်အတွင်း (အ၊ ဥ၊ ရ၊ လ၊ ဝ) ပါသူများနှင့် စကားများရခြင်းရှိနိုင်သည်။ အိမ်ရှိစက်ပစ္စည်းများအပျက်အယွင်းများမည်။ အိမ်တွင်းလူဝင်လူထွက်များနေမည်။ ရွှေထည်ပစ္စည်းအဝင်မတော်။ ခြံ၊ ကား၊ အခန်းဝင်ခြင်း၊ တနင်္လာနံ၊ စနေနံလုပ်ငန်းများမှ အကျိုးအမြတ်ရရှိခြင်း ကြုံမည်။




## GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အထူးကောင်းသောရက်များဖြစ်သည်။ ရပ်တန့်ထားသည့် အလုပ်အကြံအစည်ကိစ္စများအဆင်ပြေအောင်ဆောင်ရွက်နိုင်သည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ဆန့်ကျင်ဘက်ပြုသူများအပေါ် အောင်နိုင်မည်။ လက်လွှန်ထားသော ငွေကြေးပစ္စည်းများ ပြန်ရမည်။ ရှေ့တိုးမရနောက်ဆုတ်မရ ရပ်တန့်နေသည့် လုပ်ငန်းများ ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။



## CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အနှောင့်အယှက်များရှိနိုင်သည်။ မှန်းသည်နှင့် လက်တွေ့ကွာဟတတ်သည်။ အသေးစားထိရှမှုများ ဂရုစိုက်ရမည်။ မတော်တဆထိရှမှုများဂရုစိုက်ရမည်။ ယာဉ်ကားမောင်းနှင်မှု သတိရှိရမည်။ အရှေ့မြောက်အရပ်၊ တောင်အရပ်မှ အနှောင့်အယှက်များ ဖြစ်ပေါ်လာတတ်သည်။ အိုးအိမ်နေရာထိုင်ခင်းကိစ္စအတွက် စကားပြောဆိုရခြင်းများ ကြုံမည်။ အင်္ဂါနံ၊ ကြာသပတေးနံ ပစ္စည်းများရောင်းဝယ်ခြင်းတွင် အရှုံးပေါ်မည်။



## LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ထူးထူးခြားခြားဖြစ်ရပ်များ ကြုံခြင်း၊ ကံမြင့်မားခြင်းရှိမည်။ အခက်အခဲများ ကျော်လွှား၍ အောင်မြင်တိုးတက်မှုများရှိမည်။ တစ်ပါးသူမှ အကျိုးအမြတ်မရရှိနိုင်ဟု ထင်ထားသော အသေးအမွှားကိစ္စများကို ဆောင်ရွက်၍ အကျိုးဖြစ်ထွန်းမည်။ ခရီးဝေးသွားရောက်ရန်ကြံစည်ထားသူများအဆင်ပြေမည်။ လူမျိုးကွဲ အကျိုးပေးမည်။



## VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ရည်မှန်းချက်များ အောင်မြင်၍ ဘဝအနေအထား၊ အလုပ်အကြံမှန်သမျှ ထူးထူးခြားခြား တိုးတက်မည်။ ဆောင်ရွက်လုပ်ကိုင်လိုက်သည်မှန်သမျှ ထိထိမိမိအဆင်ပြေခြင်းရှိမည်။ မမျှော်လင့်သော နေရာ၊ မထင်မှတ်သောအနေအထားနှင့် ငွေကြေးဥစ္စာပစ္စည်းများဝင်မည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ အိမ်ထောင်ရေးကိစ္စစီစဉ်သူများ အဆင်ပြေစိတ်ချမ်းမြေ့ရမည်။



## LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

တစ်ခုထက်မကသော အလုပ်ကိစ္စတာဝန်များ ကိုင်တွယ်လုပ်ကိုင်နေရမည်။ ငယ်ရွယ်သူများအဖို့ ချစ်သူခင်သူပေါ်ခြင်းကြုံမည်။ ပွဲလမ်းသဘင်များသို့ မကြာခဏရောက်ရှိမည်။ ရှေးဘုန်းရှေးကံအခြေကောင်းသူများအမွေရခြင်း၊ ထီပေါက်ခြင်းရှိမည်။ အတိတ်ကံနည်းသူများပင် အခွင့်ကောင်းများ ပိုင်ဆိုင်ရမည်။ ကြွေးဟောင်းများ ပြန်လည်တောင်းခံနိုင်သည်။ စီစဉ်မထားဘဲ အလှူလုပ်ရမည်။



## SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အခက်အခဲများ ထိုးဖောက်၍ တိုးတက်မှုများ ဖန်တီးနိုင်မည်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စများပြောဆိုဆောင်ရွက်၍ အထူးကောင်းမည်။ တစ်ပိုင်းတစ်စဖြစ်နေသည်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်သည်။ နေရာအပြောင်းအရွှေ့နှင့် တိုးတက်မှုပူးတွဲဖြစ်ပေါ်မည်။ ဝေးကွာနေသူများနှင့်ပြန်လည်ဆုံမည်။ တစ်ရက်အတွင်း စတင်သည့်ကိစ္စမှန်သမျှ ထူးခြားသော အကျိုးရမည်။



## SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အဘက်ဘက်မှ ကောင်းခြင်းလွှမ်းမိုးနေသည်။ ငွေကြေးရေးရာလုပ်ငန်းရေးရာတိုးတက်မည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ စီးပွားကံ၊ လာဘ်လာဘအထူးကောင်း၍ အလိုရှိရာပြည့်ဝစေမည်။ အဆင်မပြေသည့်ကိစ္စ၊ ပဋိပက္ခများကြားမှ တိုးတက်ခြင်းကြုံမည်။ မတော်တဆထိရှမှုများ ဂရုစိုက်ရမည်။ အရပ်ဝေးရောက်နေသောသူများ ကောင်းသတင်းကြားသိရမည်။



## CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အထူးကောင်းသော ရက်များဖြစ်သည်။ ကံမြင့်မား၍ အလိုရှိရာဆောင်ရွက်အောင်မြင်မည်။ အရှေ့အရပ် အနောက်တောင်အရပ်များနှင့် ပတ်သက်၍ ကောင်းခြင်းအဖြာဖြာတိုးတက်ခြင်း အလုံးစုံကြုံနိုင်သည်။ ထိုရက်များတွင် စတင်ဆောင်ရွက်လိုက်သည်များမှ အကျိုးထူးများဖြစ်ထွန်းစေမည်။ အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်ပါ။



## AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အညှံ့ကင်း၍ ထူးခြားသော ကံပွင့်သောနေ့များဖြစ်သည်။ ဝေးကွာနေသောသူများနှင့်ပြန်လည်ဆုံစည်းမည်။ အခက်အခဲများဖြေရှင်းနိုင်မည်။ ခရီးကိစ္စများ အဆင်ပြေမည်။ ကာလအတန်ကြာမပြုပြင်ဘဲထားသည့်အင်္ဂါနံ စက်ပစ္စည်းပျက်များအား စနစ်တကျပြုပြင်နိုင်ပြီး အကျိုးရရှိကိန်းကြုံမည်။ အလုပ်ရှာ အလုပ်လျှောက်၍ အောင်မြင်အဆင်ပြေမည်။



## PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

မိသားစုအတွင်း ဒါနအလှူအတန်းပြုရမည်။ အိမ်တွင်းခြေနှစ်ချောင်း ဝင်ကိန်းရှိသည်။ တနင်္ဂနွေနေ့၊ ဗုဒ္ဓဟူးနေ့မွေးသောသူများမှအပ အခြားနေ့မွေးသောသူများဖြစ်က အထူးကောင်းသည်။ စနေနံပစ္စည်းလက်ဆောင်ရက အထူးကောင်းသည်။ အနီရောင်၊ အနက်ရောင်ပစ္စည်းများအဝင်များမည်။ အတိတ်ကံမြင့်သူများအဖို့ ထီပေါက်ကိန်းရှိသည်။ ကံနည်းသူများအဖို့ ထီး၊ ဖိနပ်လက်ဆောင်ရမည်။

## စာ(၄၁) တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးတွင် မှောင်ခိုရောင်းဝယ်ခြင်းက အဓိကအဟန့်အတားဖြစ်နေ မှ

တရုတ်နိုင်ငံ၏ဝယ်လိုအားကလည်း အဆင်းရဲဆုံးတိုင်းပြည်စာရင်းတွင် ပါဝင်သည့် မြန်မာနိုင်ငံအတွက် လွယ်ကူနေသည့် ဈေးကွက်လည်း ဖြစ်နေသည်။ ဖမ်းဆီးအရေးယူမှုများကို ဆောင်ရွက်နေသော်လည်း တောရိုင်းတိရစ္ဆာန်ရောင်းဝယ်ဖောက်ကားမှုများက လျော့နည်းသွားခြင်းမရှိကြောင်း သဘာဝပတ်ဝန်းကျင်လေ့လာသူများက သုံးသပ်ပြောကြားသည်။

"အခုဖမ်းမိတာကပြည်ပကို တကယ်တင်ပို့နေတဲ့ ပမာဏရဲ့ တစ်ဝက်လောက်တောင် မရှိဘူး" ဟု ဝန်းကျင်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ အမည်မဖော်လိုသူ ဝန်ထမ်းတစ်ဦးက ပြောသည်။

ဝန်းကျင်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ တရားဝင်ထုတ်ပြန်ထားသော စာရင်းဇယားများအရ ဘဏ္ဍာရေးနှစ် ကုန်ဆုံးမှု မရှိသေးသော်လည်း ယခုနှစ် (ဇန်နဝါရီလမှ စက်တင်ဘာလအထိ)တွင် တောရိုင်းတိရစ္ဆာန် တရားမဝင်ကူးသန်းရောင်းဝယ်မှု ၅၁ မှု ဖြစ်ပွားခဲ့သည်။ ယင်းပမာဏသည် ဆယ်နှစ်တာကာလအတွင်း တောရိုင်းတိရစ္ဆာန်အများဆုံး ဖမ်းဆီးရမိသည့် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပွားခဲ့သော ၃၄ မှုထက် များပြားနေသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး စစ်ဆေးဂိတ်များတွင် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုကို ဖမ်းစီးရာတွင် အများဆုံးဖမ်းဆီးရမိသည့် တောရိုင်းတိရစ္ဆာန်များမှာ လိပ်မျိုးစိတ်၊ မြွေမျိုးစိတ်၊ တောက်တဲ့၊ သင်းခွေချပ် မျိုးစိတ်နှင့် အခြားတိရစ္ဆာန်များဖြစ်သော ဆင်၊ ဂျီ၊ ဝက်ဝံများကို အစိတ်အပိုင်းများအဖြစ် ဖမ်းဆီးရမိကြောင်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ သတင်းရရှိသည်။

တရားမဝင် နယ်စပ်ဖြတ်ကျော် ကူးသန်းရောင်းဝယ်ခံရသည့် တောရိုင်းတိရစ္ဆာန်များအထဲတွင် မျိုးသုဉ်းအန္တရာယ်နှင့် ရင်ဆိုင်နေရသော သင်းခွေချပ်နှင့် ဆင်တို့ပါဝင်သည်။ ရှားပါးမျိုးစိတ်ကို ရောင်းဝယ်ဖောက်ကားပါက မည်သည့်ပြစ်ဒဏ်ကျခံနိုင်ပြီး မည်သို့ အရေးယူမှုများ ပြုလုပ်နိုင်ကြောင်း အတိအလင်းဖော်ပြထားသော်လည်း လူတို့၏ လိုအပ်ချက်ကြောင့် ပြောင်းလဲလာသော တောရိုင်းတိရစ္ဆာန်များမှာ ယခုနှစ်နောက်ပိုင်းတွင် မျှော့၊ တောက်တဲ့စသည့်အကောင်များအတွက် မည်သည့်အတိုင်းအတာထိ သယ်ယူရောင်းချရမည်။ မည်သို့အရေးယူမှုများကို တိကျစွာ မဖော်ပြထားသောကြောင့် ဥပဒေလက်တစ်လုံးခြားလုပ်မှုများ ဖြစ်ပေါ်နိုင်ကြောင်း သဘာဝပတ်ဝန်းကျင် လှုပ်ရှားဆောင်ရွက်သူများက သုံးသပ်ပြောကြားသည်။

ရှားပါးတောရိုင်းတိရစ္ဆာန်စာရင်းတွင် မပါဝင်သော်လည်း ဂေဟစနစ်ကို အကျိုးပြုပေးသော ဆင်ကဲ့သို့ အကောင်များအား အစိတ်ပိုင်းလိုက်ဖြစ်စေ၊ တောက်တဲ့များ၊ မျှော့များနှင့် အခြားတောရိုင်းတိရစ္ဆာန်များကို တိကျသည့် ဥပဒေဖြင့် မကာကွယ်ပါက မျိုးသုဉ်းပျောက်ကွယ်နိုင်ကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

ရခိုင်ပြည်နယ် ဆင်ဘေးမဲ့တောတွင်လည်း သစ်တောပြုန်းတီးပျောက်ကွယ်မှုကြောင့် ဆင်စားကျက်နည်းပါး၍ ဆင်နှင့်လူ ပဋိပက္ခများ ဖြစ်ပွား၍ ဆင်အကောင်ရေ တစ်ဖြည်းဖြည်းလျော့နည်းလာသည့်နည်းတူ တရားမဝင်တောရိုင်းတိရစ္ဆာန် ကူးသန်းရောင်းဝယ်မှုတို့ကြောင့် ယင်းဒေသတွင် ဆင်အကောင်ရေ လျော့နည်းလာကြောင်း ဆင်ဘေးမဲ့တောတွင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သူ ဦးမောင်မောင်သိမ်းဖေကပြောသည်။

ဆင်ကိုမှောင်ခိုပို့ဆောင်နေကြောင်းကိုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က ယခုတစ်ပတ်တွင် တရားဝင်ပြောကြားခဲ့သည်။

တောရိုင်းတိရစ္ဆာန်များကို တရုတ်ရိုးရာ တိုင်းရင်းဆေးဖော်စပ်ရာတွင် အသုံးပြုသော တရုတ်သို့ တရားမဝင် အများဆုံးတင်ပို့ကြရာမှ ယခုအခါ အခြားနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံသို့လည်း ဈေးကွက်လိုအပ်ချက်ကြောင့် ကူးသန်းရောင်းဝယ်မှုများပြုလုပ်လာကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများက ပြောသည်။

တရားမဝင် ကူးသန်းရောင်းဝယ်မှုများကို ဖမ်းဆီးအရေးယူမှုများ ရှိသော်လည်း နယ်စပ်ဖြတ်ကျော် ကူးသန်းရောင်းဝယ်ခြင်းများ လျော့နည်းခြင်းမရှိဘဲ ကူးသန်းရောင်းဝယ်ခြင်းများဖြစ်ပေါ်နေခြင်းမှာ စိုးရိမ်ဖွယ်ဖြစ်သောကြောင့် လူထုအခြေပြု ထိန်းသိမ်းကာကွယ်ခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားသူများကပြောသည်။

တရားမဝင်မှောင်ခိုတင်ပို့မှုများလျော့ကျလာခြင်းမရှိသည်မှာ တရားဥပဒေစိုးမိုးမှု လျော့နည်းခြင်းနှင့်ဒေသခံတို့တွင်လူမှုစီးပွားအဆင်မပြေမှုများကြောင့်ဖြစ်ကြောင်း တချို့သဘာဝပတ်ဝန်းကျင် လှုပ်ရှားသူများက သုံးသပ်ပြောကြားမှုများရှိသည်။ ထို့အပြင်အချို့လှုပ်ရှားသူများကလည်း ပြည်သူလူထုတွင်တိရစ္ဆာန်များနှင့် ပတ်သက်ပြီး ဂေဟစနစ်ကို နားမလည်ခြင်းနှင့် ဗဟုသုတနည်းပါးခြင်းကြောင့်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလောကတွင် လှုပ်ရှားသူများက ဆိုသည်။

ယင်းသို့ တာဝန်သိပြည်သူများ ဖြစ်ပေါ်လာရန်အတွက် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟဗေဒစနစ်တို့နှင့် ပတ်သက်ပြီး အသိပညာပေးလုပ်ငန်းများကို ပြုလုပ်သင့်ကြောင်း၊ ထိုသို့သိရှိမှုသာ အများသူငါ သိရှိနားလည်ပြီး တာဝန်အသိစိတ်ဖြင့် ကာကွယ်စောင့်ရှောက်ရမည့် တိရစ္ဆာန်များကို ကာကွယ်သတင်းပေးခြင်းများ ထွန်းကားလာမည်ဖြစ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌ ဒေါက်တာထင်လှကပြောသည်။

"ပြည်သူလူထုကိုဘဲ လွှဲချလို့မရဘူး။ တစ်ခုနဲ့တစ်ခုက ဆက်စပ်မှု ရှိနေတယ်။ အိပ်ပျော်ဟန်ဆောင်နေကြတာ။ တောကလူတွေကသိတယ်။ ဒါပေမဲ့တစ်ခုလုပ်ပေးပြီးမှ တစ်ခုပေးမှာ ရမယ်လေ။ ပညာပေးရုံနဲ့မရဘူး။ သူတို့ဘဝကိုပြောင်းဖို့လိုတာပေါ့" ဟု ကမ္ဘာ့သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ထိန်းသိမ်းပညာပေးသည့်အဆင့်မှ တောရိုင်းတိရစ္ဆာန်ရောင်းဝယ်ဖောက်မှုကို အမှီပြုပြီး စီးပွားရှာလုပ်စားနေသူများကို အလုပ်အကိုင်အခွင့်အလမ်းနှင့် အမဲလိုက်ခြင်းလုပ်ငန်းများ မလုပ်ဆောင်ဘဲ အခြားနည်းလမ်းနှင့်စီးပွားရှာဖွေရန် လူမှုစီးပွားဖူလုံမှုကို နည်းပညာနှင့် ဈေးကွက်ရှာဖွေခြင်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းကထောက်ပြသည်။

တောရိုင်းတိရစ္ဆာန်များကို အသုံးချလာသည့် လူသားတို့၏ လိုအပ်ချက်လည်း ရှိလာသောကြောင့် တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးကူးသန်းရောင်းဝယ်ခြင်း လျော့နည်းစေရန် အခြားတစ်ဖက်တွင် မွေးမြူထုတ်လုပ်ရောင်းချခြင်းများ ခွင့်ပြုပေးရန် လိုအပ်ကြောင်း၊ ယင်းသို့ မွေးမြူတင်ပို့ခြင်းများကို ခွင့်ပြုရာတွင် မည်သည့် အကောင်ကို မည်သို့ခွင့်ပြုမည်ကိုပါ တိကျသေချာသော စည်းကမ်းချက်များ ချမှတ်သင့်ကြောင်း သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သူဦးသိန်းအောင်ကပြောသည်။

လက်ရှိတွင် တောရိုင်းတိရစ္ဆာန်များကို မွေးမြူ၍ ဈေးကွက်သို့ တရားဝင် ကူးသန်းရောင်းဝယ်မှုကို ခွင့်ပြုထားသော်လည်း တရားဝင်ခွင့်မှတ်ပုံတင်လုပ်ကိုင်သည့် လုပ်ငန်းလုပ်ကိုင်သည်မှာ မိကျောင်းနှင့် ကြယ်လိပ်မျိုးစိတ်နှစ်မျိုးသာရှိကြောင်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တောရိုင်းတိရစ္ဆာန် တရားမဝင် ရောင်းဝယ်ဖောက်ကားမှုများကို အများဆုံးကျူးလွန်သည့် ပြည်နယ်မှာ ရှမ်းပြည်နယ်(တောင်၊ မြောက်၊ အရှေ့)တို့ဖြစ်ပြီး ဒုတိယအများဆုံးမှာ မန္တလေးတိုင်းဒေသကြီး၊ တတိယအများဆုံးမှာ ကချင်ပြည်နယ်၊ စတုတ္ထအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ဖြစ်ကြောင်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ စာရင်းဇယားများအရ သိရသည်။

TRADEMARK CAUTION

NINOLAC INTERNATIONAL SA, a company incorporated in Luxembourg at Rue Pletzer 1 (Centre Helfent) 8080 Bertrange, Luxembourg is the Owner and Sole Proprietor of the following Trademarks:-

ABCLAC
Reg: No.4/10709/2012

NINOLAC
Reg: No.4/10708/2012

In respect of : "Pharmaceutical preparations; dietetic substances adapted for medical use; food products adapted for medical use; food for babies."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph:371990 18. Oct.2012

မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

နီလာ

ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာ၌လေးမည်၊ သံဝေဇနီယ လေးဌာန ဖူးကြအလို၊ အပါယ်လေးဝမလားရ လားရာလှနတ်ပြည်

(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတသုံးဌာန ( အိန္ဒိယ + နီပေါ)► ၈ သိန်း (စရိတ်ငြိမ်း)

(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ ►၉ သိန်း (စရိတ်ငြိမ်း)

တပ်ချ်မဟာ၊ ကိုလ်ကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ

နီလာဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ (၉)နှစ်ပြည့်အထိမ်းအမှတ်အထူးအစီအစဉ်

(၅.၁၀.၂၀၁၂)မှ (၃၁.၁၀.၂၀၁၂)အတွင်း နီလာရုံးချုပ်နှင့်ရုံးခွဲရှိသောမြို့များတွင် မိမိတို့သွားလိုသည့် နေ့၊လ၊ရက်များကို ရွေးချယ်ပြီး

စရံငွေ (၁)သိန်းဖြင့် စာရင်းပေးသွင်းပါက တစ်ဦးလျှင် (၅)သောင်းကျပ်တိတိကို ထပ်မံလျှော့ပေးမည်။

အထူးအစီစဉ်အနေဖြင့် ဗုဒ္ဓဂယာနှင့် နယူးဒေလီတွင် ဟိုတယ်၌ တည်းခိုနိုင်ရန် စီစဉ်ထားပါသည်။

အသင်းလိုက် အဖွဲ့လိုက်သီးသန့်သွားလိုသော သူများကိုလည်း အထူးအစီအစဉ်ဖြင့် ပို့ဆောင်ပေးနေပါသည်။

ဝန်ဆောင်မှုနှင့်ပတ်သက်၍ နေထိုင်စားသောက်ရေး စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်ရန်အတွက် ကုမ္ပဏီမှ တာဝန်ယူပို့ဆောင်ပေးနေပါပြီ။

ထွက်ခွာမည့်ရက်များ-

ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(နံ့သာလမ်းအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ရုံးခွဲ (၂)-မော်လမြိုင် ၊ ရုံးခွဲ(၃)-ပုသိမ် ၊ ရုံးခွဲ (၄)-တောင်ကြီး ၊ ရုံးခွဲ (၅)-လားရှိုး

## JOKE

### ချွေတာရေး

သန်းကြွယ်သူဌေးတစ်ဦး၊ အလုပ်ကြမ်းသမားတစ်ဦးနှင့် အမှုးသမားတစ်ဦးတို့ ဘီယာဘားတစ်ခုတွင် ဘီယာထိုင်သောက်နေကြသည်။ ဘီယာခွက်များရောက်လာသောအခါသုံးဦးစလုံးက သူတို့ဘီယာခွက်ထဲတွင် ယင်ကောင်တစ်ကောင်စီ ကျနေသည်ကို သတိပြုမိကြသည်။

ဤတွင်သန်းကြွယ်သူဌေးက နောက်ထပ်ဘီယာတစ်ခွက်ထပ်မှာပြီးသောက်သည်။ အလုပ်ကြမ်းသမားကမူ ဘီယာခွက်ထဲမှ ယင်ကောင်ကို ဖယ်ထုတ်လိုက်ပြီး ထိုဘီယာကိုပင် သောက်လိုက်သည်။ အမှုးသမားကမူ ဘီယာခွက်ထဲမှ ယင်ကောင်ကို အသာအယာထုတ်ယူကာ "ဟေ့ကောင် ယင်ကောင် ငါ့ဘီယာတွေ ထွေးထုတ်၊ ငါ့ဘီယာတွေ ထွေးထုတ်" ဟု ပြောနေပါတော့သည်။

### ထိုင်ဖို့မဟုတ်ပါ

တစ်နေ့တွင် ကျွန်တော်တို့လင်မယားနှစ်ယောက် စူပါမားကက် တစ်ခုသို့ သွားရောက်၍ လေအေးပေးစက်တစ်လုံး ဝယ်ယူရန်ကြည့်ရှုနေစဉ်ကျွန်တော်တို့၏ခြောက်နှစ်သားလေးအရွယ်သားငယ်မှာ ခင်းကျင်းပြသထားသော မွေ့ရာတစ်ခုပေါ် သွားလှဲလိုက်သည်ကိုမြင်လိုက်ရသည်။ ထိုအချိန်မှာပင် မွေ့ရာ၊ ခုတင်အရောင်းစာရေးမလေးက သားငယ်နားသွားပြီး "သားလေးရေ။ ဒီမှာရေးထားတဲ့စာကိုတွေ့တယ်မဟုတ်လား 'မထိုင်ရ' လို့ရေးထားတယ်လေ" ဟု ပြောရာ သားငယ်ကလည်း "ဟုတ်ကဲ့။ သားသိပါတယ်။ 'မထိုင်ရ' ဆိုလို့သားက ခုတင်ပေါ် လှဲချလိုက်တာလေ" ဟု အပြစ်ကင်းစွာ ပြန်ပြောပါသည်။

## စာ(၂၅) ကြိုတင်ပြင်ဆင်သင့်သော အမျိုးသားရေးဆိုင်ရာ လုံခြုံရေးစိန်ခေါ်ချက် မှ

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတိုက်ခိုက်မှုမှာလည်း သေနတ်သမားတွေက မြင်မြင်သမျှ ပစ်ခဲ့တာကြောင့် သေဆုံးဒဏ်ရာရခဲ့သူတွေထဲမှာ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံပါခဲ့ပါတယ်။ ဒီတော့အကြမ်းဖက်မှု ကာကွယ်ရေးဆိုတာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံအတွက် ဖြစ်ပါတယ်။

အခုဆိုရင် ကမ္ဘာ့အစ္စလာမ်နိုင်ငံအချို့က မြန်မာပြည်က မွတ်ဆလင်ဒုက္ခသည်တွေအတွက် ငွေကြေးထောက်ပံ့ကူညီမယ်လို့ ပြောလာကြပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံကဆို အမေရိကန်ဒေါ်လာ သန်း ၅၀ လောက်အထိ လှူမယ်ဆိုပါတယ်။ ဒုက္ခရောက်နေတဲ့သူတွေကို လှူဒါန်းတယ်ဆိုတာ မင်္ဂလာတစ်ပါးပါ။ ဒါပေမဲ့ ဒီအလှူငွေတွေဟာ လိုအပ်နေတဲ့လူတွေဆီ မှန်မှန်ကန်ကန် တည့်တည့်မတ်မတ် ရောက်သွားဖို့ အရေးကြီးပါတယ်။ အဲဒီလိုမှ ရောက်မသွားဘဲ မြန်မာနိုင်ငံအပေါ် ရန်လိုတဲ့ အစွန်းရောက်အဖွဲ့အစည်းတွေဆီ ရောက်သွားခဲ့မယ်ဆိုရင် အန္တရာယ်များလှပါတယ်။ အစွန်းရောက် အဖွဲ့အစည်း အများအပြားရဲ့ ရန်ပုံငွေတွေဟာ ယခုလိုလှူဒါန်းမှုမျိုးတွေကတစ်ဆင့် ရရှိတတ်ကြတယ်ဆိုတာ နားလည်ကြဖို့ လိုပါတယ်။ အဲ့ဒီတော့ မြန်မာနိုင်ငံအတွက် ဒီလုံခြုံရေးပြဿနာဟာ ဘယ်လောက်အရေးကြီးမယ်ဆိုတာ နားလည်ကြမယ်ထင်ပါတယ်။ အကောင်းဆုံးက ပြဿနာကို ဆွေးနွေးညှိနှိုင်းအဖြေရှာကြဖို့ပါ။ ရေရှည်တည်တံ့တဲ့ ဖြေရှင်းနည်းတစ်ခုရှာဖို့ပါ။ အဲဒီအတွက်လည်း နိုင်ငံတော်က အလုပ်လုပ်နေပါတယ်။ ဒါပေမဲ့ ဆိုခဲ့သလို ဒီပြဿနာမျိုးဆိုတာ ရှင်းလေ ရှုပ်လေဖြစ်တတ်ပြီး အချိန်မရွေး ပေါက်ကွဲထွက်လာနိုင်ပါတယ်။ အချိန်က ကုစားပါလိမ့်ဆိုပေမယ့် အချိန်က ပိုမိုဆိုးရွားသွားစေတာမျိုးလည်း ရှိပါတယ်။ ဒီတော့ ဟိုပြော၊ ဒီပြော အချိန်သိပ်အကုန်ခံမနေကြဘဲ ပြည်သူလူထုလုံခြုံရေးအပိုင်းကို ထိထိမိမိ ဝိုင်းဝန်းစဉ်းစားကြဖို့ လိုပါတယ်။ ဒီခေတ်က အိုင်တီခေတ်ပါ။ ကိုယ့်မြို့ ကိုယ်ရွာ ဘယ်နေရာဘယ်အဆောက်အအုံကိုမဆို၊ ကမ္ဘာကြီးရဲ့ ဘယ်နေရာကိုမဆို၊ အင်တာနက်ကတစ်ဆင့် ကောင်းကင်ကနေ လမ်းပေါ်မှာ ရပ်ထားတဲ့ ကားနံပါတ်အထိ ကြည့်လို့ရပါတယ်။

ဆိုကြပါစို့။ ဥပမာ အိန္ဒိယမှာလို၊ တခြားကမ္ဘာ့ဒေသတွေမှာလို အကြမ်းဖက်သမားတွေက မြန်မာပြည်ရဲ့ နေရာတစ်ရပ်ရပ်မှာ အကြမ်းဖက် တိုက်ခိုက်လာကြပြီဆိုပါစို့။ ဘယ်လိုကိုင်တွယ်ကြမလဲ။ ဘယ်လို တုံ့ပြန်ကြမလဲ။ မြန်မာတွေဟာ မေ့တတ်ပါတယ်။ အတိတ်ကို သင်ခန်းစာ ယူခဲ့ပါတယ်။

အကယ်၍ 'IF' ဆိုတာမျိုးကို ကျွန်တော်တို့ များများ စဉ်းစားရပါမယ်။ အကောင်းဆုံးကို မျှော်လင့်ထားသလို အဆိုးဆုံးအတွက်လည်း မျှော်လင့်ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။ ။

Environment

7 DAY NEWS JOURNAL

Vol.11, No.32 • OCTOBER 18 , 2012

# တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းတွင် မှောင်ခိုရောင်းဝယ်ခြင်းက အဓိကအဟန့်အတားဖြစ်နေ

**အိဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၈**

မြန်မာနိုင်ငံတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်ရေးတွင် အဓိက ခြိမ်းခြောက်မှု အခံရဆုံး ပြဿနာမှာ တောရိုင်းတိရစ္ဆာန်များကို အစိတ်အပိုင်းလိုက်အကောင်လိုက် တရားမဝင် ရောင်းဝယ်ဖောက်ကားမှုဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက သုံးသပ်ပြောကြားသည်။

တောရိုင်းတိရစ္ဆာန် အင်္ဂါ အစိတ်အပိုင်း အသုံးပြုပြီး တိုင်းရင်းဆေးဖော်စပ် အသုံးပြုနေသည့်တရုတ်နိုင်ငံနှင့်နယ်နိမိတ်ခြင်း ထိစပ်နေပြီး၊ *စာ(၄၀) သို့*



*ထိုင်းနိုင်ငံမှ တောရိုင်းတိရစ္ဆာန်ပစ္စည်းများရောင်းချသည့် ဆိုင်တစ်ဆိုင်။*
*မြန်မာနိုင်ငံသည် တောရိုင်းတိရစ္ဆာန်ဈေးကွက်ကြီးများရှိရာ တရုတ်နှင့် ထိုင်းနိုင်ငံနှင့်ကပ်လျက် တည်ရှိနေသည်*

# ပဲခူးရိုးမ ကျွန်းသစ်ထုတ်လုပ်မှု ၇၅ ရာခိုင်နှုန်း လျှော့ချမည်ဟုဆို

**သန်းထူး**

**နေပြည်တော်၊အောက်တိုဘာ-၁၁**

မြန်မာနိုင်ငံ၏ အဖိုးတန် ကျွန်းသစ်များထွက်ရှိရာ ရင်းမြစ်ကြီးတစ်ခုဖြစ်သည့် ပဲခူးရိုးမဒေသမှ ကျွန်းသစ်ထုတ်လုပ်မှုကို ၇၅ ရာခိုင်နှုန်းအထိ လျှော့ချထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၁၁-၂၀၁၂ ခုနှစ် ကျွန်းနှင့် သစ်မာထုတ်လုပ်မှုကို အခြေခံ၍ ဦးစားပေးနယ်မြေများ သတ်မှတ်ပြီး ကျွန်းကို ၁၅ ရာခိုင်နှုန်းနှင့် သစ်မာကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ချထုတ်သွားရန်ရှိကြောင်း၊ အထူးသဖြင့် ပဲခူးရိုးမဒေသမှ ကျွန်းကို ၇၅ ရာခိုင်နှုန်းနှင့် သစ်မာကို ၂၂ ရာခိုင်နှုန်းအထိ လျှော့ထုတ်သွားရန် စီစဉ်ထားကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ၌ ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုအစိုးရက ဦးစီးတာဝန်ယူ လုပ်ကိုင်နေသော သစ်တောအများအပြားရှိနေရာ ဗဟိုချုပ်ကိုင်မှု လျှော့ချသည့်အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအား လုပ်ကိုင်ခွင့်ခွဲဝေပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောဥပဒေ၊ နည်းဥပဒေများအား ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ ပြန်လည်ပြင်ဆင်ရန်ရှိကြောင်း၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် အမြဲတမ်းသစ်တောနယ်မြေများအဖြစ် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောအရေအတွက် ၁,၁၂၄ ခုရှိပြီး နိုင်ငံဧရိယာ၏ ၂၄ ဒသမ ၅၇ ရာခိုင်နှုန်းရှိနေကြောင်း၊ အဆိုပါကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောဧရိယာကို နိုင်ငံအကျယ်အဝန်း၏ ၃၀ ရာခိုင်နှုန်းအထိ တိုးတက်လာရန် ရည်မှန်းထားကြောင်း၊ သဘာဝနယ်မြေဧရိယာကိုလည်း နိုင်ငံဧရိယာ၏ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာရန် ရည်မှန်းထားကြောင်း သိရသည်။

အဆိုပါ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယခုလ ၂၄ ရက်နှင့် ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး စာတမ်းပေါင်း ဆယ်စောင်ခန့် တင်ပြရန်ရှိကြောင်း၊ ထို့အပြင် ၎င်းတို့ လုပ်ဆောင်နေခြင်းအား ပြည်ပက မည်သို့ထင်မြင်သည်ကို သိရှိနိုင်ရန်အတွက် ပြည်ပအဖွဲ့ အစည်းနှစ်ခုကိုလည်း ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

## ENVIRONMENT Cartoon




# ကချင်ပြည်နယ်တွင် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ခြင်းမရှိသေး

**အိဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၁၂**

ကချင်ပြည်နယ်တွင် တိုက်ပွဲများ ဖြစ်ပွားသည့် တစ်နှစ်ကျော်ကာလအတွင်း တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်ခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သော်လည်း တရားမဝင် ရောင်းဝယ်ဖောက်ကားမှုလေးမှုကို ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သစ်တောဦးစီးဌာန၊ ဝန်းကျင်၊ သားငှက်ဌာနက 7Day News ဂျာနယ်၏ မေးမြန်းမှုကို စာဖြင့် ပြန်လည်ပေးပို့ဖြေကြားသည်။

အစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့နှစ်ဖက် အပြန်အလှန်ဖြစ်ပွားသည့် စစ်ပွဲကာလအတွင်း ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်နိုင်သော်လည်း တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများအတွက် စိုးရိမ်ဖွယ်ရာမရှိနိုင်ကြောင်း ဟူးကောင်းကျားထိန်းသိမ်းနယ်မြေတွင်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သည့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“စစ်ပွဲကြောင့် ဘယ်အမဲလိုက်မုဆိုးမှ တောထဲသွားရဲမယ် မထင်ဘူး။ နှစ်ဖက်မိုင်းထောင်ထားတာကြောင့် အဲဒီအချိန် ဘယ်မုဆိုးမှ တောထဲမသွားရဲလောက်ဘူး။ သူတို့တောင်ပြေးနေရတယ်ဆိုတော့”ဟုဝင်းပုဂ္ဂိုလ်က သူ၏အမြင်ကိုပြောသည်။ တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်ဖောက်ကားမှု မများပြားနိုင်သော်လည်း ယမ်းငွေ့များနှင့် မီးလောင်ပျက်စီးမှုများကြောင့်နေထိုင်ရာ ဂေဟစနစ်များ ထိခိုက်နိုင်ကြောင်း၊ နေထိုင်ရာ ဂေဟစနစ်များ ထိခိုက်နိုင်သောကြောင့် နီးစပ်တောများသို့ ရွှေ့ပြောင်းအခြေချနိုင်ကြောင်း၊ နယ်စပ်ဒေသများတွင် တစ်ဖက် တရုတ်နိုင်ငံသို့ ဝင်ရောက်နိုင်ကြောင်း၊ နှစ်ဖက်စစ်ဖြစ်ပွားသည့်ကာလတွင်း အချို့တောကောင်များကို ရိက္ခာအဖြစ် သတ်မှတ်ခံရနိုင်ကြောင်း WCS မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ပွဲကာလတစ်နှစ်ကျော်အတွင်း အစိုးရဌာနမှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်ဆောင်သည်နည်းတူ ကချင်ပြည်နယ်အတွင်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များမှာလည်း ၎င်းတို့၏ လုပ်ငန်းများကို စစ်ပွဲများ စတင်စဉ်ကတည်းက ရပ်နားထားရသည်။

ကချင်ပြည်နယ်သည် ဇီဝမျိုးစုံမျိုးကွဲများအကြွယ်ဝဆုံးပြည်နယ်အဖြစ် နိုင်ငံတကာက အသိမှတ်ထားသော ဒေသဖြစ်ပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးအန္တရာယ်နှင့် ရင်ဆိုင်နေရသောတောရိုင်းတိရစ္ဆာန်များ အများဆုံးကျက်စားသော ဒေသလည်းဖြစ်သည်။

“သူဇာ” ဆိုင်ကယ်ပစ္စည်းနှင့်အင်ဂျင်ဝိုင်ဖြန့်ချိရေး

မိတ်ဟောင်း၊ မိတ်သစ်များကို ချိုသာသောဈေးနှုန်းဖြင့်
လက်လီ/လက္ကား ရောင်းချပေးနေပါသည်။

ဆိုင်သစ်ဖွင့်လိုသူများအမြန်ဆုံးဆက်သွယ်ဝယ်ယူနိုင်ပါသည်။

“သူဇာ”ဆိုင်ကယ်ပစ္စည်းနှင့် အင်ဂျင်ဝိုင်ဖြန့်ချိရေး
အဆောင်(၁၁)၊ အခန်း(၁၀+၁၁)၊ သဇင်လမ်း၊
နံ့သာကုန်း စက်ဘီးနှင့်ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-644068, 655059, 09-73150530

“ရောမင်းထရေးဒင်းကုမ္ပဏီ”
အမှတ်(၃၄၉)၊ (၈၁)လမ်း၊
၂၉×၃၀ လမ်းကြား၊ မန္တလေးမြို့။
Ph : 02-68392, 02-72896, 09-6500711

โรงพยาบาล ปิยะเวท
PIYAVATE HOSPITAL
PIYAVATE HOSPITAL
BANGKOK, THAILAND

အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါဝေဒနာရှင်များအတွက်
“အထူးသတင်းကောင်း”

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ နိုင်ငံတကာအဆင့်မီ ပီရာဝေ့ဆေးရုံကြီးမှ အစာအိမ်၊ အူလမ်းကြောင်းနှင့်အသည်း အထူးကုဆရာဝန်ကြီး Dr.Siriwan Chaisuwan သည် မြန်မာနိုင်ငံမှ လူနာအဟောင်းများကို ပြန်လည်စစ်ဆေးပေးခြင်းနှင့် လူနာအသစ်များကို အခမဲ့ တိုင်ပင်ဆွေးနွေးပေးခြင်းတို့ကို ရန်ကုန်မြို့၌ ၂၀-၁၀-၂၀၁၂ (စနေနေ့)တွင် လာရောက်ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် လူနာဟောင်းများ၊ လူနာသစ်များအနေဖြင့် မြန်မာပြည်၏ တရားဝင်ကိုယ်စားလှယ်ရုံးချုပ်သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။



Help Line : 09 73 7777 99

MYANMAR REPRESENTATIVE OFFICE
Yangon : The Grand Mee Ya Hta Executive Residences
No. 372, Bogyoke Aung San Road, Pabedan Township, Yangon.
Tel : (951) 256 355, Ext; 3206
Mandalay: No(61), 32nd Street, Between 71st & 72nd Street, Chanayetharzan Township, Mandalay.
Tel : (959) 9100 5716, (952) 74 207

Tourism
7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# ပုဂံတွင် ဆည်းဆာပါတီ၊ ကော့တေးလ်ပါတီစသော ပျော်ပွဲရွှင်ပွဲကျင်းပခြင်းကို စုံစမ်းနေဟုဆို

**နိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ-၁၂**

ပုဂံမြို့ရှိ စေတီပုထိုးနယ်မြေများ၊ ရှေးဟောင်းနယ်မြေများ၌ နိုင်ငံတကာ ခရီးသွားဧည့်သည်များအတွက် ဆည်းဆာပါတီ၊ ကော့တေးလ်ပါတီစသည့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်နေခြင်းအပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားသွားလာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

"ရှေးဟောင်းယဉ်ကျေးမှုဇုန်၊ ဘုရားပုထိုးတွေမှာ ယမကာသောက်သုံးမှုတွေက မဖြစ်သင့်တဲ့ကိစ္စပါ။ ဒီကိစ္စတွေကို တားဆီးဖို့က အားလုံးပူးပေါင်းရမှာပါ။ ဒေသခံတွေ၊ ဒေသဆိုင်ရာ အာဏာပိုင်တွေအပြင် ယဉ်ကျေးမှုဝန်ကြီးဌာနကပါ ပူးပေါင်းရမှာ" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးအုန်းမြင့်က ပြောသည်။



*ပုဂံ၏ ဆည်းဆာအလှရှုခင်း*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ထိုသို့ပါတီပွဲများပြုလုပ်နေသူများမှာ ဟိုတယ်များ၊ ခရီးသွားအေဂျင်စီများ ဧည့်လမ်းညွှန်များ၊ ဖြစ်ပါက ဝန်ကြီးဌာနအနေဖြင့် လိုင်စင်သိမ်းသည့်အထိ အရေးယူမည်ဖြစ်ကြောင်း၊ သို့သော် ထိုသို့ အရေးယူဆောင်ရွက်နိုင်ရန်ဒေသခံများ၏ တိုင်စာများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၏ ပူးပေါင်းမှုများလည်းလိုအပ်ကြောင်း ဆိုသည်။

"ဆည်းဆာပါတီတွေ၊ ကော့တေးလ်ပါတီတွေကို ဓမ္မရံကြီးဘုရားတောင်ဘက်၊ တောင်ဂူနီ၊ မြောက်ဂူနီမှာ အများဆုံးလုပ်တတ်တယ်။ ဖွားစောရွာဘက်မှာရှိတဲ့ ဘုရားပုထိုးတွေရယ်၊ ဝက်ကြီးအင်းရဲ့ အနောက်ဘက်မှာလည်း ပါတီတွေလုပ်တာတွေ့ရတယ်"ဟုပုဂံမြို့ဒေသခံတစ်ဦးဖြစ်သည့် မြင်းကပါရပ် စေတနာရှင်နာရေးကူညီမှုအသင်း ဥက္ကဋ္ဌကိုမျိုးက 7Day News သို့ပြောကြားသည်။

ထိုသို့ ယမကာပါတီပွဲများ လုပ်နေမှုတွင် ပုဂံမြို့ရှိ ဒေသခံ ခရီးသွား လုပ်ငန်းအချို့ ပါဝင်ကြောင်း မြန်မာ လူမျိုးများ၏ အမြတ်တနိုးထားရာနေရာတွင်နိုင်ငံခြားသား ဧည့်သည်များအနေဖြင့် ပါတီပွဲများ ပြုလုပ်ရန် မတောင်းဆိုသင့်ကြောင်း၊ Bagan Temple Dinner, Bagan Temple Sunset Drinks ကိစ္စရပ်များနှင့် ပတ်သက်၍ အချို့ဧည့်လမ်းညွှန်များအား ဖိစီးမှုများဖြစ်စေကြောင်း ပုဂံမြို့ရှိ ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

## အင်းလေးဖောင်တော်ဦးဘုရားပွဲ အောက်တိုဘာ ၁၆ ရက် စမည်

**နိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ-၁၁**

အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီပူဇော်ပွဲကို အောက်တိုဘာ ၁၆ ရက် (သီတင်းကျွတ်လဆန်း ၁ ရက်)မှ နိုဝင်ဘာ ၂ရက်(သီတင်းကျွတ်လပြည့်ကျော် ၃ ရက်) အထိ ကျင်းပမည်ဖြစ်သည်။

"ဖောင်တော်ဦးဘုရားပွဲက ဒေသခံတွေ၊ပြည်တွင်းကဧည့်သည်တွေပါမက နိုင်ငံခြားသားဧည့်သည်တွေပါအများဆုံးလာရောက်တဲ့ပွဲဖြစ်တယ်။ အခု ခရီးသွားရာသီစပြီ။ ဧည့်အဝင်ကလည်းအရင်နှစ်ကထက် သိသိသာသာတိုးလာတယ်"ဟုGIC-2 (ရွှေကျွန်း မျှော-၂)ဟိုတယ်မှ တာဝန်ခံမန်နေဂျာဦးခွန်မောင်နီက ပြောသည်။

ဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များမှာ အင်းလေးဒေသ ၂၁ ဌာနသို့ ကြွချီအပူဇော်ခံမည်ဖြစ်သည်။ ညောင်ရွှေမြို့တွင်လည်း အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်ထိ သုံးရက်ကြာအပူဇော်ခံမည်ဖြစ်ကြောင်း ဖောင်တော်ဦးဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီက ကြေညာထားသည်။

ယခုအခါအင်းလေးဒေသ၌ခရီးသွားရာသီမစတင်မီဧည့်သည်များ အဝင်နည်းပါးစဉ်ကာလမှာပင် ယမန်နှစ်ကထက် နိုင်ငံခြားသား ခရီးသွားဧည့်သည်ဝင်ရောက်မှု ပိုလာကြောင်း၊ ဖောင်တော်ဦးဘုရားပွဲတော်ကာလ၌ဟိုတယ်အလုံအလောက်မရှိ၍ အခက်အခဲများ ရှိနိုင်ပြီး ပို့ဆောင်ရေးနှင့် စားသောက်ဆိုင်များပါကြိုတင်ပြင်ဆင်မှုများပြုလုပ်ရမည်ဖြစ်ကြောင်း၊ဧည့်သည်အဝင်များလာသော်လည်း ဟိုတယ်အခန်း မလုံလောက်၍ကမောက်ကမဖြစ်ရကြောင်း ဦးခွန်မောင်နီက ပြောသည်။

# ခရီးသွားလုပ်ငန်း လွှမ်းခြုံစီမံချက် ရေးဆွဲမှုပြီးစီးလု

**နိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ - ၁၀**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအား အထောက်အပံ့ဖြစ်စေမည့် ခရီးသွားလုပ်ငန်း လွှမ်းခြုံစီမံချက် မကြာမီ ရေးဆွဲပြီးစီးတော့မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ သတင်းရရှိသည်။

မြန်မာနိုင်ငံ၏ တာဝန်ယူမှုရှိသောခရီးသွားလုပ်ငန်းမူဝါဒကို ဂျာမနီနိုင်ငံအခြေစိုက် ဟန်စ်ဆိုက်ဒယ်လ်ဖောင်းဒေးရှင်း (Hanns Seidal Foundation)၏ နည်းစနစ်နှင့် နော်ဝေအစိုးရ၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank)တို့၏ အထောက်အပံ့ဖြင့် ခရီးသွားလုပ်ငန်းလွှမ်းခြုံစီမံချက်အား မကြာမီ ရေးဆွဲပြီးစီးတော့မည်ဖြစ်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနား၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းကပြောကြားခဲ့သည်။


ခရီးသွားလုပ်ငန်း လွှမ်းခြုံစီမံချက်အား ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်၍ ဂျာမနီနိုင်ငံရှိ ဟန်စ်ဆိုက်ဒယ်လ်ဖောင်းဒေးရှင်းနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံမှပညာရှင်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့က ခရီးသွားလာရေးလုပ်ငန်း၏ အားနည်းချက်၊ အားသာချက်များကို ရှာဖွေ၍ ထိုစီမံချက်အား ရေးဆွဲခြင်းဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းကဆိုသည်။

"ဒီအစီအစဉ်ကိုအောက်တိုဘာ ၁၅ရက်မှာစတင်မှာပါ။ အဓိကအချက်သုံးချက်ရှိတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ဖို့၊ လူမှုရေးရာ တရားမျှတမှု ရှိဖို့ဆိုတဲ့ အချက်သုံးချက်ပါ။ Positive Impact ကို ရည်ရွယ်တာပါ" ဟု ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်က 7Day News သို့ပြောသည်။

"တာဝန်ယူမှု ခရီးသွားလုပ်ငန်းမူဝါဒဆိုတာ လူတိုင်းမှာ တာဝန်ရှိတာကိုဆိုလိုတာပါ။ ဟိုတယ်တွေ၊ ဧည့်လမ်းညွှန်တွေ၊ စားသောက်ဆိုင်တွေအပြင် ဒေသခံတွေရော ဧည့်သည်တွေမှာပါ တာဝန်ရှိတယ်။ ဥပမာ-ဟိုတယ်ဆောက်ရင်သဘာဝပတ်ဝန်းကျင်မထိခိုက်ရဘူးဆိုတာမျိုးပေါ့။ ဒါမှ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့မှာပါ"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဒုညွှန်မှူး ဦးလှမြင့်ကပြောသည်။

"မြန်မာနိုင်ငံက ၂၀၁၄ မှာ အာဆီယံ ဥက္ကဋ္ဌအဖြစ် လက်ခံကျင်းပမှာ။ အဲဒီအတွက် ရိုးရိုးခရီးသွားဧည့်သည်တင်မကဘူး၊စီးပွားရေးလုပ်ငန်းရှင်တွေအတွက် ဟိုတယ်တွေ၊အရည်အချင်းပြည့်မီတဲ့ ဧည့်လမ်းညွှန်တွေအများကြီးလိုအပ်တယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော ကမ္ဘာလှည့်ခရီးသည် အရေအတွက်သည် ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၂၆ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ ၂၀၁၂ တွင် ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ ကမ္ဘာလှည့်ခရီးသည် ၃၄၀,၄၅၈ ဦး လေကြောင်းမှတစ်ဆင့် ရောက်ရှိလည်ပတ်ခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၄၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။



7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

## The Cartoon Logo




























7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# နိုဗယ်ဆုရ တရုတ်စာရေးဆရာမိုယန်က ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် လျူရှောက်ဘိုလွတ်မြောက်ရန် မျှော်လင့်ကြောင်းပြောကြား



စာပေနိုဗယ်ဆုရှင် မိုယန်

Photo - Getty Images

**လန်ဒန်၊ အောက်တိုဘာ - ၁၃**

ယခုနှစ်အတွက် စာပေနိုဗယ်ဆုချီးမြှင့်ခံခဲ့ရသည့် တရုတ်စာရေးဆရာမိုယန်က ၎င်းသည် ထိန်းသိမ်းခံနေရသောတရုတ်ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် လျူရှောက်ဘိုလွတ်မြောက်လာရန် မျှော်လင့်မိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

မိုယန်သည် ကြာသပတေးနေ့ (အောက်တိုဘာ ၁၁) က နိုဗယ်ဆုရရှိခဲ့ပြီးနောက် တရုတ်နိုင်ငံတော်မီဒီယာနှင့် အွန်လိုင်းတွင် ချီးကျူးခံရသော်လည်း အချို့သော ဝေဖန်သူများကမူ ၎င်းသည်အစိုးရလိုလားသူဟု စွပ်စွဲခဲ့ကြသည်။ ၎င်းသည် အစိုးရလိုလားသော တရုတ်စာရေးဆရာများအသင်း၏ ဒုဥက္ကဋ္ဌဖြစ်ပြီး နိုဗယ်ဆုရရှိစဉ် တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ ထိပ်တန်းဝါဒဖြန့်ချိရေးအာဏာပိုင် လီချန်ချွန်းက ဝမ်းမြောက်ကြောင်း ပေးစာတစ်စောင်ရေးသားပေးပို့ခဲ့သည်။ တရုတ်အစိုးရအား ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် တောင်းဆိုပြီးနောက် ပုန်ကန်မှုဖြင့် ထောင်ကျနေသော လျူရှောက်ဘိုနှင့် ပတ်သက်၍ မိုယန်က ၎င်းသည် လျူ၏ အစောပိုင်းစာပေလက်ရာများကို ဖတ်ဖူးကြောင်း၊ နောက်ပိုင်းနိုင်ငံရေးလုပ်ဆောင်ချက်များကိုနားမလည်ကြောင်း ပြောသည်။

လျူနှင့်ပတ်သက်၍ "မြန်နိုင်သမျှမြန်မြန်လေး သူ (လျူရှောက်ဘို) လွတ်လပ်နိုင်ပါစေလို့ ကျွန်တော်မျှော်လင့်ပါတယ်" ဟု ၎င်းက ပြောသည်။

မိုယန်သည် တရုတ်နိုင်ငံတွင်းနေထိုင်သည့် တရုတ်စာရေးဆရာများထဲမှ ပထမဆုံး စာပေနိုဗယ်ဆုရှင်ဖြစ်သည်။ ၎င်းမတိုင်မီက ဘောက်ရှင်းကျန်မှာ ၂၀၀၀ပြည့်နှစ်စာပေနိုဗယ်ဆုရခဲ့သော်လည်း ပြင်သစ်နိုင်ငံသားခံယူထားသူဖြစ်သည်။

*—Ref: BBC*




* အချို့သော credit, debit (သို့) charge ကဒ်များနှင့် ငွေပေးချေရာတွင် ဝန်ဆောင်ခကြေးကောက်ခံပါသည်။ အခြားစည်းကမ်းသတ်မှတ်ချက်များလည်း အကျုံးဝင်သည်။
သတ်မှတ်ထားသော ဈေးနှုန်းသည် airasia.com နှင့် အဲဒေးရှားလေယာဉ်လက်မှတ် အရောင်းကောင်တာများတွင် ရရှိနိုင်ပါသည်။

# ကျွန်းစုများအငြင်းပွားမှု တရုတ်နှင့် ဆက်လက်ဆွေးနွေးမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးပြောကြား





**တိုကျို၊ အောက်တိုဘာ - ၁၃**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိုအီချီရိုဂမ်ဘာက ဂျပန်သည် တရုတ်နှင့်ကျွန်းစုများ အငြင်းပွားမှု ပြဿနာကို ဆက်လက်ဆွေးနွေး အဖြေရှာသွားမည်ဖြစ်ကြောင်း၊ သို့သော် တိုကျို၏ နှစ်ဖက်သဘောတူညီမှုရရှိရေးမှာ အကန့်အသတ်များရှိနေကြောင်း ပြောဆိုလိုက်သည်။

ဝန်ကြီးဂမ်ဘာက အောက်တိုဘာ (၁၁) ရက်က တိုကျို တွင် ကျင်းပခဲ့သော ဂျပန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှအဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကိုကြိုဆိုလိုက်ပြီး ထိုပွဲတွင် နှစ်နိုင်ငံ လက်ထောက်ဝန်ကြီးအဆင့်ဆွေးနွေးပွဲ ကျင်းပသင့်သည်ဟု သဘောတူခဲ့ကြသည်။

"ဂျပန်ရော၊ တရုတ်နှစ်နိုင်ငံစလုံးဟာ ဘာလုပ်ရမယ်ဆိုတာနဲ့ပတ်သက်လို့ ငြိမ်သက်စွာတွေးတောဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့ဆက်လက်ပြီး ဆက်သွယ်ရေးတွေလုပ်သွားမှာပါ။ ဒါဟာမလွယ်ပါဘူး။ အရေးကြီးတဲ့အချက်ကတော့ ကျွန်တော်တို့မပေးနိုင်တာကို ကျွန်တော်တို့ လက်မလွှတ်နိုင်ပါဘူး" ဟု ၎င်းကပြောသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဂမ်ဘာသည် လာမည့်အောက်တိုဘာ ၁၅ မှ ၂၀ ရက်အထိ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံများသို့သွားရောက်မည်ဖြစ်ကာ ခရီးစဉ်၌ တရုတ်နှင့်အငြင်းပွားကျွန်းစုများအရေး ဂျပန်၏အနေအထားကို ရှင်းပြသွားမည်ဟုဆိုသည်။ အရှေ့တရုတ်ပင်လယ်အတွင်းတည်ရှိပြီး ဂျပန်က ဆင်ကာကူကျွန်းစုများဟုခေါ်ကာ တရုတ်ဘက်မှ ဒိုင်အိုယုကျွန်းစုများဟုခေါ်သော ကျွန်းများကိုတိုကျိုက ကြီးကြပ်အုပ်ချုပ်နေသော်လည်း ဘေဂျင်းက ပိုင်ဆိုင်ကြောင်း ပြောကြားထားသည်။ ထိုကျွန်းများ ပိုင်ဆိုင်မှုအငြင်းပွားခြင်းသည် ဆယ်စုနှစ်များချီ၍ ကြာမြင့်ခဲ့ပြီး ဩဂုတ်နှင့် စက်တင်ဘာလအတွင်း၌ အငြင်းပွားမှု အရှိန်ပိုမိုမြင့်တက်ခဲ့သည်။

*—Ref: AFP*

# ၂၀၁၂ ခုနှစ်အတွက် နိုဗယ်ဆုများ ချီးမြှင့်

**စတော့ဟုမ်း၊**
**အောက်တိုဘာ - ၁၅**

၁၈၉၅ ခုနှစ်တွင် မစ္စတာအဲဖရက် နိုဗယ်စတင်ထူထောင်ခဲ့သော ဖောင်ဒေးရှင်းက ကြီးကြပ်၍ ၁၉၀၁ ခုနှစ်မှစ၍ သိပ္ပံပညာနယ်ပယ် အသီးသီးမှ ထူးချွန်ပညာရှင်များ၊ အဖွဲ့အစည်းများကို နိုဗယ်ဆုများ ချီးမြှင့်လာခဲ့ရာ ၂၀၁၂ ခုနှစ်အတွက် နိုဗယ်ဆုများကို အောက်တိုဘာလ ၈ ရက်မှ ၁၅ ရက်အထိ ကြေညာခဲ့သည်။

ယခုအခါ ရူပဗေဒ၊ ဓာတုဗေဒနှင့် စီးပွားရေးပညာနိုဗယ်ဆုများအား တော်ဝင်ဆွီဒင်သိပ္ပံပညာအကယ်ဒမီက ချီးမြှင့်လျက်ရှိပြီး ဆေးပညာဆိုင်ရာ နိုဗယ်ဆုအား Karolinska အင်စတီကျူးဒ်က ချီးမြှင့်ခဲ့သည်။ ငြိမ်းချမ်းရေးနိုဗယ်ဆုကိုမူ နော်ဝေးနိုဗယ်ဆုကော်မတီကချီးမြှင့်သည်။

ဆုရရှိသူများသည်နိုဗယ်ဆုနှင့်အတူ ဆုကြေးငွေ ကန်ဒေါ်လာ ၁ ဒသမ ၅ သန်းခန့်ရရှိကာ ဆွီဒင်နိုင်ငံမြို့တော် စတော့ဟုမ်းမြို့၌ အဲဖရက်နိုဗယ် သေဆုံးသောနေ့ အမှတ်တရအဖြစ် နှစ်စဉ် ဒီဇင်ဘာ ၁၀ ရက်တွင် ဆုချီးမြှင့်သည်။

**(၂၀၁၂) စာပေနိုဗယ်ဆု**
- မိုယန်း (တရုတ်နိုင်ငံသား)

တိုင်းရင်းသား ရိုးရာပုံပြင်များ သမိုင်းနှင့် ခေတ်ပြိုင်သဘောတရားများကို ပေါင်းစပ်ထားသော စိတ်ချောက်ချားစရာ ပကတိအရှိတရားစာပေများဖွဲ့ဆိုရေးသားခဲ့၍ ချီးမြှင့်ခြင်းဖြစ်။

**(၂၀၁၂) ရူပဗေဒနိုဗယ်ဆု**
- ဆာ့ချ်ဟာရိုချီ (ပြင်သစ်နိုင်ငံသား)
- ဒေးဗစ်၊ ဂျေ၊ ဝိုင်လန်း (အမေရိကန်နိုင်ငံသား)

ကွမ်တမ်စနစ်တစ်ခုချင်းစီ တိုင်းတာခြင်းနှင့် လိုအပ်သလို ပုံသွင်းရေးလုပ်ဆောင်နိုင်သော နည်းလမ်းသစ်များရှာဖွေတွေ့ရှိခြင်းကြောင့် ချီးမြှင့်ခြင်းဖြစ်။

**(၂၀၁၂) ဓာတုဗေဒနိုဗယ်ဆု**
- ရောဘတ်၊ဂျေ၊လက်ဖ်ကိုဝင် (အမေရိကန်နိုင်ငံသား)
- ဘရိုင်၊ ကေ၊ ကိုဘီလ်ကာ (အမေရိကန်နိုင်ငံသား)

လူခန္ဓာကိုယ်အား ပြင်ပမှ ရောဂါများဝင်ရောက်ခြင်း ခုခံကာကွယ်ရာတွင် အရေးပါသော G-protein-coupled receptors များအကြောင်း လေ့လာသိရှိမှုကြောင့်ချီးမြှင့်ခြင်းဖြစ်။

**(၂၀၁၂) ငြိမ်းချမ်းရေးနိုဗယ်ဆု**
- ဥရောပသမဂ္ဂ (အီးယူ)

ဥရောပတိုက်တွင်ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ တိုးတက်စေရန် နှစ်ပေါင်း ၆၀ ကျော်ပါဝင်လုပ်ဆောင်ပေးခဲ့ခြင်းကြောင့် ချီးမြှင့်ခြင်းဖြစ်။

**(၂၀၁၂) ဆေးပညာဆိုင်ရာ နိုဗယ်ဆု**
- ဆာဂျွန်ဟီ၊ ဂါဒွန် (ဗြိတိန်နိုင်ငံသား)
- ရှင်ရာယာမာနာက (ဂျပန်နှင့်အမေရိကန်နိုင်ငံသား)

ရင့်ကျက်ပြီး ဆဲလ်များအား အသုံးချမှုပေါင်းစုံအတွက် ဆဲလ်အသစ်များပုံစံ ပြန်လည်ဖွဲ့စည်းနိုင်ရေးလုပ်ဆောင်နိုင်ခဲ့ခြင်းအတွက် ချီးမြှင့်ခြင်းဖြစ်။

**(၂၀၁၂) စီးပွားရေးပညာနိုဗယ်ဆု**
- အယ်လဗင်အီးရော့သ် (အမေရိကန်နိုင်ငံသား)
- လွိုက်၊အက်စ်၊ရှက်ပလေ (အမေရိကန်နိုင်ငံသား)

စျေးကွက်ဒီဇိုင်းအလေ့အကျင့်နှင့် ပုံမှန်ငွေကြေးချထားခွင့် ပြုပေးခြင်း သီအိုရီကို ဖော်ထုတ်ခဲ့၍ ချီးမြှင့်ခြင်းဖြစ်။ *—Ref: The Star*

နောက်ကျောပုံး - ကဒါဖီကို ဝေဖန်ခဲ့သူ မှ

ညီအစ်ကိုတော်များအဖွဲ့၏ အမြင်များကိုလည်း ထည့်သွင်းစဉ်းစားမည်ဟုဆိုသည်။ "အစ္စလာမ်ဟာကျွန်တော်တို့ရဲ့ ယုံကြည်မှုစနစ်ဖြစ်ပြီး မည်သည့်တရားဥပဒေမဆိုရဲ့ ရင်းမြစ်လည်းဖြစ်ပါတယ်။ ရှာရီးယားဥပဒေနဲ့ ဆန့်ကျင်သမျှကို ငြင်းပယ်ရပါမယ်" ဟု ၎င်းကပြောသည်။

ယခင်အာဏာရှင်ဟောင်း ကဒါဖီသည် တိုင်းပြည်ကို ဘာသာရေးမဆန်အောင် ထိန်းသိမ်းခဲ့ပြီး ၎င်းပြုတ်ကျသွားပြီးနောက် လစ်ဗျားတွင် အစ္စလာမ်ဝါဒီများ၊ တိုင်းရင်းသားအဖွဲ့များ စသဖြင့် အဖွဲ့အစည်းမျိုးစုံ ပေါ်ပေါက်လာခဲ့သည်။ *—Ref: The Star*

# Leader's Profile

## ဟွန်ဒိုင်းကားကုမ္ပဏီဥက္ကဋ္ဌ ချွန်မွန်ကူး



ရဲမင်း

မစ္စတာ ချွန်မွန်ကူးသည် တောင်ကိုရီးယား နိုင်ငံ၏ အကြီးဆုံးကားထုတ်လုပ်ရေး ကုမ္ပဏီ ဟွန်ဒိုင်း မော်တာအုပ်စု၏ ဥက္ကဋ္ဌဖြစ်သည်။ ဟွန်ဒိုင်းမော်တာအုပ်စုတွင် လုပ်ငန်းခွဲပေါင်း ၄၂ ခုပါဝင်ပြီး တောင်ကိုရီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံး လုပ်ငန်းအုပ်စုကြီးဖြစ်သည်။

မစ္စတာ ချွန်မွန်ကူးသည် Hyundai Conglomerate ကို စတင်တည်ထောင်ခဲ့သူ ၎င်း၏ဖခင်ချွန်ဂျူယွန်းအားဆက်ခံခဲ့သူဖြစ်သည်။ ၁၉၉၉ ခုနှစ် ဟွန်ဒိုင်းအုပ်စုကြီးမှနေ၍ လုပ်ငန်း အစိတ်အပိုင်းပေါင်းများစွာ ကွဲထွက်သွားခဲ့ချိန်တွင် ချွန်ဂျူယွန်း၏ သားရှစ်ဦးအနက် သားအကြီးဆုံးဖြစ်သူ ချွန်မွန်ကူးက ဟွန်ဒိုင်းကားလုပ်ငန်းကိုလွှဲပြောင်းရယူခဲ့ခြင်း ဖြစ်သည်။

ချွန်မွန်ကူးကို ၁၉၃၈ ခုနှစ် မတ်လ ၁၉ ရက်တွင် ဆိုးလ်မြို့၌ မွေးဖွားခဲ့သည်။ အခြေခံပညာရေးကိုဆိုးလ်မြို့၌ပင် သင်ယူခဲ့ပြီး ဟန်ရန်းတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ဟွန်ဒိုင်းအုပ်စု၏တိကျနည်းပညာနှင့်စက်မှုလုပ်ငန်းဌာနတွင် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ဟွန်ဒိုင်းပိုက်ထုတ်လုပ်ရေး လုပ်ငန်း၏ အမှုဆောင်အရာရှိချုပ်အဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် အင်ချောင်မြို့သံနှင့် သံမဏိလုပ်ငန်း အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူခဲ့သည်။

၁၉၈၇ မှ ၁၉၉၈ ခုနှစ်အထိ ဟွန်ဒိုင်းမော်တော်ကား ပြုပြင်ရေးနှင့် ဝန်ဆောင်မှုဌာနအကြီးအကဲအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၆ မှ ၁၉၉၈ ခုနှစ်အတွင်း ဟွန်ဒိုင်းအုပ်စု ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ကာ ၂၀၀၀ ပြည့်နှစ်မှစ၍ ဟွန်ဒိုင်းအုပ်စု၏ အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌတာဝန်ကိုပူးတွဲယူခဲ့သည်။

ဟွန်ဒိုင်းကားကုမ္ပဏီအား မစ္စတာချွန်မွန်ကူးစတင်လွှဲပြောင်းရယူချိန်တွင် ဟွန်ဒိုင်းကားများမှာ ကိုရီးယားနိုင်ငံပြင်ပတွင် တွေ့မြင်ရမှုနည်းပါးကာ အရည်အသွေးညံ့ဖျင်းကာ ချို့ယွင်းမှုလည်း များပြားသည်ဟု နာမည်ထွက်နေခဲ့သည်။ သို့သော် ဟွန်ဒိုင်းကားကုမ္ပဏီ ဥက္ကဋ္ဌဖြစ်လာချိန်မှာပင် မစ္စတာချွန်မွန်ကူးက တိုယိုတာကားကုမ္ပဏီအားအလှည့်အပြောင်း ဖြစ်စေခဲ့သောနည်းကိုကျင့်သုံး၍ အရည်အသွေးကို ဦးစားပေးတော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ယင်းနောက်ကုမ္ပဏီ၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး R&B ဘတ်ဂျက်ကိုလည်း နှစ်ဆတိုးမြှင့်လိုက်ပြီး ကားများထုတ်လုပ်သည့် လုပ်ငန်းစဉ်တွင် အမှားအယွင်းမရှိစေရန် ဦးစားပေးလုပ်ကိုင်ခဲ့သည်။ ယင်းမှနေ၍ မစ္စတာချွန်မွန်ကူးသည်ဟွန်ဒိုင်းကားကုမ္ပဏီအား ကမ္ဘာပေါ်တွင် တိုးတက်မှုအရှိဆုံး ကားကုမ္ပဏီအဖြစ်ပြောင်းလဲခဲ့ပြီးကမ္ဘာ့စတုတ္ထအကြီးဆုံးကားကုမ္ပဏီအဖြစ် အသိအမှတ်ပြုမှုရရှိအောင် စွမ်းဆောင်ခဲ့သည်။

မစ္စတာချွန်မွန်ကူးသည် ၂၀၀၇ ခုနှစ်တွင် ဟွန်ဒိုင်းကားကုမ္ပဏီပိုင် ငွေများကို အလွဲသုံးစားလုပ်မှုဖြင့် တရားစွဲဆိုခံရပြီး ထောင်သုံးနှစ် ချမှတ်ခံခဲ့ရသော်လည်း နောက်ပိုင်းတွင် တရားရုံးက ကန်ဒေါ်လာ တစ်ဘီလီယံ လှူဒါန်းရန်နှင့် လူမှုရေးအလုပ်လုပ်ရန်ပြစ်ဒဏ်ကို ပြောင်းလဲချမှတ်ခဲ့သည်။ *—Ref: Wikipedia*

နောက်ကျောပုံး - ကမ္ဘောဒီးယားဘုရင်ဟောင်းသီဟာနု ဘေဂျင်းမြို့တွင် ကွယ်လွန် မှ

ဆေးကုသမှုခံယူရန် တရုတ်နိုင်ငံသို့ မကြာခဏ သွားရောက်လေ့ရှိသူ ဘုရင်သီဟာနုသည် နှလုံးရောဂါကြောင့် ကွယ်လွန်သွားသည်ဟု၎င်း၏လက်ထောက်အကူအဖြစ် အချိန်ကြာမြင့်စွာ လုပ်ကိုင်ခဲ့သူမင်းသားစီဆိုဝက်သ် သိုမိကိုက ပြောကြားသည်။

"ဒါဟာနာကျင်စရာကောင်းပါတယ်။ ကျွန်တော်ဝမ်းနည်းမှုတွေနဲ့ပြည့်နေပါတယ်" ဟုမင်းသားသိုမိကို က ပြောကြားပြီး "ဘုရင်သီဟာနုကို သူ့မိသားစုကမပိုင်ပါဘူး။ သူ့ကို ကမ္ဘောဒီးယားနိုင်ငံနဲ့ သမိုင်းကပိုင်ဆိုင်ပါတယ်" ဟု၎င်းကဆက်လက်ပြောကြားသည်။

ဘုရင်သီဟာနုသည် ၂၀ရာစု ကမ္ဘောဒီးယားနိုင်ငံသမိုင်းတွင် ထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။ ဆိုင်ဂုံမြို့နှင့် ပါရီမြို့ပြင်သစ်ကျောင်းများတွင် ပညာသင်ကြားခဲ့သော သီဟာနုအား ၁၉၄၁ ခုနှစ်၊ ၎င်းအသက် ၁၈ နှစ်သားအရွယ်တွင် ပြင်သစ်ကိုလိုနီအစိုးရက ဘုရင်အဖြစ် ခန့်အပ်ခဲ့သည်။ သက်ပြီးဆံပိုင်ဘုရင်အဖြစ် ၁၉၅၀ နှင့် ၆၀ နှစ်များတွင် တန်ခိုးအင်အားကြီးထွားခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ အမှတ်သင်္ကေတဖြစ်လာသည်။

၁၉၆၉ ခုနှစ်တွင် အမေရိကန် သမ္မတနစ်ဆင်အစိုးရလက်ထက် ကမ္ဘောဒီးယားနိုင်ငံအား လျှို့ဝှက်ဗုံးကြဲမှု ဖြစ်ပေါ်ခဲ့ပြီးနောက် အာဏာသိမ်းမှုဖြစ်ပွားကာ နိုင်ငံ့အကြီးအကဲအဖြစ်မှ ဖြုတ်ချခံရသည်။ ယင်းမှနေ၍ ဘုရင်သီဟာနုသည် ခမာနီအဖွဲ့နှင့် ပေါင်းစည်းခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် ရက်စက်သောခမာနီအစိုးရ၏ နိုင်ငံအာဏာသိမ်းယူခြင်းကို ကြုံတွေ့ခဲ့ရသည်။

ဘုရင်သီဟာနုမှာလည်းနေအိမ်အကျယ်ချုပ်ကျခဲ့ပြီး ၁၉၇၉ ခုနှစ် ဗီယက်နမ်၏ ခမာနီအစိုးရပြုတ်ကျသွားချိန်တွင် နိုင်ငံသားပေါင်း ၁ ဒသမ ၈ သန်းခန့်အသက်ဆုံးရှုံးခဲ့သလို ၎င်း၏ သား၊ သမီး ၅ ဦးနှင့် မြေး ၁၄ ဦးမှာလည်း သေဆုံးခဲ့ရသည်။

ထိုနောက်ပိုင်း ဘုရင်သီဟာနုသည် နိုင်ငံရပ်ခြားတွင် အချိန်ကြာမြင့်စွာ သွားရောက်နေထိုင်ခဲ့ပြီး ၁၉၉၀ ကျော်နှစ်များတွင် ကုလသမဂ္ဂကြားဝင်ဖြေရှင်းပေးသောငြိမ်းချမ်းရေး သဘောတူညီချက်အရ ကမ္ဘောဒီးယားနိုင်ငံသည် ဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲလာခဲ့ပြီး ဘုရင်သီဟာနုသည်လည်း နိုင်ငံ၏အကြီးအကဲဖြစ်လာပြန်သည်။ သို့သော် ဝန်ကြီးချုပ်ဟွန်ဆန် စိုးမိုးသော အစိုးရအပေါ် အာဏာအကန့်အသတ်သာရှိသည့် အမည်ခံဘုရင်အဖြစ်သာ ရပ်တည်ခဲ့ရပြီး ၂၀၀၄ ခုနှစ်တွင် နန်းစွန့်ကာ သားဖြစ်သူ သီဟာမိုနီထံလွှဲပြောင်းပေးအပ်ခဲ့သည်။

ဘုရင်သီဟာနု၏ရုပ်ကလပ်ကို ဘေဂျင်းမှ ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည်ဆောင်ယူ၍ ဘုရင့်နန်းတော်မှာပင် ထုံးတမ်းစဉ်လာများနှင့်အညီ သင်္ဂြိုဟ်သွားမည်ဟု ကမ္ဘောဒီးယားအစိုးရက ကြေညာထားသည်။

*—Ref: AFP, Reuters, UPI*

စာ(၅၀) - ခြေစစ်ပွဲမှရသော မြန်မာအသင်းတွက် သင်ခန်းစာများ မှ

ထိုင်း၊ဗီယက်နမ်တိုက်စစ်မှူးများကို မည်ကဲ့သို့ ထိန်းသိမ်းမလဲဆိုသည့် ပုစ္ဆာမှာ အရေးကြီးသည်။

လက်ရွေးစင်ကစားသမားများအနေဖြင့် ၎င်း၏အခြေခံလေ့ကျင့်ခန်းများကိုပင် လိုက်လုပ်နိုင်ရန် အားနည်းချက်များရှိသည်ဟု ဝန်ခံထားသော ပတ်ဆောင်ဟွာ၏မြန်မာအသင်းအနေဖြင့် တစ်ပွဲချင်းနည်းဗျူဟာပိုင်းသာ အားကိုးရဖွယ်ရှိနေပြီး လာမည့်ပွဲစဉ်များတွင် နည်းပြ၏ အရည်အချင်းကို စောင့်ကြည့်ရမည်ဖြစ်သည်။

ပတ်ဆောင်ဟွာအနေဖြင့်လည်း ရရှိလည့်အချိန်အနည်းငယ်အတွင်း အကောင်းဆုံးလုပ်ဆောင်သွားမည်ဟု နည်းပြတစ်ဦး၏ ဝတ္တရားအတိုင်း ပြောကြားခဲ့သော်လည်း ပြိုင်ဘက်အသင်းများ၏အခြေအနေအကြောင်း အရာများကို မသိရှိရခြင်းက အခက်အခဲရှိနေကြောင်းဆိုသည်။ ခြေစစ်ပွဲစဉ်များတွင်လည်း ပြိုင်ဘက်မည်သည့်အသင်းအကြောင်းကိုမှ မသိရှိရကြောင်းနှင့် ဆက်လက်ရင်ဆိုင်ရမည့် ပြိုင်ဘက်အသင်းများနှင့်ပတ်သက်၍ အချက်အလက်များ သိရှိလိုကြောင်းဆိုထားသဖြင့် တာဝန်ရှိသူများအနေဖြင့် ဖြည့်ဆည်းပေးနိုင်ရန် မျှော်လင့်ရသည်။

မြန်မာအသင်းသည်ဆုဇူကီးဖလားခြေစစ်ပွဲတွင် အုပ်စုပထမနေရာမှအောင်မြင်ခဲ့သောကြောင့် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်အသင်းများပါဝင်သည့်အုပ်စု (က) တွင်သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ခြေစစ်ပွဲနောက်ဆုံးပွဲစဉ်ဖြစ်သည့် မြန်မာ-လာအိုပွဲစဉ်တွင်ထိုင်းအသင်းနည်းပြကသုတေသနကွင်းအတွင်းသို့လာရောက်ကြည့်ရှုခဲ့သည်။

ကစားသမားအချို့၏ ဒဏ်ရာရရှိမှုအခြေအနေအသင်းလိုက်စုစည်းချိန်အားနည်းမှု၊ကျွမ်းကျင်မှုအားနည်းချက်များက ဆုဇူကီးဖလားဝင်မည့်မြန်မာအသင်းအတွက် ဖိအားများဖြစ်ပေါ်လျက်ရှိပြီးအသင်းလိုက်စိတ်ဓာတ်၊ကစားသမားကြံ့ခိုင်မှုအားနှင့် နည်းပြဆရာ၏ တစ်ပွဲချင်းနည်းဗျူဟာပိုင်းများကသာ လာမည့်ပွဲစဉ်ရလဒ်များအတွက် အဆုံးအဖြတ်ဖြစ်လာတော့မည်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်သည်။

၂၀၁၂ ဆုဇူကီးဖလား နောက်ဆုံးအဆင့် ပွဲစဉ်များကို လာမည့်နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၂၂ ရက်အထိ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများက လက်ခံကျင်းပသွားမည်ဖြစ်သည်။ ခြေစစ်ပွဲမှ အုပ်စုဒုတိယရရှိခဲ့သည့် လာအိုအသင်းသည် မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူအသင်းများ ပါဝင်သည့် အုပ်စု (ခ)တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# ကုလသမဂ္ဂကို အဆက်မပြတ် ပြောင်းလဲဖို့ ကြိုးစားနေပါတယ်

## အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် တွေ့ဆုံခြင်း

■ ကျော်မျိုး

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းဟာ မကြာသေးမီကပဲ ဂျာမနီနိုင်ငံ စထရာဘိုးမြို့က ဥရောပကောင်စီရုံးမှာ ဒီမိုကရေစီရေးရာ ကမ္ဘာ့ဖိုရမ်ကို တက်ရောက်ခဲ့ပါတယ်။ ဒါ့ကြောင့် ယူရိုသတင်းဌာနဟာလည်း ဘန်ကီမွန်းကိုသွားရောက်တွေ့ဆုံကာ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ ယနေ့ရင်ဆိုင်နေရတဲ့ အဓိကစိန်ခေါ်မှုတွေအကြောင်း၊ ကုလသမဂ္ဂရဲ့ အနာဂတ်ရည်မှန်းချက်တွေနဲ့ ပန်းတိုင်တွေအကြောင်း မေးမြန်းထားပါတယ်။ မေးမြန်းသူက ဂျီယိုဗန်နီမာဂီဖြစ်ပါတယ်။

**အာရပ်နွေဦးဟာ ကမ္ဘာတစ်ဝန်းမှာ မျှော်လင့်ချက်တွေမြင့်တက်စေခဲ့ပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီစနစ်ဆီ အပြောင်းအလဲဟာ သိပ်ခက်ခဲတဲ့ပုံပေါ်နေပါတယ်။ တချို့ဖြစ်စဉ်တွေမှာဆို ပထဝီနိုင်ငံရေးအရ ဖိအားအသစ်တွေ တိုးပွားလာနေပါတယ်။ ကုလသမဂ္ဂဟာ ဒီလိုအပြောင်းအလဲကို ဘယ်လိုထည့်ဝင်လုပ်ဆောင်ပေးနိုင်ပါသလဲ။**

အပြောင်းအလဲက ဆက်ဖြစ်နေမယ်လို့ သေချာပြောရဲပါတယ်။ ကျွန်တော်တို့ တူနီးရှား၊ အီဂျစ်၊ လစ်ဗျား၊ ယီမင်နဲ့ အခြားနေရာတွေမှာ အလွန်အပြုသဘောဆောင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ မြင်ခဲ့ပြီးပါပြီ။ ဒီအတောအတွင်း ဆီးရီးယားမှာတော့ဆက်ဖြစ်နေဆဲ အကြမ်းဖက်မှုကြောင့် ဒုက္ခတွေ တွေ့နေရဆဲပါ။ ဒါ့ကြောင့် ကျွန်တော်တို့ဟာအပြောင်းအလဲကာလ အဲဒီနိုင်ငံတွေကိုကူညီဖို့လိုအပ်နေပါတယ်။ ဒါကလည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တစ်ယောက်အနေနဲ့ ကျွန်တော့်ရဲ့ထိပ်တန်းဦးစားပေးတွေထဲက တစ်ခုပါ။ ဆီးရီးယားက အကြမ်းဖက်မှုချက်ချင်းအဆုံးသတ်အောင်လုပ်ဖို့ ကျွန်တော်တို့လိုအပ်နေပါတယ်။ ဆယ့်ကိုးလအချိန်ကုန်သွားပြီးပြီ။ လူနှစ်သောင်းကျော်လောက်လည်း အဲဒီမှာ အသက်ခံရပြီးပြီ။ ကျွန်တော်ကိုယ်တိုင်လည်း အထူးကိုယ်စားလှယ်လက်ဒ်ဒါဘရာဟီမီနဲ့အတူတွဲလို့ အဓိကကျတဲ့နိုင်ငံတွေနဲ့ ဆက်လက်တိုင်ပင်ဆွေးနွေးပြီး ဒီပြဿနာဖြေရှင်းရေး တတ်နိုင်သမျှ ကြိုးစားသွားမှာပါ။

**ပြီးခဲ့တဲ့နောက်ဆုံးအကြိမ် အထွေထွေညီလာခံမှာ အတွင်းရေးမှူးချုပ်က နိုင်ငံတစ်နိုင်ငံကိုအခြား နိုင်ငံတစ်နိုင်ငံက စစ်ရေးအရ ခြိမ်းခြောက်မှုအပေါ် ဆန့်ကျင်ကြောင်း ပြောခဲ့ပါတယ်။ အမေရိကန်၊ အစ္စရေးနဲ့ အီရန်တို့ကြားက စကားလုံးစစ်ပွဲကို ညွှန်းခဲ့တာလား။**

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေကို နိုင်ငံရေးအရ ပြင်းပြင်းထန်ထန်ပြောတာ၊ စစ်ပွဲအကြောင်း ပြောတာမျိုးတွေဟာ အလွန်သတိထားရပြီး ဘယ်သူ့ကိုမှ အကူအညီမဖြစ်စေပါဘူးလို့ ကျွန်တော် သတိပေးထားခဲ့ပါတယ်။ ဆိုလိုတာက ဖြစ်သမျှပြဿနာအားလုံးကို တွေ့ဆုံဆွေးနွေးမှုက တစ်ဆင့်သာ ငြိမ်းချမ်းစွာဖြေရှင်းသင့်ပါတယ်။ ဒီသတင်းစကားကို အီရန်နဲ့ အစ္စရေးနှစ်ဖက်စလုံးရော၊ သက်ဆိုင်တဲ့အဖွဲ့တွေကိုရော ပေးပို့ထားတာပါ။ အီရန်ဟာ လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်ကို အပြည့်အဝလိုက်နာရမှာဖြစ်ပြီး နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီနဲ့ ပူးပေါင်းဆောင်ရွက်ရပါမယ်။ ကမ္ဘာမှာ သူတို့ရဲ့ နျူကလီးယားရည်ရွယ်ချက်တွေနဲ့ ပတ်သက်လို့ အရေးတကြီးပူပန်မှုရှိနေပါတယ်။

**နောက်ထပ်နိုင်ငံတကာ အရေးပေါ် အခြေအနေတစ်ရပ်ကတော့ မာလီမှာ မာလီမြောက်ပိုင်းကိစ္စပါ။ လုံခြုံရေးကောင်စီဟာ အခုဆိုဖြစ်နိုင်ဖွယ်ရှိတဲ့ စစ်ရေးအရ အရေးယူမှုလုပ်ဖို့ ဆွေးနွေးနေပါပြီ။ ဒါဟာ ပြဿနာအတွက် သင့်တော်တဲ့ဖြေရှင်းချက်လို့ အတွင်းရေးမှူးချုပ်ထင်ပါသလား။**

အဲဒီမှာ အခြေခံဥပဒေဆိုင်ရာ အာဏာပိုင်အဖွဲ့ဟာ ပုံမှန်အခြေအနေပြန်ရောက်သင့်တယ်လို့ ကျွန်တော်တို့တိုက်တွန်းထားပါတယ်။ မာလီမြောက်ပိုင်းကို အစွန်းရောက်အစ္စလာမ်ဝါဒီတွေက အုပ်စိုးနေပါတယ်။ ဒါဟာအလွန် စိတ်ပျက်စရာပါ။ သူတို့ဟာအစွန်းရောက်ဥပဒေ၊ ရှာရီးယားဥပဒေကိုကျင့်သုံးနေကြပါတယ်။ ဒါဟာ လုံးဝလက်မခံနိုင်စရာ အခြေအနေပါ။ မာလီရဲ့ ကြားဖြတ်အစိုးရခေါင်းဆောင်ထရာအိုရေးကလည်း စစ်တပ်တချို့တပ်စွဲပေးဖို့ ကုလသမဂ္ဂကိုတောင်းဆိုထားတယ်။ လုံခြုံရေးကောင်စီက ဒီပြဿနာကို ဆွေးနွေးနေတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ စစ်တပ်တွေချထားခြင်းမပြုမီ အထူးဂရုစိုက်ဖို့ ကျွန်တော်တို့လိုအပ်နေပါတယ်။ မာလီကိစ္စအပါအဝင် ကိစ္စအားလုံးကို ငြိမ်းချမ်းတဲ့ နည်းလမ်းတွေနဲ့ ဖြေရှင်းသင့်ကြောင်း ကျွန်တော်တိုက်တွန်းလိုပါတယ်။ ဆာဟယ်ဒေသက နိုင်ငံတွေဟာလည်း နိုင်ငံရေးမတည်ငြိမ်မှု၊ မလုံခြုံမှုစတဲ့ အကျပ်အတည်းမျိုးစုံ ခံစားနေရပါတယ်။ ကုလအဖွဲ့ဟာလည်း အရေးပေါ် လူသားချင်းစာနာမှု အထောက်အပံ့ပေးဖို့ လိုအပ်တဲ့ ကူညီရေးအဖွဲ့အစည်းတွေကို စေလွှတ်နေပါတယ်။ ဆာဟယ်ကိစ္စအတွက် အထူးသံတမန်တစ်ဦးကိုလည်း ကျွန်တော်ခန့်အပ်သွားမှာပါ။ လုံခြုံရေးကောင်စီမှာ ကျွန်တော်အဆိုပြုထားတဲ့ ဒီအထူးသံတမန်ဟာ ဒေသတွင်းက အဓိက မိတ်ဖက်တွေနဲ့ ပူးတွဲလုပ်ဆောင်သွားမှာပါ။

**နောက်ဆုံးကျင်းပတဲ့ အထွေထွေညီလာခံမှာ လူကြီးမင်းက "ကျွန်တော်တို့ဟာ တိုးပွားလာနေတဲ့ အလုပ်လက်မဲ့နှုန်း မညီမျှမှုနဲ့ သည်းမခံတတ်မှုတို့ ကြီးထွားလာနေတဲ့ ဒုက္ခဆင်းရဲခေတ်ထဲ နေထိုင်နေရတယ်။ ကုလသမဂ္ဂဟာ ဒီအခြေအနေအတွက် မားမားမတ်မတ်ထွက်ပေါ်ရမယ်လို့ပြောခဲ့ပါတယ်။ ဘယ်လိုပုံမျိုးလဲ။**

ကျွန်တော်ဟာ ကမ္ဘာ့ခေါင်းဆောင်တွေကို အခိုင်အမာသတိပေးခဲ့ပါတယ်။ ကျွန်တော်တို့ဟာ မတည်ငြိမ်မှု၊ မညီမျှမှု၊ တရားမဝင်မှုနဲ့ သည်းမခံတတ်မှု ခေတ်ကာလထဲ နေထိုင်နေရပါတယ်။ ကျွန်တော်တို့ဒီကိစ္စတွေ ဖြေရှင်းရပါမယ်။ ဒါဟာ ကမ္ဘာ့ခေါင်းဆောင်တွေရဲ့ စုပေါင်းတာဝန်တွေဖြစ်ပါတယ်။ အထူးသဖြင့် ကမ္ဘာ့စီးပွားရေးအခြေအနေဟာလည်း ခက်ခဲတဲ့ လမ်းကြောင်းထဲ သွားနေဆဲဖြစ်ပါတယ်။

**လက်ရှိကုလသမဂ္ဂရဲ့ ဖွဲ့စည်းပုံဟာ အပြည့်ပြည့်ဆိုင်ရာ ပူးတွဲ နေထိုင်မှုကိစ္စလို အဓိကပြဿနာကြီးတွေအပေါ် ကိုင်တွယ်ရာမှာထိရောက်မှုရှိတယ်လို့ထင်ပါသလား။ ဒါမှမဟုတ် အဖွဲ့အစည်းကြီးကို ပြုပြင်ပြောင်းလဲမှုလုပ်ဖို့ လိုအပ်နေပါသလား။**

ကျွန်တော်တို့ရဲ့ စီမံခန့်ခွဲမှုဟန်ပြောင်းလဲရေးအရ၊ အဖွဲ့အစည်းပုံစံပြုပြင်ပြောင်းလဲရေးအရ ပြောင်းလဲနေတဲ့ ကမ္ဘာကြီးနဲ့ လိုက်လျောညီထွေရှိအောင် ကျွန်တော်တို့ကုလသမဂ္ဂကို အဆက်မပြတ်ပြောင်းလဲဖို့ ကြိုးစားနေပါတယ်။

ဒါပေမဲ့ ပြဿနာကို ဖြစ်ပေါ်စေတာ အဖွဲ့အစည်း မဟုတ်ပါဘူး။ နိုင်ငံရေးစိတ်ဆန္ဒပါ။ နိုင်ငံရေးစိတ်ဆန္ဒချို့တဲ့မှုပါ။ အားကောင်းတဲ့နိုင်ငံရေးစိတ်ဆန္ဒရှိမယ်၊ ခေါင်းဆောင်တွေကလည်း တကယ်လက်တွေ့ကျတဲ့ စိတ်ပိုင်းပြတ်ထားတဲ့ ဆန္ဒနဲ့လာမယ်ဆိုရင် ကျွန်တော်တို့ဟာ အဖွဲ့အစည်းတွေရဲ့ အားနည်းချက်တွေကို ကျော်လွှားနိုင်မှာပါ။

လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးကိုလည်း အဖွဲ့ဝင်နိုင်ငံတွေက အချိန်အကြာကြီးကတည်းက ဆွေးနွေးခဲ့ကြပါတယ်။ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ Ecosoc ကိုလည်းပြုပြင်ပြောင်းလဲခဲ့ပြီး ကျွန်တော်ကိုယ်တိုင်လည်း ကုလသမဂ္ဂစီမံခန့်ခွဲမှု ပုံစံပြောင်းလဲရေးဦးစားပေးကိစ္စတစ်ရပ်အနေနဲ့ပြောင်းလဲခဲ့တယ်။ ကုလသမဂ္ဂဟာနိုင်ငံတကာအသိုင်းအဝိုင်းရဲ့ မျှော်လင့်ချက်တွေကိုပိုပြီး ထိရောက်အကျိုးရှိတဲ့ ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိတဲ့နည်းနဲ့ ထိတွေ့နိုင်အောင်လို့ပါ။ ဒါက ကျွန်တော်ရဲ့ ခိုင်မာတဲ့ သံန္နိဋ္ဌာန်ပါပဲ။



*—Ref: Ban Ki-Moon: We need to bring immediate end to the Violence in Syria. Euronews*

# Entertainment

Vol.11, No.32 • OCTOBER 18 , 2012












ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆုများချီးမြှင့်

**ရန်ကုန်၊ အောက်တိုဘာ-၁၁**

အောက်တိုဘာ၁၃ရက်နေ့တွင် ကျရောက်သော မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ်အနေနှင့် ရုပ်ရှင်လောကသားများထဲမှ အများအကျိုး၊နိုင်ငံ့အကျိုးနှင့် ရုပ်ရှင်လောကအတွက်ကောင်းကျိုးသယ်ပိုးခဲ့သူများကို ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ခဲ့သည်။ တစ်သက်တာရုပ်ရှင်ဆုကို ဒါရိုက်တာဦးတင်ယု၊ ရုပ်ရှင်သူရဲကောင်းဆုကို ဦးကျော်သူနှင့် လူရွှင်တော်ဇာဂနာ၊ ထပ်ဆင့်ဂုဏ်ပြုဆုများကို ဗိုလ်ကလေးတင့်အောင်၊ ဦးအောင်မြင့်မြတ်၊ ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါ်စံရှားတင်၊ ဒေါ်မြင့်မြင့်ခင်၊ ဒေါ်နွဲ့နွဲ့စန်း တို့ကိုချီးမြှင့်ခဲ့သည်။ ရုပ်ရှင်ဂုဏ်ထူးဆောင်ဆုများကို ရုပ်ရှင်အစည်းအရုံးနာယကကြီးများ၊ ခန့်စည်သူနှင့် ရုပ်ရှင်ဂုဏ်ဆောင်ဆုများကို အနုပညာရှင်များဦး ဆောင်ကူညီနေသော လူမှုရေးအဖွဲ့များဖြစ်သည့် ပြေတီဦးဖောင်ဒေးရှင်း၊ မေတ္တာသင်္ဂဟအဖွဲ့၊ ရဲတိုက်ဖောင်ဒေးရှင်း၊ ကရုဏာ အသင်္ချေအသင်း၊ သွေးမေတ္တာပရဟိတအသင်းတို့နှင့် ရုပ်ရှင်လောကအကျိုးသယ်ပိုးခဲ့သော အဲဒီအခန်းဖြတ်အဖွဲ့၊ ရုပ်ရှင်ရေး တက်ကြွလှုပ်ရှားသူများအဖွဲ့တို့ကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

## ခုလိုဘဝကို လွယ်လွယ်နဲ့လည်း ဖန်တီးလို့ မရသလို ရွှေတွေ၊ ငွေတွေနဲ့လည်း ဝယ်ယူလို့မရပါဘူး

### အဆိုတော် ဆိုတေးနှင့်တွေ့ဆုံခြင်း

**အေးသူစံ**



စင်ကာပူနဲ့ ဘန်ကောက်မှာ ဖျော်ဖြေရေးခရီးစဉ်တွေ၊ ရိုက်ကူးရေး ခရီးစဉ်တွေရှိနေပြီး ကိုယ်ပိုင်အားလပ်ချိန်ဆိုတာ အင်မတန်ရှားပါးနေပါပြီလို့ဆိုလာသူက "မီးအိမ်ရှင်" တစ်ကိုယ်တော်စီးရီးရဲ့ ကိုယ်တိုင်ရေးကိုယ်တိုင်ဆို ဖန်တီးရှင် အဆိုတော် ဆိုတေးပါ။

ဆိုတေးဟာ သူ့ရဲ့မီးအိမ်ရှင် ဂီတဗီဒီယိုခွေထဲက "ဖက်တီးမ" သီချင်းရိုက်ကွင်းနောက်ခံနဲ့ပတ်သက်ပြီး လတ်တလောမှာ စာနယ်ဇင်းရှင်းလင်းပွဲတောင် ပြုလုပ်ပြီး သူဟာ ဘာသာတရားကို စော်ကားတာ မဟုတ်ကြောင်း ရှင်းပြခဲ့ပါသေးတယ်။

စာ(၄၉)သို့

## မင်္ဂလာဆောင်တော့မယ်ဆိုတဲ့ သတင်းတွေကို ငြင်းဆိုလိုက်တဲ့ ကျန်းကျိယီ

**ဘေဂျင်း၊ အောက်တိုဘာ - ၁၃**



တရုတ်သရုပ်ဆောင်မင်းသမီး ကျန်းကျိယီသည် မကြာမီချစ်သူနှင့်မင်္ဂလာဆောင်တော့မည်ဆိုသောကောလာဟလသတင်းများအားတရားဝင်ငြင်းဆိုလိုက်သည်။ တရုတ်နိုင်ငံ၏ အအောင်မြင်ဆုံးမင်းသမီးများအနက်တစ်ဦးဖြစ်သော ကျန်းကျိယီသည် သူမ၏ချစ်သူရုပ်သံတင်ဆက်သူဆာဘိုင်နင်းနှင့် လက်ထပ်တော့မည်ဟု မီဒီယာများ၌ သတင်းဖော်ပြခဲ့ကြသည်။

သို့သော် သူမ၏ မိုက်ခရိုဘလော့ဂ်မှ နေ၍ မင်းသမီးက "ကျွန် မတို့မင်္ဂလာဆောင်မယ့်နေရာတောင် ပြင်ဆင်ပြီးပြီကြားရပါတယ်။ ဒါပေမဲ့ အချိန်ကရော အတိအကျပဲလား။ ကျွန်မဆီဖိတ်စာပို့ပေးကြဖို့မမေ့ပါနဲ့" ဟု လှောင်ပြောင်ပြောကြားထားသည်။ ယင်းဘလော့ဂ်တွင် သူမက အတင်းအဖျင်းသတင်းများကိုဝေဖန်ထားပြီး မကြာသေးမီနှစ်များအတွင်း သတင်းမှားများ၏ ပစ်မှတ်ဖြစ်ခဲ့ရသောကြောင့် ဒေါသထွက်ခဲ့ရပုံကိုလည်း ရေးသားဖော်ပြထားသည်။

"ကျွန်မဟာကိုယ်ဝန်ရှိနေတယ်လို့လည်း အပြောခံရဖူးတယ်။ ယွမ်သန်း ၇၀၀ ပေးရတယ်။ အိမ်ထောင်ကျပြီးသား။ ဒီလိုအပြောခံခဲ့ရတယ်။ ကျွန်မနဲ့ပတ်သက်လို့ နောက်ဘာများ ပြောကြဦးမလဲ" ဟု သူမကရေးသားထားသည်။ ကျန်းကျိယီသည် Crouching Tiger, Hidden Droagon, Memoirs of Geisha ဇာတ်ကားများဖြင့် နာမည်ကြီးခဲ့ပြီး မကြာမီတွင် သူမပါဝင်သော Dangerous Liaisons ဇာတ်ကားကိုလည်း ဖြန့်ချိမည်ဟုသိရသည်။

—Ref: CNA




## သရုပ်ဆောင်လည်းလုပ် အဆိုတော်လည်းလုပ်မယ့် အလင်းရောင်

ကြူကြူဟန်

**ရန်ကုန်၊ အောက်တိုဘာ-၁၃**



ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

မဟော်ဂနီထုတ်လုပ်ရေးက ကိုဂျမန်း၏ စတုတ္ထမြောက် စင်တင်မင်းသားဖြစ်သော အလင်းရောင်ကို ယခင်က မဟော်ဂနီ၏ စင်တင်မင်းသားဖြစ်ခဲ့သော မြင့်မြတ်သရုပ်ဆောင်ခဲ့သည့်ဇာတ်ကား အဆက်ဖြစ်သော ဆွဲစားမယ်-၃ ဒီဗီဒီဟာသဇာတ်ကားဖြင့် ပွဲထုတ်ရိုက်ကူးထားသည်။

"ဆွဲစားမယ် တစ်ကားပဲ ရိုက်ရသေးတယ်။ အရင်က ကိုမြင့်မြတ်ရိုက်ထားတာ အခုက 'ဆွဲစားမယ်-၃ 'ပေါ့။ ဟာသကားဆိုတော့ နည်းနည်းခက်တာပေါ့။ လူတစ်ယောက်ကို ရယ်အောင်လုပ်ဖို့က ခက်တယ်လေ။ အသစ်ရယ်၊ အတွေ့အကြုံမရှိတာရယ်ဆိုတော့ ကျွန်တော့်ဘက်က ကြိုးစားပြီး သရုပ်ဆောင်ထားပါတယ်"ဟု အလင်းရောင်က ပြောသည်။

သရုပ်ဆောင်အပြင် တစ်ကိုယ်တော်ခွေထွက်ရှိရန်လည်း ပြင်ဆင်နေသည့် အလင်းရောင်က သူ့စီးရီးအတွက် စီစဉ်ပြီးသော သီချင်း ၆ ပုဒ်က ကိုဂျမန်းနှင့် ကလုန်းတို့ ရေးသားထားခြင်းဖြစ်ပြီး လာမည့်နှစ်တွင် ထွက်ရှိမည်ဖြစ်သည်။ ၎င်းအနေဖြင့် အဆိုပိုင်းကို ပိုအားသန်သော်လည်း အလုပ်နှစ်ခုစလုံးကိုပရော်ဖက်ရှင်နယ်အဖြစ် လုပ်ဆောင်သွားချင်ကြောင်း အလင်းရောင်က ပြောသည်။

အလင်းရောင်သည် မော်ဒယ်ရှိုးလျှောက်နေရာမှ ကိုဂျမန်း၏ ကမ်းလှမ်းမှုကြောင့် ယခုအခါတွင် သရုပ်ဆောင်၊ အဆိုတော်အဖြစ် လှုပ်ရှားနေပြီး မဟော်ဂနီ၏ ကုမ္ပဏီခွဲဖြစ်သော JMF ကုမ္ပဏီနှင့် Stars & Models INT'L ပေါင်းပြီး ခုနစ်နှစ်စာချုပ်ချုပ်ထားကြောင်း အလင်းရောင်က ပြောသည်။

"ဒီသရုပ်ဆောင်အ လုပ်က စိတ်ရောလူရောနှစ်ပြီး သရုပ်ဆောင်ရတယ်ဆိုတော့ ပင်ပန်းပါတယ်။ သီချင်းဆိုတော့လည်း ပရော်ဖက်ရှင်မကျသေးတော့ အခက်အခဲအများကြီး ရှိပါတယ်။ အဲဒီအတွက်ပရိသတ်ကြီးကလည်း အားပေးပါလို့" ၎င်းက ပြောသည်။

## အယ်လ်ဘမ်အသစ်ထဲမှာပါဝင်တဲ့ သီချင်းကို လက်ဆောင်ပေးတဲ့ Miss A

**ဆိုးလ်၊ အောက်တိုဘာ - ၁၃**



တရုတ်-ကိုရီးယားနွယ်ဖွားမိန်းကလေးများ ပါဝင်သည့်နာမည်ကျော် ကေပေါ့ပ်ဂီတအဖွဲ့ မစ္စအေသည် မကြာမီထွက်ရှိတော့မည့် ၎င်းတို့၏ အယ်လ်ဘမ်သစ်မှ အမ်တီဗီသီချင်း တစ်ပုဒ်ကိုပရိသတ်များအတွက် အမြည်းဖြန့်ချိပေးခဲ့ကြောင်း သိရသည်။

အဆိုပါအမ်တီဗီသီချင်းမှာ ၎င်းတို့အဖွဲ့၏ ပဥ္စမမြောက်အယ်လ်ဘမ် "I Don't Need A Man" ၏ခေါင်းစဉ်သီချင်းပင်ဖြစ်ကာအဖွဲ့၏ မကြာမီဖြန့်ချိမည့် ဒုတိယမြောက် မီနီအယ်လ်ဘမ် Indenpendent Women Part III တွင်လည်းပါဝင်မည်ဟု သိရသည်။ ယခုဗီဒီယိုတွင် မစ္စအေ တစ်ဖွဲ့လုံးမှာ ဂန္ထဝင်ဆန်ဆန် အဖြူအမည်းဖက်ရှင်ဖြင့်ပါဝင်ထားသည်။ ရှပ်အင်္ကျီအဖြူရောင်၊ ဘောင်းဘီအနက်များဝတ်ဆင်ထားကာ သန့်ရှင်းသပ်ရပ်သောအသွင်နှင့်တွေ့ရသည်ဟု သတင်းတွင်ဖော်ပြသည်။

—Ref: Koreaboo









# ဂီတအစည်းအရုံးက သီချင်းစာသားများကို အဆင့်သတ်မှတ်မည်ဟုဆို

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ-၁၁**

တေးသီချင်းစာသားများကို ဖန်တီးရေးသားရာတွင် စာပေစိစစ်ရေးသို့ ယခင်က စာသားများတင်ပြခွင့်ပြုချက်တောင်းခံရသည်။

ယခုအခါ စာပေစိစစ်ရေးသို့ တင်ပြစရာမလိုတော့သော်လည်း မြန်မာနိုင်ငံဂီတအစည်းအရုံးက 'တေးသီချင်းစိစစ်ရေးနှင့်မှတ်ပုံတင်ရေးကော်မတီ' တစ်ခုဖွဲ့ကာ စာသားများကို အဆင့်သတ်မှတ်မည်ဖြစ်ကြောင်း ဂီတအစည်းအရုံးအမှုဆောင် ကိုကျော်လင်းထိန်(ကိုကြီးကျော်-KGK)က ပြောသည်။

“ဒီကော်မတီက ဆင်ဆာလုပ်တာမဟုတ်ပါဘူး။ အသံနဲ့ စာသားဖန်တီးမှုတွေအပေါ်မှာ တစ်ခုခုအငြင်းပွားဖွယ်ရာဖြစ်လာရင် Rating လုပ်ထားတော့ ကိုင်တွယ်ဖြေရှင်းရတာ ပိုလွယ်လာမယ်။ ကိုယ့်ဖန်တီးမှုအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုအတွက် စိစစ်ရေးအပြင် မှတ်ပုံတင်ရေးဆိုတာပါ ပါလာရတာပါ။ ဘယ်သူရေး၊ ဘယ်သူဆို၊ ဘယ်သူတီးဆိုတာတွေလည်း စုစည်းပြီးသားဖြစ်သွားတာပေါ့” ဟု ကိုကြီးကျော်က ပြောသည်။

တစ်စုံတစ်ဦးက ဖန်တီးထုတ်လုပ်မှုအပေါ် အဆိုပါကော်မတီအနေဖြင့် တားမြစ်ခွင့်မရှိဘဲ သက်ဆိုင်ရာ သီဆိုထုတ်လုပ်ဖန်တီးသူများသာ တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး အရွယ်မရောက်သေးသူ အသက်(၁၈)နှစ်အောက်ကလေးသူငယ်များအတွက် ယင်းသို့ Rating သတ်မှတ်ခြင်းကို အခြားနိုင်ငံများနည်းတူ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံးအနေဖြင့် တေးသီချင်းမူပိုင်ခွင့်ကာကွယ်တားဆီးရေးလုပ်ငန်းများကို နိုင်ငံတကာရှိမူပိုင်ခွင့်စီမံခန့်ခွဲရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်သွားရန်ရှိပြီး တေးသီချင်း တိုင်းတွင် ID နံပါတ်ထားရှိကာ ဒစ်ဂျစ်တယ်စနစ်ဖြင့် စနစ်တကျထားရှိရန်၊ ဂီတသမားများထံ ရပိုင်ခွင့်များ မြန်မြန်ဆန်ဆန်ရရှိစေရန် လုပ်ဆောင်ရာတွင် နည်းပညာအကူအညီမှာမရှိမဖြစ်လိုအပ်လာမည်ဖြစ်သောကြောင့် မြန်နှုန်းမြင့် အင်တာနက်လိုင်းကို ဆက်သွယ်ရေးဌာနသို့ လျှောက်ထားရန်ရှိပြီး အဆိုပါအစီအစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်ကလည်း ထောက်ခံအားပေးထားကြောင်း ဝန်ကြီးနှင့် တွေ့ဆုံစဉ်က အမှုဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည့် တေးရေးမြင့်မိုးအောင်က ပြောသည်။

---

## ပိုးဒါလီသိန်းတန် ဂီတဖျော်ဖြေပွဲ ဖျက်သိမ်း

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ ၁၃**

ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသို့ ပြန်လာမည့် အဆိုတော် ပိုးဒါလီသိန်းတန်မှာ မြန်မာပြည်ခရီးစဉ်တွင် ဖခင်ဖြစ်သူ မြန်မာပြည်သိန်းတန်နှင့်အတူ ဖျော်ဖြေပွဲပြုလုပ်မည့် အစီအစဉ်ကို မိသားစုကိစ္စတစ်ခုကြောင့် ဖျက်သိမ်းလိုက်ကြောင်း ပိုးဒါလီသိန်းတန်က 7 Day News သို့ သူမ၏ ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် ဖြေကြားခဲ့သည်။

“အစ်မက မေမေ့ကို ဒီပွဲမှာပါစေချင်တယ်။ ဒါပေမဲ့ ညှိလို့မရလို့ ဒီပွဲလေးကို ဖျက်ပစ်လိုက်ရပါတယ်။ မြန်မာပြည်က ပရိသတ်တွေကို ကျွန်မ တောင်းပန်ပါတယ်။ ဒါပေမဲ့ လာလည်မယ့် ကျွန်မရဲ့ခရီးစဉ်ကိုတော့ ဖျက်သိမ်းမှာမဟုတ်ပါဘူး။ လာတော့ လာလည်ဖြစ်ဦးမှာပါ။ ဘယ်အချိန်လဲတော့ အတိအကျမပြောနိုင်သေးပါဘူး” ဟု ပိုးဒါလီသိန်းတန်က အွန်လိုင်းမှတစ်ဆင့် ပြန်လည်ဖြေကြားခဲ့သည်။

ပိုးဒါလီသိန်းတန်က သူမနှင့် ဖခင်ဖြစ်သူ မြန်မာပြည်သိန်းတန်တို့၏ ဂီတဖျော်ဖြေပွဲကို 'သိန်းတန်နဲ့သိန်းတန်ဂီတပွဲ' ဟု အမည်ပေးထားပြီး ၁၇နှစ်တာကာလအတွင်း ပထမဆုံး မြန်မာပြည်အပြန်ခရီးစဉ်တွင် ပြုလုပ်ရန်စီစဉ်ခဲ့သော်လည်း မိခင်ဖြစ်သူ အဆိုတော်ဇာခြည်လင်း(ဒေါ်ပေရယ်ချစ်ခင်)ပါဝင်ဖျော်ဖြေရန် ညှိနှိုင်းမရသည့်အတွက် ဖျက်သိမ်းလိုက်ရခြင်းဖြစ်ကြောင်း ပိုးဒါလီသိန်းတန်က သူမ၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်လည်း ရေးသားထားသည်။ သူမ၏ ဖျော်ဖြေ ပွဲပျက်သွားသည့်အပေါ် မြန်မာပြည်တွင်းရှိ ဂီတသမားအချို့နှင့် ပရိသတ်အများစုက နှမြောတသဖြစ်နေကြကြောင်း၊ ဖျော်ဖြေပွဲကို ဖြစ်နိုင်လျှင် ပိုးဒါလီသိန်းတန်တစ်ဦးတည်းလုပ်နိုင်လျှင် လုပ်စေလိုကြောင်း တောင်းဆိုသည့် အကြံပြုချက်များကို သူမ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားထားသည်ကိုလည်း တွေ့ရသည်။

---

## စာ(၄၇)၊ အဆိုတော်ဆိုတေးနှင့်တွေ့ဆုံခြင်း မှ

**“မီးအိမ်ရှင်”သီချင်းဟာ မိုဘိုင်းဖုန်းအသုံးပြုသူအများစုကြားမှာ ဖုန်းမြည်သံတွေ၊ ဖုန်း Ring Tune လုပ်ကြတဲ့အထိ အောင်မြင်တဲ့သီချင်းလည်း ဖြစ်ပါတယ်။ အောင်မြင်လာတာနဲ့အမျှ ပုဂ္ဂိုလ်ရေးကောလာဟလတွေကို ဆက်တိုက်ရင်ဆိုင်ဖြေရှင်းနေရတဲ့ အဆိုတော် ဆိုတေးဟာ သာမန်ဝန်ထမ်းလေး “အောင်သက်ပိုင်”ဆိုတဲ့ ပရိသတ်မသိသေးတဲ့ သူ့ရဲ့အတိတ်ကအကြောင်းအရာတချို့ကိုလည်း 7 Day News ရဲ့ အင်တာဗျူးမှာ ပွင့်ပွင့်လင်းလင်း ပြောပြထားပါတယ်။**

**ပေါ့ပ်သီချင်း ချိုချိုလေးတွေနဲ့ စာသားတွေကြောင့်ကို ဆိုတေးသီချင်းတွေက နားစွဲလွယ်ပြီး ပေါက်တာလို့ဝေဖန်ကြတဲ့အပေါ် ကိုဆိုတေးဖန်တီးထားတာနဲ့ကိုက်ညီမှု ရှိပါသလား။**

ကျွန်တော်သီချင်းတွေ စဆိုတော့ ကိုယ့်သီချင်းတွေကို ပေါ့ပ်လား၊ စလိုးရော့ခ်လားလား၊ အော်တာလားတောင် ကျွန်တော် မသိဘူး။ ကျွန်တော်ရင်ထဲက ထွက်ပေါ်လာတဲ့ စာသား၊ ဖန်တီးမှုကို သီချင်းအဖြစ် သီကုံးတယ်၊ ဆိုတယ်။ ပရိသတ်က ကျွန်တော့်ခံစားချက်တွေကို အသိအမှတ်ပြုတယ်။ လက်ခံအားပေးတယ်။ ဒါကြောင့်လည်း မီးအိမ်ရှင်ဆိုတေးဆိုပြီး ပရိသတ်ကြားမှာ အခုထိအသက်ဆက်ရှင်နေတာပါ။

**မီးအိမ်ရှင်တုန်းက အခွေမထွက်ခင် အွန်လိုင်းမှာ အရမ်းပေါက်ခဲ့တော့ ဒုတိယ စီးရီးထဲက သီချင်းတချို့ကို အွန်လိုင်းတင်ဖြစ်ဦးမလား။**

အဲဒီလိုအစီအစဉ်တော့မရှိဘူးခင်ဗျ။ နောက်စီးရီးအတွက် ဆိုဖို့၊ တီးဖို့ကိုတောင် တော်တော်အချိန်လုနေရတယ်။ ကျွန်တော့် ဒုတိယစီးရီးကို'မင်္ဂလာပါဆိုတေး' လို့ပေးထားတယ်။ ဒုတိယခွေကို ပထမခွေထက် ပိုပေါက်ရမယ်လို့ ဘာဖိအားမှ မထားပါဘူး။ လူတစ်ယောက်ရဲ့ကုသိုလ်ကံက တစ်နေ့နဲ့တစ်နေ့တောင် မတူပါဘူး။ ဒီအယ်လ်ဘမ် အောင်မြင်ပေမယ့် နောက်အယ်လ်ဘမ် အောင်မြင်ချင်မှ အောင်မြင်မယ်။ ဒါပေမဲ့ ကျွန်တော့်စာသားတွေ၊ သီချင်းတွေကို ဒုတိယခြေလှမ်းအနေနဲ့ ပရိသတ်ကို ကျွန်တော် ချပြပါဦးမယ်။

**ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဆို အပေါ်မှာ ဝေဖန်ကြတဲ့အသံလေးတွေလည်း ကြားနေရပါတယ်။ ကိုဆိုတေးရဲ့ဖန်တီးမှု အပိုင်းကို ဘယ်လိုများ ရှင်းပြချင်ပါသလဲ။**

ကျွန်တော်ကိုယ်တိုင်ဖန်တီးထားတာတစ်ခုကို ဝေဖန်တာသက်သက်ပါ။ ကျွန်တော်လူငယ်တစ်ယောက်ပါ။ အသက် ၁၈၊ ၁၉ အထိ အချစ်ဆိုတာဘာမှန်းမသိခဲ့ဘူး။ လူငယ်တစ်ယောက်အနေနဲ့ ကျွန်တော်ပွင့်ပွင့်လင်းလင်းပြောရရင် ရည်းစားထားတယ်။ ပထမဆုံးထားတဲ့ရည်းစားဆိုတော့ မမြင်ဖူးမှုံးမြစ်ထင်တာပေါ့အစ်မရယ်။ အတွေ့အထိတွေကို မသိခဲ့တော့ အစွဲအလန်း ကြီးခဲ့တယ်။ ဒါပေမဲ့ ကိုယ်နဲ့မဆီလျော်လို့ လမ်းခွဲသွားချိန်မှာ ကျွန်တော်ခံစားခဲ့ရတာ ခဏလေးပေမယ့် သီချင်းတွေ အများကြီးရေးနိုင်တယ်။ ဒါကြောင့် ကျွန်တော့် ဖန်တီးမှုတွေကို ယုံကြည်ပေးပါလို့ ပရိသတ်ကို ပြောချင်ပါတယ်။ မိနစ်အနည်းငယ်အတွင်းသာ သီချင်းတစ်ပုဒ် ရေးပြီးချင်ပြီးသွားမယ်။ အရမ်းလွယ်လွယ်ကူကူ ရေးနိုင်နေတာလည်း မဟုတ်ပါဘူး။ ကျွန်တော့်နှလုံးသား အဲဒီလောက်လည်း ခံစားမှုမကောင်းသေးပါဘူး။

**'မင်္ဂလာပါဆိုတေး' စီးရီးလုပ်နေရင်းနဲ့ မီးအိမ်ရှင်စီးရီးနဲ့ မတူတဲ့ ခံစားချက်မျိုး ဖြစ်ပေါ်နေသေးလား။**

ခံစားချက်ကတော့ အတူတူပါပဲ။ အယ်လ်ဘမ်တစ်ခုနဲ့တစ်ခု ခံစားချက် မတူတာမျိုးမရှိပါဘူး။ ကျွန်တော့်ခံစားချက်တွေက ဒီတိုင်းပါပဲ။ ရည်းစားလည်းအများကြီးမရှိတော့ ခံစားချက်ကလည်း အပြောင်းအလဲ မများနိုင်ပါဘူး။ ခွေက တီးဖို့ပဲ ကျန်တော့မယ်။ သီချင်းတွေအားလုံး စာရင်းလုပ်ပြီးပြီ။ တေးရေး အေသင်၊ ကျွန်တော်နဲ့ တခြားတေးရေးတွေပါပါမယ်။ အားလုံးနီးပါးကိုယ်ပိုင်သံစဉ်တွေ ဖြစ်ဖို့များတယ်။ ကျွန်တော်အရမ်းကြိုက်တဲ့ သီချင်းဟောင်းလေး 'နှောင်ကြိုးလေးတစ်မျှင်' ထည့်ဖို့ရှိတယ်။ ကျွန်တော်ဂစ်တာတီးပြီး သီချင်းဆိုရင် အဲဒီသီချင်းက မပါမပြီးဘူး။ အရမ်းလည်းကြိုက်လို့ပြန်ဆိုတာပါ။

**ကိုဆိုတေးဘဝက အရမ်းကြမ်းတမ်းတယ်လို့ ပြောခဲ့တယ်။ ဘယ်လိုဘဝကို ဖြတ်သန်းခဲ့ဖူးလို့လဲ။**

ကိုဟဲလေးတို့၊ ကိုဇေယျာတို့ လာဝယ်တဲ့ဆိုင်မှာအထည်ရောင်းတဲ့ ဝန်ထမ်းပါ။ သူတို့ဝယ်တဲ့အထည်တွေကို သူတို့ကားပေါ် လိုက်ပို့ပေးခဲ့ဖူးတယ်။ စားသောက်ဆိုင်မှာလည်း ဝန်ထမ်းလုပ်ခဲ့ဖူးတယ်။ ဟိုတယ် ဝန်ထမ်းလည်းလုပ်ဖူးတယ်။ ဦးသျှန်ထွန်းတို့၊ ကိုဖိုးချစ်တို့၊ စွမ်းဇာနည်တို့ ဟိုတယ်မှာ သီချင်းလာရေးရင် သူတို့ အခန်းသန့်ရှင်းရေး လုပ်ပေးခဲ့ဖူးတယ်။ ညှော်သည်တွေဆီက တစ်မန်းနီးရဖို့ မျှော်လင့်ခဲ့ရဖူးတဲ့ ဘဝကပါ။ အခုကျွန်တော်ဒီအခြေအနေ ရောက်လို့ သူတို့နဲ့ ဆုံတော့ ဒါတွေ ပြောပြတဲ့အခါ တစ်ယောက်မှ မမှတ်မိကြပါဘူး။(ရယ် လျက်)။

**ဘဝကြမ်းတဲ့ ဝန်ထမ်း အောင်သက်ပိုင်ကနေ အဆိုတော်ဆိုတေးဖြစ်လာတဲ့ အဓိကတွန်းအားက ဘာများလဲ။**

ကျွန်တော့်မိဘပဲပေါ့။ ကျွန်တော်ဘာလုပ်လုပ် အားလုံးက ကျွန်တော့်မိဘအတွက်ပဲ။ ကျွန်တော့်မိဘကို ကျွန်တော်အရမ်းချစ်တယ်။ အခုကျွန်တော် ရှာဖွေနေတဲ့အနုပညာ လုပ်အားခကလည်း ကျွန်တော့်အတွက် မပါဘူး။

**အောင်မြင်လာတဲ့ လူတစ်ယောက် ဘဝမှာ နေထိုင်ရတာ ဘဝက သက်သောင့်သက်သာ ရှိပါရဲ့လား။**

မရှိဘူးဗျ။ သွားချင်တဲ့နေရာ မသွားရဘူး။ စားချင်တာတွေ မစားရဘူး။ ဒါပေမဲ့လို့ ကျွန်တော် သာမန်အတိုင်းပဲ နေဖြစ်ပါတယ်။ ကျွန်တော်ကားမောင်းသွားတုန်း ကိုယ်စားချင်တာတွေ့ရင် ဆင်းစားမယ်။ ဘယ်နေရာမသွားရဘူးလို့လည်း ကိုယ့်ကိုယ်ကိုယ် ကန့်သတ်မထားပါဘူး။ အဆိုတော်ဆိုတဲ့ဂုဏ်ပုဒ်က လွဲလို့သာမန်သူလိုကိုယ်လိုလူတွေလိုပဲ ထမင်းဖြူစားပြီးအသက်ရှင်နေတာပါ။ ကိုယ့်ကိုမှတ်မိတဲ့ပရိသတ်တွေ့ရင်လက်မှတ်လာထိုးခိုင်းရင် ထိုး လိုက်တာပါပဲ။ ကျွန်တော့်ကို မသိတဲ့ပတ်ဝန်းကျင်ဆိုလည်း မသိသလို နေပေးလိုက်တယ်။

**သက်သောင့်သက်သာမဖြစ်ပေမယ့် အဆိုတော်ဘဝမှာတော့ နေသားကျနေသလိုပဲနော်။**

နေသားတော့ကျနေပါပြီ။ နယ်တွေမှာတော့ တချို့ပရိသတ်တွေအတင်းအုံလာပြီးတော့ တိုးဟယ်ကြိတ်ဟယ်တွေတော့ဖြစ်တာပေါ့လေ။ ဒီလိုဘဝမျိုးဖြစ်ချင်လို့တောင် မဖြစ်ရသူတွေ လည်းရှိကြတော့ အင်မတန်ရိုးရှင်းတဲ့ ပရိသတ်တွေကြားထဲက ပီတိတစ်ခုပါ။ နာရီတွေ့နာရီဆွဲနဲ့ပြုတ် ထွက်သွားတဲ့ နာရီလည်း ကျွန်တော်ပြန်မတောင်းပါဘူး။ ခုလို ဘဝကို လွယ်လွယ်နဲ့လည်း ဖန်တီးလို့မရသလိုရွှေတွေငွေတွေနဲ့လည်းဝယ်ယူလို့ မရပါဘူး။

**ဆိုတေးရဲ့ အခုလက်ရှိ ဘဝမှာ အရှားပါးဆုံးအရာက ဘာများ ဖြစ်မလဲ။**

အဲဒီမေးခွန်းက အရမ်းစားတယ်ဗျာ(ရယ်လျက်) ကျွန်တော့် အိပ်ချိန် ပိုနည်းလာတယ်။ ကိုယ်ကိုယ်တိုင်ဖန်တီးနိုင်တဲ့ လွတ်လပ်မှုတွေ နည်းလာတယ်။ သီချင်းရေးဖို့အချိန်က ကန့်သတ်ထားတာ မဟုတ်ပေမယ့် သီချင်းရေးဖို့ အချိန်တော့ နည်းသွားတယ်။

**အဆိုတော်ဖြစ်ပြီး နောက်ပိုင်းမှာ ပြောင်းလဲသွားတယ်လို့ သုံးသပ်မိတဲ့အချက်က ဘာများလဲ။ သူများတွေကရော ဘာတွေပြောင်းလဲသွားတယ်လို့ဝေဖန်ကြလဲ။**

ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် မသုံးသပ်မိပါဘူး။ အရင်ကပိန်တယ်။ အခုတော့ဝလာတယ်ပေါ့။ ရပ်ကွက်ထဲမှာတော့ ဆိုတေးတို့အောင်မြင်သွားလို့ ရပ်ကွက်ထဲမှာတောင် မနေတော့ဘူးလို့ ပြောကြတယ်။ ကျွန်တော် မနေတာမဟုတ်ပါဘူး။ ခရီးထွက်ရတာများပြီး အိမ်ပြန်တာ နောက်ကျလို့ပါ။

**တေးရေးနဲ့ အဆိုတော် ဘဝမှာ ဘယ်တစ်ခုကို ပိုနှစ်သက်လဲ။**

ကျွန်တော်ကတော့ နှစ်ခုလုံး အတူတူပဲ။ တေးရေးဆိုတာ ကျွန်တော်ကသာခံစားချက်ခံစားချက်နဲ့ပြောနေတာ။ တခြားတေးရေးတွေလည်း သူတို့ခံစားချက်နဲ့သူတို့ရေးကြမှာပဲ။ အနုပညာဟာ အလွန်တရာ နူးညံ့ပါတယ်။ ဘယ်အနုပညာပဲဖြစ်ဖြစ် ကိုယ့် အိပ်မက်ကိုကိုယ်အကောင်အထည်ဖော် ကြတာချည်းပဲ။

**အွန်လိုင်းပေါ်ရောက် ဗီဒီယိုကလစ်ကလေးတစ်ခုအကြောင်းလည်း သတင်းလေးတွေ ကြိုးကြားကြိုးကြားကြား ရပါတယ်။ ဘာများပြောလိုပါသလဲ။**

ကောလာဟလပါ။ ဖက်တီးမသီချင်းကိုရှင်းရတာကကျတော့ ဘာသာရေးနဲ့ သက်ဆိုင်နေတော့ အရေးကြီးတယ်။ အဲဒီအကြောင်းကိုကျတော့ ကျွန်တော့်ကို မြင်တဲ့ပရိသတ်၊ သိတဲ့ပရိသတ်က ကျွန်တော်ဟုတ်၊ မဟုတ် သိကြမှာပါ။ ဘယ်သူယုံယုံ၊ မယုံယုံ ကျွန်တော် အမှားလုပ်ရင်မှားတဲ့ အတိုင်းသွားမှာပဲ။ ကျွန်တော် ဗုဒ္ဓဘာသာကိုးကွယ်တဲ့မြန်မာလူမျိုးတစ်ယောက်ပါ။ ဘယ်ဘုရားကမှ အမှားလုပ်တာကို ခွင့်မလွှတ်ပါဘူး။ ကျွန်တော့်ကို ကျွန်တော့်အမေယုံတယ်။ ဘုရားယုံတယ်ဆိုရင်ပဲ တော်ပါပြီ။

**ဒါဆို ကိုဆိုတေးရဲ့ မီးအိမ်ရှင်အစစ်ကို ပိုင်ဆိုင်နေပြီလား။**

ကျွန်တော့်မှာ မီးအိမ်ရှင် ရှိနေပြီဗျ။ (ရယ်လျက်) ကျွန်တော့် မီးအိမ်ရှင်အစစ်ကို ကျွန်တော့် ရင်ထဲမှာပဲ ထားပါမယ်။ ဘယ်တော့မှ စာရွက်ပေါ်မှာ မရေးစေချင်ပါဘူး။

**ကျေးဇူးတင်ပါတယ်။**

# Sports

7 DAY NEWS JOURNAL
Vol.11, No.32 · OCTOBER 18 , 2012

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှာ ဆူဇူကီးဖလားခြေစစ်ပွဲတွင် ရှုံးပွဲမရှိဘဲ အုပ်စုပိုလ်ဖြင့် ခြေစစ်ပွဲအောင်ခဲ့သည်။ လေးပွဲကစားရာတွင် သုံးပွဲနိုင်တစ်ပွဲသရေဖြင့် ရလဒ်ကောင်းခဲ့သော်လည်း ထိုခြေစစ်ပွဲမှ မြန်မာအသင်းအတွက်သင်ခန်းစာများလည်းရခဲ့သည်။ ထိုသင်ခန်းစာများကို အချိန်မီဖြေရှင်းနိုင်ပါက ဒေသတွင်း အဓိကပြိုင်ဘက်များနှင့်ယှဉ်ရမည့် ဆူဇူကီးဖလား နောက်ဆုံးအဆင့်တွင် အခြေအနေကောင်းမည်ဖြစ်သည်။



# ခြေစစ်ပွဲမှရသော မြန်မာအသင်းအတွက် သင်ခန်းစာများ

■ ဗိုလ်ဗိုလ်ဝင်း

ခြေစစ်ပွဲအဆင့်တွင် ဒေသတွင်းအဆင့်နိမ့်သည့် အသင်းများနှင့် ယှဉ်ပြိုင်ခဲ့ရသော်လည်း လက်ရှိမြန်မာအသင်းတွင် ခြေစွမ်း၊ ကျွမ်းကျင်မှုနှင့် စိတ်လှုပ်ရှားဖွယ် ကစားကွက်မရှိဘဲ ယခင်ကထက် အနည်းငယ်တိုးတက်လာသည့် ကြံ့ခိုင်မှုအားကိုသာ အဓိက အားပြုကစားသွားခြင်းဖြစ်ကြောင်း အားကစားလေ့လာသူများနှင့် ပရိသတ်များက ပြောသည်။

ပြိုင်ပွဲတစ်ခုအတွက် အသင်း၏စုစည်းလေ့ကျင့်ချိန်နည်းပါးမှုကအခက်အခဲဖြစ်ကြောင်း မြန်မာအသင်းနည်းပြပတ်ဆောင်ဟွာဆိုခဲ့သည့်အတိုင်း လာမည့်နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတိပြုရမည့်အချက်ဖြစ်သည်။ ခြေစစ်ပွဲပြီးဆုံးချိန်တွင် ပြည်တွင်းရှုံးထွက်ဖလားပြိုင်ပွဲရှိနေပြီး အဆိုပါပြိုင်ပွဲပြီးဆုံးမှသာ လက်ရွေးစင်အသင်းကို ပြန်လည်စခန်းသွင်းလေ့ကျင့်မှုပြုရမည်ဖြစ်သည့်အတွက် ပတ်ဆောင်ဟွာအတွက် ခေါင်းခဲရဦးမည်သာဖြစ်သည်။

ထို့ကြောင့် မြန်မာအသင်းနည်းပြအနေဖြင့်လည်း ရရှိသည့်အချိန်ကာလတိုအတွင်း၌အသင်းလိုက်စုစည်းမှု၊ ကြံ့ခိုင်မှုအပိုင်း၊ နည်းဗျူဟာပိုင်းလောက်သာ လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်ကြောင်း ခြေစစ်ပွဲများအပြီးတွင် ပြောကြားခဲ့သည်။ ခြေစစ်ပွဲတွင် ဒဏ်ရာအခြေအနေကြောင့် အဓိကတိုက်စစ်မှူးများဖြစ်သည့် ကျော်ကိုကိုနှင့်ရန်ပိုင်တို့ မပါဝင်နိုင်ချိန်တွင် နည်းပြအနေဖြင့် ကွင်းလယ်ကစားသမားများကို အားကိုးကာ တောင်ပံနှစ်ဖက်မှ အဓိကတိုက်စစ်ဆင်ကာ ဂိုးရရှိရန် ကြိုးစားသွားခဲ့သည်။

"လက်ရှိမြန်မာအသင်းမှာ ဘယ်သူက ဂိုးသွင်းနိုင်မလဲဆိုတာ အားနည်းပါတယ်။ နည်းပြကြီးအနေနဲ့ တောင်ပံကနေ ဂိုးရရှိဖို့ လုပ်တယ်ဆိုပေမယ့် ပိုပြီးလျင်မြန်တဲ့ အသင်းနဲ့တွေ့ဆုံရင် အဆင်ပြေနိုင်ပါ့မလားပေါ့။ လက်ရှိအနေအထားမှာလည်း ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းချိတ်ဆက်မှုက အားနည်းနေပါတယ်" ဟုမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုးက ပြောသည်။

ပတ်ဆောင်ဟွာအနေဖြင့် မြန်မာယူ-၂၂ အသင်းကို ကိုင်တွယ်စဉ်ကပင် ၄း၂း၃း၁ ကစားကွက်ကိုသာ အသုံးပြုခဲ့ပြီး လက်ရွေးစင်အသင်းကိုဆက်လက်ကိုင်တွယ်ချိန်တွင်လည်း အဆိုပါကစားကွက်ဖြင့်သာ ဆက်လက်အသုံးပြုခဲ့သည်။

"ဒီကစားကွက်ပုံစံက ဂိုးရနည်းနိုင်တယ်။ အလယ်တန်းအားပြုကစားတဲ့ပုံစံပေါ့။ အထောင်တိုက်စစ်မှူးကောင်းကောင်းရှိရင် အဆင်ပြေနိုင်တယ်။ နောက်အလယ်တန်းကစားသမားတွေရဲ့ ကျွမ်းကျင်မှုအပိုင်းအများကြီးလိုအပ်ပါတယ်။ လက်ရှိကစားသမားတွေရဲ့ အနေအထားအရ မရပါဘူး။ လက်ရှိမြန်မာအသင်းမှာ တစ်ဦးချင်းကျွမ်းကျင်ပြီး ထူးချွန်တဲ့တိုက်စစ်မှူးရှိမနေဘူး။ ခြေစစ်ပွဲစဉ်တွေမှာ ကိုယ့်ထက်ပါဝါအားနည်းတဲ့အသင်းနဲ့တွေ့ရင် အဆင်ပြေနိုင်ပေမယ့် ပိုအားကောင်းတဲ့အသင်းတွေနဲ့ဆို မလွယ်ပါဘူး။ လာအိုလို ဘောလုံးကိုင်ကစားတတ်တဲ့ အသင်းနဲ့တောင်မှ သိသာပါတယ်" ဟုအားကစားလေ့လာသူတစ်ဦးက သုံးသပ်သည်။

မြန်မာကစားသမားများနှင့် ရင်းနှီးသည့် ၄း၄း၂ ကစားကွက်မျိုးကို နည်းပြအနေဖြင့် ပြောင်းလဲရန် သင့်တော်နိုင်ကြောင်း ဦးဝင်းသူမိုးက အကြံပြုခဲ့ပြီး ပတ်ဆောင်ဟွာအနေဖြင့် ရှိသည့်ကစားသမားများပေါ် မူတည်ကာ ချိန်ဆနေရသည့်အတွက် ကစားကွက်အနေအထားပြောင်းလဲ၊ မပြောင်းလဲကိုမူ ဖြေကြားခြင်း မရှိခဲ့ပေ။

မြန်မာအသင်းနောက်တန်းအနေအထားမှာ ခြေစစ်ပွဲစဉ်တစ်လျှောက်တွင်ပေးဂိုးတစ်ဂိုးသာရှိခဲ့သော်လည်း ဒေသတွင်းအားနည်းသည့်ကစားသမားများကိုပင် ခက်ခဲစွာ ထိန်းသိမ်းခဲ့ရသည်။ ပတ်ဆောင်ဟွာကိုယ်တိုင် အားအနည်းဆုံးနေရာဟု ဝန်ခံထားသည့် မြန်မာနောက်တန်းအနေဖြင့် အုပ်စုအဆင့်တွင် တွေ့ဆုံရမည့်

စာ(၄၅)သို့

## ငွေရောင်မျိုးဆက် ကြယ်တစ်ပွင့်ကြွေလွင့်



ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ - ၁၂**

၉၃ ဆီးဂိမ်း ငွေတံဆိပ်ရမြန်မာ့လက်ရွေးစင်ဘောလုံးအသင်း နောက်တန်းကစားသမားဟောင်းနှင့် လက်ရှိဆောက်သမ်းမြန်မာ လက်ထောက်နည်းပြ ဦးစောဘမြင့်သည် အောက်တိုဘာလ ၁၂ ရက် နေ့လယ်ပိုင်းက အသင်းနှင့် လေ့ကျင့်ခန်းပြုလုပ်အပြီး အခန်းတွင်းနားနေချိန်၌ နှလုံးခုန်ရပ်ကာ ရုတ်တရက်လဲကျသွားခဲ့ပြီး ဆေးရုံအရောက်၌ ကွယ်လွန်သွားခဲ့သည်။

"အသင်းနဲ့ လေ့ကျင့်ခန်းလုပ်တယ်။ ပြီးတော့ အဆောင်ပြန်နားတယ်။ နည်းပြတွေနဲ့ ထိုင်စကားပြောတယ်။ နောက် ရေချိုးမယ်ဆိုပြီး အပေါ်တက်သွားတယ်။ အခန်းဖော်နည်းပြတစ်ယောက်နဲ့ စကားပြောသေးတယ်။ အဲဒီအချိန်မှာ သူ့အပ်ချုပ်စက်လေးကို မူလီကျစ်နေတယ်။ လုပ်နေရင်း ဗုန်းခနဲလဲကျသွားတာ။ နောက် ငါဘာဖြစ်တာလဲဆိုပြီး ပြန်မေးတယ်။ ပြီးတော့ စကားမေး ပြန်မရတော့ဘူး။ နီးစပ်ရာဆေးခန်းမှာ အရေးပေါ် ဆေးကုသမှုခံယူတယ်။ နောက် ရန်ကုန်ဆေးရုံကြီး အရေးပေါ် ကိုပို့တယ်။ ဟိုရောက်တော့ အသက်မရှိတော့ဘူး။ နေ့လယ် ၁၁ နာရီခွဲလောက်မှာပါ။ ကားပေါ် တောက်လျှောက်ပါလာတုန်းက သွေးခုန်နေတုန်းပါပဲ" ဟု ဆောက်သမ်းမြန်မာအသင်းစီအီးအို ဦးအောင်သူမြင့်ကပြောသည်။

ငွေရောင်မျိုးဆက်ဟု ဘောလုံးပရိသတ်များတွင် ကျော်ကြားသော ၁၉၉၃ ငွေတံဆိပ်ဆုရအသင်းတွင် ပါဝင်သော ဦးစောဘမြင့်သည် ကွယ်လွန်ချိန်၌ အသက် ၄၇ နှစ်အရွယ်ရှိပြီဖြစ်ပြီး ယခင်က နှလုံးသွေးကြောပိတ်ရောဂါကြောင့် ဆေးကုသမှုခံယူထားသူဖြစ်ကြောင်းလည်း ၎င်းကဆက်လက် ပြောသည်။ ၁၉၉၃ ခုနှစ် စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်း ငွေတံဆိပ်ရရှိစဉ်က (ဦး) စောဘမြင့်သည် မြန်မာအသင်းနောက်တန်း၌ အထူးခြေစွမ်းပြကစားခဲ့သူဖြစ်ပြီး ယင်း ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်တွင် မြန်မာအသင်း ဗိုလ်လုပွဲတက်ရန် အဆုံးအဖြတ်ပင်နယ်တီကို စင်ကာပူအသင်းဘက်သို့ ကန်သွင်းခဲ့သူလည်းဖြစ်သည်။

"ကိုယ့်အစ်ကိုလိုလည်း ဖြစ်တယ်။ အရင် ဘဏ္ဍာ/အခွန်မှာ တုန်းကလည်း တစ်သင်းတည်းဖြစ်တယ်။ ကစားသမားကောင်းလည်း ဖြစ်တယ်။ အရမ်းဝမ်းနည်းရပါတယ်။ ကိုစောဘမြင့်က စကားလည်းနည်းတယ်။ လုပ်စရာရှိတာကို ပြတ်ပြတ်သားသားလုပ်တယ်။ သူနဲ့ပတ်သက်ပြီး အမှတ်တရတွေထဲက တစ်ခုကတော့ ၉၃ ဆီးဂိမ်း အကြိုဗိုလ်လုပွဲမှာ အဆုံးအဖြတ်ပင်နယ်တီကို တကယ်တော့ ကျွန်တော်ကန်ရမှာ။ ဒါပေမဲ့ အသင်းအတွက်လည်း အရေးကြီးတယ်။ တိုက်စစ်မှူးတွေက ပင်နယ်တီဆို လွဲတတ်တာမျိုးတွေရှိတယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိ ဖြစ်နေတဲ့အချိန်မှာ နည်းပြကို သူကန်မယ်ဆိုပြီး ဗိုလ်လုပွဲတက်ခဲ့တာပါ" ဟုမြန်မာ့လက်ရွေးစင် ကစားသမားဟောင်း ဦးမျိုးလှိုင်ဝင်းက ဆိုသည်။

"သူငယ်ချင်းကောင်းတစ်ယောက် ရုတ်တရက်ဆုံးရှုံးသွားတယ်။ နောက် ဘောလုံးလောကအတွက် လုပ်မယ့်လူတစ်ယောက် ဆုံးရှုံးသွားတယ်ဆိုတော့ အတိုင်းမသိ အရမ်းဝမ်းနည်းရပါတယ်။ စိတ်ရင်းသဘောကောင်းတဲ့သူဖြစ်တယ်။ နောက်တန်း အရမ်းအားထားရတယ်။ ဒီခေတ်မှာ ကစားသမားတွေအတွက် အတုယူနိုင်မယ့်သူတစ်ယောက် အခုဆိုရင် သူ့ရဲ့ပညာတွေမပေးနိုင်တော့ဘူးပေါ့။ ဆုံးရှုံးမှုတစ်ခုပါ" ဟု လက်ရွေးစင်ကစားသမားဟောင်း ဦးတင်မြင့်အောင်က ဆိုသည်။

ဦးစောဘမြင့်သည်မြန်မာ့လက်ရွေးစင်အသင်းတွင် စိုးနိုင်(ရေနံ) နှင့်တွဲဖက်ကစားခဲ့ပြီး ၎င်းတို့နှစ်ဦး၏ အလယ်နောက်ခံနေရာမှာ ပြိုင်ဘက်အသင်းများအတွက် ကျောက်ဆောင်ကြီးသဖွယ်ဖြစ်ခဲ့သည်။



## ပြည်တွင်းကစားသမားများ၏ ခြေစွမ်းကိုသာ ကြည့်ရမည့် ဖူဆယ်လိဂ်



ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ - ၁၁**

ယခုနှစ် ဖူဆယ်လိဂ်ပြိုင်ပွဲတွင်လည်း ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ပြည်ပကစားသမားများခေါ်ယူအသုံးပြုမှုမရှိသေးဘဲ ပြည်တွင်းဖူဆယ်ကစားသမားများ၏ ခြေစွမ်းကိုသာ ကြည့်ရှုရမည်ဖြစ်သည်။

ဒုတိယအကြိမ်မြောက် ပြိုင်ပွဲဖြစ်သော ၂၀၁၂ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် AYA ဖူဆယ်လိဂ်ကို အောက်တိုဘာလ ၂၃ ရက်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၂)လှိုင်၌ စတင်ကျင်းပသွားမည်ဖြစ်ပြီး စုစုပေါင်းရှစ်သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်တစ်သင်းလျှင် အာရှကစားသမားနှစ်ဦး အသုံးပြုခွင့်ပေးထားသော်လည်း အသင်းများအနေဖြင့် ပြည်တွင်းကစားသမားများကိုသာ အသုံးပြုယှဉ်ပြိုင်သွားမည်ဟု သိရှိရပြီး ပြည်ပဖူဆယ်ကစားသမားများ၏ ခြေစွမ်းကို ယခုနှစ်ပြိုင်ပွဲတွင်လည်း တွေ့မြင်ရမည်မဟုတ်ပေ။ ယခင်နှစ်ပြိုင်ပွဲတွင်လည်း ပြိုင်ပွဲဝင်အသင်းများသည် ပြည်တွင်းကစားသမားများကိုသာ အသုံးပြုခဲ့ကြသည်။

"အောက်တိုဘာ ၁၇ရက်မှာ ပြိုင်ပွဲဝင်အသင်းတွေရဲ့ မဲခွဲပွဲရှိပါတယ်။ လောလောဆယ်တော့ အသင်းရှစ်သင်း စာရင်းရထားပါတယ်။ အသင်းတွေရဲ့ ကစားသမားစာရင်းတွေကို မဲခွဲပွဲနေ့ကျမှ အတိအကျသိရမှာဖြစ်ပေမယ့် ဒီနှစ်လည်း ပြည်ပကစားသမားခေါ်ယူမှုသတင်း မကြားရပါဘူး" ဟု မြန်မာနိုင်ငံဖူဆယ်လိဂ်ကော်မတီ တာဝန်ရှိသူတစ်ဦးကပြောသည်။

## ရှုံးထွက်ဖလားမှ အေစီအီးအသင်းနုတ်ထွက်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊**
**အောက်တိုဘာ -၁၁**

ပြိုင်ပွဲဝင်နှစ်သင်းကိုပိုင်ရှင်တစ်ဦးတည်း ပိုင်ဆိုင်မှုကြောင့် ဘောလုံးအဖွဲ့ချုပ် ရှုံးထွက်ဖလားပြိုင်ပွဲ MFF Digicel Cup 2012 မှ အေစီအီးအသင်းနုတ်ထွက်သွားကြောင်း သတင်းရရှိသည်။

ထို့ကြောင့် ပြိုင်ပွဲအားအသင်းစုစုပေါင်း ၁၅ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ယခင်ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် အေစီအီးအသင်းမှာ နေပြည်တော်အသင်းနှင့် ပိုင်ရှင်တစ်ဦးတည်းဖြစ်သောကြောင့် ပါဝင်ယှဉ်ပြိုင်ခြင်းပြုတော့မည် မဟုတ်ကြောင်း ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူကပြောသည်။

"အရင်က အေစီအီးအသင်းအနေနဲ့ အသင်းပိုင်ရှင်ပြောင်းလဲဖို့ကြိုးစားနေတယ်ဆိုတာသိရပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်ထိတော့ ဒီနှစ်သင်းက ပိုင်ရှင်တစ်ဦးတည်း ဖြစ်နေသေးတဲ့ အတွက် ဖီဖာရဲ့ စည်းမျဉ်းတွေအရ ပြိုင်ပွဲတစ်ခုမှာ ပိုင်ရှင်တစ်ဦးတည်းက အသင်းနှစ်သင်း ပါဝင်ယှဉ်ပြိုင်ခွင့်မရှိတာကြောင့် အဖွဲ့ချုပ်မှာ အစည်းအဝေးလုပ် ညှိနှိုင်းပြီး အေစီအီးအသင်းက နုတ်ထွက်သွားတာဖြစ်ပါတယ်"ဟု ဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူတစ်ဦးကပြောသည်။

**MFF Digicel Cup 2012 ရှုံးထွက်ပွဲစဉ်များ**

| | | | | |
|---|---|---|---|---|
| ၁၇-၁၁-၂၀၁၂ | ရခိုင်ယူနိုက်တက် | - | ဇွဲကပင် | (သုဝဏ္ဏ) |
| ၁၇-၁၁-၂၀၁၂ | ဧယျာရွှေမြေ | - | မောရဝတီ | (မုံရွာ) |
| ၁၈-၁၁-၂၀၁၂ | ရန်ကုန်ယူနိုက်တက် | - | မကွေး | (YUSC) |
| ၁၈-၁၁-၂၀၁၂ | ကမ္ဘောဇ | - | ချင်းယူနိုက်တက် | (ကမ္ဘောဇ) |
| ၁၈-၁၁-၂၀၁၂ | ဧရာဝတီ | - | မြဝတီ | (အောင်ဆန်း) |
| ၁၉-၁၁-၂၀၁၂ | ရတနာပုံ | - | မနောမြေ | (ဗထူး) |
| ၁၉-၁၁-၂၀၁၂ | ဟံသာဝတီ | - | ဆောက်သမ်းမြန်မာ | (သုဝဏ္ဏ) |

## တွေ့မရှောင်နှင့် သတ္တိအောင် မကျေပွဲနွှဲမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ - ၁၃**


ပြည်နယ်နှင့် တိုင်းရွှေတံဆိပ်ဆုရှင်နှင့် ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင်နှင့် ဒငုံရွှေအောင်လံဆုနှင့် ရွှေခါးပတ်ချန်ပီယံ သတ္တိအောင်တို့၏ အထူးပွဲစဉ်အပါအဝင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲစဉ်စုစုပေါင်း ကိုးပွဲကို အောက်တိုဘာ ၂၅ ရက်တွင် မျှော်စင်ကျွန်း၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုပွဲစဉ်သည် တွေ့မရှောင်နှင့်သတ္တိအောင်တို့၏ တတိယအကြိမ်မြောက် တွေ့ဆုံမှုဖြစ်လာမည်ဖြစ်ပြီး ပထမနှစ်ကြိမ်တွင် တစ်ပွဲသရေနှင့် တွေ့မရှောင်က တစ်ပွဲအနိုင်ရရှိခဲ့ဖူးသည်။ ၎င်းတို့နှစ်ဦးစလုံးသည် ပြီးခဲ့သည့် အောက်တိုဘာ ၇ ရက်က ပြိုင်ဘက်ဖိလစ်ပိုင်လက်ဝှေ့သမားများကို အလဲထိုးအနိုင်ယူထားသူများဖြစ်သည်။

အခြားငါးချိန်စိန်ခေါ်ပွဲများတွင် ကညောဖိုးနှင့် ရဲမြင့်အောင်၊ ဆတ်ထူးအောင်နှင့် လှစ်လှစ်ကလေး၊ ဝီလျံနှင့် ရွှေဖလား၊ ကညောထူးနှင့် စောဂေါ်မူဒို၊ စောလှကြည်ထူးနှင့် ဒေါင်းသည်းခြေ၊ ပဲပြားမောင်မောင်နှင့် ထက်အောင်ဦးတို့၏ ပွဲစဉ်များပါဝင်မည်ဖြစ်သည်။ လေးချီအထူးပွဲစဉ်တွင် စောမင်းအောင်နှင့် ခွန်ရှိုင်းထက်၊ နောင်လုံမင်းနှင့် ဇွဲမောင်မောင်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

"ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့်ပြည်တွင်းလက်ဝှေ့သမားတွေကနိုင်ငံတကာ အတွေ့အကြုံရှိပြီး နာမည်ရပြီးသားသူတွေချည်းပါပဲ။ တစ်ပွဲတည်းနဲ့ နာမည်ရလက်ဝှေ့သမားတွေရဲ့ လက်ရည်ကိုမြင်တွေ့ရမှာပါ။ ပြည်တွင်းလက်ဝှေ့သမားတွေ ပါဝင်တဲ့ ပြိုင်ပွဲတွေမှာ ဒီပွဲက ထိုးကြေးအများဆုံးဖြစ်မှာပါ" ဟုပွဲစီစဉ်သူများတွင် ပါဝင်သည့် မြန်မာမီဒီယာဂရုပ်မှ ဦးမာဂျေက ဆိုသည်။

ညနေ ၆ နာရီတွင် စတင်မည့် အဆိုပြိုင်ပွဲ၏ လက်မှတ်နှုန်းထားများကို ကျပ် ၁၀,၀၀၀ နှင့် ကျပ် ၇,၀၀၀ သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များကို ဖုန်း ၀၁-၈၆၀၃၈၁၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။



7 ရက် သတင်းဂျာနယ် DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# စပါး-ချယ်လ်ဆီး လန်ဒန်ဒါဘီနှင့် လာဇီယို-မီလန်၊ ဒီပို့တီဗို-ဘာစီလိုနာ ဥရောပလိဂ်ပွဲစဉ်များ ခန့်မှန်းချက်




■ ကိုအေးမြတ်

ဒီတစ်ပတ်ရဲ့ ဥရောပလိဂ်ပြိုင်ပွဲတွေကတော့ ပွဲစဉ် (၈) ကိုအသီးသီးရောက်ရှိလာခဲ့ပြီး စီးရီးအေနဲ့ လာလီဂါပွဲစဉ်တွေကတော့ ပထမနဲ့ဒုတိယအမှတ်တူအသင်းတွေ ချည်းဖြစ်နေတာမို့ ရှုန်းကန်ကစားသွားကြဖို့များပါတယ်။ ဒါ့ကြောင့် အကြိတ်အနယ်ရှိလာနိုင်တဲ့ဥရောပလိဂ် ၁၀ ပွဲကို ရွေးချယ်ခန့်မှန်းပေးလိုက်ရပါတယ်။

ပရီးမီးယားလိဂ်

**အောက်တိုဘာ ၂၀၊ စနေ။**

**စပါး - ချယ်လ်ဆီး**

(ညနေ ၆း၁၅ နာရီ)

ယမန်နှစ်ရလဒ် - ၁-၁

မနှစ်ကနှစ်ကျော့စလုံးသရေကျခဲ့တာ သတိထားစေချင်ပါတယ်။ စပါး-ချယ်လ်ဆီးလန်ဒန်ဒါဘီပွဲဟာမြို့ခံအသင်း အချင်းချင်းတွေမို့ဒီပွဲလည်း အကြိတ်အနယ်ကစားသွားမှာပါ။ ပြီးလအတွင်း အက်ဖ်အေဖလားမှာချယ်လ်ဆီးနိုင်ခဲ့ပေမယ့်နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ သရေသုံးကြိမ်၊ ချယ်လ်ဆီးနှစ်ကြိမ်နိုင်ထားတယ်။ သရေဖြစ်ဖို့ရှိသလို ချယ်လ်ဆီးကပ်နိုင်ဖို့လည်းရှိတယ်။ ဂိုးနည်းပါမယ်။

**မန်ယူ - စတုတ်စီးတီး**

(ည ၈း၃၀ နာရီ)

ယမန်နှစ်ရလဒ် - ၂-၀

စတုတ်ဟာ ကစားရခက်တဲ့အသင်းဖြစ်ပေမဲ့ မန်ယူတို့အိမ်ကွင်းရလဒ်ကောင်းနေတာမို့ အိမ်ရှင်ဘက်က တစ်ဂိုးအသာနဲ့ နေသင့်ပါတယ်။ သရေဖြစ်နိုင်ခြေနည်းပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့မန်ယူနိုင်ပါမယ်။

**ဝက်စ်ဘရွန်း - မန်စီးတီး**

(ည ၈း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၀-၀

ဝက်စ်ဘရွန်းတို့ အိမ်ကွင်းနိုင်ပွဲတောက်လျှောက်ရနေတယ်။ မန်စီးတီးအဝေးကွင်းရှုံးပွဲမရှိသေးပေမယ့် ကြိုးစားကစားမှ အနိုင်သုံးမှတ်ရမယ်။ မန်စီးတီးအနိုင်ဆိုပေမယ့်နှစ်ဂိုးထက်ပိုရဖို့မရှိပါဘူး။

**အောက်တိုဘာ ၂၁၊ တနင်္ဂနွေ**

**ဆန်းဒါးလန်း - နယူးကာဆယ်**

(ည ၇း၀၀ နာရီ)

ယမန်နှစ်ရလဒ် - ၀-၁

အဝေးကွင်းရှုံးပွဲများနေတဲ့ နယူးကာဆယ်တို့ အိမ်ကွင်းရလဒ်မကောင်းသေးတဲ့ ဆန်းဒါးလန်းကို လာတွေ့တာပါ။ အပြန်အလှန်သွင်းဂိုးတွေနဲ့ နယူးကာဆယ်နိုင်ခြေများတယ်။

အီတလီစီးရီးအေ

**အောက်တိုဘာ ၂၀၊ စနေ**

**ဂျူဗင်တပ် - နာပိုလီ**

(ည ၁၀း၃၀ နာရီ)

ယမန်နှစ်ရလဒ် - ၃-၀

ဇယားကိုဦးဆောင်နေတဲ့ နှစ်သင်းတွေ့တဲ့ ပွဲပါပဲ။ အဝေးကွင်းရှုံးပွဲမရှိသေးတဲ့ နာပိုလီတို့ ဂျူဗင်တပ်ကို ဒုက္ခပေးနိုင်ပါတယ်။ နာပိုလီတိုက်စစ်ကို သတိထားရမှာဖြစ်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ ဂျူဗင်တပ်ကပ်နိုင်ခြေရှိတယ်။ နှစ်သင်းပေါင်း သွင်းဂိုးများနိုင်ပါတယ်။

**အောက်တိုဘာ ၂၁၊ တနင်္ဂနွေ**

**လာဇီယို - မီလန်**

(နံနက် ၁း၁၅ နာရီ)

ယမန်နှစ်ရလဒ် - ၂-၀

လာဇီယိုအိမ်ကွင်းမှာ မီလန်တို့ အနိုင်မရတာကြာပါပြီ။ လာဇီယိုရဲ့ဂျာမန်တိုက်စစ်မှူး ကလိုဆေးခြေစွမ်းပြနေပြီး မီလန်ရဲ့ မွန်တိုလီဗို၊ ဒီဂျောင်အီမန်နျူရယ်ဆန်တို့ အလယ်တန်းဘောလုံးကိုင်ကစားဖို့မလွယ်လှဘူး။ လာဇီယိုကပ်နိုင်ခြေရှိပြီး မီလန်အမြင့်ဆုံးသရေဖြစ်ဖို့များနေပါတယ်။

**အင်တာမီလန် - ကာတာနီးယား**

(ည ၇း၃၀ နာရီ)

ယမန်နှစ်ရလဒ် - ၂-၂

အင်တာတို့ကာဆာနို၊ မီလီတို့တိုက်စစ်အတွဲနဲ့ပဲ ပွဲထွက်လာဖွယ်ရှိတယ်။ ကာတာနီးယားတို့ အဝေးကွင်းနိုင်ပွဲမရှိသေးတာမို့ အင်တာဘက်ပဲ အားပေးရမှာပါ။ အင်တာနှစ်ဂိုးလောက်ရနိုင်တယ်။

လာလီဂါ

**အောက်တိုဘာ ၂၀၊ စနေ**

**ရီးရဲလ်မက်ဒရစ် - ဆယ်လ်တာဗီဂို**

(ည ၁၀း၃၀ နာရီ)

ယမန်နှစ်ရလဒ် -

အဝေးကွင်းရှုံးပွဲတချို့ကြောင့် အမှတ်သိပ်မရခဲ့ပေမယ့် ရီးရဲလ်တို့ ဒီပွဲမှာအောင်ပွဲခံပါလိမ့်မယ်။ အိမ်ကွင်းသွင်းဂိုးများနေတဲ့ ရီးရဲလ်တို့ နှစ်ဂိုးလောက် ရသွားပါလိမ့်မယ်။

**အောက်တိုဘာ ၂၁၊ တနင်္ဂနွေ**

**ဒီပို့တီဗို - ဘာစီလိုနာ**

(နံနက် ၂း၃၀ နာရီ)

ယမန်နှစ်ရလဒ် - ၀-၄

နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ ဘာကာသုံးပွဲနိုင်၊ နှစ်ပွဲသရေကျခဲ့တယ်။ ဧည့်သည်ဘာစီလိုနာတို့ မက်ဆီ၊ ဖာဘရီဂတ်စ်၊ ပက်ဒရို၊ ဇာဗီ၊ အင်နီယေစတာတို့နဲ့ပဲ ပွဲထွက်ဖို့များတယ်။ ဘာစီလိုနာနှစ်ဂိုးလောက်ရနိုင်ပါတယ်။

**အောက်တိုဘာ ၂၂၊ တနင်္လာ**

**အိုဆာဆူနာ - ရီးရဲလ်ဘက်တစ်**

(နံနက် ၀၀း၂၀ နာရီ)

ယမန်နှစ်ရလဒ် - ၂-၁

ဇယားအောက်က အိုဆာဆူနာတို့ဘက်တစ်ကိုနိုင်ဖို့မလွယ်ဘူး။ အဝေးကွင်းဆိုပေမဲ့ ဘက်တစ်ကိုပဲ ဂိုးအနည်းနဲ့ အားပေးသင့်တယ်။



7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012




Photo - AFP

## ဟန့်တားစစ်ဆေးခဲ့သော လေယာဉ်အရေးနှင့် ပတ်သက်၍ တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့် ကုလကိုယ်စားလှယ် ဆွေးနွေး

**အစ္စတန်ဘူးလ်၊ အောက်တိုဘာ - ၁၃**

ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် လက်ဒါဘရာဟီမီသည် ၁၉ လကြာ မြင့်လာခဲ့ပြီဖြစ်သော ဆီးရီးယားပြည်တွင်းစစ်အရေးအား တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒါဗူတိုဂလူနှင့် သွားရောက်ဆွေးနွေးကြောင်း သိရသည်။

မစ္စတာ ဘရာဟီမီသည် ဆော်ဒီအာရေးဗီးယားနိုင်ငံမှတစ်ဆင့် တူရကီနိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာလ ၁၀ ရက်က မော်စကိုမြို့မှ ဒမတ်စကပ်စ်သို့ ပျံသန်းလာသော ဆီးရီးယားခရီးသည်တင်လေယာဉ်တစ်စီးအား တူရကီကကြားမှ ဖြတ်ထား၍ စစ်လက်နက်ပစ္စည်းများဟုဂုင်းယူဆသော အရာများကို သိမ်းဆည်းခဲ့သည်။

ယင်းကိစ္စကိုဆီးရီးယားနိုင်ငံက လေပေါ်တွင် ပြန်ပေးဆွဲမှုအဖြစ် ရှုတ်ချပြောဆိုခဲ့သည်။ ရုရှားအစိုးရကလည်းလေယာဉ်ပေါ်တွင် ပါသောပစ္စည်းများမှာ နိုင်ငံတကာ ဥပဒေနှင့် ကိုက်ညီသော ရေဒါ အစိတ်အပိုင်းများဖြစ်သည်ဟု ပြောကြားသည်။

မစ္စတာဒါဗူတိုဂလူသည်ဆီးရီးယားအကျပ်အတည်းနှင့် ပတ်သက်၍ အာရပ်ခေါင်းဆောင်များနှင့် အစ္စတန်ဘူလ်မြို့၌ သီးခြားတွေ့ဆုံရန်ရှိပြီး ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဂိုင်ဒိုဝက်စတာဝယ်လ်နှင့်လည်းတွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

—*Ref: AP*

## အီဂျစ်နိုင်ငံတွင် သမ္မတအပေါ် ထောက်ခံသူများနှင့် ဆန့်ကျင်သူများကြား ရင်ဆိုင်တိုက်ခိုက်မှုများ ဖြစ်ပွား

**ကိုင်ရို၊ အောက်တိုဘာ - ၁၃**

အီဂျစ်နိုင်ငံတွင် ပြီးခဲ့သည့် ဇွန်လကုန်ပိုင်းကသမ္မတမိုဟာမက်မော်စီ နိုင်ငံ့ခေါင်းဆောင်ဖြစ်လာပြီးနောက်ပိုင်း ကိုင်ရိုမြို့၌ အဆိုးရွားဆုံး ရင်ဆိုင်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ရာ လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မစ္စတာမော်စီအား ထောက်ခံသူများနှင့် ဆန့်ကျင်သူများအကြားတာရာရင်ပြင်တွင် တစ်ဖက်နှင့်တစ်ဖက်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ အီဂျစ်နိုင်ငံ၏ အစိုးရရှေ့နေချုပ်အား မစ္စတာမော်စီကဖယ် ရှားရန် ကြိုးပမ်းခဲ့ပြီးနောက် အီဂျစ်တရားသူကြီးများ၏ ဝေဖန်မှု များထွက်ပေါ်ခဲ့ပြီး တင်းမာမှုများမြင့်တက်လာသည်။

ယမန်နှစ် လူထုအုံကြွမှုအတွင်းကန့်ကွက်ဆန္ဒပြသူများအား တိုက်ခိုက်ခဲ့သည်ဟု စွပ်စွဲခံရသူ ၂၄ ဦးအား တရားသေလွှတ်ခဲ့ခြင်းရှိခဲ့ပြီးနောက် မစ္စတာမော်စီက နိုင်ငံ၏ ဖမ်းဆီးရေးအရာရှိချုပ်အား ဖယ်ရှားရန်ကြိုးပမ်းခဲ့ခြင်းဖြစ် သည်။

တစ်ဖက်နှင့်တစ်ဖက် လူထုချီတက်ပွဲများ အပြိုင်ပြုလုပ်နေစဉ် သမ္မတအား ထောက်ခံသူများက သမ္မတအား ဝေဖန်ပြောကြားသည့်အဖွဲ့၏ စင်မြင့်တစ်ခုအားဝင်ရောက်စီးနင်းရာမှ တိုက်ခိုက်မှုများ စတင်ခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်သက်သေများက ပြောကြားသည်။

ကန့်ကွက်ဆန္ဒပြသူများသည် တစ်ဖက်နှင့်တစ်ဖက် ကျောက်ခဲများ၊ ပုလင်းများ၊ မီးရှို့ထားသောရေနံဆီပုလင်းများဖြင့် ပစ်ပေါက်ခဲ့ကြကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ယင်းတိုက်ခိုက်မှုများအတွင်း ထိခိုက်ဒဏ်ရာရရှိသူ ၁၁၀ ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနကပြောကြောင်း အီဂျစ်နိုင်ငံပိုင်ရုပ်သံက ကြေညာခဲ့သည်။

—*Ref: BBC*

## အမေရိကန် ဒုသမ္မတ စကားစစ်ထိုးပွဲတွင် မစ္စတာဘစ်ဒန် အသာစီးရခဲ့

**ဝါရှင်တန်၊ အောက်တိုဘာ - ၁၃**

စက်တင်ဘာ ၁၁ ရက် ညပိုင်းက ပြုလုပ်ခဲ့သည့် အမေရိကန်နိုင်ငံသမ္မတရွေးကောက်ပွဲအကြို ဒုတိယသမ္မတများ၏ စကားစစ်ထိုးပွဲတွင် ဒီမိုကရက်တစ်ပါတီကိုယ်စားပြု လက်ရှိဒုတိယသမ္မတ မစ္စတာဂျိုးဘစ်ဒန်က ရီပက်ဘလေကန်ပါတီကိုယ်စားပြုစိန်ခေါ်မည့်သူ မစ္စတာပေါလ်ရိုင်ယန်အပေါ် အသာစီးရရှိခဲ့သည်ဟု Reuters/ Ipsos စစ်တမ်းတစ်ရပ်က တွေ့ရှိခဲ့သည်။

အားကြိုးမာန်တက်ငြင်းခုံဆွေးနွေးခဲ့သူ မစ္စတာဘစ်ဒန်သည် တရားဝင်စာရင်းသွင်းထားသည့် မဲဆန္ဒရှင်များ၏ သဘောထားခံယူချက်၌ ၄၂ ရာခိုင်နှုန်း၊ ၃၅ ရာခိုင်နှုန်းဖြင့် ခုနစ်မှတ်ခန့် မစ္စတာပေါလ်ရိုင်ယန်အပေါ် အသာစီးရရှိခဲ့သည်။ ပါတီစွဲမရှိသူများကြားတွင်လည်း အလားတူအသာစီးရရှိခဲ့သည်။

မစ္စတာဘစ်ဒန်၏ ရလဒ်မှာ ပထမအကြိမ် စကားစစ်ထိုးပွဲပြုလုပ်ပြီးနောက်ပိုင်း လူထုစစ်တမ်းများ၌ သမ္မတအိုဘားမားတစ်ယောက် မစ္စတာရွမ်းနေနောက်ရောက်ရှိနေခြင်းကို ကူညီကုစားပေးနိုင်လိမ့်မည်ဟု ဒီမိုကရက်တစ်များက မျှော်လင့်နေကြသည်။ အောက်တိုဘာလ ၁၁ ရက်က ပြုလုပ်ခဲ့သည့် Reuters/ Ipsos စစ်တမ်းမှာပင်နိုင်ငံတစ်ဝန်းသဘောထားခံယူချက်များ၌ မစ္စတာရွမ်းနေက သမ္မတအိုဘားမားအပေါ် ၄၇ ရာခိုင်နှုန်း၊ ၄၄ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေကြောင်း သိရသည်။

—*Ref: Reuters*




7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# အီရန်အပေါ် ပိတ်ဆို့တားဆီးမှုအသစ်များ အီးယူထပ်မံချမှတ်

**လူဇင်ဘာ့ဂ်၊ အောက်တိုဘာ - ၁၃**

ဥရောပသမဂ္ဂ အစိုးရအဖွဲ့များသည် နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အီရန်နိုင်ငံအပေါ် ပိုမို ဖိအားပေးနိုင်ရန်အတွက် အောက်တိုဘာလ ၁၅ ရက်တွင် အီရန်၏ ဘဏ်လုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် သဘောလုပ်ငန်းများအပေါ် အရေးယူမှုအသစ်များ ထပ်မံချမှတ်လိုက်သည်။

ယင်းပိတ်ဆို့တားဆီးမှု အသစ်များမှာ ယခုအချိန်အထိ ဥရောပသမဂ္ဂက အီရန်အပေါ် ချမှတ်သည့် ပိတ်ဆို့မှုများတွင် အပြင်းထန်ဆုံးဖြစ်ပြီး နျူကလီးယားနှစ်ဖက်ရင်ဆိုင်မှုအား စိုးရိမ်မှုများရှိနေစဉ် ပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန်ကမူ ၎င်း၏ နျူကလီးယားလုပ်ငန်းတွင် ငြိမ်းချမ်းသောရည်ရွယ်ချက်များသာရှိကြောင်း အခိုင်အမာပြောကြားပြီး ဧပြီလမှစ၍ ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲသုံးကြိမ်စလုံး၌ နျူလုပ်ငန်းများလျှော့ချရေးကို ငြင်းဆန်ခဲ့သည်။ စီးပွားရေးပိတ်ဆို့မှု အဓိကအချက်များကို ဖယ်ရှားမပေးပါက နျူလုပ်ငန်းများ လျှော့မချနိုင်ဟု အီရန်က ပြောကြားသည်။

သို့သော် ဥရောပနိုင်ငံများနှင့် အမေရိကန်က ပိတ်ဆို့မှုများကို ဖယ်ရှားမပေးခဲ့ဘဲ နျူအငြင်းပွားမှုမှနေ၍ အရှေ့အလယ်ပိုင်းဒေသမှာ စစ်ပွဲအသစ်တစ်ရပ်အတွင်း ကျရောက်မည်ဟုစိုးရိမ်မှုများမြင့်တက်လာပြီး အီရန်နိုင်ငံအပေါ်လည်း ဘဏ္ဍာရေးတင်းကျပ်မှုများပိုမိုလုပ်ဆောင်ခဲ့သည်။

"လွန်ခဲ့တဲ့လအနည်းငယ်အတွင်း အီရန်ကအရေးပါတဲ့ ဘယ်ကိစ္စကိုမှ အလျှော့မပေးခဲ့ပါဘူး။ ဒါ့ကြောင့် ပိတ်ဆို့တားဆီးမှုတွေထပ်လုပ်ပြီး ပိုမိုဖိအားပေးရတာဖြစ်ပါတယ်" ဟုဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဂိုင်ဒိုဝက်စတာဝယ်လ်က ဘာလင်မြို့တွင် ပြောကြားသည်။

ဥရောပသမဂ္ဂဝန်ကြီးများသည် လူဇင်ဘာ့ဂ်နိုင်ငံ မြို့တော်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

*—Ref: Reuters*

## နောက်ကျောဖုံး - ဩစတြီးယား လေထီးခုန်သမား အသံထက်မြန်သည့်နှုန်းဖြင့် အာကာသထဲမှခုန်ချကာ ကမ္ဘာ့စံချိန်သစ်တင် မှ



Photo - AFP

လေထီးခုန်စဉ်ဆောင်းထားသည့် ဟဲလ်မက်ဦးထုပ်တွင်ပြဿနာရှိခဲ့သော်လည်း ဘောင်ဂတ်တနာက "ဒီနေ့လိုမျိုး ကိုယ်ကောင်းကောင်း စလုပ်နိုင်တဲ့နေ့မျိုးမှာတောင် အဖုအထစ်တစ်ခုက ရှိခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံးတော့ ကျွန်တော် ခုန်ဆင်းဖို့ဆုံးဖြတ်ခဲ့ပါတယ်" ဟု ပြောသည်။

ဘောင်ဂတ်တနာသည်လေထီးခုန်ဆင်းစဉ် တစ်နာရီလျှင် ၈၃၃ ဒသမ ၉ မိုင် (၁,၃၄၂ ကီလိုမီတာ)နှုန်းဖြင့် ကျဆင်းခဲ့ရာ အသံထက်မြန်သည့်နှုန်းဖြစ်ခဲ့ပြီး ကမ္ဘာ့စံချိန်သစ်ရခဲ့သည်။

၎င်းသည် ယခုအချိန်အထိ လေထီးခုန်ခြင်းနှင့် ပတ်သက်၍ အမြင့်ဆုံးနေရာမှလေထီးခုန်ဆင်းမှု၊ အမြန်ဆုံးနှုန်းဖြင့်ခုန်ဆင်းနိုင်မှု၊ မီးပုံးပျံဖြင့် အမြင့်ဆုံးနေရာ၌ပျံသန်းနိုင်ခဲ့သော လူသားဟူသည့် ကမ္ဘာ့စံချိန်သုံးခုတင်နိုင်ခဲ့သည်။ ၎င်း၏ ယခုအသံထက်မြန်နှုန်းဖြင့် လေထီးခုန်ဆင်းမှုသည် အမေရိကန်လေယာဉ်မှူး ချက်ယိတ်ဂါ အသံထက်မြန်နှုန်းဖြင့် လေယာဉ်မောင်းနှင်နိုင်မှု ၆၅ နှစ်ပြည့်ကာလနှင့် တိုက်ဆိုင်နေသည်။

*—Ref: CNA*







C'CARE

စက်တင်ဘာလအတွက် အပိုဆုပေါက်မဲများ

စက်တင်ဘာလ ပေါက်မဲများအား ၂၀-၁၁-၂၀၁၂ နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ တိုက်ရိုက် (သို့) ဝယ်ယူခဲ့သည့်ဆိုင်မှတစ်ဆင့် ပေါက်မဲကူပွန်နှင့်မှတ်ပုံတင်တို့အား ပူးတွဲတင်ပြ၍ ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

၂၀၀၀ ကျပ်နှင့်အထက် C'CARE ပစ္စည်း(၁)ဘူး ဝယ်ရုံနဲ့

ငွေကျပ် တစ်သန်း (၁,၀၀၀,၀၀၀) ရနိုင်မည့် အခွင့်အရေး

ကံစမ်းမဲကာလ (၂၀၁၂ ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ နှင့် အောက်တိုဘာလ)

| ကံစမ်းမဲအမှတ် | သုံးစွဲသူအမည် (မှတ်ပုံတင်အမှတ်)၊ မြို့။ | ဝယ်ယူသည့်ဆိုင်အမည်၊ မြို့။ |
|---|---|---|
| 48456 | မဏ္ဍာခိုင် (၁၃/ကလန(နိုင်)၀၅၇၅၇၀)၊ ရန်ကုန်။ | Super 1 (ကျိုက္ကဆံ)၊ ရန်ကုန်။ |
| 29803 | မတင်တင်ညွန့် (၁၃/တကန(နိုင်)၁၄၃၅၁၉)၊ တောင်ကြီး။ | Fashion စတိုး၊ တောင်ကြီး။ |
| 32616 | မလဲ့ရည်မွန် (၉/ပဥလ(နိုင်)၀၀၁၆၀၆)၊ ရန်ကုန်။ | Gandamar Retail & Whole Sales Center၊ ရန်ကုန်။ |
| 02681 | မောင်ကွမ်ဂျာ (၁/မကန(နိုင်)၁၆၁၃၃၈)၊ မြစ်ကြီးနား။ | အန်တီသန်း ကုန်စုံဆိုင်၊ မြစ်ကြီးနား။ |
| 45125 | ကိုခင်မောင်အေး (၁/ကမန(နိုင်)၀၂၅၁၀၀)၊ ဖားကန့်။ | သိန်းမေတ္တာ စတိုး၊ ဈေးချို၊ မန္တလေး။ |
| 30940 | မခင်ခင်လေး (၁၂/မရက(နိုင်)၁၂၁၁၃)၊ ရန်ကုန်။ | City Mart (Myay Ni Gone)၊ ရန်ကုန်။ |
| 16551 | ဒေါ်သိန်းသိန်း (ပြုလုပ်ဆဲ)၊ သန်လျင်။ | ရွှေကိန္နရီ (၂)၊ သန်လျင်။ |
| 31620 | မယဉ်ငြိမ်းငြိမ်းအေး (၁၂/သကတ(နိုင်)၁၂၆၃၇၁)၊ ရန်ကုန်။ | Capital Hyper Mart၊ ရန်ကုန်။ |
| 20060 | မစုစုမာ (၁၂/ကမန(နိုင်)၀၃၂၅၄၀) တမူး။ | သိန်းမေတ္တာ စတိုး၊ ဈေးချို၊ မန္တလေး။ |

သုံးစွဲသူများအတွက်

| | | | |
|---|---|---|---|
| ကျပ် | (၁,၀၀၀,၀၀၀) | ဆု | (၁)ဆု |
| ကျပ် | (၅၀၀,၀၀၀) | ဆု | (၂)ဆု |
| ကျပ် | (၃၀၀,၀၀၀) | ဆု | (၃)ဆု |
| ကျပ် | (၁၅၀,၀၀၀) | ဆု | (၅)ဆု |
| ကျပ် | (၁၀၀,၀၀၀) | ဆု | (၇)ဆု |
| ကျပ် | (၇၀,၀၀၀ တန် C'CARE ပစ္စည်းများ) | | (၉)ဆု |

ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများအတွက် အပိုဆုများ
လစဉ် ကျပ် (၁၀၀,၀၀၀)ဆု(၇)ဆု

ရောင်းချသူများအတွက်
အထက်ပါ ဆုအရေအတွက်များအတိုင်း ဆုတန်ဘိုး၏ ထက်ဝက်

NEW LINK MARKETING LTD.
ရန်ကုန် ❖ အမှတ် (3-G)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်။ ဖုန်း ၀၁-၅၇၂၃၄၀၊ ၀၉-၇၃၁၄၇၉၃၉
မန္တလေး ❖ အမှတ် (တ-၁)၊ သဇင်လမ်းနှင့် ခရေလမ်းထောင့်၊ ၆၄×၆၅ ကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်။
ဖုန်း ၀၉-၇၃၂၅၁၉၂၅၊ ၀၉-၄၀၂၅၇၁၈၆၉

# တူရကီက ဆီးရီးယားနှင့် နယ်စပ်သို့ တိုက်လေယာဉ်များ စေလွှတ်

**ဟာဆီပါဆာ၊**
**အောက်တိုဘာ - ၁၃**


Photo - AP

ဆီးရီးယားနှင့် တူရကီနယ်စပ်တွင်ရှိသော နယ်စပ်မြို့ အက်မာရင်မြို့ အား ဆီးရီးယားစစ်ဘက်ရဟတ်ယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ပြီးနောက် တူရကီအစိုးရက ဆီးရီးယားနှင့် နယ်စပ်ဒေသသို့ တိုက်လေယာဉ်နှစ်စီး အလျင်အမြန်ပို့လွှတ်လိုက်ကြောင်း ရိုက်တာသတင်းဌာန မျက်မြင်သက်သေတစ်ဦးက ပြောကြားသည်။

ယခုရက်သတ္တပတ်အတွင်း အက်မာရင်မြို့နှင့် အခြားအနီးအနားမြို့လေးများ၌ ဆီးရီးယားအစိုးရနှင့် သူပုန်များအကြား ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားနေကြောင်း သိရသည်။

အက်မာရင်မြို့နှင့် အနီးအနားတောင်ကုန်းများတွင် လက်နက်ကြီးကျည်ဆန်များ ကျရောက်ပေါက်ကွဲရာမှ မီးခိုးလုံးများနှင့် ဖုန်သဲများလွင့်တက်ခဲ့ပြီး လေကြောင်းမှတိုက်ခိုက်မှု အကြောင်းကို ဆီးရီးယားစစ်ဘက်က လော်စပီကာဖြင့် သတိပေးခဲ့ပြီး လက်နက်ချရန်သတိပေးသံများကို တူရကီနိုင်ငံ ဟာတေးခရိုင် ဟာဆီပါဆာရွာဆီမှာပင် ကြားနေရကြောင်း သတင်းတွင်ဖော်ပြသည်။

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပေါ်နေသော တိုက်ခိုက်မှုများမှာ မိုင်ပေါင်း ၅၆၀ ရှည်လျားသော တူရကီနိုင်ငံနှင့်နယ်စပ်တစ်လျှောက်မှနေ၍ တူရကီနိုင်ငံတွင်းသို့ပင် ပျံ့နှံ့လာ၍ယခင်ရက်သတ္တပတ်အတွင်း တူရကီစစ်ဘက်က တုံ့ပြန်ပစ်ခတ်မှုများ လုပ်ဆောင်ခဲ့သည်။

ယခင်သီတင်းပတ်အတွင်းက တူရကီနိုင်ငံအား ကျော်လွန်၍ တပ်ဖွဲ့များချထားရေးကို တူရကီပါလီမန်က ခွင့်ပြုခဲ့ရာ ဆီးရီးယားပြည်တွင်းစစ်သည် ဒေသတွင်း အင်အားကြီးနိုင်ငံကိုပါ ပဋိပက္ခတွင်း ဆွဲသွင်းနိုင်သည်ဟူသော စိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။

*—Ref: Reuters*

# မာလီနိုင်ငံမြောက်ပိုင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂ ဆုံးဖြတ်ချက် ထွက်ပေါ်

**ကုလသမဂ္ဂ၊ အောက်တိုဘာ - ၁၃**

မာလီနိုင်ငံမြောက်ပိုင်းအား အစ္စလာမ်မစ်အစွန်းရောက်များလက် မှပြန်လည်ရယူရန် စစ်ရေးအရ ဝင်ရောက်ဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်လိုက်ကြောင်း သိရသည်။

စစ်ရေးအရအရေးယူနိုင်မည့် အစီအစဉ်အသေးစိတ်အား အာဖရိကအဖွဲ့ အစည်းများက ၄၅ ရက်အတွင်း ရေးဆွဲနိုင်ရန် ကုလဆုံးဖြတ်ချက်တွင် တင်ပြထားသည်။ အသေးစိတ်အစီအစဉ်တစ်ရပ်မရှိပါက စစ်ရေးအရ အရေးယူရေးအစီအစဉ်ကို ကုလသမဂ္ဂက ယခုအချိန်အထိ ငြင်းဆန်နေခဲ့သည်။

ပြီးခဲ့သည့်မတ်လအတွင်း မာလီသမ္မတဖြုတ်ချခံရပြီးနောက်ပိုင်းအစ္စလာမ်မစ်အုပ်စုများနှင့် တူအာရက်သူပုန်များက နိုင်ငံမြောက်ပိုင်းအား သိမ်းပိုက်ခဲ့သည်။

မာလီအစိုးရနှင့်အတူ အနောက်အာဖရိကဒေသဆိုင်ရာအဖွဲ့ အစည်းဖြစ်သော Ecowas က မာလီနိုင်ငံတွင်းသို့ နိုင်ငံတကာတပ်ဖွဲ့များဖြင့်ဝင်ရောက်ဖြေရှင်းခွင့်ပေးရေးကို တောင်းဆိုထားသည်။ တပ်ဖွဲ့ဝင် ၃,၀၀၀ ခန့်လိုအပ်သည်ဟုလည်း Ecowas က တင်ပြထားသည်။

ယခုကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်မှာ အနောက်အာဖရိကအဖွဲ့ Ecowas ၏ကြိုးပမ်းမှုများကို ပြန်လည်အင်အားဖြည့်တင်းပေးခြင်းပင်ဖြစ်ကြောင်း နယူးယောက်မြို့မှ ဘီဘီစီသတင်းထောက်က ပြောကြားသည်။

*—Ref: BBC*



7DAY NEWS JOURNAL

# International

Vol.11, No.32 • OCTOBER 18 , 2012

## ဩစတြီးယား လေထီးခုန်သမား အသံထက်မြန်သည့်နှုန်းဖြင့် အာကာသထဲမှခုန်ချကာ ကမ္ဘာ့စံချိန်သစ်တင်

**လော့စ်အိန်ဂျလိစ်၊ အောက်တိုဘာ - ၁၅**

ဩစတြီးယား လေထီးခုန်သမား ဖီးလစ်ဘောင်ဂတ်တနာသည် ကမ္ဘာ့မြေပြင်အထက် ၂၄ မိုင်ကျော်အမြင့်မှ အသံထက် ၁ ဒသမ ၂၄ ဆမြန်သောနှုန်းဖြင့် လေထီးခုန်ချကာ ကမ္ဘာ့စံချိန်သစ်တင်ခဲ့သည်။

အသက် ၄၃ နှစ်အရွယ် ယင်းလေထီးခုန်သမားသည် နယူးမက္ကဆီကိုပြည်နယ်ရှိ သဲကန္တာရတစ်ခုပေါ်သို့ ခုန်ဆင်းမလာမီ လေထဲ၌ ၄ မိနစ်နှင့် စက္ကန့် ၂၀ ကြာခဲ့ပြီးနောက် လေထီးဖွင့်ကာ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။ ၎င်း၏စံချိန်ကို မှတ်တမ်းတင်ခဲ့သည့် Red Bull Stratos မစ်ရှင်မှ တာဝန်ရှိသူ ဘရိုင်ယန်အုတ်တလေက ဘောင်ဂတ်တနာသည် ဟီလီယံဓာတ်ငွေ့ဖြည့်သွင်းထားသော မိုးပျံပူဖောင်းတစ်လုံးဖြင့် အမြင့်ပေ(၁၂၈,၀၉၇) ၁၉,၀၄၄ မီတာသို့ ရောက်ခဲ့ကြောင်း၊ မျှော်မှန်းထားသည်ထက် ပိုမြင့်ခဲ့ကြောင်း ဆိုသည်။ **စာ(၅၄)သို့**



ဩစတြီးယားလေထီးခုန်သမား ဖီလစ်ဘောင်ဂတ်တနာသည် အာကာသထဲမှ နယူးမက္ကဆီကိုသဲကန္တာရထဲသို့ အလွတ်ခုန်ဆင်းရာတွင် ကမ္ဘာ့မြေအထက် ၂၄ မိုင်(၃၉ ကီလိုမီတာ)အကွာမှ တစ်နာရီ အရှိန်နှုန်း ၇၀၆ မိုင်(တစ်နာရီ ၁,၁၃၅ ကီလိုမီတာ)ဖြင့် ခုန်ဆင်းခဲ့ပြီး အသံထက်မြန်သည့်နှုန်းဖြင့် လေထဲမှခုန်ဆင်းနိုင်သူတစ်ဦးအဖြစ် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။ Photo - AFP/Reuters/AP

















## ကမ္ဘောဒီးယားဘုရင်ဟောင်းသီဟာနု ဘေဂျင်းမြို့တွင် ကွယ်လွန်

**ဘေဂျင်း၊ အောက်တိုဘာ - ၁၃**

ကမ္ဘောဒီးယားနိုင်ငံ၏ ဘုရင်ဟောင်း နိုရိုဒွန်သီဟာနုသည် အသက် ၈၉ နှစ်အရွယ်တွင် တရုတ်နိုင်ငံဘေဂျင်းမြို့၌ ကွယ်လွန်သွားသည်။ ဘုရင်သီဟာနု၏ ဘဝသည် နိုင်ငံ၏ မုန်တိုင်းထန်သော သမိုင်းကိုထင်ဟပ်ခဲ့သလို နိုင်ငံသားအများအပြား၏ ရိုသေလေးစားမှုကိုလည်း ရရှိခဲ့သည်။ **စာ(၄၅)သို့**

## အရပ်ဘက်လေယာဉ်ပျံသန်းမှု ဆီးရီးယားနှင့် တူရကီ အပြန်အလှန်ပိတ်ပင်

**အစ္စတန်ဘူလ်၊ အောက်တိုဘာ - ၁၃**

အိမ်နီးချင်းနိုင်ငံများဖြစ်သော ဆီးရီးယားနှင့် တူရကီနှစ်နိုင်ငံကြား တင်းမာမှုများ မြင့်တက်လာချိန်မှာပင် အရပ်ဘက် လေယာဉ်ခရီးစဉ်များ ဝေဟင်ပိုင်နက်အတွင်း ပျံသန်းခွင့်ကို နှစ်နိုင်ငံစလုံးက အပြန်အလှန်ပိတ်ပင်လိုက်ကြသည်။

ဆီးရီးယားခရီးသည်တင်လေယာဉ်များ တူရကီ၏ ဝေဟင်ပိုင်နက်အတွင်း ဝင်ရောက်ခွင့်မရှိကြောင်း တူရကီနိုင်ငံက ဆုံးဖြတ်ခဲ့ပြီးနောက် တူရကီအရပ်ဘက်လေယာဉ်များကိုလည်း ဆီးရီးယားနိုင်ငံပေါ်မှ ပျံသန်းခွင့်မပေးရန် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက တားမြစ်လိုက်သည်။

ယခင်ရက်သတ္တပတ်အတွင်း တူရကီစစ်ဘက်ဂျက်လေယာဉ်များက ဆီးရီးယား ခရီးသည်တင်လေယာဉ်တစ်စီးအား အတင်းအကျပ်ဆင်းသက်ခိုင်းပြီးနောက် နှစ်ဖက်တင်းမာမှုများ အရှိန်မြင့်လာခြင်းဖြစ်သည်။

မော်စကိုမှ ဒမတ်စကပ်သို့ ပျံသန်းလာသော လေယာဉ်အား စစ်လက်နက်ပစ္စည်းများသယ်ဆောင်လာသည်ဟူသောမသင်္ကာမှုဖြင့် တူရကီနိုင်ငံ အန်ကာရာမြို့၌ ဆင်းသက်စေခဲ့သည်။ ရုရှားနိုင်ငံကမူ အဆိုပါလေယာဉ်ပေါ်တွင် ဥပဒေအရ တရားဝင်သော ရေဒါအစိတ်အပိုင်းများသာ ပါရှိခဲ့သည်ဟု ပြောကြားသည်။

ယင်းကိစ္စကြောင့် ရုရှားသမ္မတပူတင်သည် တူရကီနိုင်ငံသို့ သွားရောက်လည်ပတ်မည့် ခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်သည်။

*—Ref: UPIv*

## ကဒါဖီကို ဝေဖန်ခဲ့သူ လစ်ဗျားဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခံရ

**ထရီပိုလီ၊ အောက်တိုဘာ - ၁၅**

ယခင်သမ္မတဟောင်းကဒါဖီလက်ထက်က သံတမန်ဟောင်းဖြစ်ပြီး ကဒါဖီကို ဝေဖန်ခဲ့သူ အလီဇိုင်ဒန်အား လစ်ဗျား အမျိုးသားညီလာခံတွင် အောက်တိုဘာ ၁၄ ရက်က ဝန်ကြီးချုပ်သစ်အဖြစ်ရွေးချယ်တင်မြှောက်ခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း မူစတာဖာအဘူရှာဂါမှာ ညီလာခံတွင်း ၎င်းရွေးချယ်ခဲ့သော ဝန်ကြီးများ၏အယုံအကြည်မရှိ ကန့်ကွက်မှုခံခဲ့ရပြီးနောက် ယခုလို အလီဇိုင်ဒန်ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက "လုံခြုံရေးကိစ္စဟာ ကျွန်တော်ရဲ့ ထိပ်တန်းဦးစားပေးကိစ္စပါပဲ။ ဘာကြောင့်လဲဆိုတော့ လစ်ဗျားဟာ လုံခြုံရေးဆိုင်ရာကိစ္စတွေက ထွက်ပေါ်လာတဲ့ ပြဿနာတွေရဲ့ဒဏ်ကို ခံစားနေလို့ပါ။ အစိုးရဟာ တိုင်းပြည်ဖြတ်သန်းနေရတဲ့ အကျပ်အတည်းတွေကို ဖြေရှင်းနိုင်ဖို့ အရေးပေါ်အစိုးရတစ်ရပ်ဖြစ်လာမှာပါ" ဟု ပြောသည်။

ညီလာခံတွင် လစ်ဘရယ်ညွန့်ပေါင်းအဖွဲ့ဖြစ်သော အမျိုးသားရေးတပ်ဖွဲ့များ မဟာမိတ်အဖွဲ့က ဇိုင်ဒန်ကို ထောက်ခံခဲ့ခြင်းဖြစ်သော်လည်း ၎င်းသည် အစိုးရတွင်း အခြားပါတီတစ်ခုဖြစ်သော အစ္စလာမ်ဝါဒီ မွတ်ဆလင် **စာ(၄၅)သို့**



ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.32 • OCTOBER 18 , 2012

# ပုဂ္ဂလိကဘဏ်အချို့ ပို့ကုန်ရငွေ ငွေစာရင်းလွှဲပြောင်းထုတ်ယူမှု ငြင်းပယ်

**သန်းဌေး၊ သိမ့်သိမ့်စိုး**
**ရန်ကုန်၊**
**အောက်တိုဘာ-၁၅**

ပို့ကုန်ရငွေ(Export Earning) နိုင်ငံတော်ပိုင်ဘဏ်များမှ တစ်ဆင့် ပုဂ္ဂလိကဘဏ်များသို့ လွှဲပြောင်း၍ (Account Transfer) မြန်မာငွေထုတ်ယူရာတွင် ဘဏ်အချို့မှ ငြင်းပယ်သောကြောင့် မှောင်ခိုဈေးကွက်တွင်သာ ရောင်းချနေရကြောင်း သတင်းရရှိသည်။

"သူတို့ဘဏ်တွေမှာ မြန်မာငွေလည်ပတ်မှုနည်းနေလို့ဆိုပြီး မဝယ်ဘူးလို့ငြင်းတယ်။ ဒါကြောင့် ကျွန်တော်တို့တစ်တွေက မှောင်ခိုဈေးကွက်ကိုပဲ အားမကိုးချင်ပေမယ့် အားကိုးပြီး ရောင်းနေရတယ်"ဟုဂျီအက်ဖ်တီအိုင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမျိုးညွန့်က ပြောသည်။

"ကျွန်တော်တို့ပြည်ပတင်ပို့လုပ်ငန်းရှင်တွေရဲ့ ဆန္ဒကတော့ ဗဟိုဘဏ်က သတ်မှတ်တဲ့ ငွေကြေးနှုန်းထားအတိုင်း တရားဝင်လိုင်စင်ရထားတဲ့ ပုဂ္ဂလိကဘဏ်တွေမှာသာ နေ့စဉ်ရောင်းချချင်ပါတယ်။ ပုဂ္ဂလိကဘဏ်တွေကို အားကိုးမရတဲ့အခါမှာ မှောင်ခိုကို အားကိုးနေရတော့ ဈေးနှုန်းက အစ အနှိမ်ခံရပါတယ်။ ဒီအတိုင်းဆို မှောင်ခိုဈေးကွက်ကလည်း ပျောက်မှာ မဟုတ်တော့ပါဘူး" ဟု မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းကိုယ်စား တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပုဂ္ဂလိက ဘဏ်အချို့သည် ဈေးနှုန်းမဖွင့်နိုင်၍ ပို့ကုန်ရငွေကို မဝယ်နိုင်သေးကြောင်း၊ ငြင်းဆိုမှုများရှိသောကြောင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များသည်ပို့ကုန်ဝင်ငွေကို ငွေစာရင်းလွှဲကာ ဘဏ်တွင်ရောင်းခြင်းထက် ပြင်ပတွင်သာ ရောင်းကြရကြောင်း အထက်ပါအသင်း အတွင်းရေးမှူးဦးထွန်းအေးက ပြောသည်။

"ဈေးဖွင့်လိုက်ရင်လည်း ဘဏ်ကပေးတဲ့ဈေးနှုန်းက အပြင်ပေါက်ဈေးထက် နည်းနေတယ်။ သူတို့အကောင့် ထရန်စ်ဖာကို မလိုချင်တဲ့အခါ ဈေးလျှော့ပေးတဲ့ သဘောပဲ။ ဒါကြောင့် မှောင်ခိုမှာ ရောင်းနေရတာ၊ မှောင်ခိုဈေးကွက်ကို ပျောက်စေချင်ရင် ဘဏ်မှာပဲ ရောင်းချတဲ့သူက ဈေးဖွင့်ပြီး ဝယ်ချင်တဲ့လူနဲ့ ဈေးကိုက်ရင် ဘဏ်က ဝန်ဆောင်ခပဲယူတဲ့ စတော့အိတ်ချိန်းလိုမျိုး လုပ်ပေးရင်ကောင်းမယ်" ဟု ၎င်းက ပြောသည်။

ပို့ကုန်ရငွေကိုပုဂ္ဂလိကဘဏ်များသို့ လွှဲပြောင်းကာ ရောင်းချခြင်းမပြုဘဲ ပြင်ပတွင်သာ နိုင်ငံခြားဝင်ငွေကို ရောင်းချလေ့ရှိကြောင်း ဆန်းမြန်မာအင်တာနေရှင်နယ်အင်မ်ပက်စ် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးအောင်က ပြောသည်။

ယင်းနှင့်ပတ်သက်၍ ပုဂ္ဂလိကဘဏ်များသို့ မေးမြန်းရာ တာဝန်ရှိသူ တစ်ဦးက "ကျွန်တော်တို့ဘဏ်အနေနဲ့ကတော့ ဝယ်နေပါတယ်။ ဘဏ်တွေက မဝယ်လည်း ရတာကြောင့်ဖြစ်မယ်။ ပို့ကုန်ရငွေ အရောင်းအဝယ်က ဘဏ်တွေမှာ ဝယ်ကိုဝယ်ရမယ်ဆိုတဲ့ သတ်မှတ်ချက် မရှိဘူး။ ဈေးကြိုက်တယ်ဆိုရင် ဘဏ်က ဝယ်ချင်ရင်ဝယ်လို့ရတယ်။ မဝယ်ဘဲနေလည်း ရတယ်။ ဗဟိုဘဏ်ကလည်း ဒါနဲ့ပတ်သက်ပြီးတော့ ဝယ်ကိုဝယ်ရမယ်လို့ သတ်မှတ်ထားတာ မရှိဘူး။ ဘဏ်တွေက လွတ်လွတ်လပ်လပ် အရောင်းအဝယ်လုပ်လို့ရတယ်" ဟု ပြောသည်။

စီဘီဘဏ်အထွေထွေမန်နေဂျာဒေါ်သိင်္ဂီနွယ်ကလည်း အဆိုပါ နိုင်ငံခြား ငွေစာရင်းလွှဲပြောင်းငွေကို ဝယ်ယူခြင်းနှင့် မဝယ်ယူဘဲ ငြင်းဆိုခြင်းမှာ မူအားဖြင့် ဝယ်ယူသော်လည်း ဝယ်ထားသော နိုင်ငံခြားငွေပမာဏနှင့် ဈေးနှုန်းပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ကြောင်း ပြောသည်။

ယနေ့ အောက်တိုဘာ ၁၅ ရက် ငွေလဲလှယ်နှုန်းမှာ ကန်ဒေါ်လာ တစ်ယူနစ်လျှင် မြန်မာငွေ ၈၅၃ ကျပ်ရှိရာတွင်ပုဂ္ဂလိကဘဏ်ကောင်တာမှအပေါင်း(သို့မဟုတ်) အနုတ် ဒသမသုံး အပြောင်းအလဲလုပ်ကာ အရောင်းအဝယ်လုပ်နိုင်ကြောင်း သတင်းရရှိသည်။

"နိုင်ငံခြားငွေ လဲလှယ်ခွင့်ပေးထားတဲ့ ဒီဘဏ်တွေမှာလည်း အကောင့်ထရန်စ်ဖာနဲ့ လွှဲပြောင်းလို့ရအောင်တော့ ခွင့်ပြုပေးထားတယ်။ အရောင်းအဝယ်လုပ်တာဆိုတော့ သူတို့အပေါ်မှာ မူတည်တယ်။ ဘဏ်တွေက ဝယ်၊ မဝယ်ဆုံးဖြတ်လို့ရတယ်။ ဗဟိုဘဏ်ကနေပြီးတော့ ဝယ်ရမယ် မဆုံးဖြတ်ထားဘူး" ဟု ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# ပါတီဝင်လျှောက်ထားသူ တစ်သိန်းကျော်ရှိသည်ဆိုသော တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ တည်ထောင်ခွင့်ရ

**ရန်မျိုးနိုင်**
**ရန်ကုန်၊ အောက်တိုဘာ-၁၄**

တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ဦးစားပေး လုပ်ဆောင်မည်ဆိုသော မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmer's Development Party)ကို နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း ယင်းပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုးက ပြောသည်။

အဆိုပါ ပါတီကို ဦးကျော်စွာစိုးဦးဆောင်သော ၁၈ ဦးတို့က နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားခဲ့ပြီး စက်တင်ဘာ ၂၄ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ တောင်သူလယ်သမားများ ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်မှ အသေးစားငွေချေးနိုင်ရေးကို ကြိုးစားမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဦးကျော်စွာစိုးက ပြောသည်။

လက်ရှိအချိန်တွင် ပါတီဝင်အဖြစ် လျှောက်ထားမှုသည် အင်အားတစ်သိန်းကျော်ရှိပြီး အများစုမှာ မကွေးတိုင်းဒေသကြီးပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ ရောဝတီတိုင်းဒေသကြီး လပွတ္တာ၊ မော်ကျွန်းမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် တွံတေးမြို့နယ်များမှ ဖြစ်ကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့် ဦးကျော်စွာစိုးသည် ယခင်က အမျိုးသားနိုင်ငံရေး မဟာမိတ်များ အဖွဲ့ချုပ် အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်မှလည်းကောင်း၊ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် ပွင့်ဖြူမြို့နယ်တို့မှ လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူတစ်ဦး ဖြစ်သည်။

ယင်းပါတီသည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် အောက်တိုဘာလ ၁၁ ရက်တွင် လာရောက်လျှောက်ထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာထားသည်။

# ရှေးဟောင်းထန်းလုံး အမြောက်တစ်လက် တွေ့ရှိ



**ရှေးဟောင်းထန်းလုံးအမြောက်နှင့် ကြည့်ရှုနေသူများ** ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

**ထွန်းခိုင်**
**ရန်ကုန်၊ အောက်တိုဘာ-၁၁**

အရှည် ၁၃ ပေကျော် ရှည်လျားသည့် ရှေးဟောင်းထန်းလုံးအမြောက်တစ်လက်ကို ရန်ကုန်မြို့ပြည်သူ့ဥယျာဉ်အတွင်း အောက်တိုဘာ ၁၀ ရက်က ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါအမြောက်သည် တစ်ဖက်ပိတ်ပုံစံဖြစ်ပြီး အင်္ဂလိပ် -မြန်မာစစ်ပွဲတွင် အသုံးပြုခဲ့သည့် အမြောက်ဖြစ်နိုင်ကြောင်း၊ ယင်းကာလတွင် အဆိုပါအမြောက်များကို တိုက်ပွဲများတွင် အသုံးပြုလေ့ရှိကြောင်း အမြောက်အတွင်း သံလုံးထည့်ကာ ယမ်းထောင်းထည့်ပြီး ပစ်ခတ်ရသည့်အမြောက်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါအမြောက်နှင့်ပုံစံတူများ မကြာခဏတူးဖော်တွေ့ရှိရလေ့ရှိကြောင်း၊ ယခုတူးဖော်တွေ့ရှိရသည့် အမြောက်ကို မည်သည့်နေရာတွင် ထားရှိမည်ကို မဆုံးဖြတ်ရသေးကြောင်း ၎င်းက ပြောသည်။ အဆိုပါ အမြောက်သည် ၁၃ ပေ ၁ လက်မ ရှည်လျားပြီး အကြီးဆုံးနေရာတွင် လုံးပတ် ၁၀ ပေ ၃ လက်မအထိရှိကြောင်း ပြောင်းအဝ၏ အကျယ်သည် ၉ လက်မအထိရှိကြောင်း ယင်းအမြောက်ကို လာရောက်စစ်ဆေးသော လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ သတင်းရရှိသည်။

ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်အနီး ပြည်သူ့ဥယျာဉ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများအတွက် မြေတူးဖော်စဉ် အဆိုပါအမြောက်ကိုအောက်တိုဘာ ၁၀ ရက် ညနေ ၄ နာရီခွဲခန့်က တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

# ငြိမ်းချမ်းရေးအတွက် အင်န်ဒီအက်ဖ် သဘောထားထုတ်ပြန်

**မင်းဟိန်းကျော်၊ ရန်မျိုးနိုင်**
**ရန်ကုန်၊ အောက်တိုဘာ - ၁၄**

နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရာတွင် ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် စစ်မှန်သော ပြည်ထောင်စုစနစ်ကိုထူထောင်နိုင်မည့် အချက်များကိုပါထည့်သွင်းဆွေးနွေးရန် တိုက်တွန်းသည့် သဘောဖြင့် မိမိတို့ပါတီ၏ သဘောထားကြေညာချက်ကိုထုတ်ပြန်ခြင်းဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီ အင်အားစုပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ပြောသည်။

"အဓိကတော့ စစ်မှန်တဲ့ ပြည်ထောင်စုကို သွားမယ်ဆိုတဲ့ ကျွဲကူးရေပါပေါ့။ ငြိမ်းချမ်းရေးကို လုပ်ရင်းတန်းလန်းနဲ့ ပြည်ထောင်စုကိုရောက်သွားနိုင်မယ့် အခြေခံအချက်တွေကို ခုထဲကလုပ်မှသာလျှင် ဒါကို ဆောင်ရွက်နိုင်မယ့် ပုဂ္ဂိုလ်တွေ၊ ပြည်သူတွေက နိုင်ငံရေး အမြင်နဲ့ ပူးပေါင်းပါဝင်လာဖို့ ထောက်ပြတဲ့သဘောပါ" ဟုအဆိုပါပုဂ္ဂိုလ်ကပင် ပြောသည်။

ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် အပစ်အခတ်ရပ်စဲရေးသည် အရေးပါသည့်အချက်တစ်ရပ်ဖြစ်သော်လည်း နိုင်ငံရေးနည်းဖြင့် ဖြေရှင်းခြင်းဖြင့်သာ တန်ဖိုးကြီးမားလှသော ပြည်တွင်းငြိမ်းချမ်းရေးကို အမျိုးသားသွေးစည်းညီညွတ်ရေးနှင့်အတူ ရရှိနိုင်လိမ့်မည်ဟု မိမိတို့ပါတီမှ အလေးအနက်ယုံကြည်သည်ဟု အဆိုပါပါတီမှ ယခုလ ၁၁ ရက်တွင် ထုတ်ပြန်သည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်သည့်သဘောထားကြေညာချက်များတွင် ဖော်ပြထားသည်။

အဆိုပါ ကြေညာချက်တွင် စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုစနစ်သို့ ရောက်ရှိရေးကြိုးပမ်းမှုတို့သည် ယနေ့မြန်မာနိုင်ငံ၏ အဓိကနိုင်ငံရေး လိုအပ်ချက်ကြီးဖြစ်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်အတူ စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုစနစ် ဖြစ်ထွန်းလာစေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့သင့်လျော်မျှတသော အာဏာခွဲဝေမှုပြင်ဆင်သတ်မှတ်ပေးရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း ရှိသယံဇာတများကို ပီပြင်စွာခွဲဝေကျင့်သုံးနိုင်ခွင့်များရရှိနိုင်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်သင့်ကြောင်း ဖော်ပြထားသည်။

"ဒီထုတ်ပြန်ချက်ကို ကျွန်တော်တို့ မိတ်ဆွေ ၁၀ ပါတီရဲ့ သဘောတူညီချက်နဲ့ ထုတ်ပြန်တာဖြစ်ပါတယ်။ အခုလိုကြေညာချက်ထုတ်တာကလည်း ငြိမ်းချမ်းရေးလုပ်တဲ့နေရာမှာ အပစ်အခတ်ရပ်စဲရုံတင်တန့်မနေဘဲ ရှေ့ဆက်သွားနိုင်အောင် တိုက်တွန်းတဲ့ သဘော၊ မီးမောင်းထိုးပြတဲ့ သဘောလည်းဖြစ်ပါတယ်" ဟုပါတီဥက္ကဋ္ဌကပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

## ဖဒိုဒေးဗစ်ထော ဈာပနစည်ကားစွာ ကျင်းပမည်

**သန်းဌေး**

**ရန်ကုန်၊ အောက်တိုဘာ-၁၅**

ခရစ်တော်၌ အိပ်ပျော်သွားသော ကရင်အမျိုးသားအစည်းအရုံးမှ ဗဟိုတရားရေး တာဝန်ခံ ဖဒိုဒေးဗစ်ထော ဈာပနကော်မတီဖွဲ့စည်းပြီး၍ ခရစ်ယာန်ဘာသာထုံးစံအတိုင်း ဈာပနအားစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ကေအင်န်ယူဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်ကပြောသည်။

"ကျွန်တော်တို့ရဲ့ လွတ်မြောက်နယ်မြေတစ်နေရာကို ရောက်ရှိနေပါပြီ(ရုပ်အလောင်း)။ ဈာပနရက်တော့ မသတ်မှတ်ရသေးပေမယ့် ဈာပနကော်မတီဖွဲ့ထားတယ်။ ဈာပနအခမ်းအနားကို လူထုပရိသတ်တွေ မဟာမိတ်အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်းစုံနဲ့ သူ့မိတ်ဆွေအပေါင်းအသင်းတွေကိုဖိတ်ပါမယ်" ဟု အောက်တိုဘာ ၁၅ ရက်ညနေပိုင်းတွင် ဖဒိုမန်းငြိမ်းမောင်က 7Day News သို့ပြောသည်။

အသက်(၆၅)နှစ်ရှိ ဖဒိုဒေးဗစ်ထောသည် အောက်တိုဘာ ၁၄ ရက် ည ၁၀ နာရီခွဲကျော်က ရန်ကုန်မြို့ မင်္ဂလာဒုံစစ်ဆေးရုံတွင် အဆုတ်ရောဂါဖြင့် ခရစ်တော်၌ အိပ်ပျော်သွားခြင်း ဖြစ်သည်။ ထို့ကြောင့် ရုပ်အလောင်းအား ရန်ကုန်တွင်ရောက်ရှိနေသော ကေအင်န်ယူမှ ဗိုလ်မှူးကြီးစောဖောဒို၊ ကရင်ပြည်သူ့ပါတီနှင့် ကရင်လူကြီးများက သယ်ယူပို့ဆောင်ပေးခဲ့သည်။

"နိုင်ငံခြားရေးဌာနမှာ ဆယ်နှစ်ကျော် တာဝန်ယူခဲ့တော့ မိတ်ဆွေတွေ တအားများတယ်။ ဒါကြောင့်ဖိတ်ရမယ့်သူတွေလည်း လူထုလူတန်းစား အများကြီးပဲ" ဟု ဖဒိုမန်းငြိမ်းမောင်က ဆက်လက်ပြောကြားသည်။

ဖဒိုစောဒေးဗစ်ထောသည် ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)ဗဟိုကော်မတီဝင်ဖြစ်ပြီး ဗဟိုတရားရေးဌာန တာဝန်ခံလည်းဖြစ်ကာ ၁၉၄၈ ခုနှစ် မတ် ၁၀ ရက်တွင်မွေးဖွားခဲ့ပြီးကွယ်လွန်ချိန်တွင် အသက်(၆၅)နှစ်ရှိပြီဖြစ်သည်။

ငြိမ်းချမ်းရေးရတော့မည့် အချိန်တွင် ဖဒိုဒေးဗစ်ထောဆုံးပါးသွားသောကြောင့် လွန်စွာနှမြောရကြောင်း နိုင်ငံတော်သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြည်ပမီဒီယာတစ်ခုသို့ပြောသည်။

"မြန်မာနိုင်ငံ အမျိုးသားထုကြီးတစ်ရပ်လုံးအတွက် အထူးအရေးတကြီး လိုအပ်ချက်ရှိနေသောပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကြီးတွင် စွမ်းစွမ်းတမံ ရှေ့တန်းမှဦးဆောင်ပါဝင်ဆောင်ရွက်နေသော ဖဒိုစောဒေးဗစ်ထော ကွယ်လွန်သွားခြင်းသည် ကရင်တိုင်းရင်းသားများအတွက်သာမကဘဲ တိုင်းရင်းသားအားလုံး၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးအတွက်ပါ ကြီးမားသော ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်ပါသဖြင့် Myanmar Egress အနေနှင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း" ဟု ငြိမ်းချမ်းရေး အကျိုးဆောင် ဦးလှမောင်ရွှေက ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် ရေးသားထားသည်။

## ဒေါ်အောင်ဆန်းစုကြည်ကို တရုတ်သို့ ဖိတ်ကြားရန်အစီအစဉ်ရှိကြောင်း တရုတ်သံအမတ်ပြောကြား

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၁၅**

တရုတ်နိုင်ငံ အစိုးရအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်နိုင်ငံသို့ လာရောက်ရန်အတွက်ဖိတ်ကြားရန်အစီအစဉ်ရှိကြောင်း တရုတ်နိုင်ငံသံအမတ်ကြီးကအောက်တိုဘာ၁၅ရက်တွင်ပြောသည်။

"ဒေါ်စုနဲ့ကျွန်တော်ခြောက်ခါတွေ့ပြီးပါပြီ။ သံတမန်စကားနဲ့ပြောရင် အဆင်ပြေတဲ့တစ်ချိန်မှာ တရုတ်ပြည်ကို သွားဖို့ ဖိတ်ကြားသွားမှာဖြစ်ပါတယ်" ဟု သံအမတ်ကြီးကဆိုသည်။

မည်သည့်အချိန်တွင် ဖိတ်ကြားမည်ကိုမေးရာ လောလောဆယ်တွင် အချိန်ဇယား မသေချာသေးသည့်အတွက် အဖြေပေး၍မရသေးကြောင်း သံအမတ်ကြီးက ဆက်လက်ပြောသည်။

အမေရိကန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က "သွားချင်တဲ့စိတ်ရှိပါတယ်။ တရုတ်နိုင်ငံက အန်တီတို့ရဲ့ အိမ်နီးချင်းနိုင်ငံလည်းဖြစ်တယ်။ အိမ်နီးချင်းနိုင်ငံမှာ ဆက်ဆံရေးကောင်းဖို့ ဆိုတာလည်း အရေးကြီးလို့ သွားချင်တာပါ"ဟု ပြောကြားခဲ့သည်။

## ပြည်သူ့ဆန္ဒနှင့် မကိုက်ညီ၍ OIC ရုံးဖွင့်လှစ်ခွင့် မပြု

**သတင်းအဖွဲ့**

**ရန်ကုန်၊**

**အောက်တိုဘာ-၁၆**

ပြည်သူ့ဆန္ဒနှင့် မကိုက်ညီသဖြင့် မြန်မာနိုင်ငံတွင် အစ္စလာမ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(OIC)ရုံးဖွင့်လှစ်ခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း နိုင်ငံတော်သမ္မတရုံးမှ အောက်တိုဘာလ ၁၅ ရက်တွင်သတင်းထုတ်ပြန်ခဲ့သည်။

OIC ရုံး မြန်မာနိုင်ငံတွင် ဖွင့်လှစ်မည့်အစီအစဉ်ကို မနှစ်သက်သဖြင့် ရန်ကုန်-မန္တလေးနှင့် စစ်တွေမြို့ကြီးများအပါအဝင် အချို့မြို့ကြီးများတွင် အောက်တိုဘာလဆန်းမှစ၍ သံဃာတော်များအပါအဝင် ပြည်သူများ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ရန်ကုန်မြို့တွင်အောက်တိုဘာ၁၅ရက်က OIC ရုံးမဖွင့်ရေးဆန္ဒထုတ်ဖော်နေကြစဉ်**

"မြေမြို့လို လူမျိုးမပျောက်ပါဘူး။ လူမြို့မှ လူမျိုးပျောက်မှာပါ။ နိုင်ငံပိုင်မီဒီယာကနေ တရားဝင်အဖွဲ့အစည်းများက သတင်းစာရှင်းလင်းပွဲလုပ်ပြီး ဘယ်သောအခါမှ အမိမြန်မာနိုင်ငံမြေပေါ်မှာ မစိုက်ပါဘူးဆိုတဲ့ ဝန်ခံကတိ မရမချင်း ဥပုသ်နေ့တိုင်း ဆန္ဒဖော်ထုတ်သွားမယ်" ဟု အောက်တိုဘာလ ၁၅ ရက်က ရန်ကုန်မြို့တွင်ပြုလုပ်သော ဆန္ဒပြပွဲတွင် ဦးဆောင်ဆရာတော်တစ်ပါးဖြစ်သော မကွေးကျောင်းတိုက်ဆရာတော်ဦးပါမောက္ခက မိန့်ကြားသည်။

မန္တလေးမြို့ အပါအဝင်တခြားသော မြို့ကြီးများ၌လည်း အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီဝန်းကျင်မှ စတင်ကာ OIC ရုံး မြန်မာနိုင်ငံတွင် လာရောက်ဖွင့်လှစ်ခြင်းမပြုရန် ထောင်ချီသော ဆရာတော်၊ သံဃာတော်များနှင့် ဒေသခံများ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ရန်ကုန်မြို့တွင် ပြုလုပ်သော ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူ ဗမာတိုင်းရင်းသားတစ်ဦးက "ခွင့်ပြုလိုက်မယ်ဆိုရင် လူမျိုးရေး၊ ဘာသာရေးမှာ ပိုဆိုးလာမယ်လို့ ထင်တယ်။ ဒါက အမျိုးသားရေးကိုကာကွယ်ရမယ်ဆိုတဲ့ အသိစိတ်ကြောင့် ကျွန်တော်တို့ဆန္ဒပြရတာပါ" ဟု မှတ်ချက်ပေးပြောကြားခဲ့သည်။

ရန်ကုန်နှင့် စစ်တွေမြို့ကြီးများတွင် OIC ရုံးဖွင့်လှစ်ရန် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် OIC ကိုယ်စားလှယ်များသည် စက်တင်ဘာလက သဘောတူခဲ့သည့်ဟု သတင်းများ ထွက်ပေါ်ခဲ့ပြီး ဆန္ဒပြမှုများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့သည်။ အစ္စလာမ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ OIC မှာ အစ္စလာမ်နိုင်ငံပေါင်း ၅၇ နိုင်ငံ စုပေါင်းဖွဲ့စည်းထားသောအဖွဲ့အစည်းဖြစ်သည်။

## စာ-၂၉၊ မေတ္တာတရားကိုသာအရင်းတည်၍ မှ

သို့သော် ကျန်းမာရေးနှင့် သက်ဆိုင်သော ထုတ်ကုန်များကို MLM စနစ်ဖြင့် ဖြန့်ဖြူးရောင်းချသော ရှိုင်းဟုပ်ကုမ္ပဏီကလည်းလစာငွေလှူဒါန်းခြင်းကို လာမည့်ပညာသင်နှစ်မှစ၍ ရပ်တော့မည်ဖြစ်၍ ကျောင်းအချို့မှ ဦးဆောင်ဆရာတော်များမှာ လစာအတွက်ပူပန်နေရပြီဖြစ်၏။

"လကုန်ရင် ပိုပင်ပန်းတဲ့ သဘောရှိတယ်"ဟု အရှင်စန္ဒာဝရက မိန့်သည်။ စန္ဒာရာမကျောင်းတွင် တစ်လအသုံးစရိတ် ကျပ်ကိုးသိန်းဝန်းကျင်ရှိရာ ဆရာ၊ ဆရာမ ၁၁ ဦးအတွက် လစာက အဓိကကုန်ကျစရိတ်ဖြစ်သည်။

"အရမ်းအရေးကြီးတာက ဆရာ၊ ဆရာမတွေ လစာပဲ"ဟု ကျောင်းသား၊ ကျောင်းသူ ၁၉၀၈ ဦး ပညာသင်ကြားပေးနေသော တေဇရာမဘကကျောင်းမှကျောင်းအုပ်ဆရာတော် အရှင်ဂမ္ဘီရဗုဒ္ဓိကလည်း မိန့်ကြားသည်။ ၁၉၆၄ ခုနှစ်ကတည်းကပင် လှိုင်မြို့နယ်၌စဖွင့်ခဲ့သော တေဇရာမဘကကျောင်းကို ၁၉၉၉ခုနှစ်တွင် ရွှေပြည်သာမြို့နယ် ၁၆ ရပ်ကွက်သို့ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ ဆရာ၊ ဆရာမ ၃၂ ဦးက ကျောင်းသား ၁၉၀၀ ကျော် သင်ကြားနေရ၍ ဆရာ၊ ဆရာမ ထပ်မံတိုးချဲ့လိုသော်လည်း လစာအခက်အခဲရှိကြောင်း ဆရာတော်ကမိန့်၏။

ဘကကျောင်းများတွင် ဆရာ၊ ဆရာမများကို လစာကျပ်သုံးသောင်းမှ ကျပ်ခြောက်သောင်းထိ ချီးမြှင့်လေ့ရှိပြီး ကျောင်းအများစုက ကျပ်လေးသောင်း၊ ငါးသောင်းနှုန်းကို အများဆုံးချီးမြှင့်ကြသည်။ ကလေးငယ်တို့ ပညာဖြန့်ဝေသော ဆရာ၊ ဆရာမများ ဖြစ်နိုင်လျှင် အနိမ့်ဆုံးလစာ ကျပ်တစ်သိန်းချီးမြှင့်လိုကြောင်း အရှင်စန္ဒာဝရကမိန့်သည်။

"တစ်ခါတလေ ဆိုက်ကားဆရာတွေကတောင် ဆရာမတို့ဘယ်လောက်ရလဲ မေးတယ်။ ဆိုက်ကားနင်းတာ တစ်ရက်သုံးထောင်ဆိုလည်းဟုတ်၊ လေးထောင်ဆိုလည်းဟုတ်လို့ ပြောတာကြုံရဖူးတယ်"ဟု စန္ဒာရာမကျောင်းတွင် ပညာသင်ပေးနေသော မဆွေဝေလွင်က သူ၏အတွေ့အကြုံကို ဖွင့်ဟသည်။ ကိုယ်တိုင်အခြေခံလူတန်းစားမှ မွေးဖွားခဲ့၍ မပြည့်စုံသော ကလေးငယ်များကို ဖေးမလိုသောကြောင့် လစာနှစ်သိန်း၊ သုံးသိန်း ပေး၍ ပုဂ္ဂလိကကျောင်းများတွင် ဆရာမလုပ်ရန် ခေါ်ယူမှုများကို သူငြင်းဆန်ခဲ့သည်။

ကမ္ဘာ့အဆင်းရဲဆုံးစာရင်းဝင်မြန်မာနိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အဓိကပြဿနာမှာ အစိုးရ၏ ပညာရေးအသုံးစရိတ်နည်းပါးလွန်းခြင်းဖြစ်သည်။ ယခုဘဏ္ဍာရေးနှစ်(၂၀၁၂-၁၃)တွင်ဘတ်ဂျက်၌ပညာရေးအသုံးစရိတ်မှာ ၄ ဒသမ ၀၃ ရာခိုင်နှုန်းသာရှိသည်။ ထိုနှုန်းက ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် များလာသော်လည်း ကာကွယ်ရေးအသုံးစရိတ်နှင့် နှိုင်းယှဉ်လျှင် ဆယ်ပုံတစ်ပုံခန့်သာရှိသည်။

နိုင်ငံဖွံ့ဖြိုးရန် ဖွံ့ဖြိုးဆဲနိုင်ငံတွင် ပညာရေးအသုံးစရိတ် မဖြစ်မနေတိုးမြှင့်ရမည်ဖြစ်သော်လည်း အစိုးရ၏ ပညာရေးအသုံးစရိတ်မှာ နည်းပါးလွန်းသည့်အတွက် အစိုးရအခြေခံကျောင်းများကိုပင် ပြည့်စုံအောင်မထောက်ပံ့နိုင်။ ထို့အခြေအနေကြောင့်ဘကကျောင်းများကို အစိုးရကထောက်ပံ့ရန် မလွယ်ကူကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးကပြောသည်။ ဒေါက်တာမြတ်ဉာဏစိုးက ကျင်းပပြီးခဲ့သော လွှတ်တော်များတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ပတ်သက်၍ အစိုးရက မည်သို့ဆောင်ရွက်ပေးနေကြောင်း ပထမဆုံးမေးမြန်းခဲ့သူပင်။ သို့သော် တိုးတက်မှုမှာ ယခုပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနက ဘကကျောင်းများမှ မူလတန်းကျောင်းသူ၊ ကျောင်းသားများကို မသင်မနေရ အခမဲ့မူလတန်းစနစ်အရ စာရေးကိရိယာနှင့် ဗလာစာအုပ်ခြောက်အုပ်အခမဲ့ဖြန့်ဝေခဲ့သည်။ ဘကကျောင်းများအတွက် အစိုးရ၏ ရှားရှားပါးပါး ပံ့ပိုးမှုပင်။

အခြားတိုးတက်မှု တစ်ခုမှာ သာသနာရေးဝန်ကြီးဌာနက ဘကကျောင်းများ တရားဝင်ဖွင့်လှစ်နိုင်ရန် ပိုမိုပူးပေါင်းဆောင်ရွက်လာသည်။ မြို့နယ်တိုင်း တစ်မြို့နယ်အနည်းဆုံး ငါးကျောင်းဖွင့်ရန် ဆရာတော်ကြီးများကလည်း တိုက်တွန်းထားသည်။(မှတ်ချက်-ယခုဆောင်းပါးအတွက် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက 7Day News ၏ မေးမြန်းမှုများကို ပြန်လည်မဖြေဆိုပါ။)

အစိုးရက ပညာရေးအသုံးစရိတ်နည်း၍ ပံ့ပိုးမှုအားနည်းချိန်တွင် ဆရာ၊ ဆရာမများ၏ လစာကို မြန်မာနိုင်ငံ၏ အချမ်းသာဆုံး တိုင်းရင်းသားလုပ်ငန်းရှင်များက လူမျိုး၊ ဘာသာ၊ ပညာအတွက် ပံ့ပိုးခဲ့လျှင်မူ တစ်ခဏအတွင်း ပြေလည်နိုင်ကြောင်း ပညာရေးကူညီဆောင်ရွက်နေသူများက ပြောသည်။ ရှိုင်းဟုပ်ကုမ္ပဏီတစ်ခုတည်းပင်လျှင် ဆယ်နှစ်ခန့်အတွင်း ဆရာ၊ ဆရာမ ငါးသောင်းကျော်အတွက် လစာများ လှူဒါန်းပေးနိုင်၍ မြန်မာနိုင်ငံ၏ အချမ်းသာဆုံး သူဌေးကြီးများအတွက် မတတ်နိုင်စရာမရှိ။

"သူဌေးကြီးတွေ မလှူဘူး။ နိုင်ငံတော်အကြီးအကဲတွေလာမှ သူဌေးတွေလာတာ။ ဘကကျောင်းတွေကို နိုင်ငံတော်အကြီးအကဲတွေ သွားလေ့မရှိဘူး"ဟု အရှင်ဂမ္ဘီရဗုဒ္ဓိကမိန့်သည်။

နိုင်ငံတစ်ဝန်းရှိ ကလေးများ စာတတ်မြောက်ရန် ဘကကျောင်းများမှာ အဓိကကျကြောင်း ပညာရေးသုတေသီ ဒေါက်တာသိန်းလွင်နှင့် ဆရာကိုတာတို့ကပြောသည်။ အဆိုပါကျောင်းများမှာဆင်းရဲနွမ်းပါးသော မိသားစုများအတွက် တစ်ခုတည်းသော အားထားရာကျောင်းတော်ကြီးများဖြစ်ပြီး အစိုးရကျောင်းများပင် မဖွင့်နိုင်သော ဝေးလံခေါင်ဖျား နေရာများတွင်လည်းရှိ၍ ဖြစ်သည်ဟု ဒေါက်တာသိန်းလွင်က ရှင်းပြသည်။

သို့သော် အခြေခံလူတန်းစားများ အားထားရာ ကျောင်းတော်ကြီးများမှာ ရပ်တည်လည်ပတ်နိုင်ရေး အခက်အခဲများလှပါသည်။ ဆရာ၊ ဆရာမများအတွက် လစာချီးမြှင့်ငွေ ပုံမှန်ရရှိရန်အပြင် ထူးချွန်သော ဆရာ၊ ဆရာမများကို ဆက်ထိန်းထားရန် မလွယ်ကူ။ လစာနည်းသည့်အပြင် ဆရာချင်း



ရွေးချယ်ခံရသော ဗဟိုကော်မတီဝင်များ ကျမ်းသစ္စာကျိန်ဆိုစဉ် ဓာတ်ပုံ-အိဖြူလွင်

# ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌ သမ္မတဦးသိန်းစိန် ထပ်မံရွေးချယ်ခံရ

**အိဖြူလွင်**
**နေပြည်တော်၊အောက်တိုဘာ-၁၆**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ပထမဆုံးအကြိမ်ကျင်းပသော ပါတီညီလာခံတွင် ပါတီဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းအရေးမှူး အပါအဝင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ၄၄ ဦးကို ရွေးချယ်အတည်ပြုခန့်အပ်လိုက်ရာ၊ ပါတီဥက္ကဋ္ဌ သမ္မတဦးသိန်းစိန်ပင် ဖြစ်လာသည်။

လေးရက်ကြာ ကျင်းပသော ညီလာခံအစည်းအဝေး၏သုံးရက်မြောက်နေ့(ယနေ့)တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး နယ်မြေ ၁၉၃ ခုအတွက် ဗဟိုကော်မတီဝင် ၂၉၀ ကျော်ကို စတင်ရွေးချယ်သည်။ ထို့နောက်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ၄၄ ဦးကို ထပ်မံရွေးချယ်ခဲ့ရာ ယခင်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအားလုံး ရွေးချယ်ခံရပြီး ၄ ဦးမှာထပ်တိုးလာသည်။

ဒုတိယဥက္ကဋ္ဌမှာ ယခင်တစ်ဦးသာ ရှိရာမှ သူရဦးရွှေမန်း၊ သူရဦးအေးမြင့်၊ ဦးဌေးဦး သုံးဦးဖြစ်လာပြီး၊ သူရဦးရွှေမန်းမှာ ပါတီဥက္ကဋ္ဌက တာဝန်မထမ်းဆောင်သေးသည့်အတွက် ဥက္ကဋ္ဌတာဝန်ကိုပါ ပူးတွဲတာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ယခင်ဦးဌေးဦးတာဝန်ထမ်းဆောင်ခဲ့သော အထွေထွေအတွင်းရေးမှူးရာထူးကို ဦးမောင်မောင်သိမ်းက လက်ခံရရှိသည်။ လက်ရှိ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များထဲတွင် သမ္မတဦးသိန်းစိန်အပါအဝင် ၁၁ ဦးမှာ ပြည်ထောင်စုအစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်နေပြီး၊ ငါးဦးမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်နေသည်။

ထို့အပြင် ပါတီမူဝါဒနှင့် လုပ်ငန်းစဉ်များကိုလည်း ပြန်လည်ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး နိုင်ငံရေး မူဝါဒအဖြစ် အမျိုးသားအကျိုး စီးပွားကို ဦးထိပ်ထား၍ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးမည်ဆိုသော အချက်များပါဝင်သည်။

၁၉၉၃ ခုနှစ်တွင် အသင်းအဖြစ် စတင်တည်ထောင်ခဲ့ရာမှ ၂၀၁၀တွင် နိုင်ငံရေးပါတီအဖြစ် ပြောင်းလဲလိုက်သော ပြည်ခိုင်ဖြိုးပါတီသည် ၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရ၍ လက်ရှိအာဏာရပါတီဖြစ်သော်လည်း ကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီပါဝင်ယှဉ်ပြိုင်ခဲ့ရာ အပြတ်အသတ် ရှုံးနိမ့်ခဲ့သည်။ထို့ကြောင့် လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် အခြေအနေကောင်းရန် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် မူဝါဒများ ရေးဆွဲမည့် ယခုညီလာခံမှာ အရေးပါကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်သည်။

# အစိုးရနှင့်ကေအိုင်အို တွေ့ဆုံဆွေးနွေးရန် အလားအလာကောင်း

**အေးမြကျော်**
**ရန်ကုန်၊အောက်တိုဘာ-၁၆**

ကချင်ပြည်နယ်အတွင်း နှစ်ဖက်စစ်ရေးအရှိန်များ မြင့်နေစဉ် အစိုးရဘက်မှ တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းချက်ကို အောက်တိုဘာ ၁၀ ရက်က ပေးပို့လိုက်ပြီး ကေအိုင်အိုဘက်မှလည်း လက်ခံရရှိကြောင်း အကြောင်းပြန်ကာ ယခုတစ်ကြိမ်တွင် တွေ့ဆုံဆွေးနွေးဖြစ်ရန် အလားအလာကောင်းကြောင်း နှစ်ဖက်ငြိမ်းချမ်းရေးအကျိုးဆောင်များထံမှ သိရသည်။

"မဖြစ်နိုင်စရာအကြောင်း မရှိပါဘူး။ ဒီတစ်ခေါက်မှာ တွေ့ဖြစ်ဖို့ ၉၀ ရာခိုင်နှုန်းလောက် သေချာပါတယ်"ဟု ကချင်ပြည်နယ်မှ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့မှ ဦးယွပ်ဇော်ခေါင်က တယ်လီဖုန်းမှတစ်ဆင့် ဖြေကြားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ပေးနေသော ငြိမ်းချမ်းရေးအကျိုးဆောင်ဦးလှမောင်ရွှေကလည်း "အခုထိတော့ ဘယ်နေ့တွေ့ဖြစ်မယ်ဆိုတာ မသိရသေးဘူး။ အောက်တိုဘာ ၂၀ ရက်ဝန်းကျင်လောက်ဖြစ်ဖို့ များပါလိမ့်မယ်"ဟု 7Day News ၏ မေးမြန်းချက်ကို ဖြေကြားသည်။

တွေ့ဆုံဖြစ်ပါက တရုတ်နိုင်ငံဘက်ရှိ ရွှေလီမြို့တွင် တွေ့ဆုံရန် ဖြစ်နိုင်ခြေများကြောင်း သတင်းရရှိသည်။

ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)နှင့် မြန်မာအစိုးရ နှစ်ဖက်တိုက်ပွဲများ ဖြစ်လာသည်မှာ ၂၀၁၁ ခုနှစ် ဇွန်လကတည်းကဖြစ်ပြီး ဩဂုတ်လအတွင်းက ဖားကန့်ဒေသတွင် တိုက်ပွဲများ ပြင်းထန်လာပြီးနောက် တိုက်ပွဲများကြောင့် နေရပ်ထွက်ပြေးတိမ်းရှောင်သူ အရေအတွက်မှာလည်း တစ်သိန်းကျော်အထိ တိုးမြင့်လာခဲ့သည်။

# ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်(ဟောင်း)ကျော်ဇော ရက်လည်ဆွမ်းသွတ်

**အောင်သူရ**
**ရန်ကုန်၊အောက်တိုဘာ-၁၆**

ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးချုပ်(ဟောင်း)ကျော်ဇော ရက်လည်ဆွမ်းသွတ်တရားတော်နာ အစီအစဉ်အား ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်းရှိ ဒေါက်တာလှကျော်ဇောနေအိမ်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဟောင်း ဦးတင်ဦး၊ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ အဖွဲ့ဝင်အချို့၊ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောမိသားစုများနှင့် ဗကသအဖွဲ့များ လာရောက်ခဲ့ကြသည်။

"မြန်မာနိုင်ငံရဲ့ သူရဲကောင်းပီပီ၊ နောက်သူ့ရဲ့ အင်မတန်မွန်မြတ်တာက သူကရိုးသားတယ်။ ဖြောင့်မတ်တယ်။ တည်ကြည်တယ်။ နောက်ပြီးတော့ အောက်ခြေစစ်သည်စစ်သားအပေါ်မှာ စာနာထောက်ထားတယ်"ဟု ကာကွယ်ရေးဦးစီးချုပ်(ဟောင်း)ဦးတင်ဦးကပြောသည်။

လက်ရှိတွင် ဗိုလ်မှူးချုပ်(ဟောင်း)ကျော်ဇော၏ ကြွင်းကျန်သော အရိုးပြာနှင့်ပတ်သက်၍ "ဦးလေးတို့ ဒေါ်လေးတို့နဲ့ မြန်မာပြည်သူတွေရဲ့ သဘောထားပဲ သူတို့မြှုပ်ချင်တဲ့နေရာကို အစိုးရကလည်း ခွင့်ပြုမယ်ဆိုရင် ကျွန်တော် တို့က ပို့ပေးလိုက်ရုံပဲ"ဟု တရုတ် နိုင်ငံတွင် နေထိုင်သော သားဖြစ်သူ ဦးအောင်ကျော်ဇောကပြောသည်။

ရဲဘော်သုံးကျိပ်ဝင်တစ်ဦးဖြစ်ပြီး တရုတ်ဖြူကူမင်တန် ကျူးကျော်မှုကို ဘုရင့်နောင်စစ်ဆင်ရေးဖြင့် အပြီးတိုင်တိုက်ထုတ်နိုင် ခဲ့သော ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောမှာ တရုတ်နိုင်ငံ ကူမင်းမြို့တွင် အဆုတ်ရောဂါဖြင့် အောက်တိုဘာ ၁၀ရက်တွင် ကွယ်လွန်ခဲ့သည်။

**ပြင်ဆင်ဖတ်ရှုပါရန်** - 7Day News ဂျာနယ်၊ အတွဲ ၁၁၊ အမှတ် ၃၁ "အထက်တန်းရှေ့နေများကိုဝင်ငွေခွန်စတင်စည်းကြပ်" သတင်းတွင် "ပြည်မြို့ခံ အထက်တန်းရှေ့နေ ဦးထွန်းနိုင်သန်းကပြောသည်" စာသားအစား "ရှေ့နေ ကွန်ရက်မှ တရားလွှတ်တော်ရှေ့နေဦးကိုနီကပြောသည်"ဟုလည်းကောင်း၊ "ချင်းတွင်းမြစ်အတွင်း စက်လှေပေါ်မှ မူးယစ်ဆေးဝါး ကျပ်သိန်း၁၆၀၀တန်ဖိုးဖမ်းမိ"သတင်းတွင် ကျပ်သိန်း၁၆၀၀ အစား ကျပ်သိန်း **၁၆,၀၀၀** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **အယ်ဒီတာ**

တူသော်လည်း ဘက ဆရာ၊ ဆရာမဆိုလျှင် အထင်သေးတတ်ကြ၍ အလုပ်ပြောင်းရွှေ့မှုများ မကြာခဏ ကြုံရသည်။

မေတ္တာ၊ စေတနာ၊ အနစ်နာတို့ကိုအရင်းတည်၍ ဘကကျောင်းများတွင် ဆရာ၊ ဆရာမများ ပညာသင်ပေးကြသော်လည်း ၎င်းတို့၏ သင်ကြားမှု စွမ်းရည်မြှင့်တင်ရေးကလည်း ကြီးမားသော စိန်ခေါ်မှုဖြစ်သည်။ ဆရာ၊ ဆရာမများတွင် ဘကကျောင်းများမှာပင် ပညာနို့စို့ခဲ့ပြီး ကလေးငယ်များကို ပညာဖြန့်ဝေသူများရှိသလို၊ အစိုးရကျောင်းများတွင် လုပ်လိုသော်လည်း မရသူ ဆရာ၊ ဆရာမ လုပ်လို၍ အတွေ့အကြုံရှာလိုသည့်အနေဖြင့် လုပ်သူများရှိသည်။ တစ်ခါတစ်ရံအထက်တန်းကျောင်းတက်နေဆဲသူများကပင် ဆရာ၊ ဆရာမ အခက်အခဲကြောင့် အောက်မှအတန်းများကို သင်ပေးနေရသူများလည်းရှိသည်။ သေချာသည်မှာ ၎င်းတို့ထဲမှ အများစုမှာ ပညာသင်ကြားနည်းစနစ်များ စနစ်ကျစွာသင်ယူရခြင်း၊ တတ်မြောက်ခြင်း မရှိပါ။

ထိုပြဿနာကို ပြင်ပမှ စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမများ၊ လူငယ်ပညာတတ်များ အခမဲ့ကူညီပေးမှုများ ရှိသလို ပြည်တွင်းပြည်ပ အဖွဲ့အစည်းမျိုးစုံကလည်း သင်ကြားနည်းပညာများ သင်တန်းပေး၍ ဖြေရှင်းနေသည်လည်း ရှိပါသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အဆင့်မြှင့်တင်ရေးအဖွဲ့-CPMEကို ဖောင်တော်ဦး ဆရာတော်နှင့် ပညာရေးနှင့် သက်ဆိုင်သော ပရဟိတများ လုပ်ကိုင်နေသော ဆရာကိုတာတို့က ပူးပေါင်း၍ ၂၀၀၇ ခုနှစ်မှစကာ ဘက ဆရာ၊ဆရာမများကိုအရည်အသွေးမြှင့်သင်တန်းများ ပေးနေသည်လည်းရှိသည်။ စာသင်ကြားနည်း၊ ကိုယ်တိုင်ဆန်းစစ်ဝေဖန်၍ ယုံကြည်မှုတည်ဆောက်ပေးခြင်း၊ အသက်မွေးဝမ်းပညာများ စသည်တို့ကို အဓိက သင်ပေးသည်။ တစ် ကျောင်းလျှင် ဆရာ၊ ဆရာမ လေးဦးနှုန်းဖြင့် သင်တန်းပေးခဲ့ရာ၊ ဆရာ၊ ဆရာမ၊ ဆရာတော် ၆၀၀ ဝန်းကျင် သင်တန်းပေးခဲ့ပြီးဖြစ်သည်။ သင်တန်းတက်ခဲ့သော ဆရာ၊ ဆရာမ၊ ရဟန်းနှင့် သီလရှင်များက ရက် ၇၀ ကြာ CPME တက်ရောက်ပြီးပါက သင်ကြားမှုစွမ်းရည်နှင့် ယုံကြည်မှုများစွာ တိုးလာကြောင်း ပြောသည်။

ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်တင်ပေးရန် မင်္ဂလာဒုံမြို့နယ်ရှိ တောတိုက်ဓမ္မရိပ်သာ အပါအဝင် အခြား ကျောင်းတိုက်နှင့် အဖွဲ့အစည်းအချို့ကလည်း သင်တန်းပေးသည်။ ပြည်ပသို့ ပို့ဆောင်သင်တန်းပေးသည်များရှိ သော်လည်း တစ်နိုင်ငံလုံးတွင် သောင်းနှင့်ချီသော ဆရာ၊ ဆရာမများထဲတွင် အများစုမှာ ယနေ့အထိ သင်ကြားမှု နည်းစနစ်များ တက်ရောက်ရန်လက်လှမ်းမမီသေး။

"ဟိုးရှေးခေတ်ကလိုပြန်ဖြစ်နေတာ။ လေးတန်းအောင် တော်ရော့ပေါ့ ဆိုတာမျိုး ဖြစ်နေတယ်"ဟု ကြီးလေးက မျိုးဆက်သစ်လူငယ်များနှင့် ၎င်းတို့၏ မိဘများ ပညာရေးရည်မှန်းချက် နည်းလာမှုကို ပြောသည်။

"တော်တော်များများ မိသားစုက စာဖတ်တတ်ရင်ရပြီ။ ၁၀ နှစ် ၁၅ နှစ်ဆို မိဘတွေက ကျောင်းကထွက်ပြီး အလုပ်လုပ်ခိုင်းချင်တယ်။ မိဘတွေကိုပြောရင် ဒီခေတ်မှာက မိသားစုငါးယောက်ရှိရင် ငါးယောက်လုံးလုပ်မှ အဆင်ပြေတယ်လို့ ပြောတယ်"ဟု ကျောင်းသားများ စာသင်ခန်းတွင်ရှိနေရန် ကြုံရသော အခက်အခဲကို မဆွေဝေလွင်က မျှဝေသည်။

အစိုးရကျောင်းများတွင် ကျောင်းထွက်နှုန်းများသည်ထက် ဘကကျောင်းများက ပိုများသည်။ မူလတန်းမှ ၉ တန်း၊ ၁၀ တန်းအထိ ဆက်လက်ပညာသင်သူ ရာခိုင်နှုန်းက နည်းလွန်းလှသည်။ ထိုအချက်က အဓိကအခက်အခဲတစ်ခုဖြစ်၏။

"ဒို့တိုင်းပြည်ကို ဒို့တိုးတက်အောင် ဘယ်လိုလုပ်မလဲ တွေးတဲ့အခါ ပညာရေးကို လုပ်မှရမယ်လို့ခံယူတယ်"ဟု ဆရာတော်စန္ဒာဝရက ပညာဖြန့်ဝေသော အလုပ်လုပ်ဖြစ်ရခြင်း၏အကြောင်းရင်းကို မိန့်သည်။

ကြီးလေးကတော့ စာသင်ရသည်ကို ဝါသနာပါ၍ မပြည့်စုံသူများကို ကူညီမြေတောင်မြှောက်သည်ဟုမိန့်သည်။

"နိုင်သလောက် ကောက်သင်းကောက်ပြီး လုပ်ပေးတာပါ။ ဆန်ကောင်းလေးတွေ ထွက်လာမှာပဲလို့ မျှော်လင့်တယ်"။

ထိုကဲ့သို့ နိုင်ငံတစ်ဝန်းရှိ ဆရာတော်နှင့် သီလရှင်များက မေတ္တာတရားကို အရင်းတည်၍ နွမ်းပါးကလေးငယ်များကို ပြုစု ပျိုးထောင်နေချိန်တွင် ဘကကျောင်းများကို အသုံးချ၍ လိမ်လည်အလှူခံသူ အချို့လည်းရှိသည်။ ထို့သို့ အလှူခံသူများကြောင့် စေတနာရှင်များ အထင်မှားသည်များလည်းရှိ၏။ ယင်းမှာ အခက်အခဲတစ်ခုလည်းဖြစ်သည်။

ပညာရေးမှာ အမြဲဖွံ့ဖြိုးနေသည့်အတွက် အဆိုပါကျောင်းများ၏ ဦးဆောင်ဆရာတော်များ အမြင်ကျယ်ရန်မှာ အလွန်အရေးကြီးသည်။ ဦးဆောင်သူများ အမြင်မကျယ်ပါကလည်းဘကပညာရေးမဖွံ့ဖြိုးနိုင်ပေ။

ထို့ကြောင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ဖွံ့ဖြိုးရန်မှာ ဘဏ္ဍာငွေတောင့်တင်းရန်၊ သင်ကြားနည်းစနစ်များမြှင့်တင်ပေးရန်၊ ဆရာ၊ ဆရာမများ၏ အရည်အသွေး မြှင့်တင်ပေးရန် စသည်တို့မှာ အရေးကြီးဆုံးအချက်ပင် ဖြစ်နေသည်။

"အစိုးရဘတ်ဂျက်က ဘက ဆရာ၊ ဆရာမတွေကို လခပေးနိုင်ရင် အရမ်းကောင်းမယ်"ဟု ပညာရေးသုတေသီ ဒေါက်တာသိန်းလွင်ကအကြံပြုသည်။

တေဇာရာမဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော်က အစိုးရအနေဖြင့် ဆရာ၊ ဆရာမများအတွက် လစာမပေးနိုင်လျှင်ပင် ကျောင်းအသီးသီး၌ ပညာပဒေသာပင် စိုက်ပေးရင် များစွာသင့်လျော်မည်ဟု မိန့်သည်။

ကလေးငယ်များကို မည်သည့်အချိန်ထိ ပြုစုပျိုးထောင် ပညာသင်ကြားရန် အစီအစဉ်ရှိသလဲဟု အမေးကို ကြီးလေးက "မပြည့်စုံတဲ့ ကလေးတွေရှိနေသ၍ သင်ပေးမယ်"ဟု ဖြေသည်။

ဆရာတော်စန္ဒာဝရကတော့ CPMEမှ သင်ယူခဲ့ရသောနည်းလမ်းဖြင့် အလှူရှင် အမြဲမရှိနိုင်သည့်အတွက်ကျောင်းစရိတ်အဆင်ပြေရန် ဆပ်ပြာဆီထုတ်၍၊ မှိုစိုက်၍ ကျောင်းဝင်ငွေရှာနိုင်ရန် ပြင်ဆင်နေလေသည်။ ။

7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# မျက်နှာဖုံး-နိုင်ငံခြားကုမ္ပဏီတွေမှာ လုပ်ချင်သလား မှ

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကြောင့် ပြည်တွင်းသို့ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အိုင်စီတီလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ အဆောက်အဦတည်ဆောက်ရေးလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများနှင့်ခရီးသွားလာရေးလုပ်ငန်းစသည့်လုပ်ငန်းနယ်ပယ်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လုပ်ကိုင်မည့်သတင်းများထွက်ပေါ်နေသည်။

နိုင်ငံတကာစီးပွားရေးလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်ရန် အဓိကလိုအပ်ချက်မှာ ဘာသာစကားကျွမ်းကျင်မှုနှင့် အိုင်စီတီနည်းပညာများ တတ်မြောက်ရန်နှင့် မိမိလုပ်ကိုင်လိုသော အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်စွာတတ်မြောက်ထားရန်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်များ၊ အလုပ်အကိုင်ရေးရာ ကျွမ်းကျင်သူများက တညီတညွတ်တည်းပြောသည်။

"နိုင်ငံခြား ကုမ္ပဏီတွေက ပြည်တွင်းက ဝန်ထမ်းတွေကို အလုပ်ခေါ်ကြတဲ့အခါ အဓိကက စီပီအေဘွဲ့ရတွေကို ဦးစားပေးခေါ်တာ များလာတယ်။ စီပီအေဘွဲ့ရဆိုရင် လစာက အနည်းဆုံး ဆယ့်တစ်သိန်းနဲ့ သူ့အထက်မှာပဲ ရှိတယ်။ လုပ်ငန်းအတွေ့အကြုံကတော့ အနည်းဆုံး ရှစ်နှစ်လောက်ရှိရတယ်။ ဘာသာစကားအနေနဲ့က တရုတ်စာနဲ့ အင်္ဂလိပ်စာတတ်ကျွမ်းသူတွေကိုဦးစားပေးခေါ်လာကြတယ်"ဟု ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီဖြစ်သော နွယ်ရိုးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလုပ်အကိုင် ရှာဖွေပေးရေး အေဂျင်စီတစ်ခုဖြစ်သော Executive Search မှ တာဝန်ရှိသူတစ်ဦးကလည်း "နိုင်ငံခြားကုမ္ပဏီတွေအနေနဲ့ အလုပ်ခေါ်တဲ့နေရာမှာ ဘာသာစကား ကျွမ်းကျင်မှုကို ဦးစားပေးခေါ်လာကြပါတယ်။ သူတို့နဲ့ တိုက်ရိုက်ထိတွေ့ ပြောဆိုဆက်ဆံနိုင်မယ့် ပြည်တွင်းက ကျွမ်းကျင်ဝန်ထမ်းတွေကိုပဲ သူတို့က အလိုရှိကြတာပါ။ အခုလို နိုင်ငံတကာက လုပ်ငန်းတွေ ပြည်တွင်းကို ဝင်လာတဲ့အချိန် ဒီကဝန်ထမ်းတွေအနေနဲ့ ဘာသာစကားကျွမ်းကျင်မှုနဲ့ လုပ်ငန်းအတွေ့အကြုံတွေကို တတ်မြောက်ထားသင့်တယ်။ ဘာဖြစ်လို့လဲဆိုရင် ဘာသာစကားကျွမ်းကျင်မှုနဲ့ လုပ်ငန်းအတွေ့အကြုံကောင်းသူကိုသာ နိုင်ငံခြားကုမ္ပဏီတွေက ဦးစားပေးခေါ်လာကြတာဖြစ်လို့ပါ"ဟု ပြောသည်။



အလုပ်အကိုင်ပြပွဲတွင်လျှောက်လွှာတင်နေသူများ

"နိုင်ငံခြားသားတွေနဲ့ ထိတွေ့ဆက်ဆံတဲ့အခါ အဓိကအချက်ဖြစ်တဲ့ ဘာသာစကားတတ်ကျွမ်းမှုက အားနည်းနေပြီဆိုရင် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေ အလုံးအရင်းနဲ့ ဝင်လာတဲ့အခါ ပြည်တွင်းလုပ်ငန်းတွေကို ထိခိုက်နိုင်တယ်။

"အလုပ်ရှင်နဲ့ အလုပ်သမားပိုင်းကို ကြည့်ရင်လည်း အလုပ်သမားကလည်း မပြည့်မီဘူး။ နောက်တစ်ခုက ကျွမ်းကျင်အလုပ်သမားရှားပါးတဲ့ ပြဿနာပဲ။ ဥပမာ ထားဝယ်ရေနက်ဆိပ်ကမ်းကိုပဲကြည့်ရင် ကိုယ့်ဆီမှာက ကျွမ်းကျင်သူရှားပါးတဲ့အတွက် ကိုယ့်ရဲ့ ဒေသခံတွေက အောက်ခြေအဆင့်ဖြစ်တဲ့ နေ့စားအလုပ်သမားအဆင့်ပဲရှိတယ်။ ပြီးတော့ လုပ်ခကလည်း နှိမ်ခံရတယ်။ ရာထူးကြီးကြီးပိုင်းမှာလည်း မြန်မာဆိုတာ မရှိသလောက် ဖြစ်နေတယ်"ဟု Super Point ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးစန်းမြင့်ထွန်းကပြောသည်။

"နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေလာရင် ကိုယ့်နိုင်ငံသားက အောက်ခြေဝန်ထမ်းပဲဖြစ်နေရင် ဒါမဖြစ်သင့်ဘူး။ အဲဒီအတွက် လူငယ်တွေမှာ လုံလောက်တဲ့ အရည်အချင်းတွေ ရှိသင့်တယ်။ အဓိက လိုအပ်ချက်က ဘာသာစကားကျွမ်းကျင်မှုနဲ့ အရည်အချင်းပြည့်ဝတဲ့ လုပ်ငန်းအတွေ့အကြုံရယ်၊ အနိမ့်ဆုံးတော့ အီးမေးလ်၊ အင်တာနက်ကောင်းကောင်း သုံးတတ်ဖို့လိုတယ်" ဟု စင်ကာပူနိုင်ငံတွင် Site Engineer ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသူ အသက် ၂၈ နှစ်အရွယ်ရှိ ကိုကျော်ဇင်ဦးက ပြောသည်။

စီးပွားရေး ပညာရှင်တစ်ဦးကလည်း မြန်မာနိုင်ငံတွင် ကျွမ်းကျင်လုပ်သားရှားပါးမှုမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများအတွက် အဓိကအဟန့်အတားအဆီးတစ်ခု ဖြစ်နိုင်ကြောင်း သုံးသပ်သည်။

"လူတွေရဲ့ အရည်အချင်းက အရမ်းအရေးကြီးပါတယ်။ ပေါင်းသင်းဆက်ဆံရေး၊ အဖွဲ့အစည်းတစ်ခုရဲ့ တစ်စိတ်တစ်ပိုင်းအနေနဲ့ အလုပ်လုပ်ကိုင်နိုင်မှု၊ ကိုယ်ပိုင်အစွမ်းအစနဲ့ တွေးခေါ်ဆင်ခြင် နိုင်စွမ်းတွေရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံခြားကုမ္ပဏီတွေကလည်း အလုပ်သမားဈေးကွက်နဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်နေကြပါတယ်။ မြန်မာနိုင်ငံရဲ့ လုပ်ငန်းခွင်မလေ့စရိုက်က ကျွန်တော်ကြုံတွေ့ခဲ့ရတာနဲ့ တော်တော်ကွာခြားပါတယ်"ဟု Edulink အင်္ဂလိပ်ဘာသာစကားသင်တန်း တည်ထောင်ထားသော ဩစတြေးလျနိုင်ငံသား Eugene Quah က ပြောသည်။

နှစ်ပေါင်းများစွာ အခွင့်အလမ်းနည်းပါးခဲ့သော ပြည်တွင်းအလုပ်အကိုင်ဈေးကွက်အတွက် မျှော်မှန်းထားသည့်အတိုင်း ပြည်ပကုမ္ပဏီကြီးများ ဝင်လာလျှင် မြန်မာလူငယ်များ၏ လူသားအရင်းအမြစ် အဆင်သင့် ဖြစ်၊ မဖြစ် အဖြေပေါ်မည်ဖြစ်သည်။

"အလုပ်လုပ်ချင်သူတွေ အလုပ်ကောင်းကောင်း လုပ်ရမယ့်အချိန်ပါ။ အဆုံးအဖြတ်က မကြာမီပေးပါတော့မယ်။ ကြိုတင်ပြင်ဆင်ထားသူတွေအတွက် အခွင့်အရေးနဲ့ အခွင့်ထူးဖြစ်ပေမယ့် ပြင်ဆင်မှုမရှိ၊ ပြင်ဆင်မှုအားနည်းသူတွေအတွက် ဘူးလေးရာ ဖရုံဆင့်ဖြစ်မယ့်ကိန်းပါ"ဟု PS စီးပွားရေးသင်တန်း တည်ထောင်သူ ဦးမျိုးမင်းကပြောသည်။

သတ္တုတွင်းလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်သည့်အတွက် ထိုလုပ်ငန်းများတွင် လုပ်ကိုင်လိုသည့် လုပ်သားများသည် အဓိကကျသော မိုင်းနှင့် ဘူမိဗေဒပညာများတွင် ဘွဲ့ရယူထားရုံမဟုတ်ဘဲ လုပ်ငန်းသဘောများကို ကျွမ်းကျင်အောင် လေ့လာထားသင့်ကြောင်း သတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်နေသော Future Engineering ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဘွဲ့ရထားတာ တစ်ခုတည်းမဟုတ်ဘဲ လုပ်ငန်းသဘော ကျွမ်းကျင်အောင် လုပ်ထားသင့်တယ်။ အတွေ့အကြုံများများရှိမှ အခွင့်အလမ်း ပိုများမယ်။ ဘာသာစကား ကျွမ်းကျင်မှုကို ဦးစားပေးဆောင်ရွက်ထားသင့်တယ်"ဟု အထက်ပါ ပုဂ္ဂိုလ်ကပြောသည်။

ပြည်ပမှ အထည်ချုပ်လုပ်ငန်းရှင်များ ဝင်ရောက်လာလျှင်လည်း လုပ်သားများ အဆင်ပြေစေရန် နိုင်ငံတကာအဆင့်မီ ချုပ်လုပ်နိုင်သည့် သင်တန်းများကို ဖွင့်လှစ်ပြီး စနစ်တကျ သင်ကြားထားသင့်ကြောင်း အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးကပြောသည်။

"အလုပ်သမားတွေရဲ့ အရည်အသွေးက ၂၀၀၁ ခုနှစ်လောက်ကနဲ့ နှိုင်းယှဉ်ရင်တောင် တိုးတက်လာတာမရှိဘူး။ ချုပ်နိုင်တဲ့စွမ်းအားတွေကလည်း တက်မလာဘူး" ဟု ဦးမြင့်စိုးက ပြောသည်။

ပြည်ပခရီးသွားလုပ်ငန်းများတွင် လုပ်ကိုင်လိုသူများအနေဖြင့် ဘာသာစကား ကျွမ်းကျင်မှုအပြင် အထွေထွေဗဟုသုတများကိုပါ လေ့လာထားရန် လိုအပ်ကြောင်း ဝါရင့်ဧည့်လမ်းညွှန်တစ်ဦးကပြောသည်။

"ခရီးသွားလုပ်ငန်းနယ်ပယ်ကို ဝင်ရောက်မယ်ဆိုရင် ခရီးသွားလုပ်ငန်းတွေကို သေသေချာချာ လေ့လာထားရတော့မယ်။ ဒီလုပ်ငန်းနဲ့ ပတ်သက်တဲ့ နိုင်ငံခြားသားတွေသိသင့်တဲ့သမိုင်းကြောင်းတွေအပြင် လတ်တလောမှာ ဖြစ်ပျက်နေတဲ့ အထွေထွေ ဗဟုသုတတွေပါ ရှင်းပြနိုင်အောင် လေ့လာထားရတော့မယ်"ဟု အထက်ပါ ပုဂ္ဂိုလ်ကပြောသည်။

ပြည်ပကုမ္ပဏီများဝင်ရောက်လာရန် စိုင်းပြင်းနေသော အိုင်စီတီကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံလိုသူများအတွက် ဆက်သွယ်ရေးနည်းဥပဒေမထွက်သေးခြင်းနှင့်အတူ ကျွမ်းကျင်လုပ်သားရှားပါးမှုမှာ အဓိက အဟန့်အတားတစ်ခု ဖြစ်နေသည်။

"လက်ရှိအချိန်ထိတော့ နိုင်ငံခြားက ဝင်လာတဲ့ကုမ္ပဏီတွေမှာ အိုင်စီတီကဏ္ဍ၊ လူသုံးကုန်ထုတ်လုပ်တဲ့ လုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်းတွေက အရမ်းများနေတယ်။ အဲဒီလုပ်ငန်းတွေက ပြည်တွင်းဝန်ထမ်းတွေကို အလုပ်ခေါ်တဲ့ နေရာမှာ အဓိကအချက်အနေနဲ့ လုပ်ငန်းအတွေ့အကြုံ အရမ်းရှိပြီး အင်္ဂလိပ်ဘာသာစကား အရမ်းမြင့်တဲ့သူမျိုးကို ဦးစားပေးကြတယ်။

ဒါပေမဲ့ နိုင်ငံခြားကုမ္ပဏီတွေအနေနဲ့ ပြည်တွင်းက သူတို့လိုချင်တဲ့ အရည်အသွေးမြင့် ဝန်ထမ်းအရေအတွက်ဟာ လိုအပ်သလောက် မရကြဘူး။ အလုပ်လာလျှောက်ကြတဲ့ လျှောက်လွှာတွေအားလုံးကိုစစ်ချလိုက်ရင်နိုင်ငံခြား ကုမ္ပဏီတွေ လိုချင်တဲ့အချက်အလက်ကိုက်ညီသူဟာဖောင်နှစ်စောင်လောက်ပဲကျန်ခဲ့တယ်။ အဓိကပြဿနာကနိုင်ငံတကာက လိုချင်တဲ့ အရည်အသွေးရှိ ဝန်ထမ်းအရည်အတွက် လုံလောက်မှု မရှိတာပါပဲ" ဟု Executive Search အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကြိုတင်ပြင်ဆင်ထား ရမယ့်အထဲမှာ နိုင်ငံခြားအတွေ့အကြုံရှိသူတွေ၊ အမြင်ကျယ်သူတွေ၊ စနစ်တကျ သွားတတ်သူတွေနဲ့ တကယ်တတ်ကျွမ်းတဲ့ သူတွေလောက်ပဲ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုပွင့်လာမယ်လို့ ထင်တယ်။ အိုင်စီတီကဏ္ဍမှာက နိုင်ငံတကာနဲ့ယှဉ်ပြီး လုပ်နိုင်တဲ့ အရည်အချင်းရှိသူတွေ လိုအပ်နေတယ်" ဟု Information Committe Yangon Region Computer Professional Association မှ တာဝန်ရှိသူဖြစ်သောဦးညီလင်းဆက်ကဆိုသည်။

ကျွမ်းကျင်လုပ်သား အရေအတွက် အများစုမှာ စင်ကာပူနိုင်ငံသို့အများအပြားရောက်ရှိနေကြခြင်းက ပြည်တွင်းတွင် အရည်အချင်းပြည့်ဝသည့် လုပ်သားလိုအပ်ချက်မြင့်တက်နေခြင်းဖြစ်သည်ဟု ကွန်ပျူတာနယ်ပယ်မှ ကျွမ်းကျင်သူများကဆိုကြသည်။ နိုင်ငံတကာမှဝင်ရောက်လာမည့်အိုင်စီတီဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအတွက် လူငယ်များအနေဖြင့် Java၊ Auto Cut အစရှိသည့်ကွန်ပျူတာပညာရပ်များအပြင် ပြည်တွင်း၏ စီးပွားရေးကဏ္ဍ အားလုံးအတွက် Software ရေး ဆွဲနိုင်သူများပါ အများအပြားလို အပ်နေကြောင်း မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူက ပြောသည်။

# စာ(၃) စီးပွားရေးနှင့်ပတ်သက်၍ လွှတ်တော်တွင် အဓိကဆွေးနွေးမည် မှ

လွှတ်တော်အစည်းအဝေးများတွင် လူအများစိတ်ဝင်စားနေသည့်ဥပဒေကြမ်းသုံးခုရှိကြောင်း၊ နိုင်ငံတကာမှ စိတ်ဝင်တစားစောင့်ကြည့်နေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို အမြန်ဆုံး ပြီးစီးနိုင်စေရန် လွှတ်တော်အနေဖြင့် အချိန်ပေးဆောင်ရွက်လိမ့်မည်ဟု ထင်ကြောင်း၊ ဒုတိယဥပဒေကြမ်းအဖြစ် NGO ဥပဒေကြမ်းကို ပြဋ္ဌာန်းရန်လိုကြောင်း၊ တတိယအနေဖြင့် မီဒီယာဥပဒေကို တင်သွင်းနိုင်ရန် စီစဉ်ဆောင်ရွက်သင့်ကြောင်း၊ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ လွှတ်တော်များတွင် မေးမြန်းဆွေးနွေး၍ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုသာ ပြည်ထောင်စုအဆင့် လွှတ်တော်များတွင် ဆွေးနွေးသင့်ကြောင်း နိုင်ငံတော်သမ္မတ၏ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်ကပြောသည်။

"အန်တီတွေ့ကြုံရတာကတော့ ပြည်သူတွေအနေနဲ့ လတ်တလော သူတို့ကြုံတွေ့နေရတဲ့ ပြဿနာတွေကို လွှတ်တော်မှာ တင်ပြဆွေးနွေးစေချင်တဲ့ဆန္ဒ ရှိနေကြတယ်။ ဥပမာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်တဲ့ကိစ္စမျိုးတွေမှာဆိုရင် အာဏာပိုင်တွေက မလျော်ဩဇာသုံးပြီး သူ့လူသူတင်တာမျိုးတွေရှိတယ်။ နောက်ပြီး ရဲတပ်ဖွဲ့ဝင်အချို့က မတရားဖမ်းဆီးချုပ်နှောင်တာတွေရှိတယ်။ အဲဒီလိုဖြစ်ရပ်တွေကို သူတို့ရဲ့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေက ကြီးကြပ်ပြီး မတရားမှုတွေကို ပြည်ထောင်စုအဆင့် လွှတ်တော်တွေမှာ တင်ပြစေချင်တဲ့ဆန္ဒ အောက်ခြေက ပြည်သူလူထုတွေမှာရှိတယ်"ဟု ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းက ပြောသည်။

မကြာမီ ပြန်လည်ကျင်းပတော့မည့် လွှတ်တော်အစည်းအဝေးများတွင် လယ်သမားများနှင့် သက်ဆိုင်သော လယ်ယာမြေအငြင်းပွားမှုများကို ပြတ်ပြတ်သားသား ဆွေးနွေးရန်လိုကြောင်း၊ အဆိုပါကိစ္စကို လယ်ယာမြေစုံစမ်းရေးကော်မရှင်မှ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို လွှတ်တော်တွင် အဖြေတစ်ခုထွက်သည်အထိ ဆွေးနွေးပြီး လယ်သမားများ၏ အခက်အခဲကို ထိထိရောက်ရောက် ဖြေရှင်းပေးသင့်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် မိမိတို့ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ခြေသို့ဆင်း၍ ပြည်သူလူထုနှင့် ထိတွေ့မှုမရှိသည်မှာ ကြာမြင့်ပြီဖြစ်ပြီး မိမိတို့ခံစားနေရသည့် အခက်အခဲများအား လွှတ်တော်ကိုယ်စားလှယ်များသို့ တင်ပြ၍ အကူအညီတောင်းခံလိုသော်လည်း ၎င်းကိုယ်စားလှယ်များသည် မိမိတို့မြို့နယ်တွင်နေထိုင်မှုမရှိခြင်း၊ ပြည်သူများနှင့် ထိတွေ့မှုမရှိခြင်းတို့ကြောင့် အခက်အခဲများ ကြုံတွေ့ရကြောင်း ပြည်သူအချို့က ပြောသည်။

"အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ လွှတ်တော်တွေကြားမှာ ဒီထက်ပိုပြီး သဟဇာတဖြစ်ရင် ပိုကောင်းပါတယ်။ လယ်ယာမြေကိစ္စတွေနဲ့ ပတ်သက်လို့လည်း လွှတ်တော်ကော်မတီတွေက လုပ်နေကြတာတွေရှိတယ်။ အဲဒါနဲ့ ပတ်သက်ပြီး လွှတ်တော်နဲ့ အစိုးရအဖွဲ့က အဆင်ပြေအောင် ဆွေးနွေးနိုင်မယ်လို့ မျှော်လင့်တယ်"ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုဂျင်မီကပြောသည်။ ထို့အပြင် လွှတ်တော်တွင်း၌ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော ကိစ္စရပ်များကို အလေးအနက်ထား ဆွေးနွေးသင့်ကြောင်း၊ လွှတ်တော်တွင်ငြိမ်းချမ်းရေးကိစ္စရပ်များကို သံန္နိဋ္ဌာန်ချ၍ ဆွေးနွေးနေသည်များကို မတွေ့ရှိရသေးကြောင်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်သည့် ကိုဌေးကြွယ်နှင့် ကိုဂျင်မီက ပြောသည်။

ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ဆွေးနွေးပြီး ပြတ်၍ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည့် ဥပဒေငါးခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

"လာမယ့် လွှတ်တော်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကော်မတီကလည်း တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်တာတွေ တင်သွင်းဖို့ ရှိတယ်လို့ သိရတယ်။ တရားရုံးတွေကို လိုက်စစ်တဲ့အခါ တွေ့ရတဲ့ အားနည်းချက်တွေကို တင်သွင်းဖို့ရှိတယ်လို့ သိရတယ်။ ဒါအင်မတန်ကောင်းတဲ့ အခြေအနေပါ" ဟု ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးဆိုင်ရာကော်မတီဥက္ကဋ္ဌသူရဦးအောင်ကိုက ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012



# ထာဝရငြိမ်းချမ်းရေးအတွက် ကရင်တိုင်းရင်းသားများ သဘောထားဖော်ထုတ်

**သန်းဌေး**

**ရန်ကုန်၊**

**အောက်တိုဘာ-၁**

ကေအင်န်ယူအပါအဝင် ကရင်တိုင်းရင်းသားပါတီများနှင့် တစ်နိုင်ငံလုံးရှိကရင်တိုင်းရင်းသားများကို ကိုယ်စားပြုသော လူဦးရေ ၁၅၀ ကျော် တက်ရောက်ခဲ့သည့် ထာဝရငြိမ်းချမ်းရေးအတွက် ကရင်လူကြီးများ တွေ့ဆုံပွဲအခမ်းအနားမှ ဆုံးဖြတ်ချက်သုံးရပ် ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဆုံးဖြတ်ချက်သုံးရပ်မှာ နိုင်ငံတော်မှ ဦးဆောင်ပြုလုပ်သောငြိမ်းချမ်းရေးအစီအစဉ်ကို ထောက်ခံပြီး ထာဝရငြိမ်းချမ်းရေးအတွက် အပြီးတိုင် လုပ်ဆောင်ရန် မေတ္တာရပ်ခံကာ ကရင်ပြည်နယ်တစ်ရပ်လုံး ဘဝတိုးတက်ရန် စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းသာယာဖို့အတွက် အားလုံးလုပ်ဆောင်သွားမည်တို့ ဖြစ်သည်။

“ငြိမ်းချမ်းရေးလုပ်ဆောင်နေတုန်း အနေအထား အနည်းငယ် ပြောင်းလဲသွားတယ်။ အထစ်အငေါ့လေးတွေ ဖြစ်သွားတယ်။ ကရင်အမျိုးသားတိုင်း ရင်ထဲမှာ ဟာခနဲ ဖြစ်သွားတယ်”ဟု စက်တင်ဘာ ၂၉ ရက်တွင် ကရင်အမျိုးသားအစည်းအရုံးဗဟိုကဌာနတွင်းထုတ်ပြန်သော ကြေညာချက်အပေါ် ကေအင်န်ယူမှ ဗိုလ်မှူးကြီးဖောဒိုကပြောသည်။

အဆိုပါကြေညာချက်တွင် နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးလုပ်ဆောင်နေသော ကေအင်န်ယူဗဟိုကော်မတီဝင်များဖြစ်သည့် ဖဒိုဒေးဗစ်ထော၊ မူတူးဆေးဖောနှင့် ဖဒိုရောဂျာတို့အား ဗဟိုမှ ထုတ်ပယ်လိုက်ကြောင်း ပါဝင်သည်။

အထက်ပါထုတ်ပြန်ချက်ကြောင့် အထုတ်ခံရသူများကလည်း ပြည်တွင်း၊ပြည်ပသတင်းစာဆရာများကို ဖိတ်ခေါ်ကာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရန် စီစဉ်ပြီးနောက် အချင်းချင်းပြေလည်မှု ပြန်ရသွားသောကြောင့် သတင်းစာရှင်းလင်းပွဲမလုပ်ဖြစ်ဘဲငြိမ်းချမ်းရေးအခြေအနေမှာ အကောင်းဘက်သို့ ၈၀ ရာခိုင်နှုန်း ပြန်ကောင်းသွားပြီဖြစ်ကြောင်း ၎င်းကပြောသည်။

အထက်ပါကဲ့သို့ ထာဝရငြိမ်းချမ်းရေးအတွက် တွေ့ဆုံပွဲများကို ကရင်ပြည်နယ်နှင့် မော်လမြိုင်တို့တွင်လည်း ဆက်လက်ကျင်းပရန် အစီအစဉ်ရှိကြောင်း ကရင်ပြည်နယ် ထာဝရငြိမ်းချမ်းရေး ဆောင်ရွက်နေသော အဖွဲ့ဝင်တစ်ဦးဖြစ်သူဦးမန်းနေရင်(ခ) ဦးစောနေရင်က ပြောသည်။

“ကရင်တစ်မျိုးသားလုံးညီလာခံလုပ်ပြီး ကရင်တိုင်းရင်းသားအားလုံးကိုယ်စား ပြောနိုင်တဲ့ ကရင်အမျိုးသားအဖွဲ့အစည်းတစ်ခုရှိသင့်တယ်”ဟုဦးမန်းမောင်မောင်ညဏ်က အကြံပြုပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဖဒိုထွန်းအောင်မြင့်ကလည်း တစ်တိုင်းပြည်လုံးရှိ ကရင်တိုင်းရင်းသားများကို ကိုယ်စားပြုသော ကရင်ဦးသျှောင်လူကြီးအဖွဲ့ကို ဖွဲ့စည်းကာ ကရင်ပြည်နယ် ထာဝရငြိမ်းချမ်းရေးအတွက် အားလုံးယုံကြည်စွာ လုပ်ဆောင်ရမည်ဟု ပြောသည်။

# ဆံပင်တုစက်ရုံ တာဝန်ခံ ကိုရီးယားနိုင်ငံသားအား အမှုဖွင့်

**အေးမြတ်သူ**

**ရန်ကုန်၊**

**အောက်တိုဘာ - ၁၄**

လှိုင်သာယာစက်မှုဇုန် ၄ အတွင်းရှိ Hi-Mo ဆံပင်တုစက်ရုံမှ လုပ်သား ၁၅ ဦးက အမှုဖွင့်ခဲ့သော စက်ရုံတာဝန်ခံ (ဘီ) ကိုရီးယားလူမျိုးအား ယခုလ ၈ ရက်တွင် ဗီဇာစည်းကမ်းချိုးဖောက်မှုဖြင့် ထပ်မံ၍ လှိုင်သာယာမြို့နယ်ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း လှိုင်သာယာမြို့နယ် လ. ဝ. က ဦးစီးမှူးဦးရွှေထူးက ပြောသည်။

စာချုပ်စည်းကမ်း ဖောက်ဖျက်မှုကြောင့် အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားရာမှ ပြီးခဲ့သောဇွန်လတွင် အလုပ်သမား ၁၅ ဦးကို ကိုယ်ထိလက်ရောက်ရိုက်နှက်ခဲ့သော ကိုရီးယားလူမျိုးနှစ်ဦးအနက်မှ တစ်ဦးဖြစ်သူ ၎င်းအားလေးလခန့်အကြာတွင် ဗီဇာစည်းကမ်းလိုက်နာမှုမရှိသည့် အအချက်အပါအဝင် မြန်မာနိုင်ငံတည်ဆဲဥပဒေအရ ယဉ်ကျေးမှုလိုက်နာမှုမရှိ၍ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

“နိုင်ငံခြားက တရားဝင်ဗီဇာနဲ့လာတဲ့သူအနေနဲ့ ဒီမှာလုပ်ချင်သလိုမဖြစ်အောင် ထိန်းပေးရမယ်။ ဥပဒေဘောင်အတွင်းနေရင်တော့ လွတ်လွတ်လပ်လပ်နေပြီး အလုပ်လုပ်လို့ရတယ်။ ကျွန်တော်တို့အနေနဲ့ သူတို့ကို ဦးစားပေးပါတယ်။ ဒါကိုစည်းကမ်းမလိုက်လို့အမှုဖွင့်တာပါ” ဟုဦးစီးမှူးဦးရွှေထူးက ပြောသည်။

သို့သော် စက်ရုံမန်နေဂျာဦးစံသာထွန်းက အလုပ်သမားများကို လစာတိုးပေးရန်ရှိကြောင်း အောက်ပါအတိုင်း ပြောသည်။

“မစ္စတာကင်အမှုကို လဝက ၁၃(ခ)နဲ့ဖွင့်ထားတာကိုစက်ရုံပိတ်ရမယ်ဆိုတာ မဟုတ်ပါဘူး။ လစာတိုးဖို့က သတ်မှတ်ထားတဲ့ အတိုင်းဝန်ထမ်းတစ်ဦးချင်းကို ခုနစ်ရာတိုးပေးဖို့ရှိပါတယ်။ အဲဒါ(၁၀)လပိုင်း၊(၁၁)လပိုင်းမှာဖြစ်မှာပါ။ စက်ရုံပိတ်ဖို့ သူဌေးကလည်း ညွှန်ကြားထားတာ မရှိပါဘူး”

လဝက ကဇွန်လအတွင်းခေါ်စာထုတ်ခဲ့သော်လည်း အကြောင်းပြန်ခြင်းမရှိသည့်အတွက် အမှုကြန့်ကြာနေသည်။ ယခုအမှုဖွင့်သည့်အခါနှစ်ဦးအနက်တစ်ဦးဖြစ်သော မစ္စတာလီသည် ကျန်းမာရေးကြောင့် ကိုရီးယားနိုင်ငံသို့ အပြီးထွက်ခွာသွားခဲ့ပြီး ကျန်တစ်ဦးဖြစ်သူ မစ္စတာကင်အား ၁၉၄၇ ခုနှစ် လဝက လတ်တလောပြဋ္ဌာန်းချက်အက်ဥပဒေ ၁၃(၁)အရအမှုဖွင့်ထားခြင်းဖြစ်သည်။

အသက် ၄၃ နှစ်အရွယ် မစ္စတာကင်အမှုဖွင့်ခံထားရသည့်ကိစ္စနှင့် ပတ်သက်၍ QCပိုင်း၊ ခေါင်းဆောင်များအနေဖြင့် စက်ရုံမှလုပ်သားတစ်ထောင်ကျော်ခန့်အားယခုလ ၁၀ ရက်တွင် မစ္စတာကင်လွတ်မြောက်ရေးအတွက် စာရွက်အလွတ်တွင် လက်မှတ်များထိုးခိုင်းကြောင်း အလုပ်သမားကိုယ်စားလှယ်ခေါင်းဆောင်မသီတာထွန်းကပြောသည်။

အလုပ်ရှင်ဘက်မှ ဇွန်လအတွင်း ချုပ်ဆိုခဲ့သော စာချုပ်အရ အောက်တိုဘာလစာကို တိုးမြှင့်ပေးရမည်ဖြစ်ရာ ယခုအခါစက်ရုံမန်နေဂျာက အလုပ်သမားကိုယ်စားလှယ်ခေါင်းဆောင်များအား လစာတိုးပေးရမည်ဆိုပါက စက်ရုံပိတ်ရမည်ဆိုသောကြောင့် အလုပ်သမားများက လစာတိုးမည့်ကိစ္စအား တောင်းဆိုရန်ခက်ခဲလျက်ရှိကြောင်း ၎င်းကပြောသည်။

ဗီဇာစည်းကမ်းဖျောက်ဖျက်မှုနှင့်ပတ်သက်၍ လှိုင်သာယာမြို့နယ်ရဲစခန်းတွင် အမှုဖွင့်ထားပြီး ထိုပြစ်မှုမှာ ပြစ်ဒဏ်ထင်ရှားလျှင် ထောင် ခြောက်လမှ ငါးနှစ်အထိဖြစ်စေ၊ငွေဒဏ်အရကျပ်၁၅၀၀နှင့်အထက်ဖြစ်စေ ဒဏ်နှစ်ရပ်ဖြင့်လည်းအရေးယူထားနိုင်ကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012



အောင်လက သူ၏ပြိုင်ဘက်ကို ထိုးနေစဉ်

# အမေရိကန် ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲတွင် မြန်မာပြည်မှ အောင်လက ပြိုင်ဘက်အား အလဲထိုး

**ဒီလာဝယ်လ်၊**
**အောက်တိုဘာ - ၁၃**
အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းဒီလာဝယ်ပြည်နယ်၌ ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပသည့် ကိုယ်ခံပညာပေါင်းစုံတိုက်ခိုက်ရေး (Mixed Martial Arts) ပြိုင်ပွဲ၊ တစ်နည်းအားဖြင့် Cage Fury Fighting Championship (CFFC) ဟုခေါ်သော ပြိုင်ပွဲတွင် မြန်မာပြည်ဖွား ကချင်တိုင်းရင်းသား အောင်လအင်ဆန်းက အိုင်အိုဝါပြည်နယ်မှပြိုင်ဘက်အား လျင်မြန်စွာအလဲထိုးအနိုင်ယူခဲ့သည်။

''The Burmes Pytohon'' ဟုချစ်စနိုးခေါ်ဝေါ်ကြသောအောင်လသည်ပွဲကိုဖြည်းဖြည်းချင်းစတင်ခဲ့ရာပြိုင်ဘက် ဂျက်ဆင်လောက်ထံမှမျက်နှာနှင့် ခန္ဓာကိုယ်သို့ ပစ်သွင်းသည့် လက်သီးချက်များ ထိမှန်ခဲ့ရသည်။ သို့သော် အောင်လကရှေ့ဆက်ထိုးရန်တိုက်စစ်ကို ပြင်ဆင်ခဲ့ပြီး ဂျက်ဆင်လောက်ထောင့်ကပ်မိချိန်တွင် အောင်လက အသည်းနေရာသို့ လက်သီးတစ်လုံးပစ်သွင်းလိုက်ရာဂျက်ဆင်တစ်ယောက် ရှုံ့ရှုံ့ရှားရှားရှေ့တိုးလာသည်။ ထို့နောက် အောင်လက ဘယ်လက်သီးများ ဆက်တိုက်လွှတ်ထိုးရင်း ညာလက်သီးတစ်လုံး လျှပ်တစ်ပြက် ပစ်သွင်းလိုက်ရာ ပြိုင်ဘက် ဂျက်ဆင်မှာ မလှုပ်မယှက်နောက်ကောက်ကျသွားသည်။ အသက် ၂၇ နှစ်အရွယ် အောင်လကအဆိုပါလက်ဝှေ့ပွဲမှ အနိုင်ရရှိသောထိုးကြေးနှင့် စပွန်ဆာရငွေအားလုံးကို ကချင်စစ်ဘေးဒုက္ခသည်များအားလှူဒါန်းသွားမည်ဟု ၎င်း၏ ဝက်ဘ်ဆိုက်တွင် ကြေညာခဲ့သည်။

# ရခိုင်အမျိုးသားကွန်ရက်နှင့် တွေ့ဆုံရန် ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားသံရုံးကမ်းလှမ်း

**မြတ်စုမွန်**
**ရန်ကုန်၊ အောက်တိုဘာ -**
ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဘာသာရေးအကြမ်းဖက်မှုများကြောင့် ဆန္ဒပြခဲ့သည့် ရခိုင်အမျိုးသားကွန်ရက်အား ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားသံရုံးများက တွေ့ဆုံရန် နှုတ်ဖြင့်ကမ်းလှမ်းလာကြောင်း ကွန်ရက်ဥက္ကဋ္ဌ ဦးတင်ထူးအောင်ကပြောသည်။

ဘင်္ဂလာဒေ့သံရုံး ပြောရေးဆိုခွင့်ရှိသူတစ်ဦးမှတစ်ဆင့် ဆက်သွယ်လာခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်တွင်ဖြစ်ပျက်ခဲ့သည့် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်အစိုးရက မည်သို့အရေးယူဆောင်ရွက်နေကြောင်း ရှင်းပြရန်အတွက် ယင်းသို့ ကမ်းလှမ်းခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"သူတို့က ရုံးကို ဖုန်းလှမ်းဆက်ပြီး နှုတ်နဲ့ပဲ ကမ်းလှမ်းလာတာပါ။ စာနဲ့ပေနဲ့ တရားဝင်ကမ်းလှမ်းလာတာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့ဘက်ကတော့ စောင့်ကြည့်နေတုန်းပဲရှိပါတယ်။ ကုလသမဂ္ဂကိုလည်း တိုင်စာပို့ထားပါတယ်"ဟု ဦးတင်ထူးအောင်ကပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စက်တင်ဘာလနောက်ဆုံးပတ်က ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် သာသနိကအဆောက်အအုံများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဘာသာရေးအစွန်းရောက်များ၏ ဖျက်ဆီးမီးရှို့မှုခံခဲ့ရပြီး ယင်းဖြစ်ရပ်ကို ကန့်ကွက်သည့် ဆန္ဒပြပွဲများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။

အင်ဒိုနီးရှားသံရုံး၏ ကမ်းလှမ်းချက်မှာ ရခိုင်အမျိုးသားကွန်ရက်၏ ရှေ့ဆက်သွားမည့် ရည်ရွယ်ချက်များနှင့် ထုတ်ပြန်ချက်များကို ဘာသာပြန်ကာ ရရှိလို၍ ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

"ကျွန်တော်တို့ တောင်းဆိုချက်၊ ထုတ်ပြန်ချက်တွေကို သူတို့ ဘာသာပြန်ရင် လွဲသွားမှာစိုးလို့ ကျွန်တော်တို့ကို ဘာသာပြန်ပေးဖို့ ပြောတယ်"ဟု ကိုတင်ထူးအောင်ကပြောသည်။

ထို့အပြင် ယင်းဆန္ဒပြမှုနှင့်ပတ်သက်၍ ရခိုင်မျိုးနွယ်စု တစ်ခုဖြစ်သည့် မရမာကြီးလူမျိုးများအသင်းမှ ဥက္ကဋ္ဌအား အာဏာပိုင်များက သန်းခေါင်စာရင်းစစ်ဆေးခြင်း၊ အိမ်ထောင်စုဇယားများ စစ်ဆေးခြင်း၊ တောင်းယူခြင်းများ ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

"မရမာကြီးလူမျိုးဆိုတာ ရခိုင်မျိုးနွယ်စုတစ်ခုပါ။ ဒါကြောင့် စိုးရိမ်နေတဲ့ သူ့မိသားစုနဲ့အတူ ကျွန်တော်တို့ရခိုင်အမျိုးသားကွန်ရက်က ရပ်တည်သွားမှာပါ"ဟု ဦးတင်ထူးအောင်ကပြောကြားသည်။

မြန်မာနိုင်ငံတွင် ဘာသာနှင့်လူမျိုးမတူသော လူအများကြား ယုံကြည်မှုနှင့် ငြိမ်းချမ်းရေး ရရှိနိုင်ရန် ရပ်ရွာလူထုအထိ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့(မြန်မာ)ကိုဖွဲ့စည်းကာ ဆောက်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း အဖွဲ့၏ယာယီဥက္ကဋ္ဌထံမှ သိရသည်။








HOW SMART
IS YOUR 3D ?
သင် ပိုင်ဆိုင်မည့် 3D TV က ဘယ်လောက် Smart ဖြစ်ပါသလဲ ? Smart TV ဆိုတာ အကောင်းဆုံး 3D TV နှင့် Smart TV တို့ကို ပေါင်းစပ်ထားပြီး IPS (In-Plane Switching) Panel နည်းပညာဖြင့် ပြုလုပ်ထားသည့် LG CINEMA 3D Smart TV ဖြစ်ပါသည်။
ဓာတ်အားသွင်းစရာမလိုသည့် LG CINEMA 3D Flicker-Free မျက်မှန်သည် Electromagnetic Wave မထွက်သည့်အတွက် ဘေးထွက်ဆိုးကျိုးမဖြစ်စေပဲ ကျန်းမာရေးကို မထိခိုက်စေပါ။ ပေါ့ပါးပြီး ဈေးနှုန်းလည်း သက်သာပါသည်။
သာမန် 2D မှ 3D ပုံရိပ်များအဖြစ်လည်း အလွယ်တကူ ပြောင်းလဲကြည့်ရှုနိုင်သည်။ ထူးခြားသွက်လက်သော လုပ်ဆောင်ချက်များစွာကို ကွန်ပျူတာ Mouse ကဲ့သို့ ရိုးရှင်းလွယ်ကူစွာ အသုံးပြုနိုင်သည့် Magic Remote အဝေးထိန်းစနစ်က သင့်ကို ပိုမိုစိတ်လှုပ်ရှားစေပါလိမ့်မည်။
Smart is...
LG CINEMA 3D Smart TV.
www.lg.com
LG
Life's Good
PREMIUM
K-POP ZONE
Mthai
Holy Moly
Esperance
Major Cineplex
Nation
You2Play
Facebook
You Tube
Skype
My Apps
Search
Internet
LG Smart
TV Guide
User Guide
Recent
LG CINEMA 3D
Smart TV
Hot Line: 01-379955, 544664, 02-72581


AIR KBZ
FLYING BEYOND EXPECTATIONS
Brightest Thadingyut
Hot Sales!
ရန်ကုန်–မန္တလေး ၅၅၀၀၀ ကျပ်
ရန်ကုန်–ညောင်ဦး ၄၅၀၀၀ ကျပ်
ရန်ကုန်–ဟဲဟိုး ၄၅၀၀၀ ကျပ်
ရန်ကုန်–ထားဝယ် ၅၁၅၀၀ ကျပ်
ရန်ကုန်–မြိတ် ၇၄၀၀၀ ကျပ်
ရန်ကုန်–ကော့သောင်း ၁၀၇၀၀၀ကျပ်
ထားဝယ်–မြိတ် ၂၈၀၀၀ ကျပ်
ထားဝယ်–ကော့သောင်း ၅၆၀၀၀ ကျပ်
မြိတ်–ကော့သောင်း ၃၄၀၀၀ ကျပ်
အောက်တိုဘာလကုန်အထိသာ အကျုံးဝင်သည်။
*Terms & Condition apply.
သီတင်းကျွတ်ပွဲတော်အကြို၊ မြန်မာနိုင်ငံသား ခရီးသွားမိတ်ပြည်သူများအတွက် လေယာဉ်လက်မှတ်အထူးဈေးနှုန်းများကို
အဲကမ္ဘာဇရုံးခွဲများနှင့်လေယာဉ်လက်မှတ် အရောင်းကိုယ်စားလှယ်ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
AIR KBZ Limited
33-49, Corner of Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon 11182, Myanmar
Office: +95 (01) 372977~80, 373774~76, Reservation: +95 (01) 373766, Fasimile: +95 (01) 372983, Email: info@airkbz.com.mm
Website: www.airkbz.com f : www.facebook.com/AIRKBZ


Atlas Copco
As we are an Authorized Dealer of Atlas Copco in Myanmar, we handle the sales & marketing and all aftermarket activities. We offer products;
■ Atlas Copco Air Compressors: Air Dryers, Air Line Filters and Air Receivers as complete package solution (Sales / Services)
■ Atlas Copco Mining Equipment: Pneumatic & Hydraulic Crawler Drills, Core Drilling Equipment, Rock Drilling Tools and many more (Sales / Services)
■ Atlas Copco Construction Equipment: Pneumatic & Hydraulic Breakers,Hand-held Rock Drills, Pulverisers and many more (Sales / Services).
■ Atlas Copco Industrial Tools & Assembly Systems: Pneumatic & Electric Power Tools (Sales / Service)
Market Expansion Services by www.dksh.com
DKSH
Diethelm & Co., Ltd.
No.013, Thitsar Road,
Yankin Township, Yangon, Myanmar
Phone 01-565 270~2, 565 762~5, Fax 01-565780
Hot Line : 09 500 2984, 09 20 27340, 09 45000 3158, 09 4313 8525
Email : zaw.myint@dksh.com


SOLO®
COLLECTION
PD005
Hot Line - 09-91009891 , 09-421063634
WHEREVER YOU GO SOLO WILL FOLLOW


GNC
LiveWell.
Your Health is Our Priority
ဘေးအန္တရာယ် လုံးဝမရှိဘဲ တစ်ပတ်အတွင်း
သိသိသာသာ ပိန်သွားမယ့် နည်းလမ်းရှိလား???
Garcinia Cambogia, Melilotus, Apple Cider Vinegar, L-Carnitine
Authorized Sole Distributor
Wynn Land International Co., Ltd
Showroom(1)
LAC FX7
Made in JAPAN


သက်ရှည် ကျန်းမာစေဖို့ ...
အကောင်းဆုံး ဝါကျွတ်လက်ဆောင်
SWISS DESIGN
microlife
အဆင့်မြင့်သွေးပေါင်ချိန်တိုင်းစက်

7 DAY NEWS JOURNAL
Vol.11, No.32 • OCTOBER 18 , 2012

# ရာထူးမှ ဖြုတ်ချခံရသော သမ္မတဟောင်း၏သားအား လန်ဒန်တွင် ဖမ်းဆီးလိုက်ကြောင်း ကာဂျစ်စတန်ပြောကြား

**ဘီရှက်၊**
**အောက်တိုဘာ - ၁၃**

ရာထူးမှ ဖြုတ်ချခံရပြီး နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်နေသော ကာဂျစ်စတန်နိုင်ငံသမ္မတဟောင်း၏သားဖြစ်သူ မာဆင်းဘာကီယက်ဗ်အား အောက်တိုဘာ ၁၂ ရက်က လန်ဒန်မြို့တွင် ဖမ်းဆီးလိုက်ကြောင်း ကာဂျစ်စတန်သမ္မတရုံးက ပြောကြားသည်။

၎င်းအားကာဂျစ်စတန်နိုင်ငံနှင့် အမေရိကန်တို့၏တောင်းဆိုမှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ကာဂျစ်စတန်သမ္မတနိုင်ငံနှင့်ဗြိတိန်နှစ်နိုင်ငံကြား နယ်နှင်ရေး သဘောတူညီချက်မရှိသောကြောင့် မာဆင်းဘာကီယက်ဗ်အား အမေရိကန်နိုင်ငံသို့ ပို့ရန် စဉ်းစားနေကြောင်း ကာဂျစ်စတန်သမ္မတရုံး ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

၃၄ နှစ်အရွယ် ဘာကီယက်ဗ်အား အမေရိကန်အာဏာပိုင်များ၏ တောင်းဆိုမှုကြောင့် နယ်နှင်ရေးအရာရှိများက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ဗြိတိန်ရဲတပ်ဖွဲ့ကပြောကြားသည်။ အမေရိကန်အာဏာပိုင်များကလည်း ဘာကီယက်ဗ်အား မသမာမှုများတွင် ပါဝင်ပတ်သက်မှုဖြင့် အလိုရှိနေသည်။


ကာဂျစ်စတန်သမ္မတဟောင်း ကာမန်ဘက်ဘာကီယက်ဗ်သည် ၂၀၁၀ ဧပြီလက ဖြစ်ပေါ်ခဲ့သည့် တော်လှန်ရေးကာလအတွင်း ကန့်ကွက်ဆန္ဒပြသူများက ဇဟို အစိုးရရုံးများအား သိမ်းပိုက်ခဲ့ပြီးနောက် ဘီလာရုစ်နိုင်ငံသို့ ထွက်ပြေးခိုလှုံနေခဲ့သည်။ ယင်းအုံကြွမှုအတွင်း လုံခြုံရေးတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် လူပေါင်း ၉၀ ခန့်သေဆုံးခဲ့သည်။

၎င်း၏သားဖြစ်သူ မာဆင်းကလည်း ဖခင်သမ္မတလက်ထက်တွင် ရင်းနှီးမြှုပ်နှံမှုအေဂျင်စီကို ဦးဆောင်ခဲ့ပြီး ငွေကြေးပမာဏအများအပြားလိမ်လည်မှုများ၌ ပါဝင်ပတ်သက်ခဲ့သည်ဟု ကာဂျစ်စတန်အာဏာပိုင်များက စွပ်စွဲထားသည်။

*—Ref: Reuters*





## ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် ဗုံးခွဲမှုကြောင့် လူ ၁၄ ဦး သေဆုံး

**အစ္စလာမ်မာဘတ်၊ အောက်တိုဘာ - ၁၃**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဒါရာအဒမ်ခယ်လ်မြို့ ဈေးတွင်အသေခံ ဗုံးခွဲမှုတစ်ခုကြောင့် အနည်းဆုံးလူ ၁၄ ဦးသေဆုံးပြီး ၂၀ ခန့်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ ဒေသခံအာဏာပိုင်များ၏ အဆိုအရဗုံးပေါက်မှုမှာ အသေခံဗုံးခွဲသူတစ်ဦး၏ ချိန်ကိုက်ဗုံးကြောင့်ဖြစ်ကြောင်း တာလီဘန်ဆန့်ကျင်သည့် အစိုးရလိုလားသောစစ်သွေးကြွများကို ရည်ရွယ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။ တိုက်ခိုက်မှုအတွက် မည်သည့်အဖွဲ့ကမှ ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ထိုဒေသတွင် ယခင်တိုက်ခိုက်ခဲ့မှုများမှာ တာလီဘန်များကြောင့်ဟု အပြစ်တင်ပြောဆိုထားသည်။

ဒါရာအဒမ်ခယ်လ်မြို့သည် အာဖဂန်နယ်စပ်တစ်လျှောက် ပါ့ရှ်တန်တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ အစွန်အဖျားမှ မြို့ငယ်တစ်မြို့ဖြစ်ပြီး စစ်သွေးကြွအုပ်စုများကျက်စားရာဖြစ်သည်။ ယင်းမြို့သည်လက်နက်အရောင်းအဝယ်များပြုလုပ်ရာ ဗဟိုချက်တစ်ခုဖြစ်ပြီးလွန်ခဲ့သည့် ၂နှစ်က ဗလီတစ်ခုတိုက်ခိုက်ခံရမှုတွင်လည်း လူပေါင်း ၇၀ ကျော်သေဆုံးခဲ့ရသည်။

—Ref: BBC


Photo - AFP




## စီးပွားရေးကျဆင်းမှုကို တန်ပြန်ရန် ကြီးမားသော ရင်းနှီးမြှုပ်နှံမှု အစီအစဉ် ပိုလန်ဝန်ကြီးချုပ် ဖော်ထုတ်

**ဝါဆော၊ အောက်တိုဘာ - ၁၃**

ဆယ်စုနှစ်နှစ်စုကြာဖွံ့ဖြိုးတိုးတက်မှုများ အဆုံးသတ်သွားမည်ကို စိုးရိမ်နေသော မဲဆန္ဒရှင်များကို ထောက်ခံမှုပေးရန်နှင့် ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေသော နိုင်ငံစီးပွားရေးကိုပြန်လည်နှိုးဆွနိုင်ရန် ပိုလန်ဝန်ကြီးချုပ်ဒေါ်နယ်တက်စ်ကကြီးမားသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတစ်ရပ်ကို အောက်တိုဘာ ၁၂ ရက်က ဖော်ထုတ်ခဲ့သည်။

စွမ်းအင်လုပ်ငန်းနှင့် အခြားအခြေခံအဆောက်အအုံ စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှု ယူရိုငွေဘီလီယံပေါင်းများစွာရှာဖွေသွားမည်ဟု ပိုလန်ဝန်ကြီးချုပ်က ပြောကြားပြီး အရှေ့ဥရောပ၏ အကြီးဆုံးစီးပွားရေး ပိုလန်နိုင်ငံ၏ အစိုးရငွေချေးငှားမှုကိုထိန်းချုပ်ထားမည်ဟု ၎င်းကပြောသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းပိုလန်စီးပွားရေးမှာ ဥရောပတွင် ရှားရှားပါးပါး ဖွံ့ဖြိုးတိုးတက်နေပြီး အိမ်နီးချင်းနိုင်ငံများ စီးပွားရေးကျဆင်းလာနေစဉ် ပိုလန်နိုင်ငံမှာ စီးပွားရေးတိုးတက်မှုကိုထိန်းထားနိုင်ခဲ့သည်။ သို့သော် ပိုလန်စီးပွားရေးမှာ လာမည့်နှစ်တွင် နှစ်ရာခိုင်နှုန်းသာတိုးတက်ဖွယ်ရှိပြီး ယင်းမှာပြီးခဲ့သည့်နှစ် ၄ ရာခိုင်နှုန်း၏ ထက်ဝက်သာရှိသည်။

"ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပြီး ဖွံ့ဖြိုးမှုကို ဆက်ထိန်းဖို့ကလွဲပြီး ပိုလန်အတွက် အခြားနည်းလမ်းမရှိပါဘူး။ နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုကို ကာကွယ်ဖို့ အခွင့်အရေးတစ်ရပ် အမှန်တကယ်ရှိနေပါတယ်" ဟုပိုလန်ဝန်ကြီးချုပ်က ပါလီမန်တွင် ပြောကြားသည်။

—*Ref: Reuters*

## အမေရိကန် ဘတ်ဂျက်လိုငွေကျဆင်း

**ဝါရှင်တန်၊ အောက်တိုဘာ - ၁၃**


မကြာသေးမီက အဆုံးသတ်သွားသည့် ၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်အမေရိကန်နိုင်ငံ၏ ဘတ်ဂျက်လိုငွေသည် ကန်ဒေါ်လာ ၁ ဒသမ ၁ ထရီလီယံသို့ သိသိသာသာကျဆင်းသွားခဲ့ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောသည်။ သို့သော် နိုင်ငံ၏ စီးပွားရေးအရွယ်အစားနှင့် အချိုးချကြည့်လျှင် ဘတ်ဂျက်လိုငွေမြင့်မားနေဆဲဟု ဝန်ကြီးဌာနက ဆိုသည်။

အမေရိကန်ဘဏ္ဍာရေးလိုငွေမှာ လေးနှစ်ဆက်တိုက်ပင်ဒေါ်လာတစ်ထရီလီယံကျော်လွန်နေခြင်း ဖြစ်သည်။ သို့သော် ၂၀၁၁ ခုနှစ် လိုငွေဒေါ်လာ ၁ ဒသမ ၃ ထရီလီယံမှကျဆင်းလာခြင်းဖြစ်သည်။

စက်တင်ဘာလ ၃၀ ရက်အထိ အစိုးရဝင်ငွေမှာ ၆ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီးဒေါ်လာ ၂ ဒသမ ၄၅ ထရီလီယံသို့ ရောက်ရှိခဲ့သည်။ ယင်းမှာ လုပ်ခလစာများမှ ဝင်ငွေခွန်ပိုမိုဖြတ်တောက်ခြင်းနှင့် ကော်ပိုရေးရှင်းကြီးများထံမှ ပိုမိုအခွန်ကောက်ခံနိုင်ခဲ့၍ ဖြစ်သည်။

အစိုးရ၏ သုံးစွဲမှုမှာ ကန်ဒေါ်လာ ၃ ဒသမ ၅၄ ထရီလီယံရောက်ရှိခဲ့ပြီး အသုံးစရိတ်မှာ ၁ ဒသမ ၇ ရာခိုင်နှုန်းသာလျော့ကျခဲ့သည်။ အစိုးရကြွေးမြီများ အပေါ်အတိုးနှုန်းလျှော့ချသတ်မှတ်ခဲ့ခြင်းများကြောင့်လည်း ကန်ဒေါ်လာ ၉၅ ဘီလီယံခန့် စုဆောင်းနိုင်ခဲ့သည်။

ဘတ်ဂျက်လိုငွေပမာဏမှာ အမျိုးသားစုစုပေါင်း ထုတ်ကုန်၏ ၇ ရာခိုင်နှုန်းရှိပြီး စိတ်ချရသော အနေအထားမဟုတ်ဟု စီးပွားရေးပညာရှင်များက ပြောကြားသည်။ သို့သော် ယင်းမှာ ၂၀၁၁ ခုနှစ် လိုငွေပမာဏ ၈ ဒသမ ၇ ရာခိုင်နှုန်းမှ လျော့ကျလာခြင်းဖြစ်သည်။ —*Ref: AFP*


Yangon
BS Fashion, Junction Square
Capital Yangon
Creator Store, La Pyayt Wun Plaza
Gold City Store, Scott Market
Merlion Store, Yuzuna Plaza
Sein Gay Har
Super Center, Pyi Road
Chinatown Center, 19th Street
Parami Center, Parami Road
Bo Aung Kyaw Center
Hledan Center
Ga Mone Pwint
Myay Ni Gone
Ga Bar Aye
Bo Ka Lay Market
Thein Gyi Market
Distribution Centre
260, Bargayar Road, Myaynigone,
Sanchaung Tsp, Yangon, Myanmar
Phone No.: 01-527701, 09-5410634
Nay Pyi Taw
Capital Nay Pyi Taw
Taunggyi
Fashion Taunggyi
Crocodile
www.crocodileinternational.com


နိုင်ငံတော်မှ "ပထမဦးဆုံး" တရားဝင်ဖွင့်လှစ်ခွင့်ရရှိထားသော
DIAMOND AUTO Showroom
"ဘဏ်တိုးများ၊ ဝန်ဆောင်ခများ၊ အခြားကုန်ကျစရိတ်များ ပေးရန်မလိုပဲ"
သိန်း 110 လက်ငင်းပေးသွင်းရုံဖြင့်
2003 Caldina Van
1800 CC/2000 CC
သိန်း 100 လက်ငင်းပေးသွင်းရုံဖြင့်
2002 Premio Saloon
1500 CC/1800 CC
ပထမ အကြိမ် အရစ်ကျ ပေးသွင်းရုံဖြင့် ကားတစ်စီး လက်ဝယ်ပိုင်ဆိုင် နိုင်ပြီး . . . ကျန်ငွေကို နောက်ထပ်(၁၀)ကြိမ် ပေးသွင်းရမည်။
220/230 သိန်း(အပြီးအစီး)
180/190 သိန်း(အပြီးအစီး)
260/270 သိန်း(အပြီးအစီး)
220/230 သိန်း(အပြီးအစီး)
180/190 သိန်း(အပြီးအစီး)
အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုသည်ဆိုလျှင်
ပထမအရစ်-၅၀%
ကျန်ငွေ၅၀% - (၁၀)လသွင်း
DIAMOND AUTO Service Co., Ltd. No. (150-B), New University Avenue Road, Bahan Township, Yangon, Myanmar.
Office Phone : 01-401590, 01-401591 Fax : 95-01-401590, 01-401591 Website : www.diamondauto-myanmar.com